


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၅၄၀၀၅၁၁

အဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၅၇၄၀၅၁၁

ထုတ်ဝေသူ

ဦးကျော်ဆန်း (ရဲအောင်စာပေ)

အမှတ် (၂)၊ ချွန်း (၁) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်၊ ၂၀၁၁၊ နိုဝင်ဘာလ။

အုပ်ရေ — ၅၀၀ အုပ်

တန်ဖိုး — ၁၀၀ ကျပ်

၈၉၅.၈၃

သက်မင်းဂျူလိုင်

ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ / သက်မင်းဂျူလိုင်။ - ရန်ကုန်၊
ရဲအောင်စာပေ ၊ ၂၀၁၁ ။

၂၃၁ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ

သက်မင်းဂျူလိုင်

# ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ

ချောက်ချောက်ချားချားပရဆန်းကြယ်လုံးချင်းဝတ္ထု…

www.burmeseclassic.com

## ပါဝင်သော အခန်းဆင့် ဂန္ထရစာစုများ


ဂန္ထရစာစု (၁) ခေတ်ကောင်းဆိုးဝါးရှ သို့မဟုတ် ဒဏ္ဍာရီတစ္ဆေမိဖုရားရှ

ဂန္ထရစာစု (၂) သွေးမျက်ညာရဲ့ ဒဏ္ဍာရီတစ္ဆေပုံပြင်

ဂန္ထရစာစု (၃) ကျားဖြူစောင့်သောမြို့ သို့မဟုတ် ရာဇဝင်ထဲက နမ်ခမ်း

ဂန္ထရစာစု (၄) ပါးစပ်ရာဇဝင်ထဲက တစ္ဆေမိဖုရားရှ

ဂန္ထရစာစု (၅) တစ္ဆေမိဖုရားရှသို့ ကွင်းဆင်းလေ့လာခြင်း

ဂန္ထရစာစု (၆) လှုပ်ကြီးလမ်းညွှန်ပြခဲ့သော ဒဏ္ဍာရီတစ္ဆေမိဖုရားရှ

ဂန္ထရစာစု (၇) ဓိုင်းရင်းသမားတော်ကြီး ဦးဒိဗ္ဗ . . . သို့မဟုတ်

ဂန္ထရစာစု (၈) ရာဇဝင်ပုံပြင်ထဲက အမှုပါလီ သို့မဟုတ်

ဂန္ထရစာစု (၉) ပိုးချည်မျှင်နှင့် ညွှတ်ကွင်းခင်သည် သို့မဟုတ်

ဂန္ထရစာစု (၁၀) မင်းသားမျက်နှာဖုံးအောက်မှ ဘီလူးမျက်နှာ

ဂန္ထရစာစု (၁၁) ပန်းပွင့်ဖုံးထားသည့် ဓားသွားပေါ်မှ ပျားရည်စက်များ

ဂန္ထရစာစု (၁၂) ဝတ်ရုံဖြူတစ္ဆေတစ်ကောင်နှင့် ဆော့ကစားခြင်း

ဂန္ထရစာစု (၁၃) ပြေးသူနှစ်ယောက် လိုက်သူတစ်သိုက်

ဂန္ထရစာစု (၁၄) တောအလယ် . . . မောတယ် . . . အမြေ့ကြွယ်

ဂန္ထရစာစု (၁၅) ငရဲကြီးရှစ်ထပ်ကို ဖြတ်သန်းခြင်း သို့မဟုတ်

ဂန္ထရစာစု (၁၆) ခမ်းခေးဟုန်တွေ့ရှိခဲ့သော ဒဏ္ဍာရီတစ္ဆေမိဖုရားရှ

ဂန္ထရစာစု (၁၇) ခမ်းခေးဟုန်နှင့် သူ၏အနာဂတ်ခရီး

ဂန္ထရစာစု (၁၈) ငရဲလမ်းကြောင်းမှ ရုန်းထွက်ခြင်း

ဂန္ထရစာစု (၁၉) လက်ဦးမှုရယူသွားသော လျှို့ဝှက်ချက်များ

ဂန္ထရစာစု (၂၀) ဒဏ္ဍာရီထဲက ဒဏ္ဍာရီတစ္ဆေမိဖုရားရှသို့

ဂန္ထရစာစု (၂၁) အနှစ်နှစ်ဆယ် ကြိုလင့်နေသော မရဏာဆောင်ချောက်

ဂန္ထရစာစု (၂၂) ရာဇဝင်ထဲက ဒဏ္ဍာရီတစ္ဆေမိဖုရားရှနိဂုံး


## ဒဏ္ဍာရီတစ္ဆေနိဒါန်း

ရုတ်တရက် ဖြန်းခနဲ သူ့ ကြက်သီးမွေးညင်းတွေ ထသွားသည်။

သူ လှမ်းမြင်လိုက်ရသည့်မြင်ကွင်းက လရောင်တစ်ဝက်တစ်ဖျက် ဖိတ်စဉ်ကျနေသည့် ကျောက်သားစင်မြင့်ထက်ပေါ်မှ အဖြူရောင် ထိုင်မသိမ်း။ အင်္ကျီလက်ရှည်တွင် အဖြူရောင် ဇာပဝါပါးအရှည်က ဝေ့ဝဲလွင့်ပျံ့လျက်။

အရောင်တဖျပ်ဖျပ် လင်းလက်နေသည့် အဖြူရောင် ကြိုးကြီးနန်းတွင်းချိတ်ထဘီနှင့် မဟူရာအနက်ရောင် ဆံပင်ရှည်ကြီးများက ညဉ့်လေပြည်တွင် ငှက်တောင်ပံတွေလို ပျံ့ဝဲလွင့်မျောနေသည့် ဒဏ္ဍာရီ ရာဇဝင်များထဲမှ မိဖုရားတစ်ပါးသဏ္ဌာန်။

ဝိညာဉ်လေလား . . . တစ္ဆေလေလား . . . ။

ပြည့်စုံအောင်က ဇာတိဝိညာဉ် မနေသာလှသော တစ်ယောက်ပီပီ

www.burmeseclassic.com



ကြောက်လန့်အံ့သြစိတ်များ၊ တုန်လှုပ်ချောက်ချားမှုများ ရှိနေပါသော်လည်း စဉ်းစားဆင်ခြင်တတ်သူတစ်ယောက်ဖြစ်သည်၊ အရမ်းကာရော ထိတ်လန့်ကြောက်ရွံ့တတ်သူ မဟုတ်။

ပြည့်စုံအောင်သည် စိတ္တဇမော်ဒန်ပန်းချီကားတွေကို နှစ်သက်ခံစားတတ်သလို စုန်း၊ ဝိညာဉ်၊ တစ္ဆေ၊ မှော် စသည့် မမြင်ရမတွေ့ရသည့် မှော်နိကာကမ္ဘာ့ရှဉ်သားများ၏ မယုံနိုင်စရာ စိတ္တဇသဏ္ဍာန်များကိုလည်း စိတ်ဝင်စားသူတစ်ယောက် ဖြစ်ပါ၏။

သူ အံ့သြစွာ စိတ်ကိုတင်းလိုက်ပြီး မကြောက်မလန့် ထိုဝိညာဉ်သဏ္ဍာန် အဖြူရောင်ကြိုးကြိုးချိတ် နန်းတွင်းအဝတ်အစားနှင့် မိန်းမပျိုလေးဆီသို့ အာရုံစိုက်၍ ကြည့်လိုက်သည်။ မဟူရာရောင် နက်မှောင်ရှည်လျားသည့် ဆံပင်တွေနှင့် ဝိညာဉ်ဖြူမိန်းမပျိုလေးက လရောင်ပိုးတဝါး ကြားမှ ကျောက်သားစင်မြင့်လှေကားအတိုင်း လွင့်မျောဆင်းသက်လာသည်သို့ ...။

သူမ ဆင်းသက်လာပုံက သိန်းငှက်တစ်ကောင် ဝဲပျံကျလာသကဲ့သို့ ခြေထောက်များက ကျောက်လှေကားထစ်များနှင့်မထိဘဲ လွတ်နေကာ လှေကားထစ်များတစ်လျှောက် လေထဲတွင် လွင့်မျော၍ ရွေ့လျားဆင်းသက်လာခြင်းဖြစ်သည်။

စင်စစ် ... ဖြစ်ရပ်က တဒင်္ဂလေးမှ တကယ့်တဒင်္ဂလေးပင်။ သို့သော် ... ယင်းတဒင်္ဂလေးမှာပင် ဝိညာဉ်ဖြူတစ္ဆေမလေးက သူ့ကို ဖမ်းစားညှို့ငင်ထားသလို မှင်တက်ငေးမောနေမိသည်။

သူမ၏ရွေ့လျားမှုက ညင်သာသည်။ ဖြူဖွေးသော ငွမ်းစလေး တစ်စ လွင့်ပျံကျလာသည်နှင့် တူသည်။ ထို့နောက် တစ်မူ ... သူမ၏ သဏ္ဍာန်ကို ထွင်းဖောက်၍ သူမနောက်မှ ကျောက်သားလှေကားထစ်များအားလုံးကိုလည်း မြင်နေရသည့် အခိုးအငွေ့နှင့်လည်း တူသည်။

တစ်ချိန်တည်းမှာပင် ညည်းတွားသံလိုလို၊ ရယ်မောသံလိုလို ဖွေးဖွေးညက်ညက်၊ သဲ့သဲ့ညင်ညင် ရယ်သံလွင်လွင်လေးက ကြားရ သူ၏ရင်ကို တဖျပ်ဖျပ်ရိုက်ခတ်သွားကာ နှလုံးသည်းပွတ်ထိတိုင် ထိုး ဖောက်စိမ့်ဝင်သွားနိုင်လောက်အောင်ပင် ဆွဲအား၊ ညှို့အား ကောင်းလှသည်သို့။

ယိမ်ပြာဖြူဝိညာဉ်တစ်ကောင်ကို မှော်ဝိညာဉ်နတ်သမီးလေးက လွင့်စဉ်ပျံကျလာပြီး ကျောက်သားလှေကားရင်းတွင် ဖျတ်ခနဲ ဝဲလွင့်၍ ရပ်လိုက်သည်။

သူ၏စိတ်ထဲတွင် ဤအရာ သို့မဟုတ် ဤဝိညာဉ်ဖြူသည် နာမည်ကျော် "ဒဏ္ဍာရီတစ္ဆေမိဖုရားရှ" ကြီးထဲမှ မကောင်းဆိုးဝါး ဝိညာဉ်လား၊ တစ္ဆေမ,လား၊ မှော်နတ်သမီးလား၊ သို့မဟုတ် စုန်းဝိညာဉ် လေလားပျူသော ... လား၊ ပေါင်းများစွာတို့ဖြင့် ခွဲခြမ်းစိတ်ဖြာလျက်။

အချိန်က သိပ်မကြာလိုက်ပါ။ စက္ကန့်ပိုင်းလေးခန့်သာ ရှိမည်ထင်သည်။ ပိုးတဝါးလရောင်အလင်းက ဝိညာဉ်တစ္ဆေဖြူမ၏မျက်နှာထက်ဆီသို့ လျှပ်လက်သလို ဝင်းခနဲ ဖျန်းချလိုက်သည်။ ထိုစဉ်ခဏမှာပင် ပြည့်စုံအောင် သူမ၏မျက်နှာဖြူဖွေးဖွေးကို ထင်းခနဲ လှမ်းမြင်လိုက်ရသည်။

"ဟာ"

သူ၏အာမေဋိတ်သံက လည်ချောင်းဝမှာပင် ကြေမွပျက်ပြယ်သွားသည်။ ဝိညာဉ်ဖြူ သို့မဟုတ် သူမ၏မျက်နှာသွင်ပြင်က ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ မကောင်းဆိုးဝါး တစ္ဆေ၊ သရဲမ ရုပ်သွင်မျိုးမဟုတ်။

လွန်စွာထူးဆန်းလှပချောမွေ့သော နတ်ပန်းချီမျက်နှာရုပ်သွင်လေးတစ်ခု ဖြစ်နေခြင်းပေတည်း။

"ဟား ... လှလိုက်တဲ့ ဝိညာဉ်ဖြူမလေးပါလား"

www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံအောင်၏နှလုံးသားထဲမှ ထိတ်လန့်တကြား ပေါက်ကွဲသံစဉ်တချို့ လွင့်စဉ်ထွက်ကျလာသည်။ သူ့ကို စိညာဉ်ဖြူမလေး၏ မျက်နှာလှလှလေးက ဆွဲငင်ညို့ယူလိုက်သလို သူတစ်ကိုယ်လုံး တုန်ယင်လှုပ်ခတ်သွားပါချေ၏။ ပစ္စက္ခအတွင်းမှာပင် ရင်တစ်ခုလုံး ပရမ်းပတာဖြစ်ကာ ချောင်းဆန့်သွားသည်။ သူ၏မျက်လုံးထဲတွင် ထိုစိညာဉ်ဖြူမလေး၏ရွှေရောင်မျက်နှာလေးက စွဲငြိသွားစေခဲ့ပြီထင့် ...။

ရုတ်တရက် ပြည့်စုံအောင် မှင်တက်ငေးမောကြည့်နေရာမှ အိပ်မက်မှ လန့်နိုးသူတစ်ယောက်နှယ် ဖြတ်ခနဲ ထိုင်ရာမှ ထရပ်လိုက်မိသည်။ စိညာဉ်ဖြူနတ်သမီးရှိရာသို့ မသိစိတ်တစ်ပိုင်းနှင့် တိုးဝင်ချဉ်းကပ်ရန် ခြေတစ်လှမ်း ရွှေ့လိုက်သည်နှင့် ...

စိညာဉ်ဖြူမလေး၏နောက်ဘက် ကျောက်သားလှေကားထစ်များပေါ်မှ လူအရိုးစုဖြူဖြူကြီးများကို လှုပ်လှုပ်ရှားရှား တွေ့လိုက်ရလေသည်။ တစ်ချိန်တည်းမှာပင် “ဒဏ္ဍာရီတစ္ဆေမိဖုရားရှု” ကြီးထဲမှ ကြောက်မက်ဖွယ် ရယ်မောသံကြီးများကို ပြည့်စုံအောင် ဆက်တိုက်ကြားလိုက်ရလေသည်။

‘ဟီး ဟီး ဟီး ... ဟား ဟား ဟား’

သူရှိရာသို့ တိုးဝင်လာနေကြသည့် အရိုးစုဖြူဖြူကြီးများ၏မျက်လုံးအိမ်များမှလည်း မီးတောက်မီးလျှံများက ကြောက်မက်ဖွယ် ထွက်လာကြပါချေပြီကော။

တစ်ချိန်တည်းမှာပင် ရှိစုမဲ့ လရောင်ပိုးတဝါးကို တိမ်မည်းညို့တစ်အုပ်က ဖုံးအုပ်ဝါးမျိုလိုက်သည့်အချိန်ခဏလေးမှာပင် သူ၏ရှေ့မှ စိညာဉ်ဖြူတစ္ဆေမလေး၏သဏ္ဍာန်က ထူးခန်းစွာပင် ဖျတ်ခနဲ ပျောက်ကွယ်သွားပါလေတော့သတည်း ...။

❋ ❋ ❋

အခန်း (၁)

## မကောင်းဆိုးဝါးရှု သို့မဟုတ် ဒဏ္ဍာရီတစ္ဆေမိဖုရားရှု

တကယ်တော့ ‘ထွန်းဘော်’ သည် အပျော်တမ်း အမဲလိုက်မုဆိုးတစ်ယောက်သာ ဖြစ်သည်။ သို့သော် သူ့ထက် အသက်ကြီး၊ ဝါကြီးသော ဦးဩဘာကြီး၏စကားကို နားမထောင်။ သရဲတစ္ဆေ၊ နာနာဘာဝ၊ မကောင်းဆိုးဝါး ကျုတ် စသည့် ယုံတမ်းစကားများကိုလည်း မယုံကြည်။

သည်ကြားထဲ အရက်မူးလာလျှင် မည်သူ၏စကားကိုမျှ နားမထောင်တော့။ တစ်ဖွတ်ထိုး တဇောက်ကန်း လုပ်တတ်သည်။ ယခုကဲ့သို့ မိဖုရားရှုတောင်တွင် ထွက်ပေါက်ပျောက်ကာ ဝက်ပါသွဖွယ် ချာလပတ်လည်နေရခြင်း၏အကြောင်းရင်းမှာ ထွန်းဘော်၏ မနာခံတတ်သော အစွန်းထွက်သော လုပ်ရပ်ကြောင့်သာ ဖြစ်ပါချေ၏။

ယောက်ဖဖြစ်သူ ဖိုးမှုင် ဟန့်တားခဲ့သည့်ကြားက ထွန်းဘော်က

www.burmeseclassic.com

www.burmeseclassic.com



နားထောင်ခြင်း ထွန်းဘော်မှာ သူ၏လက်ထဲတွင် လိုင်စင်နှင့်ဆောင်ထား သည့် နှစ်လုံးပြူးသေနတ်သာ ပါရှိခဲ့လျှင် တစ်လောကလုံးကို စိန်ခေါ် ချင်နေသူဖြစ်သည်။ ယခုလည်း ဦးဩဘာကြီးနှင့်ဖိုးမှင်တို့ တားမြစ်နေ သည့်ကြားမှ မိဖုရားဂူတောင်ပေါ်သို့ တက်ရောက်လာခဲ့သည် မဟုတ်ပါ လား။

ကြားထဲက မနေနိုင်သူက ဖိုးမှင်။ ယောက်ဖတော်စပ်သူ ထွန်း ဘော်နောက်မှ စိုးရိမ်ကြီးစွာနှင့် လိုက်ပါလာခဲ့ရသည်။ ထွန်းဘော်ကမူ သူ၏နှစ်လုံးပြူးသေနတ်ကို ကျည်အပြည့်ဖြည့်ကာ ပခုံးတွင် ချိတ်လျက် အောင်ပွဲရစစ်သူကြီးတစ်ယောက်နှယ် မိဖုရားဂူတောင်ပေါ်သို့ တက်လာ ခဲ့ကြခြင်းဖြစ်သည်။ ဖိုးမှင်မှာ ထွန်းဘော်နောက်မှ လိုက်သာလိုက်လာခဲ့ ရသည့် စိတ်ထဲတွင်မူ စနိုးစနောင့် ဖြစ်နေပါချေ၏။ ထင်သည့်အတိုင်းပင် ရှိ (ချေ) ပေါက်တစ်ကောင်နောက်သို့ လိုက်ခဲ့ကြရာမှ မျက်စိလည် လမ်းမှားကာ မိဖုရားဂူတောင်ပေါ်သို့ တဝဲလည်လည်နှင့် နေဝင်မိုးချုပ် သွားခဲ့ရသည်။

"ဒါကြောင့် . . . ငါပြောတာပေါ့ ထွန်းဘော်ရယ်၊ ဒီမိဖုရားဂူ တောင်မှာ အမဲမပစ်ပါနဲ့လို့၊ ဦးဩဘာကြီး တားတာတောင် နင်က မူး မူးရူးရူးနဲ့ တဖောက်ကန်း လျှောက်လုပ်တော့ ကဲ . . . အခု ဒုက္ခရောက် ကြရပြီ မဟုတ်လား"

"တီတီတီတီနေစမ်း ဖိုးမှင်၊ ဒီမှာ လမ်းပျောက်နေလို့ ဖိတ် ညစ်နေရတဲ့အထဲ . . . မင်းက အနားကနေ တကျီကျီနဲ့၊ ဟင်း . . . တော ကောင်ပစ်မယ့်ကျည်ဆန်က မင်းဗိုက်ထဲကို ဝင်သွားမယ်"

ထွန်းဘော်မှ စိတ်ကလည်းတို၊ စကားကိုလည်း အမြဲကမ်း



မဆင်မခြင် ပြောဆိုလေ့ရှိသဖြင့် သူ့ကို ရွာသူရွာသားများက သိပ်အရော မဝင်ကြ။ မလွှဲမကင်းသာမှသာ ခေါ်ပြောဆက်ဆံကြလေ့ရှိသည်။ ဦးဩ ဘာက ဤမိဖုရားဂူတောင်မှ ဆောင်ရန်၊ ရှောင်ရန်များကို ပြောဆိုနေ သည့်တိုင် ထွန်းဘော်က ဂရုမစိုက် နားမဝင်ခဲ့။

ယခုတော့ တောကြမ်းပါသည်ဆိုသော မိဖုရားဂူတောင်ထက် ဝယ် နှစ်ယောက်သား တဝဲလယ်လယ်နှင့် လမ်းပျောက်နေခဲ့ကြပြီ မဟုတ်ပါလား။ တော်သေးသည် . . .။ လိုရမယ်ရ ဖိုးမှင် လွယ်အိတ်ကြီး ထဲတွင် ထည့်ယူလာခဲ့သည့် လက်နှိပ်ဓာတ်မီးတစ်လက်က ယခုမှပင် အသုံးတည့်နေပါလေ၏။ ဖိုးမှင်၏လက်ထဲတွင် လှံရှည်ကြီးတစ်စင်းကိုင် စွဲလျက် လက်နှိပ်ဓာတ်မီးကို ဟိုသည်ထိုးထွေရင်း ပျောက်သောလမ်းကို စမ်းတဝါးဝါး ရှာဖွေနေပါ၏။ သို့သော် တောရိပ်တောင်ရိပ်များ ကြီးစိုးမင်း မူလျက်ရှိသည့် မိဖုရားတောင်၏ အမှောင်ထုအောက်တွင် ညှို့သည် သွေးမျက်ချောက်ချားဖွယ်ရာများနှင့်သာ . . .။

ထိုအချိန်တွင် တိမ်မည်းညိုညစ်တို့ ဖုံးအုပ်နေသော လမင်း ကြီးမှာ တိမ်သားများ ကင်းစင်သွားပြီးဖြစ်၍ ရွှန်းပသောလရောင်က မိဖုရားဂူတောင်ပေါ်သို့ ယှက်ဖြာကျဆင်းနေပါ၏။ လရောင်ကြောင့် တောအုပ်ထူထူမှာ အလင်းရိပ်များပင် ဖြာကျလာသည်သို့ . . .။

နှစ်ဦးသား ရေစပ်စပ်စီးနေသော ချောင်းရိုးလေးအတွင်း ဆင်း ဆက်လာခဲ့ကြသည်။ ချောင်းတစ်ဖက်တစ်ချက်တွင် သစ်ပင်ဝါးရိပ်များက အုပ်ဆိုင်းယှက်ဖြာလျက်။ တောထူလာသဖြင့် ထွန်းဘော်မှာ ပခုံးမှ နှစ်လုံးပြူးကြီးကို အသင့်အနေအထား ကိုင်စွဲကာ လမ်းရှောက်ကိုသာ သဲသဲမဲမဲ ရှာဖွေနေပါချေ၏။ ဖိုးမှင်မှာ နောက်မှ လိုက်သာလိုက်နေရ

www.burmeseclassic.com

ဘော်လည်း စိတ်ထဲမှာမူ တထိတ်ထိတ်နှင့် ခံစားနေရသည်။ လရောင်က ပိုတောဝါ။ လက်နှိပ်ဓာတ်မီးရောင်ကလည်း ရှေ့မှကာဆီးနေသည့် တောအုပ်ထူထူကို မဖောက်နိုင်သဖြင့် တောကောင်ကြီးများနှင့် ရင်ဆိုင်တိုးမှာလည်း စိုးထိတ်နေပါ၏။

"အား . . ဟီး . . အူး . . အီး . . ဟီး . . ဟီး"

ထိုစဉ်မှာပင် တောအုပ်အရှေ့ဘက် မိဖုရားဂူတောင်ဆီမှ သွေးဖျက်ချောက်ချားဖွယ်ရာ အော်မြည်ညည်းတွားသံကြီး ထွက်ပေါ်လာသဖြင့် နှစ်ဦးစလုံး တုံ့ခနဲရပ်သွားကြသည်။

"ဟော . . . အာသံကြီးလဲ ထွန်းဘော်"

"မပြောတတ်ဘူး ဖိုးမှိုင်ရေ . . . အသံကြီးကတော့ လူကြီးတစ်ယောက် မျက်ညှစ်ပြီး အော်ညည်းနေသလိုပဲကွ"

"ဒုက္ခပါပဲကွာ . . . အခုမှ ရှေ့အတိုးရခက်၊ နောက်ဆုတ်ရခက်ဖြစ်နေပြီ၊ ဒီကြားထဲ ဟို . . . ဟို . . . တောကောင်ကြီးတွေနဲ့များ တိုးနေရင်"

"ဟာဗျာ . . . နားကို ညည်းနေတာပဲ၊ တိုးတော့လည်း ဟောဒီ သေနတ်နဲ့ ဆော်ထည့်လိုက်ရုံပဲပေါ့"

"ဟာ . . . မဟုတ်သေးပါဘူးကွာ၊ မင်းကလည်း၊ ဒေါသချည်းပဲ"

ဖိုးမှိုင်မှာ ထွန်းဘော်၏ဖွတ်တရွတ်စကားကြောင့် စိတ်ပျက်လက်ပျက်နှင့် ဒေါသပင် ထွက်လာခဲ့သည်။ ထွန်းဘော် လုပ်ရပ်တို့က တစ်ခေါက်စနှင့် အံချော်နေသကဲ့သို့ တောတောင်ကို စောင့်ရှောက်ကြသည့် ဆိုင်ရာပိုင်ရာ အစောင့်အရှောက်များကိုလည်း၊ လေးစားခြင်း



မရှိသည့်အပြင် ပါးစပ်မှ ညစ်ညစ်ညမ်းညမ်းများကို ပြောဆိုနေသဖြင့် ဖိုးမှိုင်မှာ တုန်လှုပ်ချောက်ချားနေပါ၏။

ထိုအချိန်တွင် ထွန်းဘော်တစ်ယောက် သေနတ်ကြီးထက်ကားကားနှင့် ရှေ့မှသွားနေခဲ့။ တောတွင်းပိုင်လေလား၊ တောအမြင့်ပိုင်လေလား ခွဲခြားမရသည့်တိုင် ချုံနွယ်ပိတ်ပေါင်းများက ပို၍ ထူထပ်သိပ်သည်းလာသည်။

ကြောက်စရာကောင်းလှသောအော်သံကြီးများ တိတ်ဆိတ်သွားသည့်တိုင် သားကောင်ငယ်လေးများနှင့် ပိုးမွှားသတ္တဝါပေါင်းစုံ၏ အော်သံဟစ်သံများက ပို၍ ဆူညံလာကြသည်ထင့် . . . ။ အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်အောက်သို့ အရောက်တွင် မိဖုရားဂူတောင်၏ အနောက်ဘက်ခြမ်းဆီမှ ဝေါခနဲအသံကြီးက မြေတုန်မျှလုမတတ် ထွက်ပေါ်လာသဖြင့် နှစ်ယောက်သား ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

"ဘာ . . . ဘာသံကြီးလဲ ဟေ့"

"မပြောတတ်ဘူး ဖိုးမှိုင်၊ ဒါပေမဲ့ မြေကြီးတောင် တုန်ခါသွားသလိုပဲကွ၊ ငါ့စိတ်ထင်တော့ ဟောဒီအနောက်ဘက်ကနေ ကြားရတာပဲ၊ သွားကြည့်ကြမယ် ဖိုးမှိုင်"

"ဟာ . . . ဘာမှန်းညာမှန်း မသိဘဲနဲ့ မသွားနဲ့ထွန်းဘော်"

ဖိုးမှိုင်တားနေသည့်တိုင် ထွန်းဘော်ကမူ ခြေသွက်လက်သွက်နှင့် ထွက်သွားခဲ့ပါပြီ။ ထို့ကြောင့် ဖိုးမှိုင်မှာ လုံချည်ကြီးကို [illegible]ပါအောင် ဆုပ်ရင်း ကြောက်ကြောက်နှင့် နောက်မှ လိုက်ခဲ့ရသည်။

"တောက် . . . ဒီတခေါက်တော့မှ ငှက်ကောင်ကလည်း ဖွတ်

www.burmeseclassic.com

www.burmeseclassic.com

ပဲပေါ့ . . . ဟူ၊"

ထိုအချိန်တွင် ထွန်းဘော်မှ လျှို့တစ်ခု၏အဝင်ဝမှ ထူးဆန်း အံ့ဩဖွယ်ရာ ကျောက်ဂူကြီးတစ်ခုကို တွေ့လိုက်ရသဖြင့် တအံ့တဩ ငေးမောကြည့်နေမိသည်။ လှိုဏ်ဂူကြီးမှာ လူတစ်ကိုယ်စာရှိပြီး ကျောက်စွယ် ကျောက်ငုတ်များကို ဂူဝမှပင် လှမ်း၍မြင်တွေ့နေရသည်။

ထူးခြားသည်မှာ ကျောက်ဂူဝ၏သဏ္ဍာန်မှာ လွန်စွာမှ အရုပ်ဆိုး အကျည်းတန်လှသော သတ္တဝါတစ်ကောင်၏မျက်နှာကြီးနှင့် တူလှသည်။ သူ၏တစ်သက်တွင် ဤမျှ ကြက်သီးမွေးညင်းထဖွယ်ရာ လှိုဏ်ဂူကြီး တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေး။

"ဟား . . . ဒါ ဒါ ဘာကြီးလဲ ထွန်းဘော်"

နောက်မှရောက်ရှိလာသည့် ဖိုးမှင်ကလည်း လွန်စွာ အရုပ်ဆိုး အကျည်းတန်လှသော ကြောက်မက်ဖွယ် ကျောက်လှိုဏ်ဂူကြီးကို ကြည့်ကာ နောက်သို့ပင် ခြေလှမ်းများ ဆုတ်သွားသည်သို့ . . .။

"ကျောက်လှိုဏ်ဂူကြီးတစ်ခုပဲ ဖိုးမှင် . . . အထဲကို ဝင်ပြီး ကြည့် . . ."

"ဟာ . . . ဖေ့ ဖော့ကောင် . . . ရမ်းသန်းပြီး ဖွတ်မဝင်နဲ့ဦး နော်"

ဖိုးမှင်လက်ထဲမှ ဓာတ်မီးကို ဆွဲယူကာ ထွန်းဘော် ကျောက် လှိုဏ်ဂူထဲသို့ ဖော့ဝဲထိုးကြည့်သည်။ လက်နှိပ်ဓာတ်မီး အလင်းရောင် အောက်တွင် ကျောက်စွယ်ကျောက်ငုတ်များကိုသာ တွေ့မြင်နေရသည်။ သို့သော် ကျောက်ဂူအတွင်းပိုင်းဆီမှ တောင်ပံခတ်သံ တဖြန်းဖြန်းကို ကြားလိုက်ရသလိုလို . . .။



ဖိုးမှင်သည် ကျောက်ဂူကြီးထဲသို့ဝင်ရန် ရှေ့သို့ တိုးဝင်သွား သည့် ထွန်းဘော်ကို အထိတ်တလန့်နှင့် ဟန့်တားလိုက်သည်။ သို့သော် ထွန်းဘော်ကမူ ကြောက်သွေးတစ်စက်မျှ ရှိဟန်မတူ။ ကျောက်ဂူထဲသို့ ခပ်ရဲရဲပင် ဝင်ရောက်သွားပေရာ ဖိုးမှင်မှာ နောက်မှ ကြောက်ဆုတ် ကြောက်ဆုတ်နှင့် လိုက်ဝင်လာခဲ့ရသည်။

သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးရောင် အလင်းအောက်တွင် ကျောက်လှိုဏ်ဂူကြီးထဲမှ အံ့အားသင့်ဖွယ်မြင်ကွင်းအချို့ကို တွေ့မြင်လိုက် ရသည်။ ဂူမျက်နှာကြက်တွင် ကျောက်ပန်းဆွဲကြီးများ ရှုရှုငေါငေါနှင့် တွဲရွဲကျနေသကဲ့သို့ မြေပေါ်တွင်လည်း ကျောက်စွယ်ကျောက်ငုတ်များကို တွေ့မြင်နေရသည်။

ထို့ထက် ပို၍ထူးဆန်းသည်မှာ ကျောက်ဂူကြီးတစ်ခုလုံး လင်း သက်နေခြင်းပင် ဖြစ်သည်။ ထိုစဉ် ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ဆိုးများက လေထဲတွင် ပျံ့လွင့်လာသလို ညည်းညူသံလိုလို၊ လေတိုက်သံလိုလိုကို လည်း ကြားမိလိုက်ကြသည်။

"အိုး . . . နံလိုက်တာဗျာ၊ တိရစ္ဆာန်တစ်ကောင်ကောင်များ သေပြီး ပုပ်ပွနေတာလား မသိဘူး ဖိုးမှင်"

"ဟော ဟော . . . အသံ အသံတွေကြား၊ ကြားလိုက်ရတယ် ထွန်းဘော်၊ ဟို . . . တ . . . တစ္ဆေအော်သံကြီးလား မသိဘူး၊ ငါ . . . ဒီ ဒီလှိုဏ်ဂူကြီးကို ကြည့်ရတာ စိတ်မသန့်ဘူးကွာ၊ ပြန် . . . ပြန်ထွက် ကြရအောင် ထွန်း၊ ထွန်းဘော်"

"ကျောက်ဂူထဲကို လေတိုးတဲ့အသံပါကွာ၊ မင်းလေသည်း ကြောက်စရာမရှိ ကြံဖန်ပြီး ကြောက်နေတယ်၊ ငါစဉ်းစားနေတာ . . .

www.burmeseclassic.com

ကျောက်ဂူကြီးထဲမှာ မှောင်မည်းနေရမှာကို ဘာကြောင့် လင်းနေရတယ် ဆိုတာကိုပဲ ဖိုးမှင်''

ဟုတ်တော့ဟုတ်သည်။ မှောင်မည်းနေရမည့် ကျောက်ဂူကြီး ထဲတွင် မှုန်ဝါးဝါးအလင်းရောင်များ လင်းလက်နေခြင်းမှာ ထူးဆန်းနေပါ၏။ ထွန်းဘော်မှာ အလင်းရောင်အများဆုံး ပြန့်နေသည့် ကျောက်ဂူကြီး ၏ အနောက်ဘက်သို့ တိုးဝင်သွားသည်။ ဖိုးမှင်ကမူ ထူးဆန်းအံ့ဩဖွယ်၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကျောက်ဂူကြီး၏ အသွင်သဏ္ဌာန်ကိုကြည့်ကာ သံသယနှင့်ကြောက်စိတ်များ တဖွားဖွား ဝင်ရောက်လာပါ၏။

ထိုစဉ် ကျောက်ဂူနံရံအတွင်းပိုင်းဆီမှ တဖျပ်ဖျပ် လင်းလက်နေ သည့် အလင်းရောင်တချို့ကို ထွန်းဘော်မြင်လိုက်ရသဖြင့် . . .

''ဟာ . . . ဘာ ဘာတွေလဲဟ၊ ဂူနံရံက အရောင်တွေ ဖြာထွက် နေတယ်၊ ထူး . . . ထူးဆန်းလိုက်တာ''

''အေးဟ . . . ကျောက်ဂူနံရံမှာ တဖျပ်ဖျပ်နဲ့ လင်းလက်နေတာ ဟေ့''

ထွန်းဘော်နှင့်ဖိုးမှင်မှာ ကျောက်ဂူနံရံမှ ထူးဆန်းစွာ လင်းလက် နေကြသည့် အလင်းပြန်လေးများကို တအံ့တဩ ကြည့်နေကြပါ၏။ စင်စစ် ကျောက်ဂူကြီးထဲတွင် မီးစုန်းဓာတ် (ဖော့စ်ဖရပ်) ပါဝင်သော ကျောက်သားနံရံများမှာ အလင်းပြန် သက်ရောက်နေခြင်းပင်။

သုံးဆောင့်သိုးလက်နှိပ်ဓာတ်မီး အလင်းရောင်နှင့် တွေ့ထိလိုက် စဉ် ထိုမီးစုန်းဓာတ်ပါရှိသော ကျောက်သားပြင်များထံမှ ပို၍အားကောင်း စွာ အလင်းပြန်ထွက်လာခြင်းပင် ဖြစ်ပါ၏။

သို့သော် ထိုအဖြစ်ကို ထွန်းဘော်နှင့်ဖိုးမှင်တို့က မသိရှိကြသ



ဖြင့် အံ့ဩထိတ်လန့်နေကြခြင်း ဖြစ်သည်။ ထိုစဉ် ဂူအတွင်းပိုင်းဆီမှ ညည်းညူသံကြီးတစ်ခုကို ပီပီပြင်ပြင် ကြားလိုက်ရပြန်သည်။

'အင်း ဟင်း ဟင်း . . . အီး ဟီး ဟီး ဟင်း'

တစ်ချိန်တည်းမှာပင် ညှီစို့စို့ အနံ့ဆိုးကြီးများကလည်း နှာခေါင်း ထဲသို့ တိုးဝင်လာကြပြီး ဝဒုံးဒုံးနှင့် အသံကြီးတစ်ခုကိုပါ ဆက်တိုက်ကြား လာရသည်မို့ သတ္တိခဲကြီးထွန်းဘော်ပင် နောက်သို့ ခြေလှမ်းဆုတ်သွားပါ ၏။

''ဟော . . . ဘာ ဘာသံကြီးလဲ ထွန်းဘော်''

''ငါလည်း မသိဘူး၊ ဒါပေမဲ့ ဘာကောင်ကြီးပဲလာလာ ရင်ဆိုင် တွေ့ရင်တော့ ပစ်ချမှာပဲ''

ဖိုးမှင်မှာ ယခုမှပင် ကျောက်ဂူကြီးထဲသို့ ဝင်လာမိသည်ကို နောင်တရမိလိုက်ရသည်။ ယောက်ဖဖြစ်သူထွန်းဘော်၏ အဆင်ခြင်မဲ့ ဆုံးဖြတ်ချက်တွင် မပြောရဲ မဆိုရဲဘဲ လိုက်လာမိခဲ့ခြင်းက ယခုတော့ အန္တ ရာယ်ကို လက်ယပ်ခေါ်ငင်မိချေပြီထင်။

ဟုတ်သည် . . .။ တဘုန်းဘုန်းနှင့် လေးလေးမှန်မှန် ထွက် ပေါ်လာသည့် အသံကြီး။ တစ်စုံတစ်ရာကို ထုရိုက်နေသလို သို့မဟုတ် အဘော်ပင် အလေးချိန်စီးသည့် အရာဝတ္ထုတစ်ခု ဂူကြမ်းပြင်နှင့် ရိုက် ခတ်နေသလို။

ထွန်းဘော် နှစ်လုံးပြူးသေနတ်ကြီးကို ပိုက်လျက် မျက်မှောင် ကြုတ်ကြုတ်ကာ အဖြေတစ်ခုကို အသည်းအသန် စဉ်းစားနေသည်။

ထိုအချိန်တွင် ဖိုးမှင် စူးစူးစိုက်စိုက်ကြည့်နေသည့် ကျောက်ဂူ ကြီးသည် တဖြည်းဖြည်း ဖုထစ်ကြွတက်လာသည်ဟု ထင်မြင်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ဟုတ်သည် . . .။ ဖိုးမှင်ကြည့်နေရင်းမှပင် ကျောက်နံရံကြီးသည် တစ်စတစ်စ ဖောင်းပွမှုံးရောင်လာကာ မောက်တိုမောက်ရှည်များ ဝတ်ဆင်ထားသည့် လက်နက်ကိုင်ရဲမက်များသည် ကျောက်သားနံရံမှ အတင်းရုန်းကန်တိုးထွက်ကြသည်ကို တွေ့မြင်လိုက်ရပါတော့သည်။

"ဟာ . . . ထွန်း ထွန်းဘော် . . . ကျောက် ကျောက်နံရံ ကျောက်နံရံကြီးတွေ ကြွ ကြွ ကြွတက် လာ . . . မှာ . . . ဟို ဟိုမှာ"

"ဟာ . . . ဘာဖြစ်နေတာလဲ ဖိုးမှင်၊ ဒါကိုတွေ့ရပြန်ပြီလဲ၊ ဒီမှာ အသံကြီးတွေကို နားစွင့်နေရတဲ့အထဲ . . . မင်းက တစ်မျိုး"

ထိုစဉ်မှာပင် ကျောက်ဂူအတွင်းပိုင်းဆီမှ အဖြူရောင် မီးခိုးငွေ့များ ပွံ့လွင့်စီးမျောလာကြပြီး အလင်းရောင်များကို တဖြည်းဖြည်း ဖုံးအုပ်သွားကြသည်။ ထို့ကြောင့် ကျောက်ဂူထဲတွင် အမှောင်ထုတို့ တစ်စတစ်စ မင်းမူကြီးစိုးလာခဲ့ပါ၏။

'အင်း ဟီး ဟီး . . အင်း ဟီး ဟီး'

'ဟီ ဟီး ဟား . . ဟား ဟီး ဟီး'

တစ်ချိန်တည်းမှာပင် ကြောက်မက်ဖွယ်ရယ်သံကြီးများ ထက်တိုက်ထွက်ပေါ်လာခဲ့သည်။ ကျောက်ဂူနံရံမှ ရုန်းကြွထွက်လာကြသည့် ဓားကိုင်လှံကိုင် ရဲမက်စစ်သည်များကလည်း ဖိုးမှင်နှင့် ထွန်းဘော်တို့ နှစ်ယောက်အား မီးထွက်လုမတတ် မျက်လုံးကြီးများနှင့် မုန်ရှုရဲရဲ ကြည့်ကာ ဝိုင်းဖော့တိုက်ခိုက်ကြတော့မည့်ကဲ့သို့ . . .။

"ဟေး ဟေး ဟူး ဟူး ဟေး ဟေး"

ဖိုးမှင်မှာ ကြောက်စိတ်ကို မထိန်းနိုင်တော့ဘဲ လက်ထဲမှ လှံရှည်ကြီးဖြင့် ကျောက်ဂူနံရံကြီးဆီသို့ ပစ်လွှတ်လိုက်သည်။



"တဲကွာ"

'ဂွစ် . . ဒုတ် . . ချွမ်း'

"ဟာ . . . ဟော့ ဟော့ကောင် ဖိုးမှင် . . . ဂူနံရံကို ဘာဖြစ်လို့ လှံနဲ့ပစ်ထိုးရတာလဲကွ၊ ဒီ . . . ဒီကောင်တော့ ရူးကြောင်သွားပြီ ထင်တယ်"

"ဟော . . . ဟို ဟိုမှာ လာ လာနေကြပြီ ပစ် ပစ် ထွန်းဘော် . . . ပစ် ပစ်ပါဟာ . . . ဟာကွာ"

ဖိုးမှင်မှာ မျက်လုံးအပြူးသားနှင့် ကျောက်နံရံကြီးအား ကြည့်ကာ ထွန်းဘော်လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး ပစ်ခတ်လိုက်ပါတော့သည်။

'ဒိန်း ဒိန်း'

"ဟေး သေကြစမ်း . . . မကောင်းဆိုးဝါးကောင်တွေ"

သို့သော် ထူးဆန်းသည်မှာ သေနတ်သံများမှာ ပျောက်မသွားဘဲ ကျောက်ဂူကြီးတစ်ခုလုံး သိမ့်သိမ့်ခါသွားအောင် ဖွဲ့တင်ရိုက်ခတ်နေပါတော့သည်။ တစ်ချိန်တည်းမှာပင် မျက်နှာကြက်ဆီမှ ကျောက်စကျောက်မှုန်များ ပြိုကျလာသည်ကို ထွန်းဘော် သတိပြုလိုက်မိသည်။

"ဟာ ခုကွဲ . . . ဟော့ ဟော့ကောင် ဖိုးမှင် မပစ်နဲ့ မပစ်နဲ့တော့"

'ဟီး ဟီး အင်း . . . ဟင်း ဟင်း ဟီး အီး'

ထိုစဉ်မှာပင် စောစောကကြားလိုက်ရသည့် အသံဆိုးအသံနှင့်ကြီးကို ထပ်မံ၍ ကြားလိုက်ရချိန်မှာတော့ ဖိုးမှင်တစ်ယောက် ထိန်းသိမ်း၍မရပါလေတော့။ တဖြည်းဖြည်းနီးကပ်လာသည့် အသံနက်ကြီးဆီသို့ ထပ်မံ၍ ပစ်ခတ်လိုက်သည်။

www.burmeseclassic.com

"ခွေးမသား မကောင်းဆိုးဝါးကောင်တွေ ... ကဲကွာ ကဲ"

'ဒိန်း ဒိန်း'

ဆူညံစွာ ထွက်ပေါ်လာသော သေနတ်သံကြီးများနှင့်အတူ ဖိုးမှင်၏ ကျိန်ဆဲအော်ဟစ်သံများကပါ ပဲ့တင်ထပ်သွားသည့်ခဏ ဝေါခနဲ လိုက်သံကြီးနှင့်အတူ ကျောက်ဂူမျက်နှာကြက်ကြီးမှာ ပုံစဉ်ပြိုကျလာခဲ့ပါချေပြီကော။

'ဝေါ ဖျော ဝုန်း'

"ဟာ ဖိုးမှင် ... ပြေး ပြေး ပြေးတော့ ... ဂူအမိုးကြီး ပြိုကျလာပြီ"

'ဝေါ ဝရော ဘုန်း ဒုန်း'

ထွန်းဘော်မှာ ငူငိုင်ငိုင်ကြီး ရပ်နေသည့် ဖိုးမှင်၏လက်ကိုဆွဲကာ ကျောက်ဂူကြီးထဲမှ လျင်မြန်စွာ ပြေးထွက်လာခဲ့သည်။ ကျောက်ဂူကြီးတစ်ခုလုံး မျက်နှာကြက်ကြီးပြိုကျသံ၊ ကျောက်တုံးကျောက်ခဲများ တဝုန်းဝုန်းနှင့် ပြိုကျသံကြီးများဖြင့် ကမ္ဘာပျက်ခမန်း ဆူညံလျက်ရှိပါချေပြီ။

'ဝေါ ဝုန်း ဘုန်း ဖရော ဖရော'

သို့တိုင်အောင် လိမ့်ဆင်းလာသော ကျောက်တုံးကြီးတစ်တုံးက ဖိုးမှင်၏ခန္ဓာကိုယ်ကြီးအား အရှိန်ပြင်းစွာနှင့် တိုက်ချလိုက်သကဲ့သို့။

'ဝေါ ဖရော ဒုန်း'

"အား အိုး"

ကျောက်ဂူမျက်နှာကြက်ဆီမှ တဝုန်းဝုန်းနှင့် ပြုတ်ကျလာကြသော ကျောက်တုံးကျောက်စိုင်များကလည်း ထွန်းဘော်၏ကိုယ်ပေါ်သို့



တဝေါဝေါနှင့် ပြိုကျဖုံးအုပ်သွားပါလေတော့သည်။

မိဖုရားဂူတောင်ပေါ်မှာတော့ တဝုန်းဝုန်းနှင့် ပြိုကျသံကြီးများ၊ အော်ဟစ်ညည်းတွားသံကြီးများ၏ တစ်ညလုံး ကမ္ဘာပျက်သလို ဆူညံစွာ ထွက်ပေါ်လျက်ရှိပြီး နံနက်အရုဏ်ကျင်းလုနီးမှပင် တစ်စတစ်စ တိုးတိတ် ငြိမ်သက်သွားပါလေတော့သတည်း။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## သွေးမျက်ညရဲ့ ဒဏ္ဍာရီတစ္ဆေပုံပြင်

နေလုံးနီနီက မိုဟုရားဂူတောင်ရိုးပေါ်တွင် မေးတင်ကာ နီနီရွေ ရွေးရှိနေရာမှ စုန်းစုန်းမြုပ်ခဲ့ပါပြီ။ ထို့အတူ အမှောင်ထုကလည်း ပိုပို ကြီးစိုးမင်းမူလာသည်။ လရောင်အလင်းပျောက်နေသည့် ကောင်းကင် ယံတွင် ကြယ်ဟူ၍ တစ်မှုန်တစ်ပွင့်မျှပင် မတွေ့ရ။

ရံဖန်ရံခါ တိုက်ခတ်နေသည့် ညဉ့်လေရူးတွင် ကျိုးကျိုးကျည် ကျည် အော်မြည်သံများ၊ တိုးတိုးညင်ညင် ညည်းညူသံများနှင့် ညဉ့် သတ္တဝါငယ်များ၏ တိုးဝှေပြေးလွှားသံ၊ အစာလုမာန်ဖီသံကြီးများက ချောက်ချားဖွယ် စီးမျောပျော်ဝင်နေကြသည်။

ထိုစဉ် သုတ်ခနဲဖြတ်တိုက်သွားသည့် လေရူးတစ်ချက်က ဗိုး ထော်အား တိုးဝှေဖြတ်ကျော် တိုက်ခတ်သွားသဖြင့် ကျောရိုးတစ်လျှောက်



စိမ့်ခနဲဖြစ်သွားကာ ကြက်သီးမွေးညင်းများပင် ဖြန်းခနဲထသွားပါချေ၏။

'ဂစ်'

တစ်ချိန်တည်းမှာပင် သူ့ခေါင်းခေါင်းထက်မှ 'ဂစ်'ခနဲ တစ်ချက် အော်မြည်ကာ ပျံသန်းသွားသည့် ငှက်ဆိုးထိုးသံကြီးကြောင့် ဗိုးထော် ခေါင်းမွေးများပင် ထောင်ထွားလေသည်လား။

တစ်ဆက်တည်းမှာပင် အမှောင်ရိပ်များ သိသိသာသာ စိုးမိုး လာသည့် ပတ်ဝန်းကျင်ကို ထိတ်လန့်တကြားကြည့်ကာ သူတစ်ယောက် တည်းထွက်လာခဲ့သည်မှာ မှားသွားခဲ့လေပြီလားဟု တွေးထင်နေမိသည်။

"ဘုရား ဘုရား ... ငတောက်ကို အဖော်ခေါ်ခဲ့ရရင် အကောင်း သား။ ခြော် ... ဒါလောက်မှောင်သွားလိမ့်မယ်မှ မထင်မိတာ၊ ဟော်နန်း ကုန်းထိပ်ထိ မသွားတော့ပါဘူးလေ၊ ဟိုရှေ့က တံတားဖြူပေါ်ကပဲ ထိုင်စောင့်နေရင် ကောင်းမလား။"

မြို့ဈေးသို့သွားသည့် အစ်ကိုဖြစ်သူ ပေတိုးအား စောင့်ကြိုရန် ဗိုးထော်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်ကျမှပင် အမှောင်ရိပ်တို့ ကြီးစိုးမင်းမူနေသည့် ဟော်နန်းကုန်းကို လှမ်းမျှော်ကြည့်ကာ ဗိုးထော် တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေခြင်းပင်။

ဟော်နန်းကုန်း ...။

ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့စွန်ဘက်တွင်ရှိသော တောင် ကုန်းတစ်ခု ဖြစ်သည်။ ထိုတောင်ကုန်းပေါ်တွင် ရှေးအခါကာလကသည်း က စကျင်ကျောက်သားများနှင့် ဆောက်လုပ်ထားသည့် ဟော်နန်းကြီး တစ်ဆောင်ရှိသဖြင့် ထိုဟော်နန်းကြီးကို အစွဲအမှတ်ပြုကာ 'ဟော်နန်း ကုန်း' ဟု အမည်တွင်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်ရှိ ပေါ်နန်းဆောင်ကြီးမှာ ရှေးက ပူဟိန်ခေါ် တိုက်သူကြီးများ၊ မြို့စားများ၏ ရိုးနွယ်စုဝင်များ အဆက်ဆက် နေထိုင်ခဲ့ကြပြီး၊ နေလာခဲ့သည့်မိသားစုတိုင်း တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနှင့်သေဆုံးခဲ့ကြလေသည်။

ထို့ကြောင့်လည်း ထိုပေါ်နန်းဆောင်ကြီးတွင် မည်သူမျှ မနေဝံ့ကြတော့ဘဲ စွန့်ပယ်ထားခဲ့ကြရာမှ ချုံနွယ်သစ်ပင်များ ပိတ်ဖုံးကာ ဖုန်းဆိုးကျူတ်ကုန်းမြေရိုင်းတစ်ခုကဲ့သို့ အရိုင်းမြေဆန်လာခဲ့ခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် မြေရိုင်းလို့ လူရှောင်၊ လူရှောင်၍ မြေရိုင်းဆိုသည့်နှယ် သံသရာလည်ကာ နောက်ဆုံး ခမ်းနားထည်ဝါလှသည့် ပေါ်နန်းဆောင်ကြီးမှာ သွေးမျက်ထိတ်လန့်ဖွယ် အနိဋ္ဌာရုံဖြစ်ရပ်များကြောင့် ကျူတ်ကုန်းမြေရိုင်းမြေကြမ်း 'ပေါ်နန်းကုန်း'အဖြစ် အထီးကျန်စွာ ရှင်သန်ကြီးပြင်းလာခဲ့ရပါချေတော့သည်။

အစွန့်ပယ်ခံ 'ပေါ်နန်းကုန်း'၏ ဇာတ်ကြောင်းရာဇဝင်ကလည်း နှယ်နှယ်ရရ မဟုတ်ပေ။ ယခုလို အမှောင်ညမျိုး မပြောနှင့် . . . နေခင်းကြောင်တောင် ထင်ထင်မြင်မြင်ရှိသော အချိန်ကာလများမှာပင် အဖော်အလျော်မပါဘဲ မည်သူမျှ အကြောင်းမရှိဘဲ ဖြတ်သန်းသွားလာခဲ့ခြင်း မရှိကြပါ။

အဘယ်ကြောင့်ဆိုသော် ပေါ်နန်းဆောင်ကြီးပေါ်မှ ညည်းညူငိုယိုသံကြီးများ၊ ခေါက်ခေါက်သံများနှင့် ရံဖန်ရံခါတွင် ဆံပင်ဖားလျားနှင့် ဝတ်ရုံဖြူ မိန်းမပျိုတစ်ယောက် သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်ကြားသိနေကြရသဖြင့် ထိုပေါ်နန်းကုန်းဝန်းကျင်သို့ မည်သူမျှ သွားလာဝံ့ခြင်း မရှိခဲ့ကြခြင်းပင်တည်း။



ထိုမျှသာ မကသေး။ ပေါ်နန်းကုန်းကြီးအနီးမှ အကြောင်းအမျိုးမျိုးဖြင့် ဖြတ်သန်းသွားလာနေကြရသော ခရီးသွားတချို့နှင့် မြို့ဈေးသို့ ရံဖန်ရံခါ သွားလာနေကြသူများဆိုလျှင် ပေါ်နန်းကုန်းမှ ခေါင်းပြတ်ထမ္ဘောင်ကြီးများ၏ ခြောက်လှန့်ခြင်းများကိုပင် တွေ့ကြုံခဲ့ကြရသည်ဟု ဆိုကြသည်။

ဤသို့ဤနှယ် နာမည်ဆိုးများဖြင့် ကျော်ကြားလျက်ရှိသော 'ပေါ်နန်းကုန်း' အနီးမှ ယခုကဲ့သို့ လ,မသာ ကြယ်အလင်းရောက်နေသည့် ညဉ့်အမှောင်ကာလတွင် အဖော်မပါ တစ်ကိုယ်တည်း ဖြတ်ကျော်သွားလာရမည့် ဖိုးထော်၏ရင်ထဲဝယ် ကြောက်စိတ်များကသာ တရိပ်ရိပ်ကြီးစိုးမင်းမူလာခဲ့ပါချေပြီကော။

သည်ကြားထဲ ကြောက်လန့်စိတ်ကြောင့် အိမ်သို့ပင် မြန်မြန်ရောက်ချင်သည့်စိတ်တို့ကို မနည်းကြီး ချိုးနှိမ်ထားရသသည်။

ဆယ်ပေခန့်သာကျယ်သော လမ်းတစ်ဖက်တစ်ချက်တွင် ပေါက်နေကြသည့် သစ်ပင်ဝါးပင်များ၊ ထိုလမ်းကို ဖြတ်၍စီးဆင်းနေသော ချောင်းကျဉ်းငယ်ပေါ်မှ ဖြတ်ကျော်ခေါက်လုပ်ထားသည့် သစ်သားတံတားမြူတို့ကို မျက်တောင်တစ်ချက် မခတ်မိအောင် သတိထား၍ ကြည့်နေမိသည်။

တဖြည်းဖြည်းချင်း? လေတိုက်ခတ်လာသော ... 

"အင်း . . . မိုးသာရွာချလာခဲ့ရင်တော့ ခုထက်ပို သူ့ကို ခြောက်ဖို့နဲ့

www.burmeseclassic.com

အိမ်ကိုပြန်သွားမြန်ရင်လည်း ခုခံထိနေဦးမှာ၊ အို ... ရှုပ်ပါတယ်လေ၊ တံတားဖြူထိပ်ကပဲ စောင့်နေတော့မယ်"

ဖိုးထော်မှာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပြီး ရှေ့ဆီမှ မဝေးတော့သော တံတားဖြူရှိရာသို့ လျှောက်လာခဲ့သည်။ လေတိုးသံက ပို၍ ပြင်းထန်လာကြသည်။ တောင်သရက်ပင်ကြီးများဆီမှ လေနှင့်အတူ ယိမ်းထိုးနေကြသော သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်းများကလည်း သက်ဝင်လှုပ်ရှားနေကြသော မကောင်းဆိုးဝါးကြီးများသဖွယ် ရှိုးတိုးရိုပ်တိပ်လှုပ်မ်း၍ မြင်တွေ့နေရသည်။

တောင်သရက်ရွက်များကို လေတိုးသည့်အသံ၊ သစ်ကိုင်းသစ်ခက်များ အချင်းချင်း ပွတ်တိုက်ညည်းညူသံတို့ကလည်း တအီအီ တကျွိကျွိနှင့် မကောင်းဆိုးဝါးကောင်ကြီးများ ညည်းညူဟစ်ကြွေးနေကြသည်သို့ ...။

တစ်ခေါ်လောက်ဆီတွင် ကျန်ရစ်ခဲ့သော ရွှေချစ်မျှော် ဘုရားထီးတော်မှ လေနှင့်အတူ လွင့်ပေါ်လာသည့် ဆည်းလည်းလွှစ်ခတ်သံ တချွင်ချွင်၊ ခေါင်းလောင်းငယ်လေးများ၏ ခေါင်ခေါင်မြည်သံလေးများ တစ်ချက် တချက် ... ကုက္ကိုပင်ကြီးထဲမှ လေနှင့်အတူ တဖြိုးဖြိုး တဖြောက်ဖြောက် ပြုတ်ကျနေသော ကုက္ကိုပါသီးခြောက်သံနှင့် သစ်ကိုင်းခြောက်ငယ်တချို့ ကျိုးကျသည့်အသံများကလည်း တိတ်ဆိတ်နေသည့် ညဉ့်ရင်ခွင်တွင် ပဲ့တင်ခြောက်လှန့်နေကြသည့်နှယ်။

"ဟော"

ထိုအချိန် ရှေ့အမှောင်ထုကြီးအတွင်းမှ မီးရောင်တစ်ချက် လက်ခနဲပြတ်သွားသည်ကို ဖိုးထော်တွေ့လိုက်ရသည်။ မီးခြစ်ခြစ်၍ ဆေးလိပ်မီးညှိလိုက်ဟန်တူသည်။ ထို့နောက် မီးနီနီရဲရဲလေးက ရဲခနဲလင်းလိုက်၊ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်ဖြင့် မြေသားလမ်းကြောဖုံဖုံလေး အတိုင်း ရွေ့၍ တဖြည်းဖြည်း နီးကပ်လာပါလေ၏။



သို့သော် ဖိုးထော် ချက်ချင်း စိတ်ဓာတ်တစ်ရက်တစ်ပျက် ကျသွားသည်။ သူ့အစ်ကိုပေတိုးက ဆေးလိပ်မသောက်တတ်။ ထိုသူသည် အစ်ကိုပေတိုးမဟုတ်တာတော့ သေချာသည်။ သို့သော် ကိုယ့်အနီးဝန်းကျင်တွင် လူတစ်ယောက်တိုးလာသည်မို့ ကြောက်ရွံ့ထိတ်လန့်မှုတို့ အနည်းငယ်လျော့ပါးသွားပါ၏။

ဆေးလိပ်မီးပွားနီနီရဲရဲလေးက တဖြည်းဖြည်း တံတားဖြူအနီးသို့ ရောက်လာခဲ့သည်။ ဖိုးထော် ရပ်စောင့်နေသည့်ဘက် တံတားဖြူထိပ်နှင့် တစ်စတစ်စ နီးကပ်လာပါ၏။ ရဲခနဲ ရဲခနဲ ဆေးလိပ်ဖွာ အရှိုက်တွင် အမှောင်ထုကြီးအတွင်း၌ ထိုသူ၏မျက်နှာကို ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်။

မျက်နှာက နီရဲလျက် အစ်ထနေသည့် ရွာမြောက်ဖျားမှ သမားအရက်သမား ကိုတောကျော်။

"အဟမ်း ဟင်း"

ဖိုးထော် တံတားဖြူထိပ် အမှောင်ရိပ်တွင် ရပ်နေရာမှ ချောင်းဟန့်သံပေးလိုက်ရာ ကိုတောကျော် လမ်းလျှောက်၍လာရာမှ ငြိမ်ခနဲ ရပ်သွားသည်။

"ဟေ ... ရှေ့က ဘယ်သူလဲကွ"

အမေးသံက မပီချင်တော့။ လျှာလေးအာလေးနှင့် ပါနေပါ၏။ ကြည့်ရတာ ဦးတောကျော် တော်တော်လေး ရေကိုက်လာပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ပါ . . . ရွာတောင်ပိုင်းက ပေတိုးရဲ့ညီ ဖိုးတော်ပါ၊ အစ်ကို မြို့ဈေးကအပြန်ကို လာပြီးစောင့်နေတာပါ"

"ဖိုး . . . ရှိုးတဲ့မှပဲ၊ လန့်လိုက်တာ၊ ငါ သောက်ထားတာလေးတွေတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး၊ ဒီမှာ တောင်လေး . . . ကြည့်လည်းစောင့်ဦးနော်၊ တော်ကြာ ပော်နန်းကုန်းအကိုက ခေါင်းပြတ်သရဲနဲ့ တွေ့နေဦးမယ်ဟော့"

ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။ အရေးထဲ အရက်သမား ဦးတောကျော်၏ အနှောင့်အသွားမလွတ်သော စကားကြောင့် ထိတ်ခနဲပင် ဖြစ်သွားပါလေ၏။ ကြောက်လန့်စိတ်တို့က သွေးကြောတစ်လျှောက် တိုးခွေ၍ ဝင်လာကြပြန်သည်။ ပြန်လိုက်သွားရလျှင် ကောင်းမည်လား။ ဝေခွဲ၍မရ။ သို့သော် အစ်ကိုပေတိုးတစ်ယောက်တည်း ဖြစ်နေမည်စိုးသဖြင့် တံတားဖြူသည်မှာဘက် ထိပ်မှာပင် တံတားတိုင်ကိုမှီကာ ရပ်လျက် စောင့်နေမိခဲ့သည်။

ကိုတောကျော်၏ သေးလိမ်မီးနီနီရဲရဲလေးမှာ လေထဲတွင် တဖြည်းဖြည်း ဝေး၍ ဝေး၍ ပျောက်ကွယ်သွားပါချေတော့သည်။ ဖိုးတော်မှာ သည်လောက်ညဉ့်နက်လိမ့်မည် မထင်သဖြင့် တုတ်မီး (လက်နှိပ်ဓာတ်မီး) ပင် ပါမလာခဲ့ပေ။ ညက ဝိုး၍ဝိုး၍ ကိတ်ဆိတ်လာသည်နှင့်အမျှ ချောက်ချားဖွယ်အသံပေါင်းစုံတို့က ဝိုး၍ လွှမ်းမိုးလာကြပြန်ပါ၏။

ထိုစဉ် ရွှေရင်မျှော်ဘုရားကုန်းဘက်ဆီမှ ခွေးအူသံကြီးများကို အဆက်မပြတ် ကြားလိုက်ရပြန်သဖြင့် ဖိုးတော်၏ခေါင်းမွှေးများ ထောင်ထလာကာ ကြက်သီးမွေးညင်းများလည်း တဖြန်းဖြန်း ထလာတော့သည်။



'အူ ဝူး ဝူး အူး ဝူး ဝူး အူး'

မကြာမီ ပော်နန်းကုန်းကို ဖြတ်ကျော်လာဟန်တူသည့် အရိပ်ညည်းကြီးတစ်ခု၊ လျှပ်စီးတစ်ချက် ဖြတ်ခနဲအဝင့်တွင် တွေ့လိုက်ရသည်။ လူတစ်ယောက် တံတားဖြူအစ်ဆီသို့ လျှောက်လာသည်ကို မြင်လိုက်သည်။ ပခုံးပေါ်တွင် တစ်စုံတစ်ရာကို ထမ်းလာသည်ထင်၏၊ အလှမ်းဝေးနေသဖြင့် လူလုံးမကွဲသေးပေ။

"မဟုတ်သေးပါဘူး၊ ဒီလူ မြို့လမ်းဘက်ကနေ လာတာလား၊ ဒါမှမဟုတ် ဟို . . . ဟို ပော်နန်းကုန်းပေါ်က ဆင်းလာတာလား၊ ငါ ငါ သေချာမမြင်လိုက်ရဘူး"

ဖိုးတော်စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေပါ၏။ နဂိုကတည်းက ကြောက်စိတ်က ရင်ထဲတွင် ကိန်းအောင်းနေရသည့်အထဲ မသေချာသော နိမိတ်ဖြစ်စရာ အရိပ်မည်းကြီးတစ်ခုကြောင့် စနိုးစနောင့် ဖြစ်နေသည်။ သို့သော် ဟုတ်လိုဟုတ်ငြားဟူသော စိတ်အရင်းခံဖြင့် တံတားဖြူပေါ်မှ တစ်လှမ်းချင်း ရှေ့သို့ လျှောက်လှမ်းဝင်ခဲ့သည်။

"ဘုရားသိကြားမလို့ အစ်ကိုပေတိုးပဲ ဖြစ်ပါစေ"

ဖိုးတော်မှာ တိုးတိတ်၍ဆုတောင်းရင်း တံတားဖြူတစ်ဖက်ဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့ပါ၏။ ပိန်းပိတ်အောင် မှောင်နေသည့်တိုင် ကျွင်းသားရနေပြီဖြစ်သော မျက်လုံးများက တံတားပျဉ်ချပ်များကို ခပ်ဝါးဝါးမျှ မြင်နေရသည်။ မည်းမှောင်နေသည့် ညဉ့်ကောင်းကင်တွင် မိုးကြိုးမီးသံ၊ လျှပ်လက်သံများက တနည်းငယ် စိပ်လာပါ၏။

ဝင်းခနဲ လက်ခနဲ လျှပ်ရောင်နှစ်ချက်မျှ ထက်ရှိနေပစ် . . . လျှပ်စီးကြောင်းအလင်းရောင်အောက်တွင် တံတားဖြူတစ်ဖက်ထိပ် အစပ်

www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုသူကို ရုတ်တရက်ဆိုသလို ရှိုင်းခြင်းဖြင့် ရောထွေးမြင်လိုက်ရသည်။ ကြိမ်ခြင်းပြားတစ်လုံးကို ညာဘက်ပခုံးထက်တွင် ထမ်းထားသည်။ ပုဆိုးတိုတိုနှင့် လမ်းလျှောက်လာပုံကမူ သူ၏အစ်ကိုပေဝိုးနှင့် အတော်တူသည်။ ကြိမ်ခြင်းကွယ်နေသဖြင့် မျက်နှာကိုမူ ပီပြင်စွာ မမြင်လိုက်ရ။

တဖြည်းဖြည်းနှင့် တံတားအလယ်သို့ နှစ်ယောက်သား ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် အဝေးဆီမှ ခွေးအူသံသဲ့သဲ့နှင့် သုတ်ခနဲ တိုက်ခတ်လာသည့် ညဉ့်လေရူးတစ်ချက်ကြောင့် ဖိုးတော် ကျောချမ်းတစ်လျှောက် စိမ့်ခနဲ ဖြစ်သွားသည်သို့ . . . ။

ထိုစဉ် တဖြန်းဖြန်းနှင့် လင်းလက်သွားသော လျှပ်ရောင်တွင် သူ့ရှေ့မှ လျှောက်လာသူကို ဘွားခနဲ အနီးကပ်တွေ့လိုက်ရသည်။ စောစောက ပုံစံအတိုင်းပင် ကြိမ်ခြင်းငယ်ကို ပခုံးတွင် ထမ်းထားလျက်ပင်။ သို့သော် . . . ။

သို့သော် . . .

ဦးခေါင်း . . . ဦးခေါင်းကို မမြင်မတွေ့ရ။ ဖိုးတော်တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို တုန်တက်သွားသည်။

"ဟား အား . . . အောင်မယ်လေးဗျ ခေါင်း . . . ခေါင်း ခေါင်းပြတ်ကြီး . . . အ အား"

ဖိုးတော်၏ ယေသံပါအောင် ကြောက်လန့်တကြား ဟစ်အော်လိုက်သည့် အသံနက်ကြီးက တိတ်ဆိတ်နေသည့် ညဉ့်အမှောင်ထောက်ထွင်း ပဲ့တင်ရိုက်ခတ်ကာ ထိုးဖောက်ပျံ့လွင့်သွားပါတော့သတည်း။

❀ ❀ ❀

# အခန်း (၃)

[illegible]များဖြူစောင့်သောမြို့ သို့မဟုတ် ရာဇဝင်ထဲက နမ့်ခမ်း

နမ့်ခမ်းမြို့ . . . ။

မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ဒေသ၊ ရွှေလီမြစ်ကမ်းတွင် [illegible]ညီရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်တွင် ပါဝင်သော 'နမ့်[illegible]မြို့' သည် နယ်မြို့လေးတစ်မြို့ ဖြစ်သည်။

ရွှေလီမြစ်တစ်ဖက်ကမ်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်[illegible]ပြည်နယ်၊ ရွှေလီခရိုင်နှင့် သဘာဝမြေအနေအထားအရ နယ်နိမိတ်ချင်း[illegible]ထိစပ်လျက်ရှိသော နယ်စပ်မြို့လေးတစ်မြို့လည်း ဖြစ်ပါချေ၏။ ထို့အတူ [illegible]စပ်မြို့တစ်မြို့ဖြစ်ခြင်းကြောင့်လည်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရာ [illegible]လျှော်အချက်အချာဒေသဖြစ်သဖြင့် ရှမ်း၊ တရုတ်၊ ကုလား၊ လူမျိုးပေါင်းစုံ [illegible]သည့်ကြီးများ ကျက်စားရာမြို့တစ်မြို့လည်း ဖြစ်ပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com

နမ့်ခမ်းမြို့ကလေးကို စတင်တည်ထောင်သည့်ခုနှစ်မှာ ကောဇာ သက္ကရာဇ် (၁၁၀၄) ခုနှစ်ဖြစ်ပြီး ထိုစဉ်အချိန်ကာလကမူ လူနေအိမ်ခြေ များပြားလှသော ရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ တောင်စဉ်တောင်တန်း ကြီးများပေါ်မှ မြစ်ဖျားခံကာ စီးဆင်းလာသော 'နမ့်ခမ်းဖောင်ချောင်း' သည် မြို့၏တောင်ဘက်ပိုင်းမှ မြောက်ဘက်ပိုင်းသို့ ဖြတ်သန်းစီးဆင်းကာ မြို့ကို အထက်ပိုင်းနှင့်အောက်ပိုင်းဟူ၍ သဘာဝတရားကြီးက အချိုးကျ ကျ ခွဲခြမ်းစိတ်ဖြာပေးခဲ့ပြီး ရွှေလီမြစ်ကြီးထဲသို့ စီးဝင်သွားပါလေသည်။ ထို နမ့်ခမ်းဖောင်ချောင်းကို အစွဲပြု၍ မြို့ကိုပင် 'နမ့်ခမ်းမြို့' ဟူ၍ ခေါ် တွင်သမုတ်ခဲ့ပါသည်။

'နမ့်ခမ်းဖောင်' ဆိုသည်မှာ (နမ့်=ရေ) (ခမ်းဖောင် = ရွှေမှုန်) ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် 'နမ့်ခမ်းဖောင်' ဆိုသည်မှာ 'ရွှေ မှုန်ချောင်း' သို့မဟုတ် ရွှေထွက်သောချောင်းဟူ၍ အဓိပ္ပာယ်ရပါချေသည်။

ကောဇာသက္ကရာဇ် (၁၁၃၉) ခုနှစ်တွင် မိုင်းမောဒေသရှိ 'ပူဟိန်' ခေါ် တိုက်သူကြီး၏ အဆက်အနွယ်ဖြစ်သူ 'ပူဟိန်ပေါ်ဆီး' ကို မြို့စား အဖြစ် တင်မြှောက်ခဲ့ကြသည်။

မြို့စားကြီးဖြစ်လာသူ 'ပူဟိန်ပေါ်ဆီး' ကလည်း အမြော်အမြင် ကြီးသူပီပီ 'နမ့်ခမ်းမြို့ကြီး' ကို စတင်၍ တိုးချဲ့ထူထောင်ခဲ့သည်။ မြေလွတ် မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းစေပြီး ရွာသူရွာသားများကို အကွက်ချ၍ ကာ နေရာခွဲဝေပေးခြင်းခဲ့သည်။ ထိုအတောအတွင်းမှာပင် 'ပေါ်လိတ်' အမည်ရှိ အကျင့်သီလကောင်းမွန်သည့် ပုဂ္ဂိုလ်တစ်ယောက်အား ရှာဖွေ ခံစေပြီး သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးခဲ့သည်။

ထို့နောက် မြို့စားကြီး 'ပူဟိန်ပေါ်ဆီး' နှင့် ဘုန်းတော်ကြီး



'ပေါ်လိတ်' တို့သည် ဘုရားတော်မြတ်ကြီးတစ်ဆူကို တည်ထားကိုး ကွယ်ကြရန် စီစဉ်ကြရာတွင် နမ့်ခမ်းမြို့ဝန်းကျင်တစ်ဝိုက်၌ ထူးဆန်း သော ကျားဖြူကြီးတစ်ကောင် ရောက်ရှိလာခဲ့သည်။

သို့သော် ထိုကျားဖြူကြီးမှာ မည်သူ့ကိုမျှ အန္တရာယ်မပြုဘဲ နမ့်ခမ်းတောကြီးတန်းနှင့် တောင်ယာစိုက်ခင်းများတစ်ဝိုက်တွင်သာ နေ ထိုင်ကျက်စားလျက် ရှိပါ၏။

ပို၍ထူးဆန်းအံ့ဩဖွယ်ရာကောင်းသည်မှာ ထိုကျားဖြူကြီးသည် လူတို့သာမက သူ၏အစားအစာဖြစ်သည့် ကျွဲ၊ နွား၊ ခွေး စသည့် ယဉ်သည့်တိရစ္ဆာန်ကိုမျှ အန္တရာယ်မပြုဘဲ နမ့်ခမ်းမြို့ကြီးကို ကာကွယ် စောင့်ရှောက်ပေးခြင်း၊ လယ်ယာစိုက်ခင်းများကို ဖျက်ဆီးတတ်သည့် တောကောင်ကြီးများရန်မှ ကာကွယ်ပေးခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက် ပေးလေ၏။

ထိုကျားဖြူကြီး ရောက်ရှိလာခဲ့ချိန်မှစ၍ လယ်ယာစိုက်ခင်းများ ကို ဖျက်ဆီးစားသောက်တတ်ကြသည့် ဆင်ရိုင်း၊ တောဝက်ကြီးများနှင့် အခြားသော တောရိုင်းတိရစ္ဆာန်ကြီးများမှာ နမ့်ခမ်းမြို့အစွန်အဖျားနား သို့ပင် ချဉ်းကပ်လာနိုင်ဖို့ ဝေးစွ . . . တောင်ယာစိုက်ခင်းများဘက်သို့ပင် ခြေချော်ဝင်ရောက်လာဖုံခြင်း မရှိကြတော့ခြင်းကြောင့် နမ့်ခမ်းမြို့သူ မြို့သားများနှင့် လယ်သမား၊ ခြံသမားတို့မှာ အေးချမ်းစွာ လုပ်ကိုင်စား သောက်ခွင့်ရခဲ့ကြလေသည်။

ထို့ကြောင့် နမ့်ခမ်းတစ်မြို့လုံးက ကျားဖြူကြီးကို မြင့်မြတ်သော နတ်ကျားကြီးအဖြစ်လည်းကောင်း၊ သူတို့၏ ကျေးဇူးရှင်အဖြစ်လည်း ကောင်း ယုံကြည်သတ်မှတ်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အချိန်ကာလ နှစ်ပရစ္ဆေဒများစွာတို့ကို အေးချမ်းတည်ငြိမ်စွာ ကျော်လွှားဖြတ်သန်းလာခဲ့ရာမှ ကျားဖြူကြီးမှာ အသက်အရွယ်ကြီးရင့်လာသဖြင့် သေဆုံးသွားခဲ့ပါတော့သည်။

နမ့်ခမ်းမြို့သူမြို့သားများမှာ သူတို့၏ကျေးဇူးရှင် ကျားဖြူကြီးသို့မဟုတ် နတ်ကျားရှင်ကြီး သေဆုံးသွားသည့်အခါ ကြိမ်မီးအုံးသကဲ့သို့ ပူဆွေးသောကရောက်ကြရသည်။ ထို့ကြောင့် ကျေးဇူးရှင် ကျားဖြူကြီးအား အမှတ်တရဂုဏ်ပြုသောအားဖြင့် ကျားဖြူကြီးသေဆုံးသွားခဲ့ရသည့်နေရာတွင် 'လွမ်းစေတီ' တစ်ဆူတည်ကာ ထိုစေတီကိုလည်း 'ကျားဖြူစေတီ' ဟု ဘွဲ့မည်သမုတ်ခဲ့ကြပါတော့သည်။

**မှတ်ချက်** ။ ။ အထိမ်းအမှတ်စေတီအဖြစ် တည်ထားသော (ကျားဖြူစေတီ) သည် နမ့်ခမ်းမြို့လယ် ဘုရားကြီး၏ အနောက်မြောက်ဘက် ပေသုံးရာခန့်အကွာတွင် ယနေ့အချိန်ထိတိုင် တည်ထားကိုးကွယ်လျက် ရှိပေသည်။ **(စာရေးသူ)**

ကောဇာသက္ကရာဇ် (၁၁၃၉) ခုနှစ်တွင် နမ့်ခမ်းမြို့စားကြီး 'မူဟိန်ပေါ်ဆီး' နှင့် ဘုန်းတော်ကြီးပေါ်လိတ်တို့ ဦးဆောင်ဦးရွက်ပြုလျက် ဉာဏ်တော်အမြင့်ခြောက်တောင်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို စတင်ထုလုပ်၍ တည်ထားကိုးကွယ်ကြပြန်သည်။ ထိုခေတ်ကာလမှာ ခရစ်နှစ် (၁၇၇၆–၁၇၈၂) ကုန်းဘောင်ခေတ်၊ စဉ့်ကူးမင်းလက်ထက်နှင့် ခေတ်ပြိုင်ကာလများဖြစ်သည်။

ထို့နောက် ခေတ်ကာလရေစီးကြောင်း တဖြည်းဖြည်း ပြောင်းလဲလာခဲ့ရာမှ သက္ကရာဇ် (၁၂၂၃) ခုနှစ်၊ နမ့်ခမ်းမြို့စားကြီး ခွန်ဆိမ့်မြို့



လက်ထက်တွင် ဗုဒ္ဓရုပ်ပွားတော်မြတ် (မဟာမုနိဘုရားကြီး) အား မူလဉာဏ်တော် (၆) တောင်မှ ဉာဏ်တော် (၉) တောင်အထိသို့လည်းကောင်း၊

ကောဇာသက္ကရာဇ် (၁၂၉၉) ခုနှစ်၊ မြို့စားကြီး 'ခွန်မင်္ဂလာ' လက်ထက်တွင် ဖန်းမော်မြို့နေ ပွဲစားကြီး ဦးဖယီ (မန့်ဝိန်း) က ယခင် ဉာဏ်တော် (၉) တောင်မြင့်သည့် (မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး) ကို ဉာဏ်တော် (၁၂) တောင် အမြင့်အထိလည်းကောင်း အသီးသီး တိုးမြှင့်ပြုပြင်တည်ထားကိုးကွယ်ခဲ့ကြလေသည်။

✻

ကြာခဲ့ပါပြီ . . . ။

သက္ကရာဇ်အဆက်ဆက်၊ မူဟိန်အဆက်ဆက်၊ မြို့စားအဆက်ဆက်ဖြင့် 'နမ့်ခမ်းမြို့' သည် ခရီးရှည်ကြီးတစ်ခုကို ကျော်လွှားဖြတ်သန်းခဲ့ရသည်။

ဆိုးဝါးလှသော သဘာဝဘေးဒဏ်၊ မြေငလျင်ဒဏ်များနှင့် မီးဒဏ်လေဒဏ်များကို ခါးသီးကြမ်းရှစွာ ခံစားလာခဲ့ရသလို ဒုတိယကမ္ဘာစစ်မီးလျှံကြီးနှင့်အတူ စက်သေနတ်သံ၊ အမြောက်သံ၊ ဗုံးသံများကြားတွင်လည်း လူးလွန့်ရုန်းကန်ရှင်သန်လာခဲ့ရသည် မဟုတ်ပါလား။

နမ့်ခမ်းမြို့လေး၏ ကျေးဇူးရှင်ကျားဖြူကြီးကို အမှတ်တရအဖြစ် တည်ထားကိုးကွယ်ခဲ့ကြသည့် 'ကျားဖြူစေတီကြီး' ပင် သဘာဝဘေးဒဏ်ကြောင့်လေလော၊ စစ်ဘေးဒဏ်ကြောင့်လေလော မသိ . . . ။ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ငုတ်တိုဘဝဖြင့် ချုံနွယ်ပိတ်ပေါင်းများကြားတွင် ရောက်ရှိနေခဲ့ပါချေပြီ ကော။

ထိုအတူ နမ့်ခမ်းမြို့၏ အစွန်အဖျားတောင်ကုန်းတစ်ခုပေါ်တွင် ဆောက်လုပ်ထားသည့် ကျောက်သားဟော်နန်းဆောင်ကြီးတစ်ခုကလည်း စွန့်ပယ်ထားခဲ့သည့် နှစ်ပရိစ္ဆေဒများအောက်တွင် ဖုန်ဆိုးကုန်းကြီးသဖွယ် ဖြစ်တည်လျက် ရှိနေပါချေ၏။

ရှေးအတိတ်စောကာလကတည်းက စကျင်ကျောက်သားများဖြင့် ငွေကုန်ကြေးကျခံကာ တည်ဆောက်ထားခဲ့ပါသော်လည်း ယခု ပစ္စုပ္ပန် အချိန်ကာလတွင်မူ တောကြီးမျက်မည်းထဲဝယ် ပိုင်ရှင်သခင်မဲ့အဖြစ် တည်ရှိနေပါလေ၏။ ထိုဟော်နန်းကြီးကို အစွဲပြု၍ ထိုတောင်ကုန်းကို 'ဟော်နန်းကုန်း' ဟူ၍ ခေါ်တွင်ခဲ့ကြသည်။

ထိုဟော်နန်းကြီးမှာ ခေတ်ကာလအဆက်ဆက်၊ မြို့စား ပူဟိန် အဆက်ဆက် မျိုးနွယ်စုဝင်များ နေထိုင်ခဲ့ကြသည်။ သို့သော် သက္ကရာဇ် (၁၃၀၀) ပြည့် နောက်ပိုင်းမှစ၍ ဟော်နန်းကုန်းတွင် နေထိုင်ခဲ့ကြသည့် မြို့စား၊ ပူဟိန်များမှာ မည်ကဲ့သို့ဖြစ်လာခဲ့သည်မသိ ...။ တစ်ယောက်ပြီးတစ်ယောက် ထူးဆန်းစွာ သေဆုံးသွားခဲ့ကြသည်။

ထို့ကြောင့်လည်း ထို 'ဟော်နန်းဆောင်'ကြီး တွင် မည်သူမျှ ဆက်လက်၍ နေထိုင်ပံ့ခြင်း မရှိကြတော့ဘဲ တောအုပ်တောင်ကုန်းကြီး ထက်ဝယ် စွန့်ပယ်ထားခဲ့ကြခြင်းပင်။

တိတိပပဆိုရလျှင် ...(၁၃၀၇) ခုနှစ်တွင် ထိုဟော်နန်းကုန်းတွင် နေထိုင်သွားခဲ့သည့် မြို့စားကြီးခမ်းဆေးဟုန် ကွယ်လွန်ခဲ့ပြီးနောက် ပိုင်းမှစတင်၍ မည်သည့်မြို့စား၊ ပူဟိန်မျိုးနွယ်ဆက်များမှ နေထိုင်ခဲ့



ခြင်း မရှိကြတော့ပေ။ ထို့ပြင် ဖုန်ဆိုးကုန်းဆန်ဆန် စွန့်ပယ်ခြင်းခံထား ရသဖြင့် တောရိုင်းမြေရိုင်းသဖွယ် ဖြစ်တည်လာခဲ့ရပါချေတော့သည်။

ဟော်နန်းစံအိမ်တော်နှင့် ဆက်နွယ်ပတ်သက်ခဲ့သည့် စိုက်ခင်း၊ ဆောင်ယာများနှင့် ဥယျာဉ်ခြံမြေများကိုလည်း ဆက်လက်၍ အသုံးမပြုကြတော့ဘဲ ဤအတိုင်းပင် စွန့်ပစ်ထားခဲ့ကြသည်။ နဂိုကတည်းက ရှမ်းမြို့များတွင် တည်ထားခဲ့သည့် ဟော်နန်းစံအိမ်တော်ကြီးနှင့် ဥယျာဉ်ခြံမြေများမှာ ယခုကဲ့သို့ ပိုင်ရှင်များ၏ စွန့်လွှတ်ပစ်ပယ်ခြင်းကို နှစ်ရှည်လများ ခံစားခဲ့ရသည့်အခါမှာ တောရိုင်း၊ မြေရိုင်းဖြစ်ကာ ဖုန်းဆိုးတောကြီး သဖွယ်သာ ဖြစ်တည်လျက်ရှိပါချေတော့သည်။

မြင်းညိုကြီးပေါ်မှ ပြည့်စုံအောင်က တောစပ်ကမူစွန်းတလေး တွင် လေးဖက်ချည်ညီ မြင်းဇက်ကို ဆွဲ၍တန့်လိုက်သည်။ ပါးချပ်တခဲခဲ နှင့် မြင်းညိုကြီးကလည်း နှာခေါင်းနှစ်ပေါက် ပွချည် ပိန့်ချည်၊ လည်ဆံ မွေးများ တဖွားဖွားလန်ရင်း သခင့်အလိုကို ကြည်ဖြူစွာ လိုက်လျောပြီး လျှင် ခေါင်းတငေါ့ငေါ့နှင့် မြူးနေပါ၏။

ပြည့်စုံအောင်၏မျက်လုံးအစုံကမူ တောင်ကုန်းထိပ် ချုံနွယ် ပိတ်ပေါင်းများကြားမှ ခေါင်းပြူလည်မော့နေဟန်ရှိသည့် 'ဟော်နန်း ဆောင်'ကြီးဆီသို့ စူးစူးနစ်နစ် ကြည့်နေသည်။ ဝင်လုဆဲနေလုံးနီနီကြီး မှာ အနောက်ဘက်တောကြီးတန်းရှိ ဝါးရုံပင်ကြီးများကြားမှ နီမြန်းသော မျက်နှာပိုင်းကြီးဖြင့် နှုတ်ခွန်းဆက်နေပါ၏။

ရွှန်းဆီရောင်သမ်းထားသည့် ဆည်းဆာနေခြည်အောက်တွင် ကျောက်ချောက်များနှင့် အခိုင်အခန့်ဆောက်လုပ်ထားသော ရှေးဟောင်း ဟော်နန်းဆောင်ကြီးက တောင်ကုန်းကမူထိပ်မှနေ၍ ပြည့်စုံအောင်အား

www.burmeseclassic.com

www.burmeseclassic.com



ငုံ့မိုးရှိုကြည့်နေသကဲ့သို့ စနစ်တကျ ဆောက်လုပ်ထားသည့် ကျောက် သားဟော်နန်းဆောင်ကြီးသည် ထိုစဉ်အချိန်ကာလသာဆိုလျှင် မည်မျှကြီး ကျယ် ခမ်းနားပါချိမ့်မည်နည်း။

မြခြူးနွယ်လိမ် တထိန့်ထိန်နှင့် ဖန်ရောင်မှန်ရောင် တပြောင် ပြောင်တလက်လက် အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ပုပ်ဂိန်မြို့စားတွေ သော ဂုဏ်ခြွင်တို့သည် မိုးယံသို့တိုင် လွှင့်ပျံချီနေပေလိမ့်မည်။

ထိုတစ်မူကား ,ဟော်နန်းဆောင်ကြီးမှဆင်းလျှင် စိတ်လက် ကြည်လင်ဘွယ် အပန်းပြေပျောက်နိုင်စေခြင်းအလို့ငှာ ပန်းပေါင်းစုံ ရနံ့ သင်းသင်း၊ စမ်းရေစီးသံ၊ ကျေးငှက်သံလေးများ တီတီတာတာနှင့် သာသာဝပန်းချီကားချပ်ကြီးတစ်ခု ဖြန့်ခင်းချထားသည်သို့ စိတ်ခံစားမှုဆော စွမ်းနိုင်သည့် နတ်ပန်းဥယျာဉ်ကြီးကလည်း ဟော်နန်းကုန်းတောင်ခြေတွင် ငွားငွားစွင့်စွင့်၊ စိမ်းစိမ်းစိုစိုနှင့် မသာစတောင်း သာနေပေလိမ့်မည်ထင်

သို့သော် ယခု ပစ္စုပ္ပန်အချိန်ကာလတစ်ခုမှာမူ အဆောင်ဆောင် အခန်းခန်းဖြင့် ပုပ်ဂိန်မြို့စားအဆက်ဆက် စံမြန်းခဲ့ကြသည့် 'ဟော်နန်း ဆောင်' ကြီးနှင့် ဥယျာဉ်တော်ကြီးသည် မည်သူမျှ မလွန်ဆန်နိုင်သော 'သင်္ခါရတရား' ရေစီးကြောင်းတွင် အပြောင်းအလဲများစွာဖြင့် 'ဖြစ်ထည့် ပျက်' ခဲ့ရပါချေပြီတည်း။

ထိုစဉ် ပြည့်စုံအောင်ရှိနေသည့် တောစပ်ကမူစွန်းသို့ နောက် ထပ်မြင်းတစ်စီး ရောက်ရှိလာခဲ့ပြန်သည်။ မြင်းပေါ်မှာတော့ ပြည့်စုံအောင် နှင့် သက်တူရွယ်တူခန့်ရှိမည့် လူညိုထွားကြီးတစ်ယောက်။

"ဘယ်လိုလဲ ပြည့်စုံအောင် . . . ဒီဟော်နန်းကုန်းနားက မခွာ နိုင်တော့ဘူးလား။ သူတကာတွေ နေ့ရွှေညည ကွင်းရှောင်သွားကြတဲ့



'ဟော်နန်းကုန်း' ကြီးကို မင်းကျမှပဲ ထူးထူးခြားခြား စိတ်ဝင်စားနေရ တယ်လို့ကွာ၊ ကဲ သူငယ်ချင်း . . . နေလည်းဝင်တော့မယ်၊ ဒီနေ့တော့ ပြန်ကြပါစို့ကွာ"

နောက်မှရောက်လာသည့် မြင်းညိုရှင် လူညိုထွားက ဟော်နန်း ဆောင်ကြီးရှိရာသို့ မျက်တောင်မခတ်ကြည့်နေသည့် ပြည့်စုံအောင်အား မြင်းချင်းယှဉ်ရပ်လျက် ပြောဆိုလိုက်ပါ၏။

"အား . . . ငါက ဘာရယ်မဟုတ်ပါဘူး အုံ့မောင်ရယ်၊ နမ့်ခမ်း မြို့စွန်မှာ ထူးထူးခြားခြားဆောက်ပြီး နေထိုင်ကြတဲ့ မြို့စားကြီးတွေရဲ့ စိတ်ကူးကို ဉာဏ်မီသမျှ လိုက်ပြီးတွေးကြည့်နေတာပါ"

"ဩော် . . . သူတို့က ရှာသူရှာသားတွေ, နယ်သူနယ်သား တွေရဲ့ အရှင်သခင်ကြီးတွေလေ၊ တစ်နည်းပြောရရင် သာမန်ပြည်သူ လူထုတွေနဲ့ မတူတဲ့ အမြင့်စံ ဟော်နန်းမျိုးနွယ်တွေပေါ့ကွာ၊ ပြောရရင် ခင်းမိုးရာဇာ လူကုံထံအသိုင်းအဝိုင်းတွေရဲ့ ဓလေ့စရိုက်အတိုင်း တသီး တခြားဆောက်ပြီး နေကြတာပေါ့ကွာ"

လူညိုထွားကြီးအုံ့မောင်က နမ့်ခမ်းမြို့သို့ အလုပ်တာဝန်နှင့် ပြောင်းရွှေ့ရောက်ရှိလာသည့် သူငယ်ချင်းဖြစ်သူ ပြည့်စုံအောင်အား ဟော် နန်းကုန်းထက်မှ ဟော်နန်းဆောင်ကြီးအကြောင်းကို သူသိနားလည်သမျှ ရှင်းပြနေပါ၏။

စင်စစ် ပြည့်စုံအောင်သည် သတ္တုတွင်းအင်ဂျင်နီယာတစ် ယောက် ဖြစ်သည်။ နမ့်ခမ်းမြို့နှင့် ဆက်စပ်တည်ရှိနေသည့် တောင်ယ တောင်နှင့် မိုးရေးဂူတောင်တို့တွင် သတ္တုတွင်းလုပ်ကွက် စမ်းသပ်တူးဖော် လုပ်ကိုင်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဖက်သူငယ်ချင်း အံ့မောင်က နမ့်ခမ်းသားစစ်စစ်၊ စီးပွားရေးသမား လူပျို့ရွယ်တစ်ယောက် ဖြစ်သည်။ နမ့်ခမ်းမြို့အဝင်တွင် တည်းခိုခန်းကြီးတစ်လုံး ဆောက်ကာ တစ်ဖက်က ကျောက်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နေသူ ဖြစ်ပါ၏။

ဆည်းဆာလေရှူးတစ်ချက်က မြေပေါ်တွင်ရှိကာ ရွက်ကြွေတချို့ကို မွှေ့ယမ်းကျိုစယ်သွားသည်။ ပေါက်လဲအင့်ကလေးတွေ တစီစီနှင့် ဖူးတံတွေ သီနေကြပြီ။ ကျွန်းပင်၊ အင်ပင်ကြီးများသည်ပင် ရွက်ဟောင်းများကို မြေသို့ချထားကြသည့်အတွက် ခူများတွင်ကား မြေနီရောင်ချင့်ချင့် မြေးနေကြသည်သို့ . . .။

"အင်း . . . မင်းပြောသလိုသာဆိုရင် ဟို အလယ်ခေတ် ဥရောပက မှုမတ်ကြီးတွေကို လက်လုပ်လက်စား တောင်သူလယ်သမားတွေနဲ့ တင်းဝေပြီး လုံခြုံစိတ်ချရတဲ့ အစွန်အဖျား တောင်စွယ်တောင်ကုန်းတွေထက်မှာ ရဲတိုက်ကြီးတွေဆောက်လုပ်ပြီး တသီးတခြား ခံနေထိုင်ခဲ့ကြသလိုပေါ့နော်"

"ဟုတ်တယ် ပြည့်စုံအောင်ရေ . . . ဟင်း ဟင်း . . . ငွေကြေးဓနဥစ္စာ ပြည့်စုံကြတဲ့ မင်းမှုထမ်းတွေနဲ့ လူကုံထံအသိုင်းအဝိုင်းတွေရဲ့ ရွှေသွပ်ခြင်း လေလှေစရိုက်တစ်ခုပေါ့ကွာ . . . ဟင်း ဟင်း ဟင်း"

အပြန်ခရီးတွင် ရေးရေးမျှသာထင်သော လမ်းကို စမ်း၍သာ မြင်းနှင်ခဲ့ကြသည်။ တောလမ်းဟူသည် ထွင်သူ၊ သွားသူ အမြဲဥဒဟို သွားလာဖြတ်သန်းကြပါမှ လမ်းရောထင်သာနိုင်လျက် လူသူအသွားအလာ အရောက်အပေါက်နည်းပါးခဲ့လျှင် ချုံနွယ်ပိတ်ပေါင်းများ ဆီးဆို့ပိတ်နေစမြဲပင် မဟုတ်ပါလား။



ယခုလည်း 'ဟော်နန်းကုန်း' သည် လူသူအရောက်အပေါက်နည်းရာ နယ်မြေဖြစ်နေခဲ့သည်။ နယ်မြေကြမ်းခြင်း၊ တစ္ဆေသရဲခြောက်သည်ဆိုသည့် နာမည်ကြီးခြင်း၊ လူနေအိမ်ခြေများနှင့် တသီးတခြားတည်ရှိနေခြင်း စသောအချက်တို့ကြောင့် ပင်ရိပ်ဆိုင်းဆိုင်း သစ်ပင်ကြီးများဖြစ်ကြသည့် ကျွန်းပင်၊ အင်ပင်နှင့် ညောင်ပင်ကြီးများနှင့် ပျက်စီးနေသည့် ဥယျာဉ်ခြံမြေကြီးများထဲမှ ဖယောင်းပန်းပွင့်၊ ကြောင်မြီးတွေ၊ သစ်ခွပန်းရောင်စုံများက ခူးယူသူမဲ့လျက် စွင့်စွင့်မွတ်မွတ် ပေါက်ရောက်နေကြသည်မှာ တောပန်းတမြိုင်မြိုင်နှင့် တောနက်ဂနိုင်ကြီးသဖွယ် ဖြစ်တည်လျက် ရှိပါချေပြီကော။

မည်သို့ပင်ဖြစ်စေ . . . မှောင်ရီသန်းစ ဆည်းဆာနေခြည်ကို ဆော့ခိုင်းလျက် အပြန်ခရီးနှင်လာကြသည့် မြင်းနှစ်ကောင်နှင့် လူနှစ်ယောက်ကမူ နမ့်ခမ်းမြို့တွင်းဆီသို့ တလှုပ်လှုပ်နှင့် . . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ပါးစပ်ရာဇဝင်ထဲက တစ္ဆေမိဖုရားဂူ

ညဥ့်လေကလေးက တစ်နေ့လုံး ကျစ်ကျစ်လောင်လောင် ပူ…
သော မြေပြင်ပေါ် ရှပ်တိုက်၍ မြေငွေ့ကလေးများကို အအေးဓာတ်…
သမအောင် ငွေ့ယမ်းရောနှောနေပါ၏။

ရှုတ်တရက်သော် သစ်ရွက်လှုပ်သံပင် မကြားရ။ သစ်ပင်ဝါး…
များကြားမှ ပြာနှမ်းနှမ်းကောင်းကင်နှင့် မှိတ်တုတ်မှိတ်တုတ် ကြယ်တ…
ကို မြင်တွေ့နေရသည်။

ဘိုတဲကြီး၏ ဝရန်တာထက်မှာတော့ ပြည့်စုံအောင်၊ အုံ့မောင်…
အုံ့မောင်၏ဦးကြီး မှဆိုးကြီးဦးဖိုးထိတို့က စကော့ချ်ဝီစကီတစ်လုံး…
အဖော်ပြုကာ စကားလက်ဆုံကြနေကြသည်။ စားစရာကမူ လူ…
အုံ့မောင် စီစဉ်ပေးသည့် ဆတ်သားခြောက်ဖုတ် ဆီရွှဲရွဲနှင့် တောကြောင်…



…သွားကင်ရန့်တို့ က မွှေးပျံ့လျက်။

ဘိုတဲကြီး၏အောက်ထပ်ဆီမှ အင်ဂျင်မီးစက်သံသဲ့သဲ့က ညဥ့်…
တစ္ဆာကို ကြီးစိုးမင်းမူနေပါ၏။ ဘိုတဲကြီး၏ ဝရန်တာထက်မှာတော့
…မီးချောင်းအပြာလေးတစ်ချောင်းက မှုန်ဝါးဝါးအလင်းကိုသာ ပေးဆောင်
…လျက် ရှိနေသည်။

ပြည့်စုံအောင်ကမူ သူ၏ အရက်ခွက်ထဲမှ ဝီစကီကို ခပ်ပါးပါးမျှ
…သောက်ရင်း ညနေခင်းက မပြီးပြတ်သေးသော 'ပေါ်နန်းကုန်း' အရေး
…အီစွကို ဆက်၍ မေးမြန်းစေ့ငုနေပါ၏။

"ဒီလိုဆိုရင် ပေါ်နန်းဆောင်ကြီးကို ဒီအတိုင်းကြီးပဲ တောကြီး
…မျက်မည်းထဲမှာ စွန့်ပစ်ထားကြတာပေါ့ ... ဟုတ်လား အုံ့မောင်"

"အင်း ... ပြောရရင်တော့ ဒီဇာတ်လမ်းက အရှည်ကြီးပဲ
…ဗွေ ပါလည်း သိပ်ပြီး ဟုတ်တိပတ်တိ သိတာမဟုတ်ဘူး။ ရှေးမီနောက်မီ
…သက်ကြီးရွယ်အိုကြီးတွေမှ ကောင်းကောင်းသိနိုင်ကြတော့မှာ၊ လော
…လောဆယ်တော့ ဒီပေါ်နန်းကုန်းကြီးဘက်ကို ဘယ်သူမှ မသွားရဲ
…သောခဲ့ကြတာတော့ အမှန်ပဲကွ"

"ဟုတ်တယ် ကောင်လေး ... ဒီပေါ်နန်းကုန်းက သရဲ အ
…လွန်ခြောက်တား နေ့ခင်းကြောင်တောင်ကြီးတောင် အဲဒီအနားက တယ်
…သူမှ ဖြတ်သွားဖြတ်လာ မလုပ်ခဲ့ကြဘူး။ နဲ့စမ်းမြို့သားတွေ ပြောဆိုနေ
…ကြတာကတော့ စုံနေတာပဲ၊ ဟို ... ခေါင်းပြတ်သရဲကြီးကို တွေ့ရတယ်
…ဆို ဆိုလိုဆို၊ ဝတ်ရုံဖြူတစ္ဆေမတစ်ကောင် ရှိတယ်ရှို ပြောလိုပြောနဲ့
…သတင်းကြီးနေတာတော့ အမှန်ပဲ ကောင်လေးရေ"

မုဆိုးကြီးဦးဖိုးထိက သူ၏ ဝါးဆေးတံကြီးကို ဆေးတစ်ဆုံ

www.burmeseclassic.com

www.burmeseclassic.com

ထပ်မံဖြည့်ရင်း စကားပိုင်းထဲသို့ ဝင်၍ပြောဆိုလိုက်ပါ၏။

"ငါသိသလောက်ကတော့ အဲဒီဟော်နန်းဆောင်မှာ နေထိုင်ကြတဲ့ ရှုတ်နိုင်ဘုရားတို့ အဆက်အနွယ်တွေဟာ သက်ဆိုးမရှည်ကြဘူးတဲ့၊ တစ်ယောက်ပြီးတစ်ယောက် နည်းအမျိုးမျိုးနဲ့ သေကုန်ကြရတာပဲလို့ ပြောကြတယ်၊ နောက်တော့ ဘယ်သူမှ မနေရဲကြတော့လို့ ဒီအတိုင်းပဲ ဟော်နန်းကြီးကို စွန့်ပစ်ထားခဲ့ကြတာလေ၊ အေး ... တစ်ခုရှိသေးတယ် ... ဂျပန်ခေတ်က အဲဒီဟော်နန်းကြီးကို ဂျပန်ကင်ပေတိုင်ဌာနချုပ် လုပ်ခဲ့ကြသေးတယ်၊ အဲဒါကြောင့်များ ပိုပြီးဆိုးဝါးသွားတာလား မသိတော့ပါဘူး ရောင်လေးရယ်"

ပြည့်စုံအောင်က သောက်လက်စအရက်ခွက်ကို ချကာ ဆတ်သားခြောက်ကြော်တစ်ဖတ်ကို ဝါးရင်း ဟော်နန်းကုန်းရာဇဝင်ကို စိတ်ဝင်တစား နားထောင်နေပါ၏။ အံ့မောင်ကမူ တဖောက်ကန်းဝါဒီသမား။ ဤကဲ့သို့သောဖြစ်ရပ်များကို အယုံအကြည်မရှိသူတစ်ယောက် ဖြစ်သဖြင့် စကောနှုံးစကားကိုသာ စိတ်ကြိုက်သောက်လျက်ရှိသည်။

"ကဲ ပြည့်စုံအောင် ... ဘာမှ အသုံးချလို့မရတော့တဲ့ ခေတ်ဟောင်းက အဆွေးအမြည့်တွေကို လှန်လှောပြီး ရှာဖွေမနေနဲ့တော့၊ ရှိုးကြီးနဲ့ တောသည်အမဲပစ်ကြမယ့်ကိစ္စကိုသာ ဆွေးနွေးကြ၊ အလကားမင်းဟာ ကျောင်းတုန်းကအကျင့်တွေကို အခုချိန်ထိ မဖျောက်နိုင်သေးဘူး"

အံ့မောင်က စီးပွားရေးသမား၊ အတွက်အချက် စီးပွားရေးရှုထောက် အတက်အကျမှလွဲ၍ မည်သည့်ကိစ္စမျှ စိတ်မဝင်စား။ ကွန်မြူနစ်စာပေနှင့် လက်တွေ့ဘာသာရပ်များကို လေ့လာသည်။ လူ့အဖွဲ့အစည်း



ကို လေ့စားသည်။ အဝေးသဖြင့် အယူအစွဲများနှင့် အယူသီးမှုများကို လက်မခံ၊ ရွံမုန်းသည်။

ခေတ်ကာလကလည်း မြန်မာပြည် လွတ်လပ်ရေးရပြီးခါစ အချိန်။ အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့၏လက်အောက် ကျွန်ခေတ်တွင် နှိပ်စက်ခံခဲ့ကြရသော မိဘများသည် သူတို့၏သားသမီးများအား အထက်တန်းပညာ၊ ကောလိပ်ပညာများကို သင်ကြားပေးနေကြသည့်ခေတ်ကာလ။

ထိုကာလ၊ ထိုအခြေအနေတွင် ပြည့်စုံအောင်နှင့်အံ့မောင်တို့မှာ ပညာထူးချွန်သဖြင့် ကောလိပ်ကျောင်းတွင် တက်ခွင့်ရခဲ့ကြသည်။ ကောလိပ်ကျောင်းသားများသည် ထိုခေတ်ကာလက မျက်စိကြီး၊ နားကြီးများ ဖြစ်ကြသည်ဟုလည်း မိဘများက ယုံကြည်ကြသည်။ ဤနေရာတွင် ပြည့်စုံအောင်နှင့် အံ့မောင်တို့ နှစ်ယောက် ယုံကြည်ချက်သဘောထားများ ငြင်းခုံဖွယ်ရာ ဖြစ်လာခဲ့ကြသည်။

ပြည့်စုံအောင်က ဘာသာရေးနှင့် လျှို့ဝှက်ဂမ္ဘီရပညာရပ်များကို လက်ခံသည်။ ရှေးဟောင်းပစ္စည်းများနှင့် ရှေးဟောင်းဂန္ထဝင်ပညာရပ်များကို စိတ်ဝင်စားသည်၊ လေ့လည်းလေ့လာသည်။

အံ့မောင်ကမူ လက်တွေ့ဝါဒီသမား။ သူလေ့လာဖတ်ရှုသည်က ကွန်မြူနစ်စာပေ၊ သူလေးစားယုံကြည်သည်က လူ့စွမ်းအားအရင်းအမြစ်။ သည်တော့ သူငယ်ချင်းနှစ်ယောက် စကားဝိုင်းတွင် အမြဲတမ်း ငြင်းခုံသံများနှင့် စီစီညံခဲ့သည် မဟုတ်ပါလော။

"လူတွေမှာ ဘဝအဆက်ဆက်က ပြည့်စေည်းလာခဲ့တဲ့ ပါရမီက အရေးကြီးတယ်ကွ၊ ကိုယ် ဘာဖြစ်မယ်ဆိုတာ ကံကြမ္မာက ပြဋ္ဌာန်းထားပြီးသား။ ဒါကိုတော့ မင်း လက်မခံလို့မရဘူး အံ့မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြည့်စုံအောင် . . . မင်းက ဗေဒင်အကြောင်း ပြောမလို့လား"

"မဟုတ်ပါဘူးကွာ . . . ငါတို့တစ်တွေဟာ ကောင်းမှုကုသိုလ်တွေလုပ်ပြီး ကံဆက်ကြရတာကို ပြောချင်လို့ပါ"

"ဟင်း ဟင်း . . . မင်းပဲ အပြောကောင်း ဘာသက်သေသက္ကာရမှုလည်း မရှိဘဲနဲ့ ပြည့်စုံအောင်ရယ်"

"အေး . . . မင်းလိုကောင်ကို အခုမှ ဆုံးမခွင့်ရတော့မယ်၊ ဒီမှာ အံ့မောင် . . . ငါတို့ ဗုဒ္ဓဘာသာတွေဆိုတာ ကံ ကံ၏အကျိုးကို ယုံကြည်ကြတယ်ကွ"

လက်ဖက်ရည်ဆိုင်များတွင်လည်းကောင်း၊ ကျောင်းတွင်းကျောင်းပြင်များတွင်လည်းကောင်း သူတို့နှစ်ယောက် စကားအချေအတင် ငြင်းခုံကြပြီဆိုလျှင် ဘေးမှ ကျောင်းသားအချို့ပင် စိတ်ဝင်တစားဖြင့် ဝိုင်းအုံ၍ နားထောင်ခဲ့ကြသည် မဟုတ်ပါလား။

"တကယ်တော့ ဗေဒင်ပညာအရဆိုရင် လူတစ်ယောက်ရဲ့ ကံကြမ္မာကို သိကြားမင်းက နဖူးမှာခတ်နှိပ်ပေးလိုက်တဲ့ သဘောမျိုးပဲပေါ့"

"ဟင်း ဟင်း ဟင်း . . . တစ်နေ့ တစ်နေ့ လူတွေအများကြီးမွေးနေကြတာဆိုတော့ မင်းရဲ့သိကြားမင်း လက်တော်တော်ညောင်းမှာပဲနော် ပြည့်စုံအောင်"

"အဲဒါ မင်းတို့နားမလည်တဲ့ ပညာပေါ့၊ ပုံရိပ်တွေနဲ့ ပြောနေတာကွ၊ ဒီမှာ အံ့မောင် . . . ကမ္ဘာကြီးမှာ ဖြစ်လာတာတွေ အားလုံးဟာ သူ့အစီအစဉ်အလျောက် ဖြစ်လာကြတာ မဟုတ်ဘူး၊ ကံကြမ္မာကြောင့် ဖြစ်လာရတာတွေချည်းပဲကွ"

"ဒါပေမဲ့ သိပ္ပံပညာရှင်တွေ ပြောကြတာကတော့ 'မနုဿလူသား' ရယ်လို့ ဖြစ်လာတာဟာ တိုက်ဆိုင်မှုလို့ ပြောကြတယ်"

"ပေါက်တတ်ကရကွာ"

"အိုး . . . ဘယ့်နှယ် ပေါက်တတ်ကရဖြစ်ရမှာလဲ၊ ဒီမှာ သေသေချာချာနားထောင် သူငယ်ချင်း . . . ကမ္ဘာကြီးဟာ (၂၃ ၁/၂) ဒီဂရီစောင်းပြီး လည်နေတယ်၊ နေကနေ သင့်တင့်တဲ့အကွာအဝေးမှာ ရှိနေတယ်၊ နေရဲ့ရှမ်းအငွေ့ကြောင့် သတ္တဝါတွေ၊ အပင်တွေ ဖြစ်တည်လာတာတဲ့"

"အဲဒါက ရုပ်ဝတ္ထုပစ္စည်းတွေ ဖြစ်တာကိုပြောတာပါကွာ၊ ငါတို့ဗုဒ္ဓဘာသာရေးကလည်း ဓမ္မအဲဒ်ကနေ ရုပ်ဝတ္ထုတွေ ဖြစ်လာတာကို ပြောထားတာရှိတယ်၊ မင်းပြောသလိုသာဆိုရင် 'စိတ်' ဆိုတာ ဘယ်ကနေရောက်လာမလဲ"

ဤသို့ဤနှယ် ကျောင်းနေစဉ်ဘဝကတည်းက 'ရုပ်ကြောင့်စိတ်ဖြစ်သည်၊ စိတ်ကြောင့် ရုပ်ဖြစ်သည်' ဟူသော အငြင်းအခုံမှာ ကျောင်းပြီးသဖြင့် အပြင်လောကသို့ ရောက်လာခဲ့ကြသည့်တိုင် မပြီးပြတ်နိုင်ကြသေးသည်ထင့် . . .။ ယခုလည်း နှစ်ခမ်းမြို့နယ်ရှိ ယော်နှန်းကုန်းမှ ယော်နှန်းတောင်ကြီးနှင့်ပတ်သက်၍ သူငယ်ချင်းနှစ်ယောက် ငြင်းကြပြန်ပြီမည်လေလား။

ဤနေရာတွင် ကံကောင်းသွားသည်ဟု ဆိုရမည်လား။ တော
သည် အမယ်ဝိဿနာပါသည့် ပြည့်စုံအောင်မှာ သူ၏ဦးကြီးဖြစ်သူ
ကိုဦးလိုဝင်းနှင့် စကားလက်ဆုံကျသွားခဲ့ခြင်းကြောင့် 'ယော်နှန်းကုန်း'
ကိစ္စကို စကားမဆက်ဖြစ်တော့။

"အင်း . . . နတ်သူငယ်တောင်ကတော့ ကျောင်းဆုတ်၊ဝါဆုတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လှသလှသိပ်မဖြစ်တော့ အမဲကြီးတွေ သိပ်မရှိဘူး ကောင်လေး။ မိဖုရားရူတောင်က တောလည်း ကောင်းတယ်၊ သားကောင်လည်း ပေါတယ်၊ ဒါ ဒါပေမဲ့ ... တောကတော့ နည်းနည်းကြမ်းချင်တယ်ကွ"

"ဘယ်လိုတောကြမ်းတာလဲ ဦးကြီး၊ ဟို ... တောချောက်တာကို ပြောတာလား, တောကြီးတာကို ပြောတာလား"

ပြည့်စုံအောင်၏မေးခွန်းကြောင့် ဦးဖိုးထီမှာ တူတော်မောင် အံ့မောင်အား တစ်ချက်မျှ စောင်းကြည့်လိုက်သည်။ အံ့မောင်ကမူ သူ၏ ဖန်ခွက်ထဲသို့ စကော့ချ်ဝီစကီနှစ်ပက်ခန့် ထပ်ဖြည့်ရင်း ရေခဲတုံးလေးများကို ညှပ်ဖြင့်ထည့်နေပါ၏။

"အင်း ... မိဖုရားရူတောင်က ဒဏ္ဍာရီဆန်ဆန် ပါးစပ်ရာဇဝင် တစ်ပုဒ်ရှိတယ် ကောင်လေးရ၊ ယုံတာ,မယုံတာ အပထား ... မိဖုရားရူတောင်ကတော့ ပညတ်ချက်တွေရှိတယ်၊ အဲ ... သူ ပညတ်ထားတာတွေကို ဖောက်ဖျက်ကျူးလွန်ခဲ့မယ်ဆိုရင်တော့ အန္တရာယ်တစ်ခုခု တွေ့ရတတ်တယ် ကောင်လေးရဲ့"

"ဆိုစမ်းပါဦး ဦးကြီးရဲ့ ... ဘာပဲဖြစ်ဖြစ် လူမှာ လူ့စည်းကမ်း ရှိသလို တောမှာလည်း တောစည်းကမ်းဆိုတာ ရှိရမှာပေါ့၊ လူ့စည်း ဘီလူးစည်း, တောစည်းဆိုသလိုပေါ့ ... မဟုတ်ဘူးလား အံ့မောင်"

"လုပ်မနေနဲ့ ပြည့်စုံအောင် ... တောမှောက်မှောက်, တောခြောက်ခြောက် ... မင်း သွားမှာပဲမဟုတ်လား။ ငါ့ဘက်ကတော့ အဆင်သင့်ပဲဗျ ... ဟင်း ဟင်း ဟင်း"

အံ့မောင်က ရေချိန်ကိုက်စပြုနေပါပြီ။ ပြည့်စုံအောင်ထ မောက်သော ထိန်းထိန်းသိမ်းသိမ်းသောက်ရင်း ဦးဖိုးထီပြောလာသည့်



မိဖုရားရူတောင်' ရာဇဝင်ဇာတ်ကြောင်းကို နားစွင့်လျက်ရှိသည်။

"ဟိုး ... တစ်ချိန်တုန်းက ဒီနေရာတွေဟာ 'သူရိယဘုရင်ညီနောင်' အုပ်စိုးခဲ့တဲ့ နယ်မြေကြီးတစ်ခုပဲ၊ နောင်တော်ဖြစ်တဲ့ သူရိယရွာက ဘုရင်အဖြစ်နဲ့ အုပ်ချုပ်တဲ့အချိန်မှာ ညီတော် သူရိယစန္ဒာက စစ်ရှေ့စံစစ်သူကြီးအဖြစ် သူရိယနေပြည်တော်ကြီးကို ကာကွယ်စောင့်ရှောက်ခဲ့တယ်၊ အဲဒီဘုရင်ညီနောင်ရဲ့ မယ်တော်မိဖုရားကြီးဟာ အင်္ဂရပညာရှင်တွေနဲ့ ဝိဇ္ဇာလမ်းကိုလိုက်နေတဲ့ ယောဂီကြီးတစ်ယောက်တဲ့၊ မယ်တော်မိဖုရားကြီးဟာ သူ့ရဲ့သားတော်နှစ်ပါးဖြစ်တဲ့ ဘုရင်ညီနောင်ကို အုပ်ချုပ်လက်ချနဲ့ 'သူရိယနေပြည်တော်' ကြီးကိုအပ်ပြီး အခု မိဖုရားရူတောင်လို့ခေါ်တဲ့ တောင်ပေါ်က ဂူကြီးတစ်ခုထဲမှာ ယောဂီအကျင့်မြတ်တွေနဲ့ တရားဓမ္မ အားထုတ်တော့တယ် ...၊

အင်း ... တိုတိုပြောရရင်တော့ ဘုရင်ညီနောင်ရဲ့ မယ်တော်မိဖုရားကြီးဟာ ကျောက်ဂူကြီးထဲမှာပဲ တရားဓမ္မတွေအားထုတ်ရင်း အချိန်ကုန်လွန်လာခဲ့တယ်၊ မိဖုရားကြီးဟာ သီလစောင့်တယ်ပြီး တစ်နေ့မှာ ဆွမ်းတစ်နပ်တည်းကိုပဲ စားတယ်၊ စားတဲ့ဆွမ်းအာဟာရကလည်း သီးဆွမ်း' ပဲတဲ့၊ ဒီလိုနဲ့ မိဖုရားကြီးဟာ စရဏအကျင့်တွေ လွန်ပြီး ကံတော်ကုန်သွားခဲ့ရတယ်၊ အဲဒါကို ဘုရင်ညီနောင်က ကြားတော့ သူတို့ရဲ့မယ်တော် မိဖုရားကြီးရဲ့ရုပ်ကလာပ်ကို ရွှေနန်းတော်ကို ယူပြီး ကျကျနန သင်္ဂြိုဟ်ဖို့လုပ်ကြတယ်လေ၊ ဒါပေမဲ့ မယ်တော်မိဖုရားကြီးရဲ့ ရုပ်ကလာပ်အလောင်းတော်ကြီးက အဲဒီကျောက်ဂူကြီးထဲက တစ်လက်မတောင် ရွှေ့လို့မရဘူးတဲ့ ကောင်လေးရေ"

"အင်း ... မိဖုရားကြီးက အင်္ဂရတ်ပညာ, ဝိဇ္ဇာရဲ့ရှိပညာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်တွေ ကျွမ်းကျင်တော့ သူ့ရဲ့ရုပ်အလောင်းကို သယ်ယူလို့မရအောင် စီစဉ်ထားတာလားမှ မသိတာဦးကြီးရယ်"

မြည့်စုံအောင်က သူ့ဉာဏ်မီသလောက် စကားထောက်ပေ လိုက်သဖြင့် အံ့မောင်မှာ ဆတ်သားခြောက်ဖုတ်တစ်ဖတ်ကို ကောက်ယူ ဝါးရင်း စောင်းရှုကြည့်လိုက်သည်။ ပါးစပ်ကတော့ ဘာတစ်ခွန်းမှမဟ

"အင်း . . . ဟုတ်လိမ့်မယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိဖုရားကြီးရဲ့ရုပ်အလောင်းဟာ သေဆုံးသွားခဲ့တာတောင် ရုပ်ပျက်ဆင် ပျက်ဖြစ်မသွားဘဲ တကယ့်ကို နုစ်နုစ်မြိုက်မြိုက်ကြီး အိပ်ပျော်နေသလို တဲ့၊ နောက်ပြီး တစ်လကိုးသီတင်းကြာမြင့်ခဲ့ပေမယ့် ပုပ်ခြင်း နံစော်ခြင်း လုံးဝမရှိဘဲ ထူးထူးခြားခြား သူစားသုံးခဲ့တဲ့ သစ်သီးရနံ့သင်းသင်းလေး မွှေးကြိုင်နေတယ်တဲ့လေ . . . ၊

နောက်ဆုံးတော့ ဘုရင်ညီနောင်က ဘယ်လိုမှ သယ်ယူလို့ တော့တဲ့ သူတို့ရဲ့မယ်တော်မိဖုရားခေါင်ကြီးကို ရွှေသားမှန်ခေါင်းတလား ကြီးမှာ သွင်းလို့ မိဖုရားခေါင်ချုပ်အဆောင်အယောင်တွေ ဝတ်ဆင်ပေး မယ်တော်ကြီးပိုင်ဆိုင်ခဲ့တဲ့ နန်းစဉ်ရတနာတွေအားလုံးကိုလည်း ခေါင်း လားကြီးထဲမှာ စုပြီးထည့်လိုက်ကြတယ်၊ ပြီးမှ ကျောက်ဂူကြီးထဲ မယ်တော်ကြီးတရားအားထုတ်ခဲ့တဲ့ လှို့ဏ်လိုဏ်ဂူကြီးထဲမှာ ထည့်ထား ထားရှိကြပြီး လှိုဏ်ဂူလေးကို အသေပိတ်ပစ်လိုက်ကြတော့တယ်"

"ဒါဆိုရင် အဲဒီကျောက်ဂူထဲမှာ အခုချိန်အထိ မိဖုရားကြီးရဲ့ ရွှေခေါင်းတလားကြီးက ရှိနေသေးတယ်ပေါ့နော် ဦးကြီး"

ရာဇဝင်စာတ်ကြောင်းက စတ်ရှိန်မြင့်လာပြီမို့ ပြည့်စုံအောင် သိချင်စိတ်ပြင်းပြစွာဖြင့် မေးလိုက်ခြင်းဖြစ်သည်။



"အင်း . . . ရှိရှင်လည်းရှိမှာပေါ့ ကောင်လေးရယ်၊ ဒဗ္ဗာရီရဲ့ ထိုးပေါက်ရာဇဝင်ဆိုတော့လည်း တိတိကျကျ ခိုင်ခိုင်မာမာကြီးမှ မဟုတ် ဘာဘဲကွယ်၊ နောက်ဆုံးသတင်းကတော့ ဘုရင်ညီနောင်ဟာ သူတို့ရဲ့ မယ်တော်မိဖုရားကြီးကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့တဲ့ ကျောက်ဂူကြီးမှာ ရဲမက် (၁၀၀) ကို အစောင့်အရှောက်အဖြစ်နဲ့ ထားခဲ့သေးတယ်လို့လည်း ဆိုကြ သယ်၊ အဲဒီရဲမက် (၁၀၀) သေဆုံးသွားကြတော့ 'မိဖုရားဂူ' ကြီးမှာပဲ အစောင့်အရှောက်တွေအဖြစ်နဲ့ ရှိနေကြတယ်လို့လည်း ပြောကြတယ်၊ အဲဒါကတော့ ကောင်လေး ကြိုက်သလိုသာ ဆက်စပ်တွေးယူပေတော့ ပေါ့"

ဦးဖိုးထီက စကားပြောများသွားသဖြင့် ခံတွင်းချဉ်သွားသည် ထင့် . . . ။ သူ၏ ဝါးဆေးတံကြီးတွင် ဆေးတစ်ဖုံထပ်ဖြည့်ကာ မီးညှိ၍ ကျေကျေနပ်နပ် ရှိုက်ဖွာနေပါလေ၏။ အံ့မောင်ကတော့ စားပွဲပေါ်တွင် မျက်နှာ အပ်ကာ မှောက်လျက်ရှိသည်။

ပြည့်စုံအောင်ကလည်း လက်ထဲမှ လက်ကျန်ဝီစကီကို သောက် လိုက်ရင်း အတွေးပင်လယ်ကြောတွင် နစ်မျောနေမိသည်။ ဤသို့ဆိုလျှင် ထူးခြားသော မိဖုရားဂူတောင်သို့ မဖြစ်မနေသွားမှဖြစ်မည်။ ဦးဖိုးထီ ပြောခဲ့သော ရာဇဝင်ဇာတ်ကြောင်းအရဆိုလျှင် 'မိဖုရားဂူကြီး' သည် စိတ်ဝင်စားဖွယ်ရာများဖြင့် ပြည့်နှက်နေပေလိမ့်မည်။

"အဲဒီမိဖုရားဂူနဲ့ပတ်သက်လို့ နောက်ထပ် ဘာသတင်း တွေများ ထူးခြားတာရှိသေးသလဲ ဦးဖိုးထီ"

သည်တစ်ကြိမ်တော့ ဦးဖိုးထီ ချက်ချင်းမဖြေ။ ဝါးဆေးတံကြီး ကို မှိန်း၍ ရှိုက်ဖွာနေရင်း အမှောင်ထုများ သိပ်သည်းစွာကျနေသည်

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားဂူတောင်ကြီးဘက်သို့ အတန်ကြာမျှ ငေးမောကြည့်နေပါ၏။ ပြီးမှ ဆေးခိုးငွေ့များကို အသာမှုတ်ထုတ်လိုက်ပြီး . . .

"အင်း . . . ဝါသီရသလောက်ကတော့ ရှေးမြန်မာမင်းတွေ အဆက်ဆက် အုပ်စိုးလာကြတဲ့အခါ သူရိယနယ်မြေကြီးဟာ တောမှု သွားခဲ့တယ်၊ အဲဒီ မိဖုရားဂူဆိုတာကိုလည်း လူတွေ မသိကြဘူး။ အေ . . . ကုလားဖြူတွေအုပ်စိုးတဲ့ ခေတ်ကာလကိုရောက်မှ ဒီတောင်တစ်ခြမ်း ကို ယမ်းနဲ့ခွဲပြီးရှင်းလိုက်တော့မှ အဲဒီ မိဖုရားဂူဆိုတာ ပေါ်လာတယ်လို့ ပြောကြတာပဲ၊ ဒါပေမဲ့ တောချုံတွေဖုံးနေလို့ အဲဒီမိဖုရားဂူ ဘယ်မှာရှိ တယ်ဆိုတာကို ဘယ်သူမှ မသိကြဘူး၊ ဘယ်သူမှလည်း ရှာရှာဖွေဖွေ စပ်စပ်စုစု မလုပ်ခဲ့ကြဘူးလေ၊ နောက်ပြီး အဲဒီနေရာတွေက တောကောင် ကြီးတွေနဲ့ မကြာခဏ မြေပြိုကျလေ့ရှိတာကြောင့် အန္တရာယ်လည်း သိပ်များတယ်"

"ကျွန်တော်ကတော့ အဲဒီ မိဖုရားဂူကြီးကို စိတ်ဝင်စားတယ် ကြုံကြိုက်ခဲ့ရင်တော့ မိဖုရားဂူကို တွေ့အောင်ရှာပြီး လေ့လာသုတေသနလုပ်ကြည့် ချင်တယ် ဦးကြီးရေ"

အပြင်ဘက်တွင် ညဥ့်ငှက်လေရှူးတစ်ချက် ငှေ့ယမ်းတိုက်ခတ်လိုက် သဖြင့် ဝါးရုံပင်များက တပြိန်းပြိန်းနှင့် ယမ်းခါသွားကြသည်။ တစ်နေ ဆီမှ ဖူးရူးဝါးဝါးနှင့် အဆက်မပြတ် ဟစ်အော်နေသော ပုစဉ်းရင်ကွဲအော မှာ ရုတ်တရက် ရပ်တန့်သွားပါ၏။ အတန်ကြာမှ တကျည်ကျည် ဆက်၍အော်မြည်နေပါသည်။

ပြည့်စုံအောင်၏စိတ်တွင်လည်း နတ်သူငယ်တောင်နှင့် မိဖု ဂူတောင်တစ်ဝိုက်တွင် သတ္တုကြောရှာဖွေရေး စိတ်ဝင်စားဖွယ်ရာများ



ပြည့်နှက်နေသည့် 'မိဖုရားဂူ' ကြီးကို မတွေ့တွေ့အောင် ရှာဖွေရမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ညဥ့်ကမ္ဘာမှာတော့ ညဥ့်လေရှူးတို့က ဟိုမှသည်မှ ငှေ့ယမ်း တိုက်ခတ်နေကြဆဲ . . . ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## တစ္ဆေမိဖုရားဂူသို့ ကွင်းဆင်းလေ့လာခြင်း

နေရာက နမ့်ခမ်းမြို့စွန်နှင့် သုံးလေးမိုင်ခန့် ဝေးကွာသော နတ်သူငယ်တောင်ခြေ။ နဂိုမူလက ဘိုတဲကြီးတစ်ခုရှိခဲ့သည့် တောင်မှုစာကုန်းတစ်ခုကို လေးထောင့်အကွက်ကျကျ ပုံဖော်၍ သစ်စည်း၊ ဝါးစည်း၊ သံဆူးကြိုးလိပ်များ အထပ်ထပ်ကာရံထားသည့် တစ်ဧကကျော်ကျော် ကျယ်ဝန်းသော သတ္တုတွင်းစခန်းတစ်ခုဖြစ်ပါ၏။

စခန်း၏ ထောင့်လေးထောင့်တွင် မေနှစ်ဆယ်အမြင့် သစ်သားမျှော်စင်ကြီးလေးခု၊ လက်နက်ကိုင်အစောင့်ကင်းသမားများထား၍ အောင်အတွက်တို့ တံခါးမကြီးတစ်ခုသာ ထားရှိသည်။ စခန်းအတွင်းမှာတော့ မျှော်စင်မီးစက်များ၊ ရေသန့်စင်စက်များ၊ သတ္တုအမျိုးမျိုးကို စစ်ဆေးအခြေခံစီသည့် စက်များ၊ တူးဖော်ရေးစက်ကိရိယာ၊ စတိုခန်း၊ တတ်ခွ



ခန်း၊ အနားယူခန်းနှင့် အလုပ်သမားတန်းလျား စသည်တို့ကို စနစ်တကျဖြင့် အကွက်ချ ပုံဖော်ထားသည့် တောကြီးမျက်မည်းကြီးအတွင်းမှ သတ္တုတွင်းစခန်းကြီးတစ်ခု။

နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် ပူးတွဲလုပ်ကိုင်သဖြင့် အင်္ဂလိပ်လူမျိုး အရာရှိတစ်ယောက်နှင့် ပြည့်စုံအောင်တို့ ဦးစီးလုပ်ကိုင်ကြသည့် သတ္တုတူးဖော်ရှာဖွေရေးစခန်းတစ်ခုက နတ်သူငယ်တောင်ခြေတွင် ယခုကဲ့သို့ စနစ်တကျ နေရာယူထားခြင်း ဖြစ်သည်။

တောတောင်ထူထပ်သည့် ဤမှာဘက်ရှိ နယ်မြေဒေသများက နေဝင်စောသည်။ နေဝင်သည်နှင့်အမျှ အမှောင်ထုက ကြီးစိုးမင်းမူလာကြသည်။ တောင်နီးတောင်ငွေ၊ မြူနိုမြူငွေများက တရစ်ဝဲဝဲဖြင့် တောင်ထွဋ်တောင်တန်းကြီးများကို လွှမ်းခြုံထားကြသည်။ ဤနယ်မြေတစ်ခွင်နှင့် ရှမ်းရိုးမတောင်တစ်ကြောတွင် နွေမရှိ၊ မိုးနှင့် ဆောင်းသာ ရှိပါ၏။

နတ်သူငယ်တောင်ခြေဝန်းကျင်တစ်ခုလုံးနှင့် သတ္တုတွင်းစခန်းကြီးတစ်ခုလုံးအား နက်ရှိုင်းသောအမှောင်ထုက တစ်စ တစ်စ ဝါးမျိုသိမ်းပိုက်လာခဲ့ချေပြီကော။ စခန်းလုံခြုံရေးအရာရှိ ဦးရေချမ်းက အမှတ် (၁) မျှော်စင်ထက်မှနေ၍ ကျန်မျှော်စင်သုံးခုအား ဝေါကီတော်ကီနှင့် ဆက်သွယ်၍ သတိရှိကြရန်၊ မီးစက်ထွန်းညှိရန်နှင့် အဝင်အထွက်တံခါးကြီးနှင့် မေတာ်ရာခန့်အကွာရှိ လက်ခုပ်တစ်ဖောင်ခန့်ရှိသော ထင်းပုံကြီးအား မီးရှို့ရန် ညွှန်ကြားလိုက်သည်။

စခန်းအဝင်ဝတွင် သေးဆီးရန်ကာအဖြစ် ထင်းပုံကြီးတစ်ခုထားရှိကာ ညစဉ်မိုးချုပ်ချိန်နှင့် စတင်၍ ထွန်းညှိရသည်။ စိုထိုင်းသော တိုကြီးထဲတွင်လည်း ဝါးဆစ်ပိတ်ဝါးတချို့ကိုလည်း ထည့်ထားရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

မီးအရှိန်ကောင်းလာသောအခါတွင် ထိုအခေစ်ပိတ်ဝါးများမှာ တဒိုင်းဒိုင်းနှင့် ဆူညံစွာ ပေါက်ကွဲကြပါလေတော့သည်။ အခေစ်ပိတ်ဝါးများ ပေါက်ကွဲသံ၊ ရောမမီးဖိုကြီး၏ အလင်းရောင်တို့ကြောင့် မရိုလားအပ်သည့် အန္တရာယ်ဆိုးများနှင့် တောကောင်ကြီးများ စခန်းအနီးနားသို့ တိုးကပ်နိုင်ခြင်းမရှိစေရန် စီမံထားခြင်းဖြစ်သည်။

ဤမျှလောက် စနစ်တကျ စီမံခေဆာင်ရွက်ထားသည့်ကြားမှပင် ရုံဖန်ရံခါ နိုးကျားကြီးများက ဘယ်ဆီမှ ပေါက်လာကြသည်မသိ၊ မီးဖိုကြီးအနီးတွင် ခေဆာင့်ကြောင့်ထိုင်၍လည်းကောင်း၊ ပါးစပ်ကြီးများဖြဲကာ တဟိန်းဟိန်း တဝေဝေဖြင့် ပမာမခန့် မလေးမစားပြုလုပ်တတ်ကြသည် မဟုတ်ပါလား။

"ဘယ်လိုလဲ ဆရာ ... ခေဆာ်ထည့်လိုက်ရမလား"

စခန်းလုံခြုံရေးမှူး ဦးရေချမ်းက သူ၏ ဒသသမ (၄၇၀) နှစ်လုံးပြူးရိုင်ဖယ်ကြီး တချိန်ချိန်နှင့် ပြည့်စုံအောင်အား လှမ်း၍ပြောလိုက်သည်။

"မလုပ်ပါနဲ့ဗျာ ... ဒီထက်ပိုပြီး အန္တရာယ်ပြုမယ့် အရိပ်အယောင်ပြမှ နည်းနည်းဖါးဖါး ခြောက်လှန့်ပစ်ခတ်လိုက်ပါ ဦးရေချမ်း"

ပြည့်စုံအောင်က တားမြစ်လိုက်သဖြင့် ပစ်မည်တကဲကဲဖြစ်နေသည့် ဦးရေချမ်းတစ်ယောက် ငြိမ်သွားပါလေ၏။ စခန်းတစ်ခုလုံး တအုံအုံနှင့်မြည်နေသည့် မီးစက်သံမှအပ တိတ်ဆိတ်ငြိမ်သက်လျက်။

စခန်းအပြင်ဘက် အမှောင်ထုကြီးအတွင်းမှာတော့ လက်ညှိုးထိုးလက်မခန့်ရှိမည့် ရောမမီးစုန်းကြူးများက ဟိုနေရာ သည်နေရာမှ တလင်းလင်း တလက်လက်နှင့်ရှောင်စစ် ဤအရာများသည် ညဘက်အမှောင်ထဲတွင် အလင်းရောင်ပြန်စာတတ်သည့် ကျောက်တုံးကျောက်ခဲများ၊ သစ်ရွက်



များ၊ မှိုပွင့်များက လေရှူးတစ်ချက်အငွေ့တွင် ရဲခနဲ၊ လင်းခနဲ၊ ဝင်းခနဲနှင့်။

"ဆရာရေ ... နတ်သူငယ်တောင်နဲ့ မိဖုရားဂူတောင်တွေက တော့ ညညဆိုရင် ကျုပ်တို့ကို ပညာစွမ်းတွေ မျက်လှည့်တွေ ပြတတ်တယ်ဗျို့၊ ဟော ... အခုလည်း ဂမ္ဘီရမျက်လှည့်တွေ ပြတော့မယ်၊ ဟော ကြည့် ကြည့် ... ဟို ဟိုမှာ ဆရာ"

ဦးရေချမ်းကြီးညွှန်ပြရာသို့ ပြည့်စုံအောင် မျှော်စင် (၁) ပေါ်မှ လှမ်းမျှော်၍ ကြည့်လိုက်သည်၊ တွေ့မြင်ရပါပြီ ...။ မိဖုရားဂူတောင်ဘက်ဆီမှ သပိတ်လုံးခန့်၊ သောက်ရေအိုးလုံးခန့်ရှိ မီးလုံးကြီးများက တောင်အထက်နှင့် တောင်ခါးပန်းတစ်ဝက်ခန့်မှ ဆင်းချည်တက်ချည်နှင့် လေးငါးလုံးခန့် ဝဲကျနေကြသည်ကို ထူးဆန်းစွာ တွေ့မြင်နေရသည်။

"ဟော ... ဟိုမှာတွေ့လား ဆရာ ... မီးလုံးကြီးတွေ တောင်ထိပ်မှာ ဝဲပျံနေကြတာ ဒါကြောင့် ဒီနယ်ဘက်တွေမှာ သတင်းကြီးနေကြတာကိုး၊ ဒါကြောင့်မို့ မိဖုရားဂူတောင်ဘက်ကို သွားဝံ့တဲ့သူ မရှိကြတာ ဖြစ်မယ်"

ဦးရေချမ်းက သူ၏တပည့်အချို့နှင့်အတူ တတွတ်တွတ်ပြောဆိုရင်း မီးလုံးကြီးများကို တအံ့တသြ ကြည့်နေကြပါသည်။ ထိုစဉ်မှာပင် နတ်သူငယ်တောင်ဘက်ဆီမှလည်း၊ မီးလုံးကြီးသုံးလုံးက အားကျမခံ ဆင်းချည်တက်ချည်နှင့် နက်မှောင်နေသည့် ကောင်းကင်ထက်တွင် ဖျပ်ခနဲ နေကြပါတော့သည်။

ကြောက်တတ်သူများ၊ အယူဝါဒစွဲကြီးသူများနှင့် နယ်ခံရွာသူရွာသားများကမူ ဤဖြစ်ရပ်ကို တိမ်ညွှန့်စားစုန်းတောက်ခြင်း၊ စုန်းမီးတောက်ခြင်း၊ ကဝေမြှောက်စုံးပညာတတ်ခြင်း၊ သရဲမီးတောက်ခြင်း စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သန်ရေစွဲရာ မှတ်ယူပြောဆိုကြသည်။ တချို့ကလည်း အင်္ဂလိပ်ပညာ၊ ဝိဇ္ဇာလမ်းဖြင့် ထွက်ရပ်ပေါက်သွားသည့် မိဖုရားဂူတောင်မှ မယ်တော်မိဖုရားကြီး ပညာစခန်းတက်ခြင်းဟုလည်း ယုံကြည်စွာ ပြောဆိုခဲ့ကြသည်။

ပြည့်စုံအောင်ကမူ မျှော်စင် (၁) ပေါ်မှနေ၍ မိဖုရားဂူတောင်ထက်ဆီမှ ဆင်းချည်တက်ချည် ဝဲပျံနေကြသည့် မီးလုံးကြီးများကို ကြည့်ရင်း သူ၏သူငယ်ချင်းဖြစ်သူ (လက်တွေ့ဝါဒီသမားကြီး) အံ့မောင် အတိုက်အခံပြောဆိုမည့် စကားများကိုသာ ကြားယောင်နေမိပါသည်။

“ဘာမှပြောမနေနဲ့ ပြည့်စုံအောင် ... ဒီလိုကိစ္စမျိုးတွေဟာ သာမန်လူတွေရဲ့အမြင်မှာတော့ စုန်းတောက်စားသလိုလို၊ တစ္ဆေမြှူသလိုလို၊ သရဲ မီးကစားသလိုလိုနဲ့ ပေါက်တတ်ကရတွေ ထင်ရာမြင်ရာ ပြောဆိုနေကြပေမယ့် အတွေးအခေါ်ပညာရှင်ကြီးတွေကတော့ ဒီလိုကိစ္စတွေဟာ ပင်လယ်ပြင်မှာ တွေ့ရတတ်တဲ့ ပင်လယ်စုန်းလိုမျိုး (MATTER) တစ်မျိုးသာဖြစ်တယ်လို့ အတည်ပြု ပြောဆိုထားကြတယ်လေ”

မည်သို့ပင်ဖြစ်စေ မိမိဉာဏ်ဖြင့်မမီနိုင်သော အချို့ကိစ္စရပ်များတွင် မိမိတစ်ယောက်တည်း၏ အယူအစွဲဖြင့် ဝင်ရောက်မစွက်ဖက်သင့်မှာ ဖြစ်သည်။ လူ့လောက လူ့လောကီတွင် လွတ်လပ်စွာယုံကြည်ခွင့် လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိသည်မဟုတ်ပါလား။

ထိုနေ့ညက မိဖုရားဂူတောင်နှင့် နတ်သူငယ်တောင်ထက်တွင် ထိုမီးလုံးကြီးများက တစ်နာရီနီးပါးခန့် ဟိုဒီဝဲပျံနေကြပြီး ညဉ့်နက်လာသည်နှင့် ခေတ်ခဏစီ၍ မှေးမှိန်ပျောက်ကွယ်သွားကြပါတော့သတည်း။

❄



အရေးကောင်းမှ ဒိန်းဒေါင်းဖျက်သည်ဆိုသည်မှာ ဒါမျိုးပင်ဖြစ်ပါလိမ့်မည်။ အားလုံးစီစဉ်ပြီးခါမှ အံ့မောင်မှာ သူ၏အလုပ်ကိစ္စအရေးတကြီး ပေါ်ပေါက်လာသဖြင့် လိုက်မည့်အစီအစဉ် ပျက်ပြယ်သွားခဲ့ရသည်။

အမှန်တော့ ဤခရီးစဉ်တွင် အံ့မောင်၊ မုဆိုးကြီးဦးဖိုးဝဇီနှင့် ပြည့်စုံအောင်တို့ စိတ်တူကိုယ်တူ သုံးယောက်သွားကြမည့် ခရီးစဉ်ဖြစ်ပါ၏။ သို့သော် အနီးကပ်ဆုံးခရီးထွက်ခါနီးအချိန်သို့ရောက်မှ အံ့မောင်ကိုယ်တိုင်သွားမှ ဖြစ်မည့် အရေးတကြီးကိစ္စက မြန်းစားကြီး ရောက်ရှိလာခဲ့သည် မဟုတ်ပါလား။

မတတ်နိုင်တော့ ...။ အသေအချာ စီစဉ်ပြီးသားခရီးစဉ်ကို မဖျက်ချင်တော့။ ထို့ကြောင့် လိုအပ်သည့်ပစ္စည်းများကို သေချာစွာ စီစစ်၍ ယူဆောင်သည်။ ပြည့်စုံအောင်သည် သူ အမဲလိုက် တောလည်စွက်လျှင် ကိုင်နေကျ စော်ဘွား(ဒသသမ-၄၇၀) နှစ်လုံးပြူး နိုင်ဖယ်တစ်လက်၊ ကျည်တောင့် (၃၀)၊ တစ်ချွေ့ရှန် အဆိပ်လူမြား (သံဘူးနှင့်အညှပ်ရောက်) အယ်ချောင်းနှင့် ခါးတွင် စစ်သုံး (BAYONET) လှံစွပ်ရှည်တစ်ချောင်း သည်တို့ကို သူ၏ခန္ဓာကိုယ်တွင် နေသားတကျ တပ်ဆင်လိုက်သည်။ ပြီးသည်နှင့် သူစီးနေကျ မြင်းညိုကြီးကို မြင်းဇောင်းမှ ထုတ်ယူစေခဲ့ပါ၏။

ဦးဖိုးဝဇီကမူ ဝိုင်း (၃၀၃) နိုင်ဖယ်သေနတ်ကိုသာ ကျောတွင် လွယ်သိုင်းလိုက်ပြီး ယူဆောင်လာသည့် ပစ္စည်းပစ္စယအစုကို လွယ်အိတ်ညိုကြီးတွင် စုရုံး၍ထည့်ကာ မြင်းကိုစီး၍ ရှေ့ဆုံးမှ ပိုမိနှင်၍ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူတို့ရှေ့ရှုရာ အမဲပစ်ခရီးစဉ်ကား မိဖုရားဂူတောင်ဆီသို့ . . . ။

တောကိုပတ်သည်၊ လျှိုကိုဖြတ်သည်၊ ခင်တန်းမြင့်ရဂုံတွင်မူ မြင်းကို ခပ်သွက်သွက်နှင်စေခဲ့သည်။ ဆူးရစ်ချုံနွယ်နှင့် ဓါးရုံတောထူထူကြီးကို ကျော်ဖြတ်လာခဲ့ချိန်မှာတော့ မွန်းတည့်နေကို ကျော်လွန်ခဲ့ပြီဖြစ်ပါ၏။ မိဖုရားဂူတောင်က နတ်သုငယ်တောင်ကဲ့သို့ မဟုတ် လျှိုမြောင်စိမ့်စမ်းချောင်းငယ်တို့ ပေါသည်။ တောင်ခြေခုလတ်မှ တောင်ထိပ်ဆီသို့ မျှော်ကြည့်လိုက်တော့ တိမ်လိပ်တိမ်လွှာများကြား၌ နစ်ချည်ပေါ်ချည် ဖြစ်နေသော မိဖုရားဂူတောင်ကြီးကို ဝေဝေဝါးဝါး တွေ့မြင်နေရသည်။

အမြင်အာရုံတွင် တစ်မျိုးတစ်ဖုံဆန်းနေသည့် မိဖုရားဂူတောင်ကြီးကို ပြည့်စုံအောင် ငေးမောကြည့်နေမိပါ၏။ ကျေးငှက်သံတွေ ညံညံစီစီနှင့် တစ်တောလုံး တစ်တောင်လုံး ရှုမငြီးဖွယ်ရာ သာယာမှုကို ဖန်တီးပေးနေသည်သို့ . . . ။

မျောက်လွှဲကျော်တစ်အုပ်က တစ်ဖက်လျှိုကြီးထဲမှ တရှုးရှုး အော်မြည်ကာ ဆော်သံပေးနေကြသည်။ မြင်းနှစ်ကောင် ဖြတ်သန်းသွားသည့် ခပ်ပါးပါး ရေတိမ်ချောင်းထဲမှ ကျောက်ဖားနှင့် ကျောက်ပုစွန်တချို့ တရုန်းရုန်းနှင့် ခုန်ပျံပြေးလွှားကုန်ကြသည်။ ဦးဖိုးထီက တောင်ခြေမှပတ်၍ တောင်ဓါးပန်းမြေပြန့်ဆီသို့ ပတ်၍တက်လာခဲ့သည်။ မိဖုရားဂူတောင်ရှ လတ်ဆက်တွင် လျှိုကြီးများရှိသည်။ ထိုလျှိုမြောင်ကြီးများထဲတွင် တောကောင်ကြီး များ နေထိုင်ကျက်စားကြလေ့ရှိသည် မဟုတ်ပါလား။

မြင်းကြီးများကလည်း မကြာခဏ တောလည်နေကျမို့လား မသိ . . . ။ သခင့်အရိပ်အကဲကို ပါးပါးနပ်နပ် သိကြသည်။ ဇက်ကို တုလိုက်သည်နှင့် သခင့်အလိုကျ ခြေတစ်ချက်မျှ မဆတ်၊ နားရွက်



တစ်ချက်မခတ်ဘဲ ကျောက်ဆစ်ရုပ်တစ်ခုကဲ့သို့ ငြိမ်သက်စွာ တန့်လျက်။

ခင်တန်းတစ်ခုအလွန်တွင် ရိပ်ခနဲမြင်လိုက်ရသည့် ဂျီပေါက်ကြီးတစ်ကောင်။ ပြည့်စုံအောင် ရုတ်ခနဲ ဂျီပေါက်ကြီးအား ဒသသမ (၃၇၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် ထိုးချိန်လိုက်သည်။

ဦးဖိုးထီကလည်း သူ၏ ပွိုင့်(၃၀၃) ရိုင်ဖယ်နှင့် ခင်တန်းအလွန် ချောင်းစပ်သစ်ပင်ရိပ်တွင် ရေသောက်နေသည့် ဂျီပေါက်ကြီးထံ ချိန်ရွယ်နေပါ၏။

ရှေ့ချိန်သီး၊ နောက်မှန်ချိန်အလယ်ဗဟို၊ ညာမျက်စိ၊ ပစ်မှတ် သုံးတန်းတည်းကျနေချိန်တွင် ပြည့်စုံအောင်က ရိုင်ဖယ်ခစ်ကို ညာပခုံးဆီသို့ တင်းတင်းဆွဲလိုက်သည်။ ဘယ်လက်က ရိုင်ဖယ်ပြောင်းနှစ်လုံးအောက်မှ မေးကို တင်းတင်းငြိမ်ကိုင်လိုက်ပြီး ညာလက်ညှိုးက မောင်းခွင်းကို အသာညှစ်ကာ ကွေးချလိုက်သည်။

'ဒိန်း'

ကော်ဒိုက်ယမ်းချိန်ဝရမ် (၅၀၀) ရှိသော ကျည်ဆန်က တစ်စက္ကန့်လျှင် (၂၀၂၅) ပေနှုန်းအမြင့်နှင့် ဂျီပေါက်ကြီး၏ လည်တိုင်အောက်သို့ ထိမှန်သွားသည်။ သို့သော် ချက်ကောင်းကို ထိမှန်ခြင်း၊ နီးကပ်စွာ ထိမှန်ခံနေရခြင်းတို့ကြောင့် တုံ့ခနဲ ကျသွားသည့်တိုင် ဂုဏ်ခန့်ပြန်ထကာ ဦးတည်ရာသို့ လျင်မြန်စွာ ပြေးထွက်သွားသည်ကို အံ့သြဖွယ် မြင်တွေ့လိုက်ရပါတော့သည်။

"ဟာ . . . ဘယ်လိုဖြစ်တာလဲ ကောင်လေး။ မင်း ဘယ်လိုချိန်ပစ်လိုက်တာလဲ"

"လည်တိုင်အောက်ကို သေချာချိန်ပြီး ပစ်လိုက်တာပဲ ဦးကြီး"

www.burmeseclassic.com

www.burmeseclassic.com



ထိချက်လည်းကောင်းတယ်၊ ဒါနဲ့တောင် ဘယ်လိုဖြစ်ပြီး ဒီဂျိုပေါက်ကြီးက ပေါ်ပြီးပြေးရတာလဲ''

စကားအချေအတင်ပြောရန် အချိန်မရ၊ အခြေအနေ မပေး နှစ်ယောက်သား ဂျိုပေါက်ကြီးနောက်သို့ မြင်းများကိုစိုင်းနှင်လျက် လိုက်သွားကြသည်။ တိတ်ဆိတ်နေသည့်တောသည် မြင်းခွာသံ တဖြောင်းဖြောင်းနှင့် စီစီညံလျက်။ သားကောင်ငယ်တို့ ဟိုသည်ပြေးထွက်ကုန်ကြသည်။

သို့သော် မိဖုရားဂူတောင်၏ လျှိုမြောင်တောကြီးက သူတို့ထင်ထားသည်ထက် နက်ရှိုင်းပြီး နေပြောက်ပင် မထိုးနိုင်လောက်အောင် ပိန်းပိတ်ကာ ညို့မှောင်နေပါ၏။ အလင်းရောင် ကောင်းစွာမရနိုင်တော့ ရောမသစ်ပင်ကြီးတွေက လျှိုထဲတွင် အမြစ်တွယ်ကာ ပေါက်ရောက်နေ ပြီး အထက်မှ အပင်ချင်းယှက်ကာ ပိတ်မိုး၍နေပါချေ၏။ ထိုသစ်ပင်ကြီး များမှတစ်ဆင့် လက်မောင်းခန့် ခြေကျင်းဝတ်ခန့် တုတ်ခိုင်သော နွယ် တန်းနွယ်ပင်များ ကလည်း တစ်ပင်နှင့်တစ်ပင် ရှုပ်ယှက်ခတ်မျှ သွယ် တန်းဆက်စပ်နေကြပါတော့၏။

ရှူးခနဲ၊ ရှစ်ခနဲ ဂုက်ပေါင်းစုတို့ကလည်း ပြည့်စုံအောင်တို့ တွေ့မြင်သွားသည်ကြောင့် ကြောက်လန့်ထိတ်လန့်စွာဖြင့် ဝေါခနဲထ ပျံသန်းပြေးလွှားသွားကြသည်။ သွယ်ကျနေသောနွယ်တန်းများနှင့် ရှု ထွေးနေသည့်မို့ ပြည့်စုံအောင်တို့မှာ မြင်းများပေါ်မှဆင်းကာ ဂျိုပေါက် ၏ခြေရာစက်များအတိုင်း ခြေလျင်ခရီးဖြင့် လိုက်ခဲ့ကြသည်။

''ဒီကောင်ကြီး တစ်နေရာရာမှာတော့ နားခိုရမှာအမှန်ပဲ ဦးကြီး ကျွန်တော်ရဲ့လက်ကို ကျွန်တော်သိတယ်။ ဒီမှာတွေ့လား ... အခုသွေး

သွေးတွေ တော်တော်အိုင်ထွန်းနေပြီ''

ပြည့်စုံအောင်က အားတက်သရော ပြောဆိုနေသည့်တိုင် ဦးဖိုး ထီက တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်း တွေးနေသကဲ့သို့ သွေးစက်များ ဆီ စူးစူးနစ်နစ် ကြည့်နေပါ၏။ ရှေ့သို့ဆက်၍ တောတိုးလာခဲ့ကြရာမှ နာရီဝက်ခန့်အကြာတွင် သွေးစက်များ မတွေ့ရတော့ဘဲ ထူးဆန်းစွာ ပျောက်ကွယ်သွားကြသည်။

''ဟော ဘယ်လိုဖြစ်တာလဲ ... သွေးစက်တွေ မတွေ့ရတော့ ဘူးလား ဦးကြီး''

ဦးဖိုးထီမှာ သွေးစက်များပျောက်သွားသည့် မြေကွက်လပ် လေးကိုကြည့်ကာ အနီးဝန်းကျင်တစ်ဝိုက် ဟိုဟိုသည်သည် ဝေ့ဝတ်၍ ကြည့်သည်။ စောစောကတည်းက မသင်္ကာဖြစ်နေသည့် သူ့စိတ်တွင် ချက်ချင်းမြင် တွေ့လိုက်ရသည့် ထူးခြားသောအခြေအနေတို့နှင့် ပေါင်း စပ်ဖြေရှာကြည့်လိုက်ချိန်မှာတော့ ...

''တစ်ခုခုတော့ လွဲမှားနေပြီ ကောင်လေးရေ၊ ငါတို့ ဒီနေ့တော့ ထောက်ပြီး ပစ်လို့ရမှာ မဟုတ်တော့ဘူးထင်တယ်''

''ဗျာ ... ဘာ ဘာဖြစ်လို့လဲ ဦးကြီး၊ ဘာတွေလွဲမှားနေလို့လဲ ဗျ''

''အေး ... မင်းကတော့ နားလည်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါ ပြောတော့ မင်းကိုပြောပြမယ်၊ မင်းရဲ့ဂျိုပေါက်ကြီးဟာ 'မှော်' ဆိုတာ 'ခြေ' ကိုစားပြီး သူ့ခြေရာပါ ပကာတိ ပြန်ဖော်သွားပြီ ကောင်လေးရေ''

''ဗျာ ... ဘယ် ဘယ်လို ဦးကြီးပြောတာ ... ကျွန်တော်

www.burmeseclassic.com

နားမလည်ဘူး”

ဦးဖိုးထိက သူ၏မြင်းညိုကြီးကို နွယ်ဒါန်းပင်တစ်ခုတွင် ချည်နှောင်လိုက်ပြီး ကြီးမားလှသော ညောင်ပင်ကြီးတစ်ပင်၏ သစ်မြစ်ဆုံပေါ်တွင် ထိုင်လိုက်သည်။ သို့သော် ပြည့်စုံအောင်ကမူ မျက်လုံးအဝိုင်းသားနှင့် ဦးဖိုးထိကို ငေးမောကြည့်နေဆဲ။

“ဒီလိုရှိတယ် ကောင်လေး ... ငါတို့မုဆိုးတွေဟာ တောတောင်တွေမှာ အစောင့်အရှောက်တွေ၊ တန်ခိုးရှင်တွေ ရှိတယ်လို့ ယုံကြည်ကြတယ်၊ အဲဒီ ပိုင်ရာဆိုင်ရာ တန်ခိုးရှင်တွေကို ပူဇော်ပသ တောပန်ပြီးမှ တောထဲကို ဝင်ကြလေ့ရှိတယ်၊ တစ်ခါတလေ ကိုယ်ပစ်လိုက်တဲ့ ထိမှန်ပြီး ချက်ချင်းမသေဘဲ ထွက်ပြေးသွားပြီးတဲ့နောက် အဲဒီသားကောင်ဟာ ထူးခြားတဲ့ 'မော်'နေရာက မြေကို စားခွင့်ရလိုက်ရင် ဒဏ်ရာ ပကာတိပြန်ပြီး ကောင်းသွားကြတတ်တယ် ...၊

တကယ်တော့ ကျီပေါက်ကြီးရဲ့သွေးစက် ပျောက်သွားတဲ့နေရာဟာ တန်ခိုးရှင်တွေ၊ ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တွေ ပိုင်ဆိုင် ထူးဆန်းတဲ့ 'မော်'နေရာပဲ ကောင်လေးရေ”

စင်စစ် ပြည့်စုံအောင်ပစ်လိုက်သော ကျီပေါက်ကြီး၏ ဒဏ်ရာ ကျသော သွေးစက်များ၏နောက်မှ လိုက်ခဲ့ကြရာတွင် မမျှော်လင့် သွေးစက်များ ပျောက်ကွယ်သည့်နေရာသို့ ရောက်ရှိလာခဲ့ကြ မဟုတ်ပါလား။ ထိုဒဏ်ရာရ ကျီပေါက်ကြီးသည် ထိုထူးဆန်းသော 'မြေ'ကိုစားပြီး ပကာတိအတိုင်း ပြန်လည်၍ ကောင်းသွားခြင်းလည်း ချေ၏။ ထို့ကြောင့် ထိုသွေးစက်ပျောက်သွားသည့်နေရာသည် တန်ခိုး တို့၏နေရာ သို့မဟုတ် ထူးဆန်းသော 'မော်'နေရာဖြစ်ကြောင်း ဦးဖိုး



မိုင်းစားသိရှိလိုက်မိသဖြင့် ထိုနေရာမှ နောက်သို့ ချက်ချင်း ပြန်လှည့်ခဲ့ခြင်းသာ ဖြစ်သည်။

'မော်'နေရာဟူသော ထူးဆန်းသည့်နေရာမှာ တောတောင်ကြီးများအတွင်းဝယ် အမှန်တကယ်ပင် ရှိနေပါ၏။ သို့သော် မည်သည့်နေရာတွင် ရှိမှန်း မည်သူမျှမသိရပေ။ မုဆိုးများသည် တစ်ခါတစ်ရံ သားကောင် ခြေရာခံရင်း ထို'မော်'နေရာသို့ မထင်မှတ်ဘဲ ရောက်ရှိသွားတတ်ကြလေသည်။ 'မော်'နေရာသို့ရောက်ပြီးလျှင် ချက်ချင်း အမဲမပစ်ခတ်တော့ဘဲ ပြန်ကြရသည်။ ထို့ကြောင့် ဦးဖိုးထိက ထိုနေ့အဖို့ အမဲပစ်ခွင့်မရတော့မှာ ပြည့်စုံအောင်ကို ပြောလိုက်ခြင်း ဖြစ်ပါချေ၏။

သို့သော် လှည့်၍ပြန်ကြမည်ဟုတော့လည်း လမ်းက ပျောက်နေပါပြီ။ နက်ရှိုင်းသိပ်သည်းလှသော တောနက်ကြီးနှင့် မိဖုရားဂူတောင်က ဦးဖိုးထိနှင့် ပြည့်စုံအောင်တို့ကို ညှို့ယူဖမ်းစားလေပြီထင့် ...။ သွားလေ တိုးလေ ပို၍နက်ရှိုင်းလာလေလေ၊ ထူးခြားဆန်းကြယ်မှုများ၊ အံ့ချက်များနှင့် ပြည့်လျှမ်းနေသော မိဖုရားဂူတောင်တစ်ခွင်လုံး သစ်ပင်ချွေးများက မှုန်မှိုင်းစွာ ငိုက်ဆိုးတော့ကြသည်သို့ ...။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

## လူဝံကြီးလမ်းညွှန်ပြခဲ့သော ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ

မိဖုရားဂူတောင် . . .။

နာမည်ကြီးမိစ္ဆာ သိပ်မထူးခြားဟု ထင်မိသော်လည်
တကယ့်ပစ္စက္ခအခြေအနေသည် 'မိဖုရားဂူတောင်' ကို သွေးပျက်ချောက်
ချားစေသည်အထိ ညွှန်းဆိုပြတော့မည်ထင့် . . .။ တကယ်တော့ မိ
ရားဂူတောင်သည် တောတောင်ထူထပ်နက်ရှိုင်းရုံမျှမက သစ်ကြီးဝါးကြီး
ပင်များက မရှုတ်မလှုပ်ဘဲရှိနေခြင်းကြောင့် နေလုံးကို မှိန်တညီးမှ
တစ်ကြိမ် မြင်ရခဲသော တောတောင်ကြီးတစ်ခုဖြစ်ပါ၏။

ဦးဖိုးထီနှင့် ပြည့်စုံအောင်တို့မှာ လွယ်လွယ်နှင့် လက်လျှော့
ဖွဲ့လျှော့တတ်ကြသူများမဟုတ်။ သည်လမ်းမဟုတ်လျှင် ဟိုတစ်လ
ဟိုတစ်လမ်းမှားယွင်းခဲ့လျှင် ရှေ့ကတစ်လမ်း လမ်းအသီးသီးကို ပြ



သည်၊ ချုံတွေ့လျှင် တိုးသည်၊ ချောင်းတွေ့လျှင် ကူးသည်။ သို့သော် မိဖုရားဂူတောင်၏ အပြန်ထွက်လမ်းက ပျောက်နေဆဲ။

ထိုစဉ် သူတို့ရှေ့ရှိ သစ်ပင်ကြီးတစ်ပင်၏နံဘေးမှ ချုံပုတ်ကြီးက လေတိုက်ခတ်ခြင်း မရှိပါဘဲနှင့် လှုပ်ယမ်းသွားသဖြင့် ပြည့်စုံအောင် သူ၏လက်တွင်းမှ ဒသသမ (၄၅၀) နှစ်လုံးပြူးရိုင်ဖယ်၏ တွတ်ပီကလေးကို ရှေ့သို့တွန်းကာတင်လိုက်သည်။ သူ့နည်းတူပင် ဦးဖိုးထီကလည်း မိုဇင် (၃၀၃) ရိုင်ဖယ်၏ တွတ်ပီကို ရှေ့သို့တွန်းတင်လိုက်ရင်း လှုပ်ယမ်းနေသည့် ချုံပုတ်ကြီးဆီသို့ မျက်တောင်မခတ် စူးစိုက်ကြည့်နေပါ၏။ ထိုစဉ်မှာပင်

'ဝူး . . ဂါး'

ချုံပုတ်ထူထူအတွင်းမှ အော်ဟစ်သံကြီးနှင့်အတူ ကြီးမားလှသော လူဝံကြီးတစ်ကောင် ထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။ လူဝံကြီးက ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲဟ၍ သူတို့ရှိရာသို့ တိုးဝင်လာသဖြင့် ပြည့်စုံအောင် သေနတ်နှင့်ထိုးချိန်လိုက်သည်။

"နေဦး ကောင်လေး . . . မပစ်နဲ့ဦး၊ ဒီကောင်ကြီးက တို့ကို ရန်ရှာမယ့်ပုံ မပေါ်ဘူး"

ဦးဖိုးထီက လူဝံကြီး၏ ထူးခြားသောပုံဟန်ကိုကြည့်ကာ ပြည့်စုံအောင်အား ဟန့်တားလိုက်သည်။ မှတ်သည် . . . ။ လူဝံကြီးကလည်း ဦးဖိုးထီ၏စကားကို နားလည်သည့်အလား ဦးခေါင်းကြီးကိုညိတ်ရင်း သစ်ကိုင်းချုံနွယ်များကိုသာ မနားတမ်း ရမ်းခါနေပါ၏။

"ဟုတ်တယ် ကောင်လေး . . . ဒီကောင်ကြီး တစ်ခုခု ပြောနေပုံရတယ်၊ ငါတို့ကို ဘာပြောချင်နေတာလဲ မသိဘူး"

နှစ်ယောက်သား သေနတ်ပြောင်းများကို အောက်သို့ စိုက်ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြမှ လှုဏ်ကြီး ခေါင်းထဲညိတ်ညိတ်နှင့် သဘောကျသွားသည့်ထင် . . .။ ချုံအပြင်ဘက်သို့ ထွက်လိုက်ပြီး ဦးဖိုးထိတို့အား ပါးစပ်ကြီးဖြဲကာ ပြလိုက်သေးသည်။ ထို့နောက် လက်တစ်ဖက်ကို အပေါ်သို့မြှောက်ကာ တောအုပ်ကြီးထဲသို့ တစ်လှမ်းချင်း ဝင်သွားပါလေ၏။

"ဟုတ်တယ် ဦးကြီးရေ . . . ဒီကောင်ကြီးက သူ့နောက်ကို လိုက်ခဲ့ဖို့ ခေါ်နေတာလားမသိဘူး၊ ထူးတော့ထူးခြားတယ်"

"အေးကွ . . . ဘာတွေထူးခြားတာလဲတော့ မသိဘူး၊ ငါတို့ တစ်တွေ မြင်းတွေကိုထားခဲ့ပြီး နောက်ကလိုက်သွားကြမှ ထင်တယ်"

ထို့နောက် နှစ်ယောက်သား ညောင်ပင်ကြီးတစ်ပင်အောက်တွင် မြင်းများကိုထားခဲ့ကာ လှုဏ်ကြီးနောက်မှ ခပ်ခွာခွာ လိုက်လာခဲ့ကြသည်။ ရှေ့မှ ကိုင်းကိုင်းကြီးသွားနေသော လှုဏ်ကြီးမှာ ကိုက်နှစ်ရာခန့်သို့ ရောက်တွင် နောက်သို့လှည့်ကြည့်ရင်း သူတို့ကို ရပ်စောင့်နေပြန်ပါ

"အင်း . . . သေချာတယ် ကောင်လေးရေ . . . တစ်ခုခုတော့ တစ်ခုခုပဲကွ"

"သတိတော့ထား ဦးကြီးရေ . . . လှုဏ်ကြီးက တကယ့်တော ကောင်ကြီးနော်၊ ကျွန်တော်ကတော့ ခပ်လန့်လန့်ပဲ"

ဤသို့ဖြင့် နှစ်ယောက်သား လှုဏ်ကြီးကရပ်၍ စောင့်ခေါ်လိုက် နောက်မှလိုက်သွားလိုက်နှင့် နာရီဝက်နီးပါးခန့် ကြာမြင့်သောအခါ ပြောက်ပင်မတိုးနိုင်သော လျှိုကြီးတစ်ခုအတွင်းသို့ ပြည့်စုံအောင် ရောက်ရှိလာခဲ့ကြသည်။

အား . . . သစ်ကြီးဝါးကြီးတွေကလည်း ညို့နေတာပဲ တကယ့်တောနက်ကြီးထဲကို ငါတို့ရောက်လာကြတာပဲ၊ ကြည့်ပါဦး . . .



ကြီးတွေများ လူတစ်ဖက်တောင် မကဘူး ကောင်လေးရေ"

"ဟုတ်တယ် ဦးကြီးရေ . . . အလင်းရောင်တောင် ကောင်းကောင်း မရချင်ဘူးဗျ၊ သစ်မြစ်ခုံကြီးတွေကလည်း တကယ့်မြွေကြီးတွေ အတိုင်း တိုင်း . . . အ အ . . . ဟို ဟိုမှာ ဘာကြီးလဲ ဦးကြီး"

ပြည့်စုံအောင်မှာ မြွေကြီးများသဏ္ဍာန် ပါးမျှင်းကြီးများ ထနေသည့် ညောင်မြစ်ကြီးများကို ကျော်ခွကာ ဝင်ရောက်သွားသည့် လှုဏ်ကြီး သွားသည့် လှိုဏ်ဂူကြီးကိုကြည့်ကာ အံ့အားသင့်သွားပါတော့သည်။

"ဟာ"

"ဒိုး"

ပြည့်စုံအောင်နှင့် ဦးဖိုးတော်တို့မှာ လှုဏ်ကြီး ဝင်ရောက်ပျောက် သွားသည့် ကျောက်လှိုဏ်ဂူကြီးကို တအံ့တသြ ငေးမောကြည့်နေ ကြသည်။ သူတို့တစ်သက်တာတွင် ဤမျှ ကြောက်မက်ဖွယ်ရာကောင်း သဏ္ဍာန်ဆိုးရွားလှသော ကျောက်ဂူကြီးမျိုး တစ်ခါမျှ မတွေ့ဖူးခဲ့၊

"အား . . . ကျောက်ဂူကြီးကိုကြည့်ရတာ စိတ်ထဲမှာ မသာဝီချင် ဦးကြီးရယ်၊ ဟို မကောင်းဆိုးဝါးကောင်ကြီးရဲ့ မျက်နှာကြီးကျ သလဲ"

"အေးကွဲ့ . . . ငါတောင် ကြက်သီးမွေးညင်းတွေ ထချင်သလို ပြီး ကျောရိုးထဲကို စိမ့်သွားတာပဲ ကောင်လေးရ"

ထိုစဉ် လှုဏ်ကြီးမှာ သူတို့နှစ်ယောက် နောက်မှ ဝင်လိုက်မလာ ခေါင်းကြီးတရမ်းရမ်းနှင့် ပြန်၍ထွက်လာခဲ့ပြန်သည်။ ထို့နောက် ဂူအဝင်ဝမှနေ၍ လက်ကြီးတစ်ဖက်ကို မြှောက်ကာ ခေါင်းတ ညိတ်နှင့် ခေါ်ငင်နေလေသည်သို့ . . .။

www.burmeseclassic.com



"ဟော ... ဟိုကောင်ကြီး ကျွန်တော်တို့ကို လိုက်မလာလို့ ထင်တယ်၊ ပြန်ထွက်သွားပြီး ခေါ်နေပြန်ပြီ ဦးကြီးရေ"

"ကဲ ... ဖြစ်ချင်ရာဖြစ်ကွာ၊ ငါတို့ ကျောက်ဂူထဲကို ဝင်ကြမယ်၊ ဒါမှ ဒီကောင်ကြီး ဘာ့ကြောင့် ငါတို့ကိုခေါ်ရတာလဲဆိုတာ သိရမှာကွ၊ ဒါပေမဲ့ သေနတ်ကိုတော့ လိုအပ်မှသာသုံးပေါ့ ကောင်လေး"

ကျောက်ဂူအဝင်ဝမှာတော့ ကျောက်ငုတ်ကျောက်စွယ်ကြီးများနှင့် တစ္ဆေသရဲတစ်ကောင်၏ ချောက်ချားဖွယ်ရာမျက်နှာကြီးနှင့် တူလှ သော်လည်း ဂူကြီးထဲသို့ဝင်လိုက်သည်နှင့် အတန်ငယ်ကျယ်ဝန်းပြီး ကျောက်ပန်းကျောက်စက်များနှင့် ဂူအမိုးပေါ်မှ သွယ်တန်းကျနေသည့် ကျောက်ပန်းခွေကြီးများ၊ ကျောက်စက်မိုးမျှော်များနှင့် များစွာသာယာ လှပနေသည့်နယ် ...။

သို့သော် ဂူအတွင်းသို့ အတန်ငယ်ဝင်မိသောအခါတွင်မူ ညှီစို့စို့ ရှပ်အဲ့အဲ့အနံ့များနှင့် မကောင်းသောအနံ့အသက်များကို ရှူရှိုက်ခံစားရ သည်။ ထို့ထက် ပို၍ထူးခြားသည်မှာ မှောင်မည်းနေရသည့် ကျောက်လှိုဏ် ဂူကြီးထဲတွင် မှိန်ပျပျအလင်းရောင် ရှိနေခြင်းပင်တည်း။

"ခေ ... ကျောက်ဂူကြီးထဲမှာ မှောင်မည်းနေရမယ့်ဟာ ဘယ် ကနေ အလင်းရောင်က ဝင်နေတာလဲ မသိဘူးပေါ့"

"ဟုတ်တယ်ဦးကြီး ... ကျွန်တော်လည်း အဲဒါကို စဉ်းစားမရ ဖြစ်နေလို့"

ထိုစဉ်မှာပင် ကျောက်လှိုဏ်ဂူကြီးအတွင်းပိုင်းဆီမှ ညည်းညူ သံလိုလို၊ အော်ညည်းသံသဲ့သဲ့ကို ကြားလိုက်ရသည်။

'ဟင်း .. အင်း .. အီး .. ဟီး .. ဟီး .. ဟီး'



"ဟော ... ဘာ ဘာသံကြီးလဲ ဦးကြီး"

"ဟေ ... လူ လူညည်းသံကြီးလား၊ ဒါမှမဟုတ် တော .. တောချောက်တာများလား၊ အရေထဲ နဲလိုက်တာကွာ .. ဘာကောင်တွေ သေပြီး ပုပ်စော်နံနေတာလဲ မသိဘူး"

"ဒါ .. ဒါဆို .. ဖြစ် .. ဖြစ်ပါ့မလား ဦးကြီး၊ ဟို .. ရှုဝံ ကောင်ကြီးကိုလည်း မတွေ့ရတော့ဘူး၊ ကျွန် .. ကျွန်တော်တို့ တောင် ချောက်များ မိနေပြီလား မသိဘူး"

'အင်း .. ဟီး .. ဟီး .. အင်း .. ဟင်း'

ဖြည့်စုံအောင် ပြောဆိုနေစဉ်မှာပင် လူညည်းသံကြီးက သူတို့ ရှေ့ ကျောက်ဂူကြီးအတွင်းမှ ပီပီသသကြီး ထွက်ပေါ်လာပြန်သဖြင့် ခေါင်းနပန်းများပင် ကြီးသွားကြပါချေတော့သည်။

နောက်ဆုံး မထူးတော့ပြီမို့ ညည်းတွားသံကြီးကြားရာသို့ နှစ် ယောက်သား သတိနှင့်တိုးဝင်လာကြသည်။ ကျောက်လှိုဏ်ဂူ နံရံကြီး များမှ တစင်းဝင်း တလက်လက်နှင့် ရောင်ပြန်အလင်းများကြောင့် ဂူထဲ တွင် အလင်းရောင် မှိန်ဝါးဝါးမျှ ရှိနေပါ၏။

ထိုအချိန်တွင် ကျောက်စွယ်ငုတ်ကြီးအနီး မြေစိုင်ကျောက်ခဲ အချို့ ပြိုကျထားသည့်ထင့်။ ထိုကျောက်စ ကျောက်နမ့်များနှင့် မြေသား စိုင်များအောက်တွင် ကိုယ်တစ်ပိုင်းခန့် နစ်မြုပ်နေသော လူတစ်ယောက် ကို သွေးသံရဲရဲနှင့် တွေ့လိုက်ရသည်။

"ဟော ... ဟိုမှာ လူတစ်ယောက်ကွ၊ မြေစိုင်ခဲတွေနဲ့ ကျောက် ခဲတွေကြားမှာ ပိညှပ်နေတာ၊ ဒါကြောင့် ... ဟိုရှုဝံကြီး ငါတို့ကို ခေါ်တာဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



'အင်း .. ဟီး .. ဟီး .. ဟီး'

ပြည့်စုံအောင်က ကမျာကယာ မြေစိုင်ခဲများကို ဖယ်ထုတ်သည်။ ကျောက်ခဲတုံးများကို တွန်းဖယ်ချသည်။ မကြာခင် ... မြေစိုင်ခဲများ အောက်မှလူကို ကယ်ထုတ်နိုင်ခဲ့သည်။ သို့သော် ထိုလူမှာ ထိခိုက်ဒဏ်ရာများနှင့် အခြေအနေမကောင်းတော့။ မျက်နှာတစ်ခုလုံး ညိုမည်းနေပြီး သွေးစီးဖုန်မှုန့်များမှာ ကပ်ငြိနေသဖြင့် မည်သူမည်ဝါမှန်းပင် မသဲကွဲတော့။

"အင်း .. ဟင်း .. ကျွတ် .. ကျွတ်၊ အင်း .. ရေ .. ရေ .. ရေ .. အင်း"

ဒဏ်ရာများနှင့်လူမှာ ရေဆာနေဟန်တူသဖြင့် ပြည့်စုံအောင်က သူ၏ရေဘူးကိုဖွင့်ကာ ရေတိုက်လိုက်သည်။ ထိုစဉ် ထိုသူ၏လက်တစ်ဖက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် အရာတစ်ခုကို ပြည့်စုံအောင် တွေ့လိုက်ရသည်။ ရေကို အနည်းငယ်မျှသာ သောက်ပြီး မျက်လုံးတစ်ဖက် ပွင့်လာသည်။ ညိုမည်းဖူးရောင်နေသည့် နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ် လှုပ်နေသည်သို့။

"အင်း ... သူ တစ်ခုခုပြောချင်နေတာထင်တယ် ဦးကြီး"

"မင်း ... မင်း ... ဘယ်သူလဲ၊ ဘယ်ရွာကလဲ၊ ပြောလေ ... ဘာပြောချင်လို့လဲ"

ပါးစပ်က တဆတ်ဆတ်လှုပ်ခတ်နေသည့်တိုင် စကားသံက ထွက်ကျမလာသေး။ ထိုစဉ် တစ်စုံတစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသောလက်က တဖြည်းဖြည်းမြှောက်တက်လာသဖြင့် ပြည့်စုံအောင်က အသာအယာထိန်း၍ ကိုင်လိုက်သည်။



"အင်း .. အီး .. ကျွတ် .. ကျွတ်၊ ငါ ... ငါနာမည် .. ထွန်း .. ထွန်းဘော်၊ ဟို .. ဟို .. ကျောက် .. ကျောက်မဆင်ရွာ ရွာက .. ဒီ .. ဒီ .. တ .. တရွှေဂူကြီးထဲကနေ .. အ .. အမြန်ဆုံး ထွက် .. ထွက်ကြ၊ အင်း ကျွတ် ကျွတ်"

"ထွန်းဘော် ... ကျောက်မဆင်ရွာက ထွန်းဘော် ဟုတ်လား၊ ဒီဂူကြီးထဲကို ဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲဟင် ... ထွန်းဘော်"

ဦးမိုးထီမေးနေသည့်တိုင် ထွန်းဘော်ဆိုသူက စကားပင် ဟဟ မပြောနိုင်ပါလေတော့။ ပြင်းထန်သော ဒဏ်ရာများကြောင့် ပါးစပ်မှပင် သွေးများ အံကျလျက် ရှိပါချေပြီကော။

"အဟွတ် ဟွတ် ဟွတ် .. ဟို .. မိုး .. မိုးမှင်လည်း သေ .. သေပြီထင်တယ်၊ ဒီ .. ဒီ .. တရွှေ .. တရွှေမိဖုရားဂူကြီးထဲမှာ ရွှေ .. ရွှေဒင်္ဂါးတွေ .. ရှိ .. ရှိတယ်၊ ဒါပေမဲ့ မ .. မယူ .. မယူကြနဲ့၊ မြန် .. မြန် .. ထွက် .. ထွက် .. ထွက်ကြ၊ အ .. အင့်"

ထွန်းဘော်ဆိုသူမှာ သွေးများ အန်ထွက်နေသည့်ကြားမှ နောက်ဆုံးစကားကို အားတင်းကာ ပြောဆိုရင်း ပြည့်စုံအောင်၏ လက်ပေါ်မှာပင် ခေါင်းကျိုးကျကာ ငြိမ်သက်သွားပါလေတော့သည်။

"သွားပြီ ကောင်လေး၊ ထွန်းဘော် သေသွားပြီ"

သို့တိုင်အောင် ပြည့်စုံအောင် သတိပြုမိလိုက်သည်က သေဆုံးသွားသည့်တိုင်အောင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် ထွန်းဘော်၏ ညာဘယ်လက်ထဲမှ တစ်စုံတစ်ခုသော အရာတစ်ခု။

"ဒီကောင့်လက်ထဲက ဆုပ်ထားတာ ဘာလဲ သိလား ဦးကြီးရဲ့

www.burmeseclassic.com



ရှုံး . . . ပြည့်စုံအောင်”

ပြောပြောဆိုဆိုနှင့် သေဆုံးသွားခဲ့ပြီဖြစ်သည့် ထွန်းအောင်၏ လက်ကို ဖြည်ထုတ်လိုက်သည်နှင့်။

‘ချွင် . . ချွမ်း’

“ဟာ . . . ရွှေ . . . ရွှေ . . . ရွှေဒင်္ဂါးပြားတွေ”

“အိုး . . . ရွှေ . . . ရွှေဒင်္ဂါးတွေပါလား”

ပြည့်စုံအောင်က ထွန်းအောင်လက်ထဲမှ ကျလာသည့် ရွှေဒင်္ဂါး သုံးပြားကို ကောက်ယူလိုက်ပြီး သေချာကြည့်လိုက်သည်။ ရွှေဒင်္ဂါးပြား များက တစ်ဖက်တွင်က ခေါင်းခွက်ပုံသဏ္ဌာန်ပါရှိပြီး ကျန်တစ်ဖက်တွင် မင်းသမီးလား၊ မိဖုရားလား မသိသော ရုပ်ပုံတစ်ခုပါရှိသည်ကို ခပ်ဝါးဝါး တွေ့မြင်လိုက်ရသည်။

“ဒါ . . . ဘယ်ခေတ်လောက်က ရွှေဒင်္ဂါးတွေ ဖြစ်နိုင်မလဲ ဦးကြီး”

“အင်း . . . ငါလည်း မခန့်မှန်းတတ်ဘူးကွ၊ ရတနာပုံခေတ်က ရွှေဒင်္ဂါးပြားတွေ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် . . . ရှေးခေတ်က ဒင်္ဂါးပြား တွေလည်း ဖြစ်နိုင်တယ်ကွ”

ထိုစဉ် ကျောက်လှိုဏ်ဂူကြီးထဲမှ တဟင်းဟင်းနှင့် ညည်းညူ သံကြီးတစ်ခုကို ကျယ်လောင်စွာ ကြားလိုက်ရပြီး တစ်ဆက်တည်းမှာပင် မြူမြူသဏ္ဌာန်ကြီးတစ်ခု လေထဲတွင် ဝဲပျံလွင့်မျောလာသည်ကို တွေ့ လိုက်ရသည်သို့။

“ဟင် . . ဟို . . ဟို . . ဟိုမှာ . . ဘာ . . ဘာကြီးလဲ ဦးကြီး”

ပြည့်စုံအောင် ဖျတ်ခနဲ သူ၏သေနတ်ကို ဆွဲယူလိုက်ရင်း မြူမြူ



သဏ္ဌာန်ကြီးအား ဦးဖိုးထိကို မေးဆတ်၍ ပြလိုက်ပါတော့

ထိုစဉ်မှာပင် . . .

‘ဟီး . . ဟီး . . ဟီး . . ဟိုး . . ဟိုး . . ဟား . . ဟား . . ဟား’

ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီးက ကျောက်ဂူကြီး၏ အတွင်းပိုင်းဆီမှ ပဲ့တင်ရိုက်ခတ်ကာ ဆက်တိုက်ကြီး ကြားလိုက်ကြ ရသည်။

တစ်ဆက်တည်းမှာပင် ကျောက်ဂူနံရံကြီးများဆီမှ တောင်းကြွ လွှစ်ရှားလာကြပြီး ဓားလှံကိုင်ထားကြသည့် စစ်သည်ရဲမက်သဏ္ဌာန် ချပ်လုံးများက ဂူနံရံထက်မှ ရုန်းကြွထွက်လာကြသည်ကို ပြည့်စုံအောင် တွေ့မြင်လိုက်ရသောအခါမှာတော့ –

“ဟာ . . . ဘာ . . . ဘာကောင်ကြီးတွေလဲ၊ ဓား . . . ဓားတွေ လှံတွေနဲ့”

‘ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း’

ပြည့်စုံအောင် ကြောက်လန့်တကြား ပစ်ခတ်လိုက်တော့ ဦးဖိုးထိ တလည်း ဘာရယ်မသိ ပြည့်စုံအောင် သေနတ်ပြောင်း ချိန်ရာသည့် ဘက်သို့ စွတ်ရွတ်၍ ပစ်ချလိုက်ပါတော့သည်။ ထူးဆန်းသည်မှာ ပစ်ခတ် လိုက်သော သေနတ်သံများသည် တော်တော်နှင့် မပျောက်ဘဲ ပဲ့တင်ရိုက် ခတ်ကာ ကျောက်ဂူကြီးတစ်ခုလုံး သိမ့်သိမ့်ခါမျှ ကြမ်းတမ်းစွာ လှုပ်ယမ်း သွားပါချေတော့သည်။

‘ဝေါ . . ဖုံး . . ဝုန်း . . ဖရော . . ဝေါ . . ဝေါ’

‘ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း’

“ဟီး . . ဟီး . . ဟိုး . . ဟိုး . . ဟား . . ဟား . . ဟား”

www.burmeseclassic.com

www.burmeseclassic.com



ထမ်းရှိန်တည်းမှာပင် စေတစောက အသံဆိုးကြီးများကိုလည်း ပွဲတင်ရိုက်ခတ်သံများကြားမှ ကြားလိုက်ကြရသဖြင့် ဦးဖိုးထိနှင့် ပြည်ခ ဆောင်တို့မှာ ချွေးရက်ထိတ်လန့်စွာဖြင့် အသံထွက်ပေါ်လာရာ ကျောက် ဂူကြီးအတွင်းဆီသို့ သေနတ်များနှင့် မြိုင်တူပင် ပစ်ခတ်လိုက်ကြပါတော့ သည်။

'ဒိန်း . . ဒိန်း . . . ဒိန်း'

"ချွေးမသား တစ္ဆေဝိညာဉ်ကောင်တွေ"

"ဟေး . . . မကောင်းဆိုးဝါးကောင်တွေ၊ သေစမ်းကွာ၊ သေ ကြစမ်း"

'ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း'

ရှေ့ညွှာထွက်ပေါ်လာသော သေနတ်သံများနှင့်အတူ ကျောက် ဂူကြီးတစ်ခုလုံး ပွဲတင်ရိုက်ခတ်သံများနှင့် တစေါ်ဝေါ် ဆူညံစွာ မြည် ဟည်းလာခဲ့သည်။ တစ်ဆက်တည်းမှာပင် တဝေါ်ဝေါ် တဝုန်းဝုန်းနှင့် ကျောက်ဂူကြီးမျက်နှာကြက်အမိုးပေါ်မှ ကျောက်စ ကျောက်စများ၊ ကျောက်ခဲမြေစိုင်များ၊ တဖျောဖျောနှင့် လွင့်စဉ်ပြုတ်ကျလာကြသည်ကို ချွေးမျက်ချောက်ချားစွာ တွေ့မြင်လိုက်ကြရပါတော့သည်။

'ဝေါ . . ဖျော . . ဖရော . . ဝုန်း . . ဝေါ'

'ဒိန်း . . ဒိန်း . . ဒိန်း'

"ဟာ . . ကျောက် . . ကျောက်ဂူ . . ကျောက်ဂူကြီး၊ . . ပြိ . . ပြိုကျလာပြီ"

"ဟာ ကောင်လေးရေ . . . မပစ်နဲ့ မပစ်နဲ့တော့ ဂူကြီး ပြိုကျ တော့မယ် . . . ပြေး . . . မြန်မြန်ပြေးဟေ့"



တဝေါ်ဝေါ် တဖျောဖျောနှင့် လွင့်စဉ်ပြုတ်ကျလာကြသော ကျောက်ခဲကျောက်စ၊ ကျောက်မှုန့်များ။ ထို့နောက် . . . ကျောက်နိုင် ကျောက်ခဲများ။ မြေစိုင်ခဲကြီးများက တဝုန်းဝုန်းနှင့် သိမ့်ဆင်းကျ လာခဲ့ပါချေပြီကော။

'ဝေါ . . ဖျော . . ဖရော . . ဝုန်း'

နှစ်ပေါင်းသောင်း ထောင်ပေါင်းသိန်းထိုင်ပေါ်ကြွရှင်၊ ကျောက်ဂူကြီး ထဲမှ လျှင်မြန်စွာ ပြေးထွက်လာခဲ့ကြသည်။ ကျောက်ဂူကြီးထဲမှာတော့ ကျောက်ခဲကြီးများ၊ ပြုတ်ကျသံ၊ မြေစိုင်မြေခဲများ၊ ပြိုကျသံကြီးများနှင့် အဟီးဟီးနှင့် မကောင်းဆိုးဝါး၊ ရယ်မောသံကြီးများက ဆဲပွက်သလို ဆူညံစွာ ပွဲတင်ရိုက်ခတ်လျက်။

"ဟာ ဦးကြီး . . . . နောက်မှာ သတိထား"

'ဝေါ . . ဖျော . . ဝုန်း . . ဝုန်း'

"အား . . . အား"

ထိုစဉ် တဝုန်းဝုန်းနှင့် ပြိုကျလာသော ကျောက်တုံးကြီးများက ဦးဖိုးထိ၏ နောက်ကျောအား အရှိန်ပြင်းစွာနှင့် တိုက်ရိုက်ပိုက်လေသည်။ ပြည်ခုံဆောင်ပင် ကမူးကယာ နံဘေးသို့ လှိမ့်ထွက်လိုက်သဖြင့် မှတ်ကာ သိကာ လွတ်မြောက်သွားခဲ့ပါ၏။

"ဟာ . . . ဦးကြီး . . . ဦးကြီး"

ဦးဖိုးထိ၏အဖြစ်ဆိုးကြီးကို ပြည်ခုံဆောင် မြင်တွေ့လိုက်ရ သော်လည်း မည်သို့မျှ မတတ်နိုင်။ တဝေါ်ဝေါ် တဝုန်းဝုန်းနှင့် ပြိုပြင်း စွာ လွင့်စဉ်လိမ့်ဆင်းနေသည့် ကျောက်တုံးကျောက်ခဲ၊ မြေစိုင်ခဲကြီး များ၏ကြေမွရာမှ ခုန်ပျံတိုင်းပင် မနည်းကြီးလွတ်အောင် ရှောင်တိမ်း

www.burmeseclassic.com

www.burmeseclassic.com



နေရသည့် ပေါက်ပါလာ။

အတန်ကြာမှ ကျောက်တုံးကြီးငယ်များ ပြိုကျနေရာမှ တဖြည်းဖြည်း ငြိမ်သက်သွားတော့မှ ပြည့်စုံအောင် ဦးဖိုးထီရှိရာသို့ ပြေးဝင်ရှာဖွေလိုက်သည်။ တွေ့ပါပြီ။ ကျောက်စွယ်ငုတ်ကြီးအနီးတွင် သွေးသံတရဲရဲနှင့် ငြိမ်သက်နေသည့် ဦးဖိုးထီကို ပြည့်စုံအောင် မြင်တွေ့လိုက်ရသည်။

"ဟာ ဦးဖိုးထီ ... ဦးကြီး ဦးကြီး"

ပြည့်စုံအောင်မှာ ဦးဖိုးထီအား ပြေး၍ပွေ့ထူလိုက်သည်။ ဦးဖိုးထီမှာ ခေါင်းမှစီးကျလာသည့် သွေးများနှင့် မျက်နှာတစ်ခုလုံး ချင်းချင်းနီရဲလျက်။ ပြည့်စုံအောင်၏လှုပ်ယမ်းခေါ်ဝေမှုကြောင့် ဦးဖိုးထီ မျက်လုံးဖွင့်ကြည့်လာသည်။

"အီး အင်း ကျွတ် ကျွတ် ... ကောင်လေး မင်း မင်း ဘာမှမဖြစ်ဘူးနော်"

"ဟုတ် ဟုတ်ကဲ့ ... ကျွန်တော် ဘာမှ မဖြစ်ပါဘူး ဦးကြီး။ ဦးကြီးကို ကျွန်တော် စခန်းထိ သယ်သွားမယ်၊ အား ... အားတင်းထားနော် ဦးကြီး"

ပြည့်စုံအောင်က ဦးဖိုးထီကို ပွေ့ချီရန် ပြင်လိုက်စဉ်မှာပင် ဦးဖိုးထီပါးစပ်မှ သွေးများက ပွက်ခနဲ အန်ထွက်လာသည်။

"အား .. အင်း .. ကောင် .. ကောင်လေး .. မ .. မလုပ်နဲ့တော့၊ ဒါ .. ဒါ .. နေရတော့မှာ မဟုတ်ဘူး။ ငါ့မျက်လုံးတွေ ဘာ .. ဘာမှမမြင်ရတော့ဘူး အင်း .. တ .. တကယ်တော့ ဒီတစ္ဆေ မီးရှူးကြီးဟာ ကြောက်စရာကောင်းသလို အန္တရာယ်လည်း ကြီးတယ်



ကောင်လေးရေ ... အင်း ဟင်း ဟင်း"

ဦးဖိုးထီ ပြောသက်စ စကားကိုရပ်လိုက်ပြီး မျက်စိမြန်၍ မှိတ်သွားသည်။ နောက်တစ်ကြိမ် စကားပြန်၍ ပြောလာတော့ ပြည့်စုံအောင်နည်းပင် အားစိုက်ကာ နားထောင်နေရပါ၏။

"အီး .. ဟင်း .. ကောင် .. ကောင်လေး .. ဒီမကောင်းဆိုးဝါးရှူ .. တ .. တစ္ဆေ မီးရှူးကြီးအကြောင်းကို မေ့ .. မေ့ထားလိုက်တော့၊ ဒီ .. ဒီနေ .. နေရာကိုလည်း နောက်ကို .. ဘယ် .. ဘယ်တော့မှ မလာခဲ့နဲ့၊ ဒီ .. ဒီအကြောင်းတွေကိုလည်း ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောနဲ့ ကောင် .. ကောင်လေး .. အ .. အင်း"

ဦးဖိုးထီမှာ ပြည့်စုံအောင်အား ကြိုတင်မှာထားခဲ့ကာ မှာကြားခဲ့ပြီးနောက် ဖဏ်ရာပြင်းထန်လွန်းသဖြင့် ခေါင်းစိုက်ကျသွားပြီး ငြိမ်သက်သွားပါလေတော့သည်။

"ဦးကြီး၊ ဦးကြီး၊ ဦးကြီး ... ဖြစ်ရလေ ဦးကြီးရယ်"

ပြည့်စုံအောင် အကြိမ်ကြိမ်ခေါ်သော်လည်း ဦးဖိုးထီ ပြန်လည်၍ထူးနိုင်စွမ်းမရှိပါလေတော့၊ ကြောက်မက်ဖွယ် တစ္ဆေမီးရှူးကြီး၏ အမှိုက်ချက်များကို သူ၏မြင်ညာဉ်ပုံရိပ်များမှတစ်ဆင့် ရှာဖွေနေလေသည်ထင့်။

ယခုတော့လည်း ကြောက်ရွံ့ဖွယ်ရာ တစ္ဆေမီးရှူးကြီးသည် အာကာ ဝဲပျံ့ကာသလို ရှည်ရှာ တောင်ပြင်ညှိနေသည့်အရာများသည် ရုန်းမသက်ဆိုင်တော့သကဲ့သို့ ဝိတ် တိတ်ဆိတ်ငြိမ်သက်လျက်။

ပြည့်စုံအောင်မှာမူ ကျောက်မဆိုင်ရှာသော တွန်းစောင်ဆိုသူထံမှ ရရှိခဲ့သော 'ရွှေခေါင်းပြားလေးပြား' ကို လက်ကိုင်ပဝါနှင့် ထုတ်ရည်ကာ

www.burmeseclassic.com



သွင်းအိတ်ကာဇ်ထဲသို့ လုံခြုံစွာ သိမ်းဆည်းလိုက်ပါ၏။ ပြီးလျှင် ဦးဖိုးထိမ်စိုညအစ္ဆဲ့မှဲ ရှပ်အလောင်းကြီးကို မြင်းများထားရှိရာသို့ သယ်ဆောင်လာပြီး မြင်းတစ်စီးပေါ်သို့ အားလျားမှောက်၍တင်လိုက်သည်။

ထို့နောက် သူတွေ့မြင်နေရသည့် တစ္ဆေမိဖုရားဂူခေါ် မကောင်းမဆိုးဝါးရှုကြီး၏မြေပုံညွှန်းကို အနီးကပ်ဆုံး အနေအထားဖြင့် မှတ်တမ်းတင်လိုက်သည်။ ပြီးလျှင် တစ္ဆေမိဖုရားဂူရှိရာ လမ်းကြောတစ်လျှောက် သစ်ပင်ကြီးများတွင် ဓားထစ်၍ အမှတ်အသားပြုခဲ့သေးသည်။ အားလုံးပြီးပြည့်စုံမှ မကောင်းဆိုးဝါးမျက်နှာနှင့် တစ္ဆေမိဖုရားဂူကြီးကို ကျောခိုင်းကာ ထွက်ခွာလာခဲ့ပါတော့သည်။

ထိုအချိန်တွင် နေလုံးနီနီက ရှမ်းရိုးမတောင်တန်းကြီးတွင် ခေါင်းတင်ခိုနားလျက် ရှိပါချေပြီတည်း။

❋ ❋ ❋

အခန်း (၇)

တိုင်းရင်းသမားတော်ကြီး ဦးဒိမ္မ . . . သို့မဟုတ်

သူ့နာမည်က ဦးဒိမ္မ။ ဂန္ထာရီပညာရပ်များ၊ အဂ္ဂိရတ်ပညာရပ်များနှင့် ရင်းနှီးကျွမ်းဝင်သည့် တိုင်းရင်းသမားတော်တစ်ဦးဖြစ်သည်။ အသက်အရွယ်က (၇၅) နှစ်ခန့်ရှိပြီ။ အသားဖြူဖြူ၊ ရွှေကိုင်းမျက်မှန်နှင့် ယောဂီရောင် မာပလာတစ်ထည်ကို ပခုံးထက်တွင် အမြဲတမ်း ရုံပတ်ထား တင်ထားသူတစ်ယောက်။

နမ့်စမ်းမြို့ ရှမ်းမြို့များရှိ ကျောက်မဲထင်ရွာတွင် 'ပါလီ' ဆိုသော အသက်နှစ်ဆယ်ခန့်ရှိ သမီးပျိုတစ်ဦးနှင့်အတူ နေထိုင်ကြသည်။ အကြာယိတော့ ဦးဒိမ္မ၏ဂုဏ်သတင်းက ကျောက်မဲထင်၊ သရက်ချောင်း ကျောက်မဲ၊ ပါမြို့ကုန်း၊ ရေစိမ့် စသည့် ရွာနီးချုပ်စပ်များအထိ နာမည်ကျော်လှပါ၏။ ထိုကဲ့သို့ နာမည်ကျော်ရလောက်အောင်လည်း ဦးဒိမ္မ၏

www.burmeseclassic.com

www.burmeseclassic.com



ပညာနှံ့စပ်မှုကလည်း ထိုကကယ့်အံ့မခန်းပင် မဟုတ်ပါလား။
လောကီပညာရပ်များဖြစ်သည့် အင်း အိုင်၊ ခါးလှည့်၊ လက်ခွဲ
များကို စိန်ရှင်ထတ်သည်။ ဂါထာ၊ မန္တန်များနှင့် ဓာတ်ဆင် ဓာတ်ရိုက်
ဆေးဝါယတြာများကိုလည်း နိုင်နင်းကျွမ်းကျင်သည်။ အင်္ဂလိပ်ပညာဘက်
တွင်လည်း သူ၏အိမ်နှင့်တစ်ဆက်တည်း သပ်ရပ်သော ဖိုရုံတစ်ခုပင်
ရှိပါသေး၏။ သူ၏ဖိုရုံကလေးမှာ ဖြတိုက်ငယ်အသေးစားတစ်ခုသဖွယ်
အင်္ဂလိပ်လုပ်ရပ်တွင် အသုံးပြုသည့် လုံအိုးငယ်ကလေးများက
ကြွမ်းပြင်ထက်တွင် စုပုံလျက်။ ပရဆေးအမယ်၊ သစ်မြစ်၊ သစ်
သစ်ဥများက တဲခေါင်မိုးတွင် တွဲရ ရွဲဆိုင်း၍ထားသည်။ ထိုမျှသာမက
ရေအိမ်၊ မြေအိမ်၊ ခြံအိမ် အစရှိသည့် ဓာတ်သတ္တုပစ္စည်းများကလည်း
သူ့နေရာနှင့်သူ။
ဂါထာမန္တန်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်းနှင့် အင်္ဂလိပ်နှင့်
သက်ဆိုင်သော ကျမ်းစာအုပ်များကလည်း သစ်သားစင် အသီးသီးတွင်
စီစီရီရီ သေသေသပ်သပ်နှင့် ရှေးဟောင်းပေစာ၊ ပုရပိုက်စာနှင့် ပုရပိုက်
ခေါက်များကလည်း အထပ်ထပ်။ ထို့ပြင် အင်းကွက်၊ မန္တန်ကွက်များ
ရေးဆွဲထားသည့် မိုင်းကိုင်စက္ကူများကလည်း စီစီရီရီ ညီညီညာညာနှင့်
အားလုံး သူ့နေရာနှင့်သူ သေသေသပ်သပ်နှင့် ရှိနေသည်ကို မြင်တွေ့ရ
၏စိတ်ထဲတွင် မှင်သက်အံ့ဩသွားရလောက်သည်။
ထိုမျှနှင့်မကသေး။ ဓာတ်စီရွှောနှင့် ပယောဂပညာရပ်ဘက်
တွင်လည်း ကျွမ်းကျင်နှံ့စပ်မှုရှိသည်။ နောက် ဦးဒိဗ္ဗ၏ သီလ၊ သမာဓိ
သို့ရာကလည်း ချမာန်တော်များနှိမ်ပါးပင်။ ထို့ကြောင့်လည်း သူ့ဖော်
သည့် မည်သည့်ဆေးဝါးမဆို ဆေးစွမ်းထက်သည်။ စိရင်သည့် အင်



ခါးလှည့်နှင့် အခေါင်လက်ဖွဲ့များကလည်း ထိရောက်မှုရှိပါလေ၏။
သို့တစေ . . . ကျောက်မခင်တစ်ရွာလုံး ဦးဒိဗ္ဗ၏ ဓာတ်ရပ်ရွာ
ကို မည်သူမျှ ရေရေရာရာ၊ တိတိကျကျ မသိကြ။ ဦးဒိဗ္ဗကလည်း
ကိုယ့်အကြောင်းပြောသူမဟုတ်။ လူနာမရှိလျှင် အချိန်ရှိသရွေ့ သူ၏အိမ်
နောက်ဘက် ဖိုရုံထဲတွင်သာ တကုပ်ကုပ်နှင့်အလုပ်ရှုပ်နေသူဖြစ်သည်။
သမီးဖြစ်သူ ပါလီကလည်း သူ့ဖခင်ကြီးနည်းတူပင် အိမ်တွင်း
ပုန်းမိန်းကလေးတစ်ယောက် ဖြစ်သည်။ သို့သော် အားအားလျားလျား
နေသူတော့ မဟုတ်ပေ။ ဖခင်ကြီး၏တိုင်းရင်းဆေးတွင် လိုအပ်သည့်
ဆေးမြစ်၊ သစ်ဖု၊ သစ်မြစ်၊ ဆေးရွက်များကို အခြောက်လှန်းခြင်း၊ ဆေး
ကြိတ်ခြင်း၊ ဆေးထောင်းခြင်းများနှင့် ရှုပ်ခြေလည်နေသူတစ်ယောက်။
ပါလီ၏အချောအလှမှာ ရာဇဝင်တွင် စာမတင်လောက်သော်
လည်း ရာဇဝင်ထဲမှ 'အမွှာပါလီမင်းသမီး' နှင့်တော့ ယှဉ်ပြိုင်၍ ရလောက်
သော အလှတစ်ခုကို ပိုင်ဆိုင်ထားသည်။ သို့သော် ထိုအချောအလှကို
ကိုယ်တိုင်ပင် အာရုံမခံစားနိုင်ပေ။ နေ့ရှိသရွေ့၊ အချိန်ရှိသရွေ့
ဆေးကုသလာသူများ၊ ဝင့်လူနာများနှင့်သာ တရှုန်းရှုန်းနှင့် အလုပ်
ရှုပ်နေသည် မဟုတ်ပါလား။
ထူးခြားသည်မှာ ဦးဒိဗ္ဗတို့ သားအဖသည် ကျောက်မခင်
ရွာသားနှင့် နီးစပ်ရာရွာများဝန်းကျင်မှ လူနာများကို အခကြေးငွေမယူဘဲ
ဝေဒနာ၊ မေတ္တာသက်သက်ဖြင့် ဆေးကုသပေးနေခြင်းပင်။ ဦးဒိဗ္ဗတို့
သားအဖနှင့် တွေ့ရှိကြသူတိုင်း ပူပင်ကြောင့်ကြမှုများ ကင်းဝေးသွားကြ
သည်။ ငွေကြေးမယက်၊ စေတနာသက်သက်၊ ဆေးစွမ်းထက်သက်ဖြင့်
ကုသပေး၍အကျိုးကို ဘယ်ပိုးပေးသောကြောင့် ပတ်ဝန်းကျင် နီးစပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရွာအသီးသီးကပါ ဦးဒိဗ္ဗကို ယုံကြည်အားကိုးကြလေသည်။

သို့သော် . . . ရံဖန်ရံခါ ဦးဒိဗ္ဗတို့ သားအဖနှစ်ယောက်စလုံး ဆယ်ရက်၊ ဆယ့်ငါးရက်ခန့် ရွာမှပျောက်သွားတတ်ကြသည်။ တစ်ခါ တစ်ရံမှာမူ ဦးဒိဗ္ဗတစ်ဦးတည်း တစ်လနီးပါးခန့် ပျောက်နေတတ်ပါ၏ ထိုသို့သောအခါများတွင် ဦးဒိဗ္ဗ၏လူယုံတော် ဗလကြီးက ပါလီလေးကို ကူညီစောင့်ရှောက်ပေးသည်။ ဆေးဝါးကုသရာတွင်လည်း ပါလီအား ကူညီဆောင်ရွက်ပေးလေ့ရှိသည်မို့ သိပ်တော့အကြောင်းမဟုတ်။

သို့သော် ဦးဒိဗ္ဗ ပြန်ရောက်လာခဲ့လျှင်မူ သူ၏တိုင်းရင်းဆေး တွင် အထောက်အပံ့ဖြစ်သော သစ်ဥ၊ သစ်မြစ်၊ သစ်ဖုများ၊ ဆေးရွက် နှင့် ပရဆေးပင်များ ပါလာလေ့ရှိသည်မို့ တောတက်၍ ပရဆေးပင် ရှာဖွေဆွတ်ခူးဖော်သည်ဟုပင် မှတ်ယူကြပါလေ၏။

သို့သော် ထိုကဲ့သို့ အကျင့်၊ သီလ၊ သိက္ခာ၊ သမာဓိ ကြီးမား သည့် ကျောက်မဆင်ရွာမှ တိုင်းရင်းသမားတော်ကြီး ဦးဒိဗ္ဗနှင့် ရာ ထဲမှ အမွှပါလီမင်းသမီးချောနှင့် နှိုင်းယှဉ်တုဖက်၍ မိနိုင်သ ပါလီဆိုသော မိန်းမချောလေးသည် လွန်စွာ ရှုပ်ထွေးပွေလီလှ ခရုဒိမ် သပွတ်အူနှယ် လျှို့ဝှက်မှုများနှင့် ရစ်ပတ်ရှုပ်ပွေနေသည် မိ ဂူတောင်မှ 'ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ'၏ဖြစ်ရပ်ဆန်းတို့တွင် ပါဝင် သက်ဆက်နွှယ်မှုများ ရှိလာခဲ့သည်ဆိုပါလျှင် . . .။

❋



မိဖုရားဂူတောင်တွင် တွေ့ကြုံခဲ့ရသော သေရွာပြန် ဖြစ်ရပ်ဆန်း ကြီးကို သူငယ်ချင်းဖြစ်သူ အံ့မောင်တစ်ယောက်တည်းကိုသာ တိုးတိုး တိတ်တိတ် ဖွင့်ဟပြောကြားခဲ့သည်။ ထို့အပြင် မုခိုးကြီးဦးဖိုးထီး၏ အလောင်းကိုလည်း တောထဲတွင် သားကောင်နောက်သို့လိုက်ရင်း မြွေ နှင့် ကြုံကြိုက်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပြောဆို ကာ ကောင်းမွန်စွာ သဂြိုဟ်ခဲ့သည်။

ထူးဆန်းသော လှုပ်ကြီးတစ်ကောင်၏လမ်းညွှန်မှုဖြင့် တွေ့ရှိ သော ဆွေးမျက်ထိတ်လန့်ဖွယ် တစ္ဆေမိဖုရားဂူကြီးအကြောင်း၊ ဂူထဲတွင် သေဆုံးသွားခဲ့ကြသည့် ထွန်းဘော်နှင့် ဖိုးမှင်တို့နှစ်ယောက်အကြောင်း၊ ဆက်နွှယ်ရင်း၍ ရရှိလာခဲ့သော ရွှေဒင်္ဂါးပြားသုံးပြားအကြောင်းတို့ကို ညိုစုံအောင်နှင့်အံ့မောင်တို့နှစ်ယောက်စလုံး ရင့်နှုတ်ပိတ်၍သာ နေ ကြပါတော့သည်။

သို့သော် . . . ထွန်းဘော်နှင့်ဖိုးမှင်တို့အကြောင်း၊ စုံစမ်းရင်း ကျောက်မဆင်ရွာဘက်မှ ပြန်ရောက်လာသည့် 'အံ့မောင်'နှင့်အတူ သတင်းဆူးတစ်ခု ပါရှိလာခဲ့သည်။

"ညိုစုံအောင်ရေ . . . ဒီကိစ္စက တော်တော်ထူးဆန်းတယ်ကွ၊ မင်းနဲ့လည်း ဆက်စပ်ချင်ရင် ဆက်စပ်နေလိမ့်မယ် ထင် ဒီလိုကွ"

အံ့မောင်က ထိုကဲ့သို့ နိဒါန်းချီကာ ကျောက်မဆင်ရွာမှ ဦးဒိဗ္ဗ သည့် တိုင်းရင်းသမားတော် (မိန္ဒောဆရာကြီး) တစ်ယောက်နှင့် ဖြစ်သူ 'ပါလီ' ဆိုသော မိန်းမချောလေးတစ်ယောက်၏ အ ကို ဦးကာချီကာ ပြောဆိုနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“အမှန်တော့ မင်းပြောတဲ့ တရွှေမိဖုရားဂူကြီးမှာ မြေပြိုပြီး သေဆုံးသွားရတဲ့ ထွန်းဘော်တို့အကြောင်းကို စုံစမ်းရအောင် သွားခဲ့တာပါပေမဲ့ ... အဲဒီမှာ ဦးဒိဗ္ဗဆိုတဲ့ မိန္ဒောဆေးဆရာကြီးတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ သူ့ရဲ့ထူးဆန်းတဲ့ ဆေးကုသမှုက သိပ်ပြီး အစွမ်းထက်သလို သူ့သမီးလေးကလည်း သိပ်ပြီးချောတာပဲ ပြည့်စုံအောင်ရေ့”

“ဟာ ဟော့ ဟော့ကောင် ... စကားကောင်းပြောနေရင်းက ဘယ်က သူ့သမီးချောတာလှတာ ပါလာရတာလဲ အံ့မောင်ရ”

“No No No ဒီကောင်မလေး ချောတာ၊ လှတာကို နောက်မှ မင်းကို သီးခြားပြောပြမယ်၊ လောလောဆယ် ဆေးကုသပုံ ထူးဆန်းတဲ့ ဦးဒိဗ္ဗဆိုတဲ့ လူကြီးအကြောင်းကို အရင်ဆုံးပြောပြမယ်၊ ငါရောက်သွားတော့ ဟို ... ထွန်းဘော်ဆိုတဲ့ မင်းစုံစမ်းခိုင်းတဲ့ လူရဲ့မိန်းမကို အဲဒီဆရာကြီးက ဆေးကုပေးနေတာ တွေ့ရတယ်၊ သူ့ယောကျ်ားတောလည်သွားရာက ပြန်ရောက်မလာခဲ့တဲ့နောက်ပိုင်း နဂိုအခံရှိတဲ့ ငှက်ဖျားရောဂါက ပြန်ဖောက်လာတာကိုတော့ ပြောသိကြားရတယ်ကွ၊ ထူးဆန်းတာက အဲဒီဆေးဆရာဆိုတဲ့ ဦးဒိဗ္ဗရဲ့ ဆေးကုသတဲ့နည်းပဲ၊ လူနာကို ရေမန်းနဲ့ သူ့ရဲ့ဆေးကို အရင်ဆုံးတိုက်တယ်၊ ပြီးရင် လူနာကို အိပ်ရာထဲမှာ လဲလျောင်းခိုင်းလိုက်ပြီး သူ့ရဲ့ရွှေဒင်္ဂါးပြားလေးကို လူနာရဲ့နဖူးပေါ်ကို တင်လိုက်တယ်”

“အဲဒီတော့ ... ဘာတွေဖြစ်လာသလဲ”

“ဘာမှတော့ မဖြစ်ဘူးကွ၊ ဒါပေမဲ့ ... အဲဒီဆရာကြီးက ခေါင်းကို မသိမသာ ရမ်းခါလိုက်ပြီး လူနာရှင်ကို တိုးတိုးတိတ်တိတ်ခေါ်ပြီး ပြောတယ်၊ နင့်ရဲ့သမီးရောဂါက ကျွမ်းနေပြီတဲ့၊ ဒီနေ့မကူးခင် ဝိညာဉ်ချုပ်



ကွာလိမ့်မယ်တဲ့၊ စောစောလေးကတင် နင့်သမီးရဲ့ဝိညာဉ်ဟာ နဖူးပေါ်က ရွှေဒင်္ဂါးပြားလေးပေါ်မှာရပ်နေတာကို ငါတွေ့လိုက်ရတယ်တဲ့လေ”

“ဟာ ... မင်းဟာက ဖြစ်ကော ဖြစ်နိုင်ပါ့မလားကွာ”

“အေး ... ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ ငါမသိဘူး၊ အဲဒီလူနာကတော့ ညနေငါးနာရီလောက်မှာ ဆုံးသွားတာကတော့ အမှန်ပဲ သူငယ်ချင်းရေ၊ အဲ ... အင်း ... ထူးဆန်းတာက အဲဒါတင်မကသေးဘူးကွ၊ အဲဒီဆရာကြီး ဆေးကုသတဲ့ ရွှေဒင်္ဂါးပြားကို ငါတောင်းပြီး ယူကြည့်လိုက်တော့ လား လား ... သူ့ရွှေဒင်္ဂါးပြားလေးက မင်းရလာခဲ့တဲ့ ရွှေဒင်္ဂါးပြားလေးတွေနဲ့ တစ်ပုံစံတည်းပဲဟေ့”

“ဟာ”

ထိုအခါမှ ပြည့်စုံအောင်၏ နှုတ်ဖျားမှ အာမေဋိတ်သံတစ်ခု လွင့်စဉ်ပြုတ်ကျလာခဲ့သည်။

“အဲဒါနဲ့ ငါတလည်း အဲဒီဆရာကြီးနဲ့ သွားတွေ့ပြီး ကျွန်တော့်ရဲ့ သူငယ်ချင်းဆီမှာလည်း ဆရာကြီးလို ရွှေဒင်္ဂါးပြားမျိုး သုံးပြားတောင် ရှိတယ်လို့ ပြောလိုက်တယ်”

“မင်းကွာ ... ဒီကိစ္စ မင်းရဲ့ဦးကြီးကိုယ်တိုင်က လျှို့ဝှက်ထားပါလို့ သေသေချာချာ မှာသွားခဲ့တာကို”

ပြည့်စုံအောင်က အံ့မောင်၏စကား လွန်ကျူးသွားခြင်းကို ပြစ်တင်ပြောဆိုလိုက်သည်။

“အာ ... ငါတလည်း သူ့ရဲ့ရွှေဒင်္ဂါးပြားလေးကို မြင်ပြီး ပါးစပ်က လွှတ်ခနဲထွက်သွားတာကွ၊ ဒါဆိုရင် အဲဒီဆရာကြီးက မင်းနဲ့ တွေ့ပြီး အဲဒီရွှေဒင်္ဂါးပြားတွေကို တောင်းသလောက်ဈေးနဲ့ ဝယ်ချင်

www.burmeseclassic.com

တယ်လို့ပြောတယ်"

"ဖအ ထဝ်သရီး ...မင်းကို ဘယ်သူက ရောင်းမယ်လို့ ပြောလို့လဲ"

"အ်ဟဲ ဟဲ ...မပြောပါဘူးကွာ၊ ဒါပေမဲ့ အဲဒီဆရာကြီးရဲ့ သမီးချော 'ပါလီ' ကိုသာ မင်းမြင်လိုက်ရင် အလကားပဲတင်းတောင် ပေးရင်ပေးလိုက်မှာပါကွာ ... ဟင်း ဟင်း"

"မဆိုင်လိုက်တာကြီးကွာ"

"ဟင်း ဟင်း ဟင်း ... ဆိုင်တာ မဆိုင်တာတော့ မသိဘူး ဟေ့၊ အဲဒီ ပါလီဆိုတဲ့ ကောင်မလေးက ရာဇဝင်ထဲက 'အမွှပါလီ'တွေ့ ရင်တောင် အရှုံးပေးသွားရလိမ့်မယ် သူငယ်ချင်းရေ ... ဟင်း ဟင်း ဟင်း"

ထိုစဉ်ကမူ အံ့မောင်ပြောဆိုနေသော စကားများကို မြည်းစုံ အောင် အမှုမဲ့ အမှတ်မဲ့သာ နားထောင်နေမိခဲ့သည်။ သို့သော် ပါလီဆို သော မိန်းကလေးတစ်ဦးကို တကယ်တမ်း တွေ့တွေ့ဆိုင်ဆိုင် တွေ့လိုက် ရသောအခါမှာတော့။

❋ ❋ ❋

အခန်း (၈)

## ရာဇဝင်ပုံပြင်ထဲက အမွှပါလီ သို့မဟုတ်

ထိုနေ့က အံ့မောင်က ချိန်းဆိုထားသဖြင့် ဝခန်းမှ နံနက်ကိုး နာရီကတည်းက မြင်းညိုကြီးကိုစီးကာ ထွက်လာခဲ့သည်။ သို့သော် ... နေအိမ်သို့ရောက်တော့ အံ့မောင်ကိုမတွေ့ရ။ သူ၏ဇာပည့် ရှမ်းမုဒ် လေးစိုင်းဝဏ္ဏက သူ့ဆရာမှာကြားသွားကြောင်းနှင့် ဆယ်နာရီမထိုးမီ ပြန်ရောက်လာမည်ဖြစ်ကြောင်း ဆီးကြိုရှင်းပြောသဖြင့် ဧည့်ခန်းမှာဝင် ငြိမ်စုံအောင် စာဖတ်ရင်း အံ့မောင်အလာကို စောင့်နေမိသည်။

သည်ကောင်က ခြေထောက်တွင် မွေးပါသူ။ တစ်နေ့ရာတည်း တွင် တစ်နာရီငြိမ်အောင်နေလေ့မရှိ။ စီးပွားရေးသမား၊ ကျောင်းသမား လိုအပ်လျှင် ပွဲစားပင် လုပ်လိုက်လေသည်။ ယခုလည်း ဘာဆိုလိုကျမ်းစာ မြူလေးတစ်စီးနှင့် နမ့်ခမ်းတစ်မြို့လုံး ပတ်မွှေနေသည်လား။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကိစ္စနှင့် ကျောက်သမားများနှင့် ပါသွားခဲ့လေသည်လား မသိ။ သို့သော် အုံမောင်က ပြည့်စုံအောင်ကိုတော့ ညီအစ်ကိုအရင်း သဖွယ် ခင်မင်သည်။ တည်တည်တန့်တန့်နှင့် စကားနည်းသလောက် မဟုတ်မခံ ရှင်းရှင်းတွင်းတွင်းသမား။ ပြည့်စုံအောင်ကို လန့်လည်း လန့်သည်။ ကောလိပ်တွင် အတူကျောင်းတက်စဉ်ကတည်းက သေနတ် ပစ်၊ လက်ဝှေ့ထိုး၊ ရေကူး၊ သိုင်းကစားသည်မှအစ မိန်းမကိစ္စကင်းရှင်း သော ပြည့်စုံအောင်ကို ခင်မင်လေးစားခဲ့သည်။

သို့သော် အသွင်မတူ၊ စရိုက်မညီသည့်သူနှစ်ယောက် ပေါင်း သင်းဆက်ဆံမိသွားကြချိန်မှာတော့ ကောလိပ်တွင် တတွဲတွဲ ဖြစ်သွား ကြသည်။ ညီအစ်ကိုအရင်းတမျှ သံယောဇဉ်ကြီးကြသည်။ ပြည့်စုံအောင် လက်ဝှေ့ထိုး၊ သေနတ်ပစ်လေ့ကျင့်ရာ နောက်သို့ အုံမောင်တစ်ယောက် ကန့်လန့် ကန့်လန့်နှင့် ပါလာတတ်သလို အုံမောင်၏ဘီအက်စ်အေ ဆိုင်ကယ်ကြီး၏နောက်တွင်လည်း ပြည့်စုံအောင်တစ်ယောက် တောက်တဲ့ တစ်ကောင်နှယ် ကပ်ပါသွားစမြဲပင် မဟုတ်ပါလား။

'ခင် ခင့် ခင်း ခင် ခင် ခင်'

ဧည့်ခန်းထဲရှိ သံစုံတိုင်ကပ်နာရီကြီးမှ တခင်ခင်နှင့် ဆယ်နာရီ ထိုးသံနှင့် မရှေးမနှောင်းမှာပင် အုံမောင်၏အိမ်ပေါက်ဝသို့ ဝီလီဂျစ်ကား မြူလေးကာ ရပ်ခနဲ ထိုးဆိုက်လာသည်။ ကားသံကြားသဖြင့် ပြည့်စုံအောင် အိမ်ပေါက်ဝဆီသို့ လှမ်းကြည့်လိုက်သည်။

"အိုး"

နေခြင်းကြောင်တောင် ကောင်းကင်မှ လ,တစ်စင်း ပြုတ်ကျလာ လေသည်လော။ သို့မဟုတ် လ,နတ်သမီးတစ်ပါး မျက်စိလည်လမ်းမှား



၍ ရောက်လာသည်လား မပြောတတ်။

ဝီလီဂျစ်ဖြူဖြူပေါ်မှ ဆင်းလာသည့် 'အလှရုပ်တု' တစ်ခုကို ပြည့်စုံအောင် ငေးကြည့်နေမိသည်သို့။ နောက်ထပ် ဆင်းလာသည့် ယောဂီရောင် တိုက်ပုံအင်္ကျီဝတ်ထားသည့် အသက်ငါးဆယ်နီးပါးခန့် လူကြီးတစ်ယောက်နှင့် အုံမောင်တို့ကို မြင်တွေ့လိုက်ရသောအခါမှ ပြည့်စုံ အောင် ရုတ်ခနဲ သတိရလိုက်သည်။

"ပါလီဆိုသော မိန်းမချောလေး"

ဟုတ်သည်။ ဝေသာလီမှ အမွှေပါလီထက် ပို၍လှသော ကျောက်မထင်မှ ပါလီ။ သူနှင့်သူမ၏ဖခင် တိုင်းရင်းဆေးဆရာကြီး ဦးမိုးမွှတို့က အုံမောင်နှင့်အတူ ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

"ထင်သား၊ပဲ မင်းရောက်နှင့်နေမယ်ဆိုတာ၊ ဟောဒီမှာ ငါပြောပြခဲ့တဲ့ ကျောက်မထင်ရွာက တိုင်းရင်းဆေးဆရာကြီး ဦးမိုးမွှနဲ့ သူ့သမီးပါလီ"

ရွှေကိုင်းမျက်မှန်အတွင်းမှ စူးရဲသော ဦးမိုးမွှ၏မျက်လုံးအကြည့် တို့ မနှစ်သက်သလို သူ့အား ကရုဏာမျက်ဝန်းဖြင့်ငွေ့ငွေ့နှင့် လှမ်းကြည့် လိုက်သော ပါလီ၏အကြည့်ကိုလည်း ပြည့်စုံအောင် တာသာမဖြစ်တတ်။

"သူက ကျွန်တော်ပြောပြနေတဲ့ ကျွန်တော့်သူငယ်ချင်း၊ သတ္တုတွင်းအင်ဂျင်နီယာ ပြည့်စုံအောင်တဲ့၊ လောလောဆယ် နတ်သူငယ် တောင်ခြေက သတ္တုတွင်းရှာဖွေရေးစခန်းမှာ နေတယ်လေ"

"ကြော် ... သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်ပဲတော့ ဖြစ်မှာပြည်ရဲ့ တောအနှံ့တောင်အနှံ့တော့ သွားနေရမှာပဲနော် ပြောတယ်နော်"

သမားတော်ကြီးဦးမိုးမွှက ဧည့်ခန်းမှ ကုလားထိုင်တွင် ထိ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရာယူလိုက်ရင်း ပြည့်စုံအောင်အား စကားစမည် ပြောဆိုလိုက်သည်။ ပါလီကာမှ ပြည့်စုံအောင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်ပါ၏။

"ဟုတ်ပါတယ်၊ တာဝန်နဲ့တွဲရာအရ တောတောင်အနှံ့ သွားလာနေရတာပါ။ နောက်ပြီး ... ကျွန်တော်ကိုယ်တိုင်ကလည်း တောတောင်တွေကြားမှာ သွားလာနေထိုင်ရတာ ပျော်ပါတယ်"

ထို့နောက်မှာတော့ အုံ့မောင်၏ပြောကြားချက်အရ သိနှင့်နေပြီဖြစ်သော ရွှေဒင်္ဂါးပြားကိစ္စအကြောင်းကို စကားဆက်ကြသည်။ ပြည့်စုံအောင်ကလည်း လာရင်းကိစ္စကို သိရှိပြီးဖြစ်၍ သူ့ထံမှ ရွှေဒင်္ဂါးပြားသုံးပြားကို ထုတ်ပြလိုက်သည်။

သမားတော်ကြီးက ရွှေဒင်္ဂါးပြားသုံးပြားကို အပြန်ပြန် အလှန်လှန် စစ်ဆေးကြည့်ရှုနေပါ၏။ လိုအပ်သည့်နေရာများတွင် အိတ်ထဲမှ မှန်ဘီလူးငယ်လေးဖြင့် သေချာစွာကြည့်ရှုနေပါသော်လည်း ပြည့်စုံအောင် သတိထားမိသည်က ပါလီဆိုသော မိန်းမချောလေး၏ ပဟေဠိမျက်ဝန်း အစုံပင်။

ထိုမျက်ဝန်းများထဲတွင် လောလောဆယ် တွေမြင်နေရသည်က ပြည့်စုံအောင်၏အမြင်ကို ကရုဏာသက်နေသည့် အရိပ်အယောင်များကို တွေမြင်နေရပါ၏။ ထိုစဉ် သမားတော်ကြီး ဦးဖိုးဗွေထံမှ စကားသံ တချို့ ထွက်ကျလာသည်။

"ရှိတော့ မောင်ရင် ... ဒီရွှေဒင်္ဂါးပြားတွေကို ဘယ်က ရလာခဲ့တာပါလဲ"

"ခင်ဗျာ"



ရုတ်တရက် ဦးဖိုးဗွေ၏မေးခွန်းကြောင့် ပြည့်စုံအောင် အောင့်သက်သက်ဖြစ်သွားသည်။ အရောင်းအဝယ်သဘောမျိုးထက် မသက်ာသမျှ စုံစမ်းရသည့်သဘောသို့ ရောက်သွားသဖြင့် ဦးဖိုးဗွေ၏မျက်နှာကို သေချာ စိုက်ကြည့်လိုက်မိသည်။

"ဪ ... ဦးမေးတာ နည်းနည်းလွန်သွားတယ်၊ ဟို ... ဟို သဘောရိုးနဲ့ ဆန္ဒစောသွားတာပါကွယ်၊ ဒီလို ရှားပါးတဲ့ ရှေးဟောင်းပစ္စည်းတွေဟာ အမွေရထားတတ်တာမျိုး ရှိတတ်လို့ပါ မောင်ရင်"

"ဟုတ်ပါတယ်၊ ဒီရွှေဒင်္ဂါးပြားတွေဟာ ကျွန်တော့်အဘိုးဆီက ရခဲ့တာပါ၊ ဒါပေမဲ့ ... ကျွန်တော့်အဘိုး ဒီရွှေဒင်္ဂါးပြားတွေ ဘယ်က ရတယ်၊ ဘယ်လိုရှာဖွေခဲ့တယ်ဆိုတာကိုတော့ ကျွန်တော် မသိပါဘူး"

"ဒါဆိုရင် ဦးပြောချင်တာက ဒဲဒီရွှေဒင်္ဂါးပြားတွေထဲက ဦးကို အပ်ပြားလောက် ပြန်ပြီးမှုပါလား။ ဟို ... ဟို ... ဈေးကတော့ အခု ကာလပေါက်ဈေးထက် ပိုပြီး ပေးမယ်လေ"

ငွေသံကြားသံကြောင့် စီးပွားရေးသမားအုံ့မောင်၏ မျက်နှာပေါ်က အပေါ်သို့ မြောက်တက်သွားသည်သို့။ ပြည့်စုံအောင်ကမူ မိန်းမချောလေးပါလီကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သို့သော် ပါလီက ပြည့်စုံအောင်နှင့် အကြည့်ချင်းမဆိုင်တဲ့ ခေါင်းကိုငုံ့ပစ်လိုက်သည်။

ဪ ... အတော်ပင် အသိရခက်သော၊ ပုဏ္ဏားဆန်သော မိန်းမချောလေးတစ်ယောက်လေလား ဟူ၍။

"ကျွန်တော် အရောင်းအဝယ်သမားတစ်ယောက်မဟုတ်သလို ရှေးဟောင်းပစ္စည်းစုဆောင်းတဲ့သူလည်း မဟုတ်ပါဘူး၊ ဦး၊ ဒီရွှေဒင်္ဂါးပြားဟာ ဦးအတွက် အသုံးဝင်မယ်ဆိုရင် ကျွန်တော်ကို နှစ်သေယောစ

www.burmeseclassic.com

www.burmeseclassic.com

မလိုပါဘူး ဦး။ ပေးဆင့်တယ်ထင်သလောက်ပဲ ပေးသွားပါ"

ပြည့်စုံအောင် ပြတ်သားသောစကားကြောင့် ဦးဖိုးမှာ ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေပါ၏။ ပြီးမှ သမီးဖြစ်သူ ပါလီထံသို့ လက်လှမ်းလိုက်သည်တွင် ပါလီက သူမ၏ပေါင်ပေါ်မှ အတောက်ချိုကျော် အိတ်အနက်ကို လှမ်း၍ပေးလိုက်သည်။ ဦးဖိုးက အိတ်ကိုဖွင့်ကာ အထဲမှ ငိုက်ဆံအချို့ကို ရေတွက်ပြီး ပြည့်စုံအောင်ရှေ့ရှိ စားပွဲပေါ်သို့ တင်လိုက်၏။

"အခုလို ရွှေဂါးပြားတစ်ပြား ဦးကို ပြန်ပြီးမျှဝေပေးတဲ့အတွက် မောင်ပြည့်စုံအောင်ကို ကျေးဇူးတင်ပါတယ်၊ ကိုင်း . . . ဦးတို့ကို ခွင့်ပြုပါဦး"

ဦးဖိုးက ပြည့်စုံအောင်ထံမှ ရွှေဂါးပြားတစ်ပြားကို ယူလိုက်ပြီး အားလုံးကို နှုတ်ဆက်ကာ ထွက်ခွာသွားပါတော့သည်။ မိန်းမချောလေး ပါလီကမူ တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေသည့်နှယ်။ ခေါင်းငုံ့တိတ်ဆိတ်စွာဖြင့် သူမ၏ဖခင် သဟာတော်ကြီး ဦးဖိုးနောက်မှ လိုက်ပါသွားလေ၏။

အမြန်စရိုးတွင်မူ အံ့မောင်အား ငှိုက်လဲ၍ မဖိုနိုင်တော့ နှမ်းခမ်းဈေးကြီးတွင် ဝင်ရောက်ရှိသည်ဟု အကြောင်းပြကာ သားအဖ နှစ်ယောက် အငှားကားတစ်စီးဖြင့် ပြန်သွားကြပါတော့သည်။

"ဟင်း ဟင်း . . . ဂျိုကောင်ကြီးက ဘယ်ဆိုးလို့လဲ၊ စကားပြော တော်တော်ကောင်းတာပဲ၊ ငါက ဒီရွှေဂါးပြားကို အလကား ပေးလိုက်လိမ့်မယ်တောင် ထင်တာ"

"ထင်သရီ။ ငါက ဘာကြောင့် အလကားပေးရမှာလဲ၊ အခု တောင် ငါ ခဲ့ပြီးတစ်နေမိသေးတယ်၊ ဒီရွှေဂါးပြားတွေ ဂျိုဆီမှာရှိနေတာ သိတဲ့သူနှစ်ယောက် ထပ်တိုးသွားပြီမို့လို့ နောက်ပြီး . . . ပါလီ ဂျိုကို



ကြည့်တဲ့ အကြည့်တွေကိုလည်း သိပ်မသင်္ကာချင်ဘူး အံ့မောင်"

"ဗုဒ္ဓေါ . . . ကောင်မလေးတစ်ယောက်က မင်းကိုကြည့်တာ ... အရေးစွဲချင်သေးလို့လား သူငယ်ချင်းရယ်"

အံ့မောင်က စားပွဲပေါ်ရှိ လှပသော ရွှေရောင်ယွန်းဘူးလေး ... စီးကရက်တစ်လိပ်ကို နှိုက်ယူလိုက်ရင်း ပြည့်စုံအောင်ကို ပြောလိုက် ... ဖြစ်သည်။

"မင်း မသိပါဘူး အံ့မောင် . . . မင်းသိတာက ဘယ်ကျောက် ... ဘယ်ဈေးနဲ့ ဖြတ်လိုက်ရင် မင်းအတွက် ဘယ်လောက် ကျန်မယ်ဆို ... လောက်ပဲ မင်းသိတာပါ၊ အထူးသဖြင့် . . . ပါလီလို လှပချောမောတဲ့ ... မချောလေးတွေရဲ့ 'အကြည့်ပုစ္ဆာ' ကို မင်း အဖြေမထုတ်တတ် ... ကွာ . . . ဟင်း ဟင်း"

"ဟာ ဟာ . . . တော်တော်ကြီးကျယ်တဲ့ကောင်ပဲ၊ နေပါဦး ... မင်းက မိန်းမချောလေးတွေရဲ့ 'အကြည့်ပုစ္ဆာပဟေဠိ'တွေကို အဖြေ ... အောင် မိန်းကလေးတယ်နှယောက်နဲ့ တယ်တုန်းကများ စကား ... ဆုံပြောဖူးလို့လဲ . . . ပြည့်စုံအောင်"

သူငယ်ချင်းနှစ်ယောက် ရွှေဂါးပြားကိစ္စကို မေ့သွားကြပြီး ... အကြည့်တစ်ချက် ပဟေဠိကို အငြင်းပွားနေကြပါချေတော့သည်။ ... အလှတွေဝင်လည်း ပြစ်မျိုးမွဲမထင်၊ မာတာမိစဝ် ပွားသန့်စင်နဲ့စဉ် ... တည်းက ရွှေမှုန်စားပြီး မွေးဖွားလာခဲ့လေသလားဟုပင် ထင်မှတ် ... ယ်ရာ။

"နာမည်ကလည်း ကြကြမန်မန် ရှားရှားပါးပါးမှာမဟုတ် . . . ... တဲ့ ငါတို့တစ်တွေဟာ ဝေသာလီရာဇဝင်ထဲက အမ္ဗပါလီဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖူး, မမြင်ဖူးခဲ့ကြပေမယ့် ဆရာပါရဂူရဲ့ ဖော်ညွှန်းမှုကြောင့် အမွှေး ပါလီရဲ့ စွဲမက်ဖွယ်အလှ, အမွှေးပါလီရဲ့တရားရှုဖွယ်ရာ ဘဝဖြစ်စဉ်တွေ ဟာ ရင်ထဲမှာ စွဲနစ်နေခဲ့ကြတယ် မဟုတ်လား ပြည့်စုံအောင်''

ကျားသားမိုးကြိုး စီးပွားရေးသမားအံ့မောင်က 'ပါလီ အလှ ဘွဲ့' ကို ရွတ်ဆိုနေသလို ရာဇဝင်ထဲမှ 'အမွှေးပါလီ'၏အလှနှင့် ဘဝကိုပါ ခြယ်မှုန်းရေးညွှန်းပြနေသည်မို့ ပြည့်စုံအောင် ပါးစပ်အဟောင်းသား ငေးနေမိပါ၏။

''အေး ... ငါ့အထင် ငါ့အမြင်ပြောရရင် ကျောက်မဆင်က ပါလီဟာ ဆရာပါရဂူရဲ့ဝေသာလီက 'အမွှေးပါလီ' ထက်တောင် ပိုပြီး ချော လှိမ့်မယ်ထင်တယ်၊ ငါ ... သူ့ကို ပန်းလက်ဆောင်ပေးမယ်လို့ စိတ် ကူးယုံဖော်ကြည့်တယ်၊ ဒါပေမဲ့ ... ဘယ်လိုမှ မပေးရက်ဘူး ဖြစ်နေတယ်၊ ပါလီက ပန်းပွင့်လေးတစ်ပွင့်ထက် ပိုပြီး နုဖျိုလန်းဆန်းနေတယ်''

''အေး ... ဒါနဲ့ပဲ သူ့ရဲ့လည်တိုင်မှာ ပုလဲသွယ်တစ်ကုံးလောက် ငါ့ရဲ့စိတ်ကူးပုံရိပ်ထဲမှာ ဆင်မြန်းပေးလိုက်တယ်၊ ဒီလိုကျပြန်တော့လည်း အဆင်သိပ်မပြေပြန်ဘူးကွ၊ ပါလီရဲ့ အသားတော်နုနုက ပုလဲသွယ်တွေ ထက်တောင် ဖွေးဥ နုဖပ်နေသေးတယ် သူငယ်ချင်းရေ၊ ဟင်း ဟင်း ဟင်း ... ဒါပေမဲ့ တစ်ခုတော့ သတိထားကွ၊ သိပ်ပြီးလှတဲ့သူဟာ သိပ်ပြီးတော့ ရက်စက်တတ်တယ်၊ နောက်ပြီး ... သိပ်ပြီးတော့လည်း ကြောက်စရာကောင်းတယ် သူငယ်ချင်းရေ ... ဟင်း ဟင်း ဟင်း''

ဆိုစဉ်ကတည်းကပင် သူငယ်ချင်းဖြစ်သူ အံ့မောင်၏ ပြော စကားများအတိုင်း လိုက်နာရှောင်တိမ်းနိုင်ခဲ့မည်ဆိုပါလျှင် ဤတည် မဟုတ် နည်းဖိစက်သော ဝိုးရည်မှုဝင်ကပါနှင့် မာယာညွှတ်ကွင်း ဆင် ထားသော ချိုမြိန်သော ပျားရည်စက်တို့ဖြင့် သုတ်လိမ်းဖုံးကွယ်ထား သော ပါလီဆိုသည့်အလှမဟုရား ဓားသွားစက်အောက်တွင် ဒူးထောက် ဦးညွှတ်၍ သက်ဆင်းခဲ့ခြင်း မရှိခဲ့ပါလျှင် ...။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### ဝိုးချည်မျှင်နှင့် ညွှက်ကွစ်၊ဆင်သည့် သို့မဟုတ်

ဤရက်ပိုင်း၊အတွင်း၌ ပြည့်စုံအောင်တစ်ယောက် စမ်းသပ်သတ္တုတွင်းများတွင် ကွစ်၊ဆင်၍ လေ့လာရေး၊စမ်းခြင်း။ လိုအပ်သည့်အရေးပေါ်နေရာများတွင် နိုင်းစွဲခြင်း။ မြေပုံကွန်တိုကရင်များနှင့် တိုင်းတွာတွက်ချက်ခြင်းများ၊ စသည့် လုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျကွစ်းဆင်၊နေရသဖြင့် အဲ့မောင်ကိုသော်လည်းကောင်း။ မိန်းမချော လေးပါလီကိုသော်လည်းကောင်း မေ့မျောက်နေမိသည်။

"ဒီနတ်သွယ်တောင်နဲ့ မိဖုရားဂူတောင်တွေရဲ့ ဟိုးဘက်မှာ ရှိတဲ့ တောင်မြင့်မြင့်ကြီးတွေဘက်မှာ ဘာတွေရှိနိုင်ပါသလဲ သူကြီး။ အဲဒီဘက်တောင်ကြောတွေဘက်မှာ လမ်းပန်းအဆက်အသွယ်ရော ကောင်းရဲ့လား။ ဒါမှမဟုတ် . . . လိုအပ်လို့ သွားကြရမယ်ဆိုရင် လမ်းပန်း



ကျွမ်းကျင်တဲ့သူတွေ သူကြီးဆီမှာ ရှိရဲ့လား"

ပြည့်စုံအောင်က စခန်းနှင့်အနီးဆုံး ကျောက်တံခါးရွာမှ ရွာသူကြီးအား မေးမြန်းစုံစမ်းနေပါ၏။

"အေး . . . အတော်အသင့်ကျွမ်းကျင်တဲ့သူ နှစ်ယောက် သုံးယောက်တော့ ရှိတာပေါ့။ ဒီတောင်ကြီးနှစ်တောင်ရဲ့ ဟိုဘက်က ရှမ်းရိုးမတောင်မြင့်ကြီးတွေလေ၊ အရှေ့ဘက်မှာဆိုရင် ငွေတောင်, ရွှေတောင်, ပတ္တမြားတောင်ဆိုတာတွေရှိတယ် ဗိုလ်လေး၊ ဒါပေမဲ့ . . . နတ်သွယ်တောင်တို့, မိဖုရားဂူတောင်တို့ထက် ပိုမြင့်ပြီး အတက်ခက်တယ်၊ ဆောင်သုံးလုံးလောက် ကျော်ဖြတ်ပြီးရင် တောင်တွေဟာ ဒီထက် ပိုမြင့်တယ်၊ တောင်နဲ့မြောက်ဟာ မဆုံးတော့ဘူးကွဲ့၊ လူသူအဆက်အသွယ်လုံးဝပြတ်တယ်၊ အေးလည်းအားကြီးအေးတယ် ဗိုလ်လေးရေ့ ဆောင်းခါမှာတောင် အဲဒီတောင်တွေပေါ်မှာ နှင်းခဲနှင်းပွင့်တွေအောင်ကို အေးတယ်၊ နောက်ပြီး . . . အဲဒီတောင်ပေါ်ဒေသက လူမျိုးတွေက သူတို့ဆီ အဝတ်အစားတောင် မလုံမလဲနဲ့ဝတ်နေကြရတဲ့ တိုင်းရင်းသားတွေရှိသေးတယ်"

လုံခြုံရေးမှူး ဦးရွှေချမ်းက ကျောက်တံခါးရွာသူကြီးနှင့် ရွာလူကြီးသုံးလေးယောက်တို့အား လက်ဖက်ရည်ကြမ်း၊ ထန်းလျက်ခဲ၊ ပေါက်ပေါက်ဆုတ်များနှင့် ဧည့်ခံကျွေးမွေးသည်။ ထို့ပြင် . . . မြောင်းဖူးဖက်ဆေးလိပ်များနှင့် မီးခြစ်ဘူးများကိုလည်း ဝေငှ၍ ပေးလိုက်ပါ၏။ ပြည့်စုံအောင်က ဆက်လက်၍ သူသိချင်သမျှ အချက်အလက်များကို ကျောက်တံခါးရွာလူကြီးများထံမှ နိုက်နိုက်ချွတ်ချွတ် မေးမြန်းစုံစမ်းနေပါသေးသည်။

"ဒီဘက်နယ်က တောင်တွေပေါ်မှာ သတ္တုနက်တွေ, ဆော်

www.burmeseclassic.com

www.burmeseclassic.com



တွင်းတွေ မရှိဘူးလား သူကြီး။ ထူးဆန်းတဲ့အကြောင်းအရာတွေနဲ့ ဖြစ်ရပ် ဆန်းတွေရှိတဲ့ တောတွေ တောင်တွေ မရှိဘူးလား။ ကျွန်တော်တို့ သတ္တုတွင်းနဲ့ပတ်သက်ပြီး ရောက်လာခဲ့တဲ့သူတွေဆိုတော့ ဒီပတ်ဝန်းကျင် မှာရှိတဲ့ တောတောင်တွေအကြောင်းတော့ သိသင့်သလောက်ဘာပေါ့နော်"

"ရှိတော့ရှိတယ် ဗိုလ်လေးရဲ့၊ တချို့နေရာတွေမှာဆိုရင် သတ္တု နက် (ဂူးဖရန်း) တွေဟာ မြွေကြီးတွေ အိပ်နေသလို မတူးရ မခွဲရ မြေပေါ်မှာကို အကြောတွေပေါ်နေတတ်တယ်၊ ငွေကိုတော့ အစိုင်အခဲ လိုက် မတွေ့မိဘူး။ ရံဖန်ရံခါတော့ ရွှေဖြူကြောလိုဟာမျိုး တွေ့ရတတ် တယ်၊ ဒါပေမဲ့ ... သွားရေးလာရေး အင်မတန်ခက်ခဲတယ်၊ အန္တရာယ် လည်းများတယ် ဗိုလ်လေးရ"

"နေပါဦး ... ဟို သတ္တုနက်ဆိုတာ ဘာလဲ ဗိုလ်လေး"

သူကြီးနောက်မှပါလာသည့် လူလတ်ပိုင်းတစ်ယောက်က ကြား ဖြတ်မေးလိုက်သဖြင့် ပြည့်စုံအောင်က သေချာစွာရှင်းလင်း ပြောပြ လိုက်သည်။

"သတ္တုနက်ဆိုတာ မိုင်းဘက်ကလူတွေ ခေါ်ကြတာကတော့ ဂူဖရန်းလို့ခေါ်တယ်၊ စစ်မဖြစ်ခင်ကဆိုရင် ဟောဒီနယ်တွေထဲကို မိုင်း ဘက်က မျက်နှာဖြူအင်္ဂလိပ်တွေ တော်တော်များများ လာကြတယ် တူးကြ ဆွကြ ရှာဖွေကြတဲ့အခါမှာ သတ္တုနက်တွေ ရကြတယ်လေ ဒါပေမဲ့ ... အစားအသောက် ရှားပါးမှုနဲ့ ရာသီဥတုရဲ့ အအေးဒဏ်တွေ တောင်ငှက်ဖျားအဏ်တွေကို မခံနိုင်ကြလို့ ထွက်ပြေးကြရတာများတယ် လို့ သိရတယ်၊ ဟုတ်သလား ... သူကြီး"

"အိုး ... ဟုတ်သပ ဗိုလ်လေးရယ်၊ ဒီကြားထဲ ဟိုက မိဖုရား



ဂူတောင်ကလည်း တစ်မျိုး၊ အဲဒီတောင်မှာလည်း သူတို့ ဂေါ်ရခါးတွေ ရော မြန်မာတွေရော အားကြီးကြောက်ကြတယ်လေ"

"ဘာလဲ ... မိဖုရားဂူတောင်မှာ ဘာရှိလို့လဲ၊ ကျားတွေ ဆင်တွေရှိလို့လား သူကြီး"

"ဘယ်က ကျားတွေ, ဆင်တွေ ဟုတ်ရမှာလဲ ဗိုလ်လေးရဲ့ ဟို .. ဟို .. ဘာခေါ်မလဲ၊ အဲဒီမိဖုရားဂူတောင်က ကြမ်းတယ်၊ ဒါ ကြောင့် သူတို့ သိပ်ပြီးကြောက်ကြတာလေ၊ အဲဒီတောင်မှာ လူတော် တော်များများလည်း သေခဲ့ကြရတာကိုး။ ကြမ်းလည်း အားကြီးကြမ်း တယ်၊ အစောင့်အရှောက်တွေ၊ တောင်ပိုင်သခင်မတွေကလုပ်ရင် အသေ ပဲဆိုတော့ အဲဒီမိဖုရားဂူတောင်ကို ရှောင်ကြတယ်၊ အဲဒီမိဖုရားဂူတောင် ကို အခေါ်သုံးလေးငါးယောက်လောက်မပါဘဲ ဘယ်သူ [illegible] သွားခဲ့ကြဘူး ဗိုလ်လေးရေ"

"ဟုတ်တယ် ဗိုလ်လေးရဲ့၊ အဲဒီ မိဖုရားဂူတောင်က ရာဇဝင် လည်း ရှိတယ်၊ လူတွေပြောနေကြတာကတော့ အဲဒီမိဖုရားကြီးဟာ လောကီအစီအရင်တွေ၊ ဂန္ဓာရီအတတ်ပညာတွေနဲ့ ပြည့်စုံပြီး ဒီ ကျောက်ဂူကြီးထဲမှာပဲ သေဆုံးသွားခဲ့တာတဲ့၊ အဲဒါနဲ့ သေဆုံးသွားတဲ့ မိဖုရားကြီးရဲ့ရုပ်အလောင်းကို ရွှေခေါင်းတလားမှာထည့်ပြီး အပေါ်ကနေ နန်းစဥ်ရတနာတွေ၊ ရွှေဒင်္ဂါးတွေနဲ့ ဖုံးထားတယ်လို့ ပြောကြတယ်၊ နောက် ... ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ကုလားဖြူတွေက အဲဒီတောင် ကြောကို မိုင်းနဲ့ခွဲကြရာက 'မိဖုရားဂူ' ဆိုတဲ့ ကျောက်ဂူကြီး တွေ့ခဲ့တယ် ဆိုပဲ၊ နောက်ပြီး ... အဲဒီမိဖုရားဂူတစ်ဝိုက်မှာလည်း တစ်ခါတလေ ရွှေဒင်္ဂါးပြားတွေ တွေ့ကြရတယ်လို့ လူကြီးသူမတွေ ပြောသံကြားခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



တယ် ဗိုလ်လေးရဲ့''

ကျောက်တံခါးရွာမှ ရွာလူကြီးများ၏စကားကြောင့် ပြည့်
အောင်မှာ ထိတ်ခနဲပင် ရင်ခုန်သွားပါ၏။ ပြီးမှ ဟန်မပျက် ရေနွေးကြ
တစ်ခွက်ကို ကောက်ယူလိုက်ပြီး . . .

''အဲဒါဆိုရင် မိဖုရားဂူတောင်မှာ အဲဒီကျောက်ဂူကြီးက ရှိ
တာပေါ့နော်၊ ရွှေဒဂါးတွေတောင် တွေ့ရတယ်ဆိုတော့ ဒီမိဖုရားဂူကြ
ဆီကို ဘယ်သူမှ သွားပြီးမရှာကြဘူးလား''

''အလိုလေးလေ . . . ဒီစကား ဒီမှာတင်ရပ်ပါ ဗိုလ်လေးရယ်
ဖွဟဲ့ အောင်မယ်လေး . . . အဲဒီမိဖုရားဂူတောင်က အားကြီး နတ်ကြ
တယ်၊ နောက်ပြီး မိဖုရားဂူဆိုတာက ဘယ်နေရာမှာ ရှိမှန်းလည်း သိထ
မဟုတ်ဘူး။ ပြီးတော့လည်း . . . မိဖုရားဂူတစ်ဝိုက်မှာ မိစ္ဆာတစ္ဆေကော
ကြီးတစ်ကောင်လည်းရှိတယ်လို့ ပြောကြတယ်၊ မိဖုရားကြီးရဲ့ အစောင့်
ရှောက်လို့လည်း သူတကာတွေ ပြောနေကြတာပဲ ဗိုလ်လေးရေ''

''ဒါတင်ဘယ်ကမလဲ ဗိုလ်လေးရဲ့၊ မိဖုရားဂူတောင်နဲ့ တ
တဘောင်တွေတောင်ရှိခဲ့သေးတယ်၊ ဘာတဲ့ မိဖုရားဂူတောင် လွှ
အောင်ရှောင်၊ မရှောင်နိုင်ခြား မပျော်ပါးနဲ့၊ မိဖုရားဂူထိပ် မအိပ်လေ
အိပ်ရှာအိပ်လေ မမိုက်လေနဲ့ မိစ္ဆာတစ္ဆေကောင် လွတ်အောင်ရှောင်
ဗိုလ်လေးရေ''

''တယ်ဆိုတဲ့ စာပါလားသူကြီးရဲ့ . . . သူကြီးတို့ဆီက စ
အတိုင်းသာဆိုရင် ကျွန်တော်တို့တောင် မိဖုရားဂူတောင်ကို ရှောင်ရမ
ဖြစ်နေပြီ၊ ဟင်း ဟင်း . . . ဆိုထားတဲ့ တဘောင်စာချိုးကလည်
ကြောက်စရာကြီး''



ပြည့်စုံအောင်မှာ ဟန်မပျက်သာ ဆက်လက်၍ ပြောဆိုနေရ
သည်၊ မိဖုရားဂူကြီးထဲတွင် သူကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော
ဖြစ်ရပ်ကြီးက ယခုအချိန်ထိတိုင် အိပ်မက်ဆိုးကြီးတစ်ခုနှယ် ခြောက်
လှန့်နေဆဲပါတကား။

''ဒါကတော့ တစ်မျိုးလေ ဗိုလ်လေးရဲ့၊ မင်းမိန့်အာဏာနဲ့
ဆိုတော့လည်း ဆိုင်ရာပိုင်ရာ အစောင့်အရှောက်တွေက ဗိုလ်လေးတို့
ကိုတော့ နှောင့်ယှက်ကြမယ် မထင်ပါဘူး၊ ဒါပေမဲ့ . . . ဒီကိစ္စတွေက
သူပြောလူပြောတွေလေ၊ ကိုယ်တွေ့ကြုံခဲ့ရတဲ့သူတွေကလည်း သက်ရှိ
ထင်ရှား မရှိကြတော့ဘူး၊ နောက်ပြီး . . . ဒီမိဖုရားဂူဆိုတာကလည်း
ဘယ်နေရာမှန်း ရှိမှန်းလည်း ဘယ်သူမှ မသိကြဘူးဆိုတော့ တစ်ခါ
တလေ ဒဏ္ဍာရီပုံပြင်တွေလား, တကယ်လားဆိုတာ ယုံစားဝေခွဲလို့
တောင် မရနိုင်ဘူး ဗိုလ်လေးရေ''

ထိုနေ့က ကျောက်တံခါးမှ ရွာသူကြီးဦးစောခမ်းလျှံနှင့် ရွာသူ
ကြီးတို့ဖြင့် ပြည့်စုံအောင် အချိန်အတော်ကြာမျှ စကားပြောဖြစ်ကြသည်။
ရွာလူကြီးများအပြန်တွင် ပြည့်စုံအောင်မှာ စခန်းရှိ နို့ဆီ၊ သကြား၊ ငါး
သေတ္တာဘူး၊ အသားဘူးများနှင့် မွေးပွတဘက်ကြီးများကို လက်ဆောင်
အဖြစ် ပေးလိုက်သည်။ စင်စစ် ပြည့်စုံအောင်မှာ သူ၏လုပ်ငန်းခွင်နှင့်
ဆက်စပ်လျက်ရှိသည့် နီးစပ်ရာရွာလူကြီးများမှ တာဝန်ရှိသူကြီးများအား
စည်းရုံးထားခြင်း ဖြစ်သည်။ သို့မှသာ အကြောင်းကြီးငယ်ရှိခဲ့လျှင် ကူညီ
စောင့်ရှောက်ကြမည် မဟုတ်ပါလား။

ထိုနေ့ညနေ ကျောက်တံခါးရွာသူကြီးများနှင့်အတူ မြင်းတစ်
စီးနှင့် ပြည့်စုံအောင် လိုက်ပါလာခဲ့သည်။ ရွာအဝင်တွင် မြင်းညိုကြီးစီးထော

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည့် ပါလီကို ဆေးလွယ်အိတ်တစ်လုံး လွယ်လျက် တွေ့လိုက်ရပါ၏။

အသားဝါဝါ၊ မျက်နှာသွယ်ယောင်ယောင်၊ ပါးအို့လေးများက ရဲရဲနီလျက်။ ဖဲပဝါတစ်ပိုင်းကို ခေါင်းတွင်ပေါင်းထားသဖြင့် ဝဲကျနေသော ဆံနွယ်ရှိုင်းရှိုင်းလေးများမှာ ချွေးစလေးများ တွဲခိုနေကြသည်သို့။ ကြည်လွင်နေသည့် မျက်လုံးအစုံကပင် သောက်ရှူးကြယ်ညီနောင်သဖွယ် လင်းလက်နေပါ၏။

လုံးဝန်းမို့ဖောက်သော ရင်အစုံက ဖျင်အင်္ကျီအောက်မှ ရုန်းကြွထွက်တော့မယောင်။ သေးကျဉ်သောခါးတွင် စည်နှောင်ထားသည့် ခါးစည်းပဝါက လေတွင် တဖျပ်ဖျပ် လွင့်ပျံလျက် မြင်းကုန်းနှီးထက်တွင် ပုံအိကျနေသည့် ကားစွင့်သော တင်သားပုံ့ပုံ့က ရှမ်းဘောင်းဘီပွပွအောက်မှာပင် ကြည့်ကောင်းနေသည်သို့။

"ဟော . . . ဆရာမလေးပါလား၊ ဘယ်ကနေ ပြန်လာတာလဲ ဆရာကြီးရော မပါဘူးလား"

"အဘမပါဘူး ဦးကြီး၊ ဟိုရွာမြောက်ပိုင်းက လူနာနှစ်ယောက်ဆီ ဆေးလာပို့တာပါရှင့်၊ နေညိုနေလို့ ပါလီ ပြန်လိုက်ပါဦးမယ်"

စကားသံဝဲဝဲနှင့် နားထောင်၍ပင် တစ်မျိုးဆန်းနေသလိုလို။ ပါလီမှာ ပြည့်စုံအောင်ထံ တစ်ချက်မျှသာ လှမ်းကြည့်ပြီး နောက်ထပ် မကြည့်ပါလေတော့။ ပြည့်စုံအောင်မှာမူ ပါလီ တစ်ချက်ကြည့်လိုက်တိုင်း ရင်တစ်ခါ လှုပ်ခတ်သွားသည်သို့။

ဘာရယ်မသိ ယခုအချိန်ထိ ပြည့်စုံအောင် ခပ်ရှင်းရှင်း ဝန်ခံရမယ်ဆိုလျှင် ပါလီ၏အကြည့်တစ်ချက်ကို လွမ်းလည်းလွမ်းသည်၊ ကြောက်လည်း ကြောက်သည်။

သူမ၏အကြည့်တစ်ချက်သည် ပဟေဠိပုစ္ဆာပေါင်းများစွာကို ရှင်းဆိုပြနေသည်သို့။

"အိုး . . . ဒီလိုဆို အတော်ပဲပေါ့၊ ဟောဒီက မိုလ်လေးက လည်း စခန်းကိုပြန်မှာဆိုတော့ လမ်းကြုံတာပေါ့နော့၊ မိုလ်လေး . . . ဟောဒါက ဟိုကျောက်မဆင်ရွာက သမားတော်ကြီး ဦးဒိဗ္ဗရဲ့သမီး ပါလီတဲ့၊ ဆရာကြီးနဲ့အတူ ဟောဒီအနီးဝန်းကျင်က ရွာတွေမှာ ဆေးလိုက်ကုပေးနေတယ်လေ၊ ဆရာမလေး . . . ဟောဒါက နတ်သူငယ်တောင်ခြေက သတ္တုတွင်းအင်ဂျင်နီယာလေး ပြည့်စုံအောင်တဲ့၊ ဒါ . . . ရွာထဲကို မလိုက်နဲ့တော့ မိုလ်လေး၊ အပြန်မှာမိုးချုပ်နေမယ်၊ ဒီက ဆရာမလေးနဲ့ပဲ စခန်းကို ပြန်တော့ပေါ့နော့"

"ရတယ် သူကြီး . . . ဒါဆိုရင် ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ဟို . . . မိုင်းခွဲဖြစ်တဲ့နေ့ကျတော့ ကျွန်တော်အကြောင်းကြားလိုက်ပါ့မယ်"

ကျောက်တံခါးရွာသူကြီး ဦးဘခမ်းလျှံ၏ကောင်းမှုဖြင့် ပြည့်စုံအောင်မှာ နတ်သမီးချောလေးတစ်ပါးနှင့်အတူ မြင်းအတူတူ ယှဉ်တွဲ၍ စီးခွင့်ရရှိခဲ့သည်။ နုပျိုလှပငယ်ရွယ်သလောက် ချောမောပြေပြစ် တင့်တယ်သော မိန်းမချောလေး ပါလီ။

(အကျည်းတန်များပင် ချောမောလှပါလာသည်) ဟုပြောကြသည့် နေဝင်ဆည်းဆာ၏ နေခြည်အလင်းက ရွှေအိုရောင်လို ဝင်းလက် တောက်ပနေချိန်တွင် ကြီးမားလှသောမြင်းညိုကြီးတစ်ကောင်ကို နိုင်နင်းကျွမ်းကျင်စွာ စီးနင်းနေသည်မှာ တောင်းကင်ဘုံမှ နတ်သမီးတစ်ပါး လူ့ပြည်သို့ ဆင်းသက်လာလေသည်လားဟူ၍ ထင်မှတ်လောက်အောင်ရှ

www.burmeseclassic.com

www.burmeseclassic.com



ပင်တည်း။

"ဩော် . . . ပါလီ . . . ဟို ကျောက်မဆင်ရွာက တော်တော
ဝေးသလား။ နေတောင် . . . တော်တော်စောင်းနေပြီ"

"ဟို . . . ဟို . . . နည်းနည်းအလှမ်းဝေးပေမယ့် မြင်းနဲ့
သွားရင်တော့ နာရီဝက်လောက်ပဲ ကြာမှာပါရှင့်၊ ဒါ့ထက် . . . ရှင့်
တစ်ခုလောက်တော့ အကြံပေးချင်တယ်၊ အဲဒါက . . . ဟို . . . ရှင့်ဆီမှ
ရှိနေတဲ့ ရွှေဒင်္ဂါးပြားကိစ္စပဲ၊ တိုတိုပြောရရင် ရှင်ဘယ်လိုပဲပြောပြော
ဒီရွှေဒင်္ဂါးပြားကို ရှင် ဘယ်ကနေရလာခဲ့တယ်ဆိုတာ အဘက သိ
တယ်နော်၊ အဲဒီတော့ . . . ရှင် ဒီနယ်မြေကနေ အမြန်ဆုံး ရှောင်ထွ
သွားပါ၊ အဲဒါ . . . ကျွန်မ ရှင့်ကို နောက်ဆုံးသတိပေးခြင်းပဲ၊ ကဲ . . .
သွားပြီ"

ပါလီမှာ ပြည့်စုံအောင်အား ပြောချင်ရာများ တတွတ်တွတ်နှ
ပြောဆိုလိုက်ပြီး သူ၏မြင်းကို မြေနီလမ်းကြောလေးအတိုင်း အပြ
စိုင်းနှင်သွားပါလေတော့သည်။

"ဘာလဲဟ . . . ဒီမိန်းမချောလေးရဲ့စကားက တစ်မျိုးပဲ"

ဟုတ်သည်။ ပါလီဆိုသော မိန်းမချောလေးနှင့် ဆုံတွေ့မိတို
သူနားမလည်နိုင်သော ပဟေဠိပေါင်းများစွာနှင့်သာ ရှုပ်ထွေးမွှေလီ
ပါ၏။ ယခုပင်ကြည့်၊ ရွှေဒင်္ဂါးပြားကိစ္စအတွက် ဤနယ်မြေမှ အမြန်ဆုံ
ထွက်ခွာသွားရန် သတိပေးနေပြန်ပါသည်ကော။

ခေါ်းဆရာမလေးပါလီက ဘယ်လိုလဲ၊ သမားတော်ကြီး ဦးဖိ
နှင့် တခွေမိုပုရားဂူကြီးထဲမှ ရရှိလာခဲ့သော ရွှေဒင်္ဂါးပြားများက မည်ကဲ့သို
သက်ဆိုင်နေပါသနည်း။



တကယ်တော့ ဤကိစ္စသည် အံ့မောင်တစ်ယောက် မနေနိုင်
ဆိုင်နိုင် ပါးစပ်သေ့မိခဲ့ရာမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲပြဿ
နာသာဖြစ်သည်။ ဦးဖိုးထီ တခွေမိုပုရားဂူကြီးထဲတွင် သေအံ့မူးမူး
ဖြစ်နေစဉ်က မှာကြားခဲ့သော စကားသံများကို ပြည့်စုံအောင် ပြန်လည်၍
ကြားယောင်လာမိသည်။

"ဒီမှာကောင်လေး၊ . . ဒီတခွေမိုပုရားဂူကြီးကို . . ဖေ့ . .
သားလိုက်တော့၊ ဒီနေရာကိုလည်း နောက်ကို ဘယ်တော့မှ မလာခဲ့နဲ့
. . ဒီအကြောင်းတွေကိုလည်း ဘယ်သူ့ကိုမှ ထုတ်ဖော်ပြီး မပြောမိစေနဲ့
ကောင်လေးရေ"

တကယ်တော့ . . . ဦးဖိုးထီသည် လူကြီးတစ်ယောက်ပီပီ
ရှေ့နောက် အမြော်အမြင်ကြီးလွန်းသူဖြစ်သည်။ တခွေမိုပုရားဂူ သို့မ
ဟုတ် မကောင်းဆိုးဝါးကျောက်ဂူကြီးထဲမှ အနိဌာရုံအဖြစ်ဆိုးများနှင့်
ရှင်ဘုန်းတော်၏လက်ထဲမှ ရွှေဒင်္ဂါးပြားသုံးပြားတို့ကို ဆက်စပ်ကြည့်ကာ
ပြည့်စုံအောင်အား သေချာစွာမှာကြားခဲ့ခြင်း ဖြစ်သည်။

ဟုတ်သည်။ စင်စစ် သူတို့မျက်စိလည် လမ်းမှားကာ ရောက်ရှိ
သွားခဲ့သော ပါးစပ်ရှောရိထဲမှ တခွေမိုပုရားဂူကြီးသည် မမြင်နိုင်သော
အန္တရာယ်များနှင့် ပြည့်နှက်နေသော မရဏာခံတွင်းကြီးတစ်ခုနှယ်။

ရွှေဒင်္ဂါးပြားများ ရယူလိုစေနှင့် လောဘမက်ကာ ဗွတ်ဘရွတ်
ဝင်ခဲ့မည်ဆိုလျှင် ကျောက်မဆင်ရွာမှ မုဆိုးထွန်းစောနှင့် ဖိုးမှင်တို့
ကဲ့သို့ အဖြစ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ရမည်မှာ မလွဲပါတည်း။

ဝင်လုဆဲနေလုံးနီနီကြီးပင် ရှမ်းရိုးမတောင်တန်းကြီးများထက်
၌ တစ်ဝေဝေစ မေးတင်ခိုနားမြွေနေပါပြီ။ မြင်မှာမှာဆိုင်းနေသည်

www.burmeseclassic.com

www.burmeseclassic.com

ကညင်ပင်ကြီးများ နှင့်ညောင်မုတ်ဆိတ်ပင်တန်းတို့အကြားတွင် အိပ်တန်းလုနေကြသည့် ကျေးငှက်အော်သံများက တကျည်ကျည်နှင့် ရူညံနေကြသည်။

မြင်းညိုကြီးပေါ်တွင် ကိုယ်ကို ဖျော့လျက် အလိုက်သင့် စီးရင်း အတွေးဝင်ပါတွင် လွင့်မျောနေမိသည့် ပြည့်စုံအောင်ခမျာ ညောင်မုတ်ဆိတ်ပင်တန်းကြီးအောက်မှ အဖြတ် ...

ရှုတ်တရက် ညောင်မုတ်ဆိတ်ပင်ကြီးပေါ်မှ အရိပ်မည်းကြီးများ တရွန်းရွန်းနှင့် ပြိုင်ဆင်းကျလာကြသည်ကို ရိပ်ခနဲ ရိပ်ခနဲ မြင်တွေ့လိုက်ရပြီးသည်နှင့် တစ်ချိန်တည်းမှာပင် သူ၏ဦးခေါင်းပေါ်သို့ ဝုန်းခနဲ ပြိုကျသလို ခံစားလိုက်ရပြီးနောက် သတိလစ်မေ့မြောသွားပါလေတော့သည်။

● ● ●

## အခန်း (၁၀)

### မင်းသားမျက်နှာဖုံးအောက်မှ ဘီလူးမျက်နှာ

ပေါ်နန်းကုန်း ...။

နမ့်ခမ်းမြို့အဖျားရှိ ပေါ်နန်းကုန်းသည် ခွန်ပစ်ဥယျာဉ်စိုက်ခင်းများ ကြီးမားသော နှစ်ရှည်ကညင်ပင်၊ ကျွန်းပင်၊ မျောက်ချောပင်၊ ဝိန္နပင်ကြီးများဖြင့် နေမြောက်မထိုးနိုင်လောက်အောင်ပင် ညို့မှိုင်း၊ အုပ်ဆိုင်းလျက်ရှိပါ၏။

ထိုအတွင်း ပေါ်နန်းကုန်းထက်ရှိ ကျောင်းကျောက်များဖြင့် ခံတိုက်ကြီးတစ်ခုဆန်းဆန်း ဆောက်လုပ်ထားမှုသည့် 'ပေါ်နန်းစံအိမ်ကြီး'မှာလည်း ခွန်ပယ်ခိစံထားရသည်မှာ အနှစ်နှစ်ဆယ်နီးပါးခန့် ရှိခဲ့ပြီ ဖြစ်ပါလား။ ဝေသစ်ရှာသူရှာသားများ၏အဆိုအရမူ ပုပ္ပါးနိမ့်ပြီ ... အစွေထော်ခံသူများသည် ပုပ္ပါးကြီး ဝမ်းဝေသောဟုန်၏ရောပ ပြဿနာ ... ရှုး ... ဝိတ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခဲ့ကြခြင်း ဖြစ်သည်။

ဘာကြောင့်ဟူ၍ တိတိကျကျ ရေရေရာရာ မသိရသော်လည်း နောက်ပိုင်းတွင် ဟော်နန်းဆောင်ကြီးတွင် သရဲခြောက်သည်ဟူသော သတင်းက ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့သည်။

မယုံကြည်သူများ ထိုဟော်နန်းဆောင်ကြီးသို့ သွားကြည့်ကြသေးသည်။ ဟုတ်သည် ... ဟော်နန်းဆောင်ကြီးပေါ်မှ ညည်းညူ ငိုယိုသံကြီးများ၊ တက်ခေါက်သံများ၊ လူတစ်ယောက်မျှ မရှိပါဘဲနှင့် ခြေသံများကြားရခြင်းနှင့် ရုပ်ရှင်ရုံထဲသို့သလို ဟော်နန်းဆောင်၏ ဝရန် တာတွင် ဆံပင်ရှည်ဖားလျားချထားသည့် ဝတ်ရုံဖြူဝတ်မတစ်ကောင် ကိုလည်း တွေ့ကြရသည်ဟု ဆိုကြသည်။

ထို့ကြောင့် 'ဟော်နန်းကုန်း' ဘက်သို့လည်းကောင်း၊ ဟော်နန်း ဆောင်ကြီးရှိရာသို့လည်းကောင်း မည်သူမျှ သွားရောက်ကြခြင်း မရှိကြ ပါလေတော့။

မလွဲမကင်းသာ၍ ဖြတ်သွားဖြတ်လာသွားကြရလျှင်လည်း ဟော်နန်းဆောင်ကြီးရှိရာဘက်သို့ မကြည့်ဘဲ မျက်နှာလွှဲကာ ခပ်သုတ်သုတ် သွားလာကြရသည် မဟုတ်ပါလား။ သို့သော် ...

ယခုမူ ထိုနာမည်ကြီးလှသော ဟော်နန်းဆောင်ကြီးရှိရာ ဟော် နန်းကုန်းထက်တွင် အရိပ်မည်းတစ္ဆေကောင်ကြီးများက တိတ်တဆိတ် လျှို့ဝှက်စွာ လှုပ်ရှားနေကြပါချေ၏။ ပထမ မြင်းကိုယ်ပီစီနှင့် အနောက် ဘက်လျှိုကြီးထဲမှ တိတ်တဆိတ် ဝင်ရောက်လာကြပြီးနောက် ချုပ်နှောင် ၍ခေါ်လာခဲ့ပါနိုတူသည့် လူတစ်ယောက်ကို မျက်နှာတွင် အဝတ်နက် စည်းကာ 'ဟော်နန်းဆောင်' ကြီးရှိရာသို့ တွန်းတိုက်၍ ခေါ်လာခဲ့ကြသည်။



စင်စစ် ... ဟော်နန်းဆောင်ကြီးတွင် လျှို့ဝှက်မြေအောက် ခန်းတစ်ခု ရှိသည်။ ထိုမြေအောက်ခန်းသည် တစ်နေရာသို့ လျှို့ဝှက်ဥမင် လမ်းကြောင်းရှည်ကြီးဖြင့် ဆက်သွယ်ဖောက်လုပ်ထားပါ၏။ မည်သည့် ခုနှစ်က မည်သူက ဖောက်လုပ်ခဲ့လေသည်မသိ။ ယခု ထိုဥမင်လှိုဏ် ခေါင်းနှင့် မြေအောက်လျှို့ဝှက်ခန်းကို ဆေးဆရာကြီး ဦးဒိဗ္ဗတို့က အသုံးပြုနေပါချေ၏။

ကျောက်သားနံရံကပ် ဆီမီးတိုင်များက မြေအောက်ခန်းကြီး တစ်ခုလုံးအား လင်းလင်းချင်းချင်း ရှိနေစေပါ၏။ ခန်းမကြီးအတွင်းရှိ ကျောက်စားပွဲကြီးထိပ်ရှိ ခြူးပန်းကနုတ်များဖြင့် ထွင်းထုထားသည့် မဟော်ဂနီထိုင်ခုံကြီးထက်တွင် အသက်ငါးဆယ်ကျော်ခန့်ရှိ သမားတော် ကြီးဦးဒိဗ္ဗက ရှေ့ကိုင်းမျက်မှန် တဝင်းဝင်းနှင့် တည်ငြိမ်စွာ ထိုင်လျက် ရှိသည်။ သူ၏ရှေ့မှာတော့ ပေပုရပိုက်ချပ်များက စီစီရီရီနှင့်။ ထိုပေပုရ ပိုက်ချပ်များထဲမှ အနက်ရောင်ပုရပိုက်ချပ်တစ်ခုကို ဦးဒိဗ္ဗက မှန်ဘီလူး ပေါ်တစ်လက်နှင့် သေချာစွာ ကြည့်ရှုနေပါ၏။

ထိုစဉ် ကတုံးဆံတောက်နှင့် အသက်သုံးဆယ်ကျော်ခန့်ရှိသည့် ဦးဒိဗ္ဗ၏တပည့်တစ်ယောက် ခန်းမကြီးထဲသို့ ဝင်ရောက်လာသည်။ ထို နောက် ကျောက်စားပွဲကြီးထိပ်တွင် ပုရပိုက်တစ်ချပ်ကို စိတ်ဝင်တစား ကြည့်နေသည့် ဦးဒိဗ္ဗအနီးသို့ ရိုကျိုးစွာဖြင့် ကပ်လာပြီး –

"ဆရာကြီး ... ဗလကြီးအိုက်ခမ်းတို့ ပြန်လာကြပြီ၊ ဟို ... ကောင်လေးရောပါလာတယ် ဆရာကြီး"

သတင်းပို့လာသူ၏စကားကြောင့် ဦးဒိဗ္ဗမှာ ဖတ်လက်စ ပုရပိုက် အနက်ကို စားပွဲပေါ်ရှိ သေတ္တာအနက်လေးထဲတွင် သေချာသိမ်းဆည်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် သူ၏အိတ်ကပ်ထဲမှ ဝင်းလက်တောက်ပြောင်နေသည့် 'ရွှေဒင်္ဂါးပြားတစ်ပြား' ကို ထုတ်ယူလိုက်ပြီး ကျောက်စားပွဲပေါ်တွင် တင်ထားလိုက်သည်။

ထိုစဉ် မြေအောက်ခန်းတံခါး ပွင့်လာပြီး ထိုတံခါးပေါက်မှ ဗလကြီးအိုက်ခမ်းတို့လူစု လက်ပြန်ကြိုးတုပ်နှောင်ထားပြီး မျက်လုံးမှ ရာတွင် အဝတ်နက်ပိုင်းဖုံးအုပ်စည်းနှောင်ထားသည့် လူရွယ်တစ်ယောက်နှင့်အတူ ဝင်ရောက်လာကြသည်။ သူတို့ဖမ်းဆီးခေါ်ဆောင်လာသူမှာ သမ္ဘုတွင်းအင်ကျင်နီယာလေး ပြည့်စုံအောင်ပင် ဖြစ်ပါလေ၏။

ထိုစဉ် လူတစ်ယောက်က ပြည့်စုံအောင်၏မျက်လုံးကို စည်းထားသည့် ပဝါကို ဖြုတ်ပေးလိုက်သည်။ ပြည့်စုံအောင်မှာ ရုတ်တရက်မျက်လုံးများ ပြာဝေလျက် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရ။ အတန်ကြာမူးဝေနေသည့်ခေါင်းကို ရမ်းခါလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

သူ၏ရှေ့မှ မြင်နေရသူကတော့ သမားတော်ကြီး ဦးဖိုးမှုံပင် ဖြစ်ပါ၏။ စူးရဲတောက်ပသော မျက်လုံးများက သူ၏ရွှေကိုင်းမျက်မှန်အောက် ဖောက်ထွက်ကျလာတော့မည့်ကဲ့သို့။ သူ၏သွင်ပြင်မှာ ယခင်ငြိမ်ချမ်းတည်ကြည်သော သမားတော်ကြီးဦးဖိုးမှုံ၏ သွင်ပြင်မျောက်ကွယ်လျက် ကျားရိုင်းတစ်ကောင်နှယ် တွေ့မြင်နေရသည်လား။

ထိုအခိုက် ဦးဖိုးမှုံက သူ့ရှေ့ကျောက်စားပွဲပေါ်မှ ရွှေဒင်္ဂါးပြားကိုကောက်ယူလိုက်ပြီး ပြည့်စုံအောင်ရှေ့သို့ ပစ်ချလိုက်သည်။

'ချွင် .. ချွင် .. ထန်း'

ရွှေဒင်္ဂါးပြားလေးက လောဝါးပတ်ခန့်လည်ကာ ပြည့်စုံအောင်



ခြေထောက်နှစ်ချောင်းကြားတွင် လိမ့်ကာလိမ့်ကာနှင့် ရပ်သွားပါ၏။

"အဲဒီရွှေဒင်္ဂါးပြားကို မင်း ဘယ်နေရာက ရတာလဲ"

ပြည့်စုံအောင် လက်ရှိအခြေအနေကို ရိပ်စားမိလိုက်သည်။ ဝင်စစ် သမားတော်ကြီးဦးဖိုးမှုံသည် အယောင်ဆောင်မျက်နှာဖုံးတစ်ခု လောလားဟုပင် ထင်မှတ်မှားစရာပင်။ သူ့ခေါင်းခေါင်းကို ရှာဘာမိုက်လုံးဖြင့် မေ့အောင်တီးပြီး ယခုကဲ့သို့ အဓမ္မခေါ်ဆောင်လာခြင်းသည် တစ္ဆေမီဖုရားဂူမှ ရွှေဒင်္ဂါးပြားကြောင့်ဖြစ်ကြောင်း သိလိုက်ရပါချေပြီတည်း။

ယခုကဲ့သို့သော လူမဆန်သည့်အဓမ္မအမှုအကျင့်ကို ပြည့်စုံအောင် ငယ်စဉ်ကတည်းက မနှစ်မြို့ကျ်ခဲ့။ လက်သင့်လည်း မခံပေ။ သူကိုယ်တိုင်လည်း မည်သူ့အပေါ်မျှ မတရားမလုပ်။ သူ့တစ်ပါး အနိုင်အထက်ပြုကာ အဓမ္မတရားလုပ်လျှင်လည်း ခေါင်းငုံ့ခံတတ်။ သည်လိုအကျင့်စရိုက်က ပြည့်စုံအောင်၏ မွေးရာပါသဘောဗီဇပင် ဖြစ်ပါ၏။

ထို့ကြောင့် ဦးဖိုးမှုံ၏လောဘနှင့် ချည်နှောင်သည့် မေးခွန်းကို မဖြေ။ တုံးဆိဘာဝေ ဆိတ်ဆိတ်သာနေလျက်။ သို့သော် ... ထိုကဲ့သို့ ဆိတ်ဆိတ်နေမိသည့်အတွက် ဦးဖိုးမှုံ၏တပည့်များက လက်စွမ်းပြကြတော့သည်။

'ဖောင်း .. ဖုတ် .. ဖောင်း'

ဗော်ရိုးတွင် မှုခနဲပြစ်သွားပြီး နံကြားကို ဒိန်ဒိုင်းဖြင့် အကန်ခံလိုက်ရသဖြင့် ပါးစပ်မှ လေများပင် ရှူးခနဲထွက်သွားကြသည်။

"တော့ကောင် ... မင်းကို မေးနေတယ်လေ ဘာ ... ကောင်းကောင်းမဖြေချင်ဘူးလား ပြောစမ်း ... ဒီဒင်္ဂါးပြား မင်းဘယ်ကရခဲ့သလဲ ... ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဗလကြီးအိုက်ခမ်းက ပြည့်စုံအောင်၏ရှေ့သို့ ဘွားခနဲ ရောက်လာပြီး ဆံပင်ကို နောက်လှန်ဆွဲကာ မေးလိုက်သည်။

"ဟောကောင် . . . ပြောလေကွာ"

ပြည့်စုံအောင်က အသက်ကိုပြင်းစွာရှူရှိုက်နေရသည့်ကြားမှ ဗလကြီးအိုက်ခမ်း၏မေးခွန်းကို မဖြေဘဲ ထိုသူ၏ပေါင်ကြားထဲသို့ ပြည့်စုံအောင် ဆောင့်၍ကန်ထည့်လိုက်သည်။

'ဖြောင်း . . ခုတ်'

"အီး"

ဗလကြီးအိုက်ခမ်း ပေါင်ကြားကိုလက်နှင့်အုပ်ကာ ဝက်တစ်ကောင်ကဲ့သို့ အော်ဟစ်နေသည်။ သို့သော် ဗလကြီး၏လူများက ပြည့်စုံအောင်အား ဝိုင်း၍ ထိုးကြိတ်ကန်ကျောက်ကြသည်။

'ဖုတ် . . ဖြောင်း . . ခုတ် . . ဖုန်း'

သူတို့၏ဆရာဖြစ်သူအား ပြန်၍ ခုခံတိုက်ခိုက်ခဲ့သည့် ပြည့်စုံအောင်ကို လက်ပြန်ကြိုးတုတ်နှောင်ထားလျက်မှပင် လူရူးလိမ့်လိမ့်မျှနှင့် ဝိုင်းဝန်း၍ နှိပ်စက်ကြပါချေတော့သည်။ မကြာမီ . . . ပြည့်စုံအောင်တစ်ယောက် မြေခွေးလူသားများ၏ ဝိုင်းဝန်းကိုက်ခဲမှုကြောင့် ဒုတိယအကြိမ်မြောက် သတိလစ်မေ့မြောသွားပြန်ပါတော့သည်။

"ရှင်တို့ လူတွေမှ ဟုတ်သေးရဲ့လားဟင်၊ ကြိုးအထပ်ထပ်တုပ်ထားတဲ့လူတစ်ယောက်ကို ရှင်တို့လေးငါးယောက်က ဝိုင်းပြီး ခွေးလိုနွားလို ကန်ကျောက်နှိပ်စက်နေကြတာ . . . ခုချက်ချင်း ရပ်စမ်း"

အခန်းတံခါးဝသို့ အပြေးအလွှားရောက်ရှိလာပြီး ခပ်မာမာ အော်ဟစ်ငေါက်ငန်းလိုက်သည့် ပါလီ၏ဟန့်တားမှုကြောင့် ဗလကြီး



အိုက်ခမ်းတို့လူစု တန့်သွားကြသည်။ ပါလီက ဦးဒိဗ္ဗရှိရာ ကျောက်စားကြီးဆီသို့ လျှောက်သွားပြီး ခါးကိုတင်းတင်းထောက်ကာ သမားတော်ကြီးဦးဒိဗ္ဗအား စိမ်းစိမ်းကြည့်လိုက်ရင်း။

"ဒီတစ်ခါတော့ အဘ မတရားဘူး၊ လုံးဝကို မတရားဘူး၊ ဒီကိစ္စကို ချက်ချင်းရပ်လိုက်ပါ အဘ"

ပါလီ၏စကားသံကြောင့် ဦးဒိဗ္ဗ ကျောက်စားပွဲကြီးမှ ဝုန်းခနဲ ထရပ်လိုက်သည်။ သူ၏ ရူးရဲဝင်းလက်သည့် မျက်လုံးအစုံကလည်း ပါလီကို စိမ်းစိမ်းရူးရူးကြည့်လျက် ရင်အစုံက ဒေါသအရှိန်ကြောင့် ဖားဖိုကြီးကဲ့သို့ နိမ့်ချည်မြင့်ချည်နှင့်။

မျက်လုံးနှစ်စုံက ရူးရူးနှစ်နှစ်ဖြင့် အတန်ကြာမျှ အားပြိုင်နေကြသည်သို့။ မြေအောက်ခန်းမကျယ်ကြီးတစ်ခုလုံး အပ်ကျသံပင် ကြားရလုမတတ် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ စက္ကန့်များမှသည် မိနစ်ဆီသို့။

တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်။

နောက်ဆုံး ဦးဒိဗ္ဗတစ်ယောက် သူ၏အကြည့်ရူးရူးကို ရွှဲဖယ်ကာ အခန်းထဲမှ ခြေသံပြင်းပြင်းနှင့် ထွက်ခွာသွားပါတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



လောကတွင်

လောဘသည် ရှိ၏။

ထိုလောဘသည်

မိမိကိုယ်ကိုလည်းကောင်း

တစ်ပါးသူကိုလည်းကောင်း

ကူးစက်လောင်ကျွမ်းတတ်သော သဘောရှိ၏ . . . ဆိုသော အတိပေး လင်္ကာတစ်ပုဒ်ကို စာတစ်အုပ်၌ ပါလီ ဖတ်ခဲ့ဖူးသည်။ ယခု ထိုဖတ်ခဲ့၊ မှတ်ခဲ့ဖူးသော လင်္ကာမှ စာပိုဒ်များသည် လောဘသားကြီး ဦးဒိဗ္ဗမှတစ်ဆင့် သူတို့အား ကူးစက်လောင်ကျွမ်းခဲ့ချေပြီထင့်။

သို့သော် . . . ဦးဒိဗ္ဗနှင့်မတူညီသည်က ဦးဒိဗ္ဗသည် ထို 'လောဘမီးလျှံ'ကို 'ရွှေသရဖူ'တစ်ခုနှယ် မြတ်မြတ်နိုးနိုးနှင့် ဆွေ့ဖက်ထားသူဖြစ်ပြီး ပါလီနှင့်ပြည့်စုံအောင်တို့ကမူ လောဘမီးလျှံ၏ မှုလောင်မှု အစက်ကို ခံစားသိရှိကြသည်။

ထို့ကြောင့် ထိုလောကကွန်ခြာအောက်မှ ရုန်းထွက်လွတ် မြောက်ရန် ကြိုးစားကြသည်။ သို့သော် ကံကြမ္မာသည် ပါလီနှင့်ပြည့်စုံအောင်တို့ ဘက်သို့ အလေးမသာခဲ့။ မျက်နှာလွှဲခြင်းသာခံခဲ့ကြရသည် မဟုတ်ပါလား။

နောက်ဆုံးတော့ ပါလီတစ်ယောက် မျက်နှာငွမ်းငွမ်းနှင့် သက် ပြင်းမောတစ်ခုကိုသာ တိုးတိုးတိတ်တိတ် ချလိုက်မိပါတော့သည်။ ပြီးမှ ယခုတိုင် သတိလစ်မေ့မြောနေဆဲဖြစ်သော ပြည့်စုံအောင်၏ အညို အမည်းစွဲနေသည့် ဘယ်ဘက်နံကြားအား ဆေးရေနှင့်ကော ဆေးတိတ်တိတ်ဖြင့် ညည်းပေးလိုက်သည်။

အခန်း (၁၁)

မန်းမွှင့်ဖုံးထားသည့် မားသွားပေါ်မှ ပျားရည်စက်များ

သူ့မျက်နှာကို ပါလီ တမေ့တမော စိုက်ကြည့်နေမိသည်။ သူမ စိုက်ကြည့်နေရင်းမှပင် သူမ၏ရင်တွေ တဒိတ်ဒိတ်နှင့် လှုပ်ခါနေ သည်သို့၊ အသားအရည်က ညိုမောင်းစိုပြေသလောက် ယောကျာ်းပီသ သော မျက်နှာထက်တွင် ဒဏ်ရာအညိုအမည်းတို့က စွဲစွဲထင်ထင် ရှိနေ ကြသည်။

ရေနွေးစိမ်ထားသည့် တဘက်ဖြူပိုင်းလေးကို ပါလီ ရေညှစ် လိုက်သည်။ ထို့နောက် သူ့မျက်နှာမှဒဏ်ရာ အညိုအမည်းများအား ရေနွေးတဘက်ပိုင်းလေးနှင့် အသာအယာ ဖိအုပ်ပေးနေမိသည်။ တကယ်တော့ သည်အင်ကျင်နီယာလေးသည် ဦးဒိဗ္ဗ၏ လောဘဝက်ပါ ထဲသို့ မျက်စိလည်လမ်းမှားကာ ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါချေ၏။

www.burmeseclassic.com

ပတ်တီးစည်းနှောင်ပေးနေရင်းမှ ပြည့်စုံအောင်၏မျက်နှာ ညှိုးညှိုးအား ဒုတိယအကြိမ် စေ့စေ့စူးစူး ကြည့်လိုက်ပါသေး၏။ စိမ်းမြမြ ပါးမြိုင်းမွေး နှုတ်ခမ်းမွေးများနှင့် ပိရိညီညာသေသပ်သော နှုတ်ခမ်းအစုံ၊ အဆီပိုမရှိသော ကျစ်လျစ်မြင့်မားသော ခန္ဓာကိုယ်အချိုးအစားက အပျို မလေးပါလီ၏ရင်ကို တသိမ့်သိမ့် လှုပ်ခတ်စေလေသည်သို့။

ညနေက ကျောက်တံခါးမှအပြန် လမ်းခုလတ်တွင် မြင်းခြင်း ယှဉ်တွဲစီးခဲ့စဉ်က သူမ၏ဝေ့လယ်လယ် သတိပေးစကား ပုပ္ပနွေးနွေး မှာဝင် သူ့အတွက် အန္တရာယ်က စောစီးစွာပင် ကျရောက်သွားခဲ့ပါချေပြီ ကော။ ပါလီတစ်ယောက် ယခုမှ ဆုတ်လည်းစူး၊ စားလည်းရှူး ဘဝသို့ ရောက်ရှိလာခဲ့ရသည်။

သူ ဘာလုပ်ရမည်နည်း။ ဤသို့သော လောဘတဏှာကောင် များနှင့် လမ်းခွဲလိုက်ရလေမည်လား။ သို့တည်းမဟုတ် လောဘကျွန်ဘဝ အောက်မှ ရုန်းထွက်ရလေမည်လား။ ထိုအချိန်အထိ သူ သို့မဟုတ် သူမသည် အသက်ရှင်ရပ်တည်နိုင်ပါမည်လား။

ပါလီတစ်ယောက် ပြည့်စုံအောင်အား ဆေးကုသမှုများ ပြုလုပ် ပေးနေရင်း ပဟေဠိ (လား) ပေါင်းများစွာက ရင်ထဲတွင် မွှေလီရှုပ်ထွေး လျက်။

ထိုအချိန်တွင် ပါလီ၏အခန်းတံခါးက ကျွိခနဲမြည်ကာ အခန်း ထဲသို့ ဗလကြီးအိုက်ခမ်း ပိုင်စိုးပိုင်နင်း ဝင်ရောက်လာပြီး . . .

"မပြီးသေးဘူးလား ပါလီ၊ ဆရာကြီးက ခေါ်နေပြီ၊ ငါးမိနစ် အတွင်း သူ့အခန်းကို အရောက်လာခဲ့ပါတဲ့၊ ဟွန်း . . . သေရမယ့်လူ ကိုများ ညည်းမို့ ကြိုကြိုဖန်ဖန် ဆေးကုပေးနေသေးတယ် . . . ဖွမ်း"



'ဖြန်း'

မြန်လိုက်သည့်ဖြစ်ခြင်း။ ဗလကြီးအိုက်ခမ်းက ပါးစပ်ထဲမှ ကွမ်းကို ဖွမ်းခနဲထွေးထုတ်လိုက်စဉ် ပါလီ၏ညာလက်ဖဝါးက ဗလကြီး၏ မျက်နှာအား ဖြတ်၍ ရိုက်ချလိုက်သည်။

"မှတ်ထား . . . အဲဒါ နင့်ရဲ့လူမဆန်တဲ့ စရိုက်နဲ့ မလိုအပ်ဘဲ နှိပ်စက်မှုအတွက် ငါပေးလိုက်တဲ့ လက်ဆောင်ပဲ၊ သူသာ မတော်တဆ သေသွားခဲ့ရင် နင်တို့ ဘာဆက်လုပ်ကြမလဲ"

ပါလီ၏ မီးတောက်လုမတတ်ဖြစ်နေသည့် ဒေါသမျက်လုံးများ ကို ဗလကြီးအိုက်ခမ်း ရင်မဆိုင်ဝံ့။ ချာခနဲလှည့်ကာ အခန်းထဲမှ ထွက် သွားခဲ့သည်။ ထိုစဉ် . . . ပြည့်စုံအောင်၏နှုတ်ခမ်းအစုံက တဆတ်ဆတ် လှုပ်ခတ်လာသည်သို့။ ထို့နောက် တဖြည်းဖြည်း လှုပ်ရှားလာပြီး တိုးတိမ် ပါးလျားလွန်းသော ညည်းတွားသံ သဲ့သဲ့နှင့်အတူ စကားလုံးအချို့ ထွက် လျှံကျလာခဲ့သည်။

"ဟင်း . . အီး . . ဟင်း . . ပါ . . ပါလီ၊ ပါလီ့ကို . . ချစ် . . ချစ်တယ်"

ပြည့်စုံအောင်၏ရင်ဘတ်ထဲမှ တိုးဖော်ထွက်လျှံကျလာသည့် တိုးတိမ်ပါးလျသော နှလုံးသားပေါက်ကွဲသံစဉ်လေးက ပါလီ၏ နှလုံး အိညက်သော နှလုံးအိမ်အတွင်းသို့တိုင် စူးနစ်စွာ ထွင်းဖောက်ဝင်ရောက် သွားလေသည်လား။

❋

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ် ပြည့်စုံအောင် တစ်ရေးနိုးလာတော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်မှုတို့ကသာ ကြီးစိုးမင်းမူနေပါချေ၏။ တစ်နေရာဆီမှ တစ်ပေါက်ပေါက်နှင့် ရေစက်ကျသံသဲ့သဲ့တို့သာ နားရိပ်စည်းချက်မှန်မှန် ကြားနေရသည်။ ကျောက်သားနံရံတွင် စိုက်ထားသည့် ဆီမီးတိုင်၏အလင်းပင် အားပျော့လျက် ရှိပါပြီ။

အေးစက်စက်ကျောက်သားပြင်တွင် ခင်းထားသည့် ကျူရှားတစ်ချပ်ပေါ်တွင် သူ လဲလျောင်းအိပ်ပျော်သွားခြင်းဖြစ်သည်။ ပြည့်စုံအောင် အနည်းငယ်လှုပ်ရှားလိုက်သည်နှင့် မျက်နှာပေါ်မှ စပ်ဖျင်းဖျင်းအရသာနှင့်အတူ ဘယ်ဘက်နံကြားတွင် စူးခနဲအောင့်သွားခြင်းတို့ကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

'အီး . . ကျွတ် . . ကျွတ် . . ကျွတ်'

ပြည့်စုံအောင် အသံထွက်အောင် ညည်းတွားလိုက်ရင်း လဲလျောင်းနေရာမှ နံရံကို ကြိုးစား၍ မှီထိုင်လိုက်သည်။ တော်သေးသည်။ ခြေလက်များက လှုပ်ရှား၍ရနေသေးသည် မဟုတ်ပါလား။

"အား ကျွတ် ကျွတ် . . . တော် . . တော်သေးတယ်၊ မောင်မင်းကြီးသားတွေက ခြေတွေလက်တွေကို ရိုက်ချိုးမသွားလို့ တော်တော့တယ်၊ နံကြားက နည်းနည်းပဲ အောင့်တော့တယ် ပါလီ ပါလီ ပါလီ"

ညည်းတွားသံသဲ့သဲ့နှင့် ပါလီကို အော်ခေါ်ကြည့်မိသည်။ သို့သော် . . . မည်သည့် တုံ့ပြန်သံမှမကြားရ။ ကြည့်ရသည်မှာ ညှိတော်တော်နက်ပြီ ထင်ရသည်။ ခက်သည်က မည်သည့်အချိန်ရှိမှန်းမသိရ။ သန်းခေါင်ကျော်ပြီလား။ မိုးလင်းလုပြီလား။ ဘယ်အချိန် ရှိသွားပြီလဲ။

ပြည့်စုံအောင် ပြန်၍အိပ်မရတော့သဖြင့် အတွေးနယ်ချဲ့နေမိသည်။ သူ၏လက်ရှိအခြေအနေက ကျေနပ်အားရဖွယ်မရှိ။ အပြောင်းအလဲက မယုံကြည်နိုင်စရာကောင်းလောက်အောင်ပင် မြန်ဆန်လွန်းလှသည်။ ပြီးတော့ . . . ခက်မာပြင်းထန်လွန်းသည်။

အရိုးသားဆုံးပြောရလျှင် တည်ငြိမ်နေသော သူ၏ဘဝလေးမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဝရုန်းသုန်းကားနှင့် ဖောက်ထိုးဖောက်ပြန် ဖြစ်သွားခဲ့ရပါချေ၏။ ယခုတော့ ဘုမသိ ဘမသိနှင့် ဓားပြမိုးရာဂူကြီး၏နောက်ဆက်တွဲ အန္တရာယ်ကြားထဲတွင် ပြည့်စုံအောင်မှာ ရာဇဝတ်သားတစ်ယောက် သို့မဟုတ် အကျဉ်းသားတစ်ယောက်နှယ် ကျရောက်နေရပြီ မဟုတ်ပါလား။

သေသေချာချာ စစ်စစ်ပေါက်ပေါက် တွေးကြည့်လျှင် သူ့အတွက် အခိုးအငွေ့များက ဝိုး၍များပြားလှပါ၏။ မိမိတွင် ဘာမျှ အပြစ်မရှိပါဘဲနှင့် သွေးမျက်လုခမန်း ညှဉ်းပန်းနှိပ်စက်မှုများကို အလူးအလဲ ခံခဲ့ရသည်။ အဆိုးဆုံးကိစ္စမှာ မိမိကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ခွင့် မရှိဘဲ လူ့ဘဝမှ ထွက်ခွာသွားရတော့မည့်အဖြစ်ပင်။

သို့သော် . . . ပြည့်စုံအောင် နားမလည်နိုင်တာလား။ သဘောမပေါက်တာလား။ ဉာဏ်မမီတာလား။ မပြောနိုင်တာတစ်ခုတော့ ရှိသည်။ ယနေ့ မနက်ဖြန် ဘယ်နေ့ရယ်မသိ အသတ်ခံရတော့မည့် သူလိုလူ တစ်ယောက်အား အတိုက်အခံပြု၍ ဘာကြောင့်များ ဆေးကုပေးနေပါသနည်း။ ဘာကြောင့်များ အသက်ဆက်ရှင်သန်ခွင့်ပေးနေရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်သည်။ နေ့စဉ် အချိန်မှန်မှန် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် ပါလီဆိုသည့် ပုစ္ဆာဆန်သော၊ ပဟေဠိဆန်သော၊ အသိရခက်သော မိန်းမချောလေးတစ်ဦးက ပြည့်စုံအောင်၏ အဖော်ရာများကို ဆေးထည့်ဆေးလူးပြုစုကုသပေးသည်။ နောက် အသား စွပ်ပြုတ်များနှင့် သောက်ဆေးတချို့ကိုလည်း ဂရုတစိုက် တိုက်ကျွေးပြုစုသည်။

ပထမတော့ မိန်းမချောလေးပါလီနှင့်အတူ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။ စင်စစ် အမှန်ကိုဝန်ခံရမည်ဆိုလျှင် သည့်ရုပ်ဖွေးဖွေးလီလှသော ဇက်ပါထောင်ချောက်ထဲသို့ ကျရောက်မိခဲ့သည်ကိုက စွဲမက်ဖွယ်ရာကောင်းလှသော မိန်းမချောလေး ပါလီ၏ အလှတရားတွင် သာယာယစ်မူးမိခဲ့သောကြောင့်ပင် မဟုတ်ပါလား။

ဤပဟေဠိပုစ္ဆာဆန်သော မိန်းမချောလေးပါလီ၏အကြောင်းကို စဉ်းစားမိတိုင်း သူငယ်ချင်းအံ့မောင်၏ စကားသံများကို ပြန်လည်၍ ကြားယောင်လာတတ်သည်။

"နာမည်က ထူးထူးခြားခြား ပါလီတဲ့ကွ၊ ငါတို့တစ်တွေ ဝေသာလီက အမ္ဗပါလီဆိုတာကို မတွေ့ဖူး၊ မမြင်ဖူးပေမယ့် ဆရာပါရှူရဲ့ကျေးဇူးကြောင့် အမ္ဗပါလီရဲ့ စွဲမက်စရာအလှ၊ အမ္ဗပါလီရဲ့ ဘဝဖြစ်စဉ်တွေဟာ ရင်ထဲမှာ စွဲနစ်နေခဲ့ကြတာ မဟုတ်လား"

"အေး ...ငါ့အထင် ငါ့အမြင်ကိုသာ ပြောရမယ်ဆိုရင် ကျောက်မဆင်က ပါလီဟာ ဆရာပါရှူရဲ့ ဝေသာလီက အမ္ဗပါလီထက်တောင် ပိုပြီးချောလိမ့်မည်ထင်တယ် သူငယ်ချင်းရေ ... ဟင်း ဟင်း ဟင်း၊ ဒါပေမဲ့ ... တစ်ခုတော့ သတိထားကွ၊ သိပ်ပြီးလှတဲ့သူဟာ



သိပ်ပြီးရက်စက်တတ်တယ်၊ ပြီးတော့ ... သိပ်ကြောက်စရာလည်း ကောင်းတယ် သူငယ်ချင်း ... ဟင်း ဟင်း ဟင်း"

ထိုစဉ်က အံ့မောင်ပြောခဲ့သောစကားများက ယခုတော့ သွေးထွက်အောင်ပင် မှန်နေပါချေပြီကော။ ကမ္ဘာပေါ်တွင် အနုသက်ဆုံး၊ အလှဆုံး၊ အချောဆုံး၊ အသိမ်မွေ့ဆုံး မိန်းမချောလေးတစ်ယောက်က ထကယ့်အရုပ်အဖွေးဆုံးနှင့် အကြမ်းတမ်း၊ အရက်စက်ဆုံး၊ သတ်ရဲ ဖြတ်ရဲ သေရဲကြသော လူ့အတ္တကောင်များကြားတွင် ရောထွေးယှက်သက်နေခဲ့သည် မဟုတ်ပါလား။

ဣတ္ထိဝက်၊ နဒီဝင်္က တဲ့၊
မိန်းမဟူသည်၊ နှုတ်မတည်သား
စကားပလီ၊ သောမညီဘဲ
ပြောသည်တစ်ခု၊ ပြုသည်တစ်ထွေ

ဆောင်းလေမွှေသို့ ... ဟူသော အမည်မသိ ရှေးစာဆိုတစ်ဦး၏စာအလင်္ကာကို ပြည့်စုံအောင် ကြားယောင်လာမိသလို စီးပွားရေးသမားအံ့မောင် အရက်ကလေးတွေ့တွေ့နှင့် ဟောပြောခဲ့ဖူးသော 'မိန်းမဦးကာ' ကိုလည်း ပြန်လည်မှတ်မှတ်ထင်ထင် ကြားယောင်နေမိပြန်သည်။

"ဒီမယ် ပြည့်စုံအောင် ... မိန်းမဆိုတာ လှေချိုမြင်းလိုပဲတဲ့ကွ၊ လှေလှော်တဲ့သူ လှော်ခတ်ရာနောက်ကိုသာ ရေစုန်စုန် ရေဆန်ဆန် လိုက်ပါတတ်သလို၊ မြင်းစီးတဲ့သူ ဇက်ကိုင်သလိုသည်းတဲ့သူ သွားလိုရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားသူ ရှိတယ်လို့ ... ဟို ... ဟို ... တဆိုပညာရှင်တွေ ဆိုခဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ခင်းတို့ရဲ့ ပင်ကိုဗီဇသဘောကိုကလည်း မဖြောင့်မမှန်နဲ့ မတည်ငြိမ်ကြဘူး တဲ့ . . . လေ . . . အေ့"

"အေ့ . . . သူငယ်ချင်းရဲ့ နောက်ပြီးတော့ ခင်းတို့မိန်းမတွေဟာ ဆောင်းလေအေးကလေးလိုပဲ ဟိုဘက်က တိုက်လိုတိုက်၊ သည်ဘက် ဆီက ဇွေလိုဇွေ၊ အရှေ့ဆီကနေ ဝဲလိုဝဲ၊ အနောက်ဘက်ကနေ ပတ် တိုက်လိုတိုက်နဲ့ ဘယ်တော့မှ မတည်ငြိမ်ဘူးကွ၊ အေ့ . . . ဒါကြောင့်ပဲ အေ့ . . . ဟိုသီချင်းထဲကလိုပေါ့၊ အေ့ . . . ဘာတဲ့၊ ဟိုမိန်းမဆိုတာ ဆောင်းလေပမာညီ အတွင်းသဘောက ဘယ်မတည် ပြောင်းလဲတတ် သည် မောင့် . . . အ ချစ် ဆုံး၊ အ ချစ် ဆုံး . . . အ ဟူး"

မိန်းမမကောင်းကြောင်း ဦးကာရဲ့စကားများကို အရက်မူးမူးနှင့် ပြောချင်ရာပြော ဆိုချင်ရာဆိုကာ နောက်ဆုံး မှောက်သွားခဲ့ရသည့် အုံ့မောင်၏အဖြစ်ကိုပါ ပြည့်စုံအောင် မြင်ယောင်မိလာသည်သို့။

ဟုတ်သည်။ ပါလီ၏အဖြစ်ကလည်း ဘာထူးသေးသနည်း။ အချောဆုံး၊ အလှဆုံး၊ အနုညံ့ဆုံးသော လိပ်ပြာလှလှလေးတစ်ကောင် ကို ချောမောလှပသော မိန်းမချောလေးတစ်ယောက်က သေရဲ သတ်ရဲ ဖြတ်ရဲသော ဓလေ့ရိုင်းတို့ရှုကြမ်းကြီးများနှင့် ရောယှက်ပတ်သတ် နေခြင်းက မဖြစ်သင့်သောအရာတစ်ခုပင် မဟုတ်ပါလော။

သို့သော် . . . လက်ရှိပစ္စက္ခအနေအထားတွင်မူ ပါလီဆိုသော မိန်းမချောလေး၏ဘဝပုံရိပ်များက အမြဲရောက်လာသည့် ပဟေဠိအသ ပုဇ္ဇာများနှင့် သို့မဟုတ် နူးညံ့လှပသောပန်းပွင့်များ ဖုံးထားသည် တသွားပေါ်မှ များစည်းစိမ်ကိုသာ ဖွယ်ပင်တည်း။

❋ ❋ ❋

အခန်း (၁၂)

ဝတ်ရုံဖြူတစ္ဆေတစ်ကောင်နှင့် တွေ့ကစားခြင်း

သမားတော်ကြီး ဦးဗိဇ္ဇ၊ ဗလကြီးခိုက်မန်းနှင့် ပါလီတို့ သုံးဦး တစ်ပုံတစ်ရာအတွက် အကြိတ်အနယ် ထိပ်တိုက်ဆွေးနွေးနေကြသည်။ သို့သော် . . . တိုင်ပင်ဆွေးနွေးနေကြသည့်အထဲတွင် ပါလီတစ်ယောက် မှာမူ ထူးထူးခြားခြား၊ မြေပေါက်မလေးတစ်ကောင်နှယ် ပါးပျဉ်း ထောင်ထောင်နှင့်။

"ကဲ . . . ပြောပါဦး။ ဟိုလူကို နင်တို့လက်ထဲကို အပ်လိုက် ပါပြီတဲ့၊ နင်တို့သိချင်တဲ့ အဖြေ၊ နင်တို့လိုချင်တဲ့အဖြေကို ရလိုက် ကြသလား။ ဟိုလူက ဖွင့်မပြောခဲ့ရင်ရော"

"ဒီမှာပါလီ . . . နင်က သက်သက်မဲ့ အစိုးရိမ်လွန်နေတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့မှာ သူ့ရဲ့ပါးစပ်က ဖွင့်ပြီးပြောလာနိုင်မယ့်အသိ ခံနည်းတွေ မေး နည်းတွေ အများကြီးရှိတယ်၊ နောက်ဆုံး . . . ဒီကောင် ရွှေဒင်္ဂါးပြားတွေ ဘယ်ကဘယ်လို ရလာတယ်ဆိုတာ အမှန်အတိုင်း ဖွင့်ပြောလာစေရ မယ်''

''ဟဲ . . . ဘယ်လိုမှ ဖွင့်မပြောလာခဲ့ရင်ရော''

နောက်တစ်ကြိမ် အထွန့်တက်လာသည့် ပါလီ၏မေးခွန်းကို ဗလကြီးအိုက်ခမ်း ဒေါသတကြီးနှင့် ပြန်ပြောရန် ဟန်ပြင်လိုက်စဉ် ဦးဒိဗ္ဗက လက်ပြကာ ဟန့်တားလိုက်သည်။ ပြီးနောက် . . . ကုလားထိုင် တွင် ထိုင်နေရာမှ ရှေ့သို့ ခန္ဓာကိုယ်ကြီးကို ကိုင်းညွတ်လိုက်ပြီး ပါလီနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''ဟုတ်ပြီ . . . ပါလီပြောသလို ဒီကောင်က ရွှေဒင်္ဂါးပြားတွေ ရလာတဲ့နေရာကို ဖွင့်မပြောဘဲ လုံးဝဘူးခံနေမယ်ဆိုရင် ပါလီကရော ဘယ်လိုလုပ်မလဲ၊ အရှင်းဆုံးပြောရရင်တော့ အဘကတော့ လိုချင်တဲ့ အဖြေ မရမချင်း ဒီကောင်လေးကို မေးနေရမှာ'' ဲ့ . . . စစ်မေးနေရင်း က လက်လွန်သွားတော့လည်း အဘတို့က အရင်းပလေ၊ ဒီကောင့်ကို တော့ ထုံးစံအတိုင်း လက်စဖျောက်ပစ်လိုက်ကြတာပေါ့ . . . ဟုတ်ပြီ လား''

ပါလီ၏ စကားစပ်ထိုး စိန်ခေါ်လာမှုကို ဦးဒိဗ္ဗက တည်တည် ငြိမ်ငြိမ်နှင့် ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်သည်။ သည်တစ်ခါတော့ နှုတ်ဆိတ်ပါးစပ်ပိတ်သွားရသူက ပါလီပင်၊ ဘာမထိုင် ညာမထိုင် ပြည့် ဖောင်းစပ်ပါးမြိုင်းမှူး စိမ်းပန့်ပန့်နှင့်မျက်နှာကို ပြေးရှုမြင်ယောင် လိုက်သေးသည်၊ အခြေအတင် ဆွေးနွေးပွဲစကားဝိုင်းက ခေတ္တမျှ ငြိမ်



အတန်ကြာမှ ဦးဒိဗ္ဗက ကျောက်စားပွဲတွင် သူ၏လက်ဆစ် ကလေးများနှင့် တဒေါက်ဒေါက်ခေါက်ရင်း . . .

''အေး . . . တစ်ခုတော့ရှိတယ် ပါလီ၊ ငါလိုချင်တဲ့ အဖြေကို နင်ကိုယ်တိုင် ဒီကောင့်ဆီက မေးလို့ရနိုင်တယ်လို့ဆိုရင် ငါ နောက် ထပ်တစ်ရက်စောင့်ပေးမယ်၊ ဒီ့ထက်တော့ ပိုပြီး အချိန်မပေးနိုင်တော့ဘူး အေး . . . မနက်ဖြန် ဒီလိုအချိန်မှာမှ ဒီကောင့်ဆီက အဖြေမရခဲ့ဘူး ဆိုရင်''

ဦးဒိဗ္ဗက ပါလီအား စေ့စေ့စူးစူးကြည့်ကာ ပြတ်သားစွာပင် ပြောချလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားပါချေတော့သည်။ ဦးဒိဗ္ဗ နောက်မှ ဗလကြီးအိုက်ခမ်းက စပ်ဖြဲဖြဲမျက်နှာဖြင့် ပါလီ့အားကြည့်ကာ ခေါင်းငြိမ့်ခေါင်းငြိမ့်နှင့် လိုက်သွားပါလေ၏။

ယခုတော့ ခန်းမဆောင်ကျယ်ကြီးထဲတွင် ပါလီ တစ်ယောက် တည်း၊ တိတ်တိတ်ဆိတ်ဆိတ်နှင့်သာ ကျန်ရစ်ခဲ့ပါချေတော့သည်။ သို့သော် . . . ပါလီ၏အပြင်ဖက်မှသဏ္ဌာန်က တိတ်ဆိတ်ငြိမ်သက်နေ သည့်တိုင် အတွင်းအစွန်အဖျားမှ တစ်စုံတစ်ယောက်အတွက် စိုးရိမ်မှုပန် ဓိတ်တို့က အထွတ်အထိပ်သို့ပင် ရောက်လာခဲ့လေပြီလော။

စင်စစ် . . . ပါလီမှာ သူတို့၏ ဝက်ပါအရှုပ်အထွေးကြီးထဲသို့ အမှတ်တမဲ့ ဘာဇာခဝင်ရောက်လာခဲ့သည့် ပြည့်ဖုံးဖောင်းအတွက် သူတတ်နိုင်သမျှသော ဖွင်းအားဖြင့် ကာကွယ်ပေးနေခြင်းသာ ဖြစ်ပါ၏။ ယခုသော် ထိုအခွင့်အရေးက ပိတ်ဆို့သွားခဲ့ပါပြီ၊ သူ့အတွက် အမြဲအရ ရှေ့ရှုချယ်ရန် အချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။

ပါလီ နေရာမှထကာ မြေအောက်လှိုဏ်ခန်းကြီးထဲမှ

www.burmeseclassic.com

www.burmeseclassic.com

ထွက်ခွာလာခဲ့သည်။ အပြင်ဘက်မှာတော့ ဆည်းဆာနေသည် အား ပျော့လျက် ရှိပါချေပြီ။ ဝါးရုံပင်များကြားမှ တရှဲရှဲနှင့်ဖြတ်တိုက်သွား သည့် လေတိုးသံသဲ့သဲ့ကို ကြားနေရသည်။

ဤနယ်မြေ ဤဒေသသည် တောရိပ်တောင်ရိပ်၊ တောင်ခိုးမြူ ငွေ့များဖြင့် အမြဲတစေ ညို့မှိုင်းဝိုင်းဝိတ်ဆီးနေသည့် နယ်မြေဒေသဖြစ် သည်။ ရေမ ကျွန်းပင်၊ ကညင်ပင်နှင့် ညောင်ပင်ကြီးများက လျှိုကြီးထဲ တွင် အမြစ်တွယ်ကာ ပေါက်ရောက်နေကြသဖြင့် အလင်းရောင် ကောင်း စွာမရနိုင်သည့်အပြင် အမှောင်ရိပ်တို့ကလည်း စောစီးစွာ ဝင်ရောက် စိုးမိုးနိုင်ကြသည်။ ထို့ပြင် ... တစ်ပင်နှင့်တစ်ပင် သွယ်ယှက်တန်းကျ နေသည့် လက်မောင်းခန့်၊ ခြေကျင်းဝတ်ခန့် နွယ်တန်းနွယ်ခွေများ ကလည်း မြွေကြီးများကဲ့သို့ ယှက်သိမ်ရှုပ်ထွေးလျက်။

အိပ်တန်းရှာနေကြသည့် ငှက်တစ်အုပ်ကလည်း ညောင်ပင် ကြီးများထက်တွင် ကျည်ကျည်ကျာကျာနှင့် ဆူညံစွာမြည်ကြွေးနေကြ သည်။ ကျိုးပျက်နေသည့် ပြတင်းဝမှ တွေ့မြင်နေရသည့် မြင်ကွင်းများက ဒွိဟသံသယများနှင့် မှုန်းကျပ်နေသည့် ပါလီ၏ရင်ကို မအေးမြနိုင်။

ဝင်စစ် ... ပါလီသည် တစ်စုံတစ်ခုသော အကြောင်းပေါ်ရ ကြောင့် မင်းသားပျက်နှာဖုံးစွပ်ထားသည့် ဗေသင်္ဂိရိလူ့သရဲများကြား တွင် ရှင်သန်စီးမျောနေခြင်းဖြစ်သည်။ သို့သော် ... သူသိချင်လွန်းတ သည့် လျှို့ဝှက်ချက်ကို ယခုအချိန်ထိတိုင် မတွေ့ရှိနိုင်သေးသဖြင့် ဟန် မပျက်သေး၍ နေထိုင်ခဲ့သည်။ တကယ်တော့ သူကျင်လည်ကျက်စားရာ နယ်မြေသည် လူ့လောကအပြင်ဘက်မှ စုန်းကော်နယ်မြေကြီးတစ်ခုပင်

သို့သော် သည်နယ်မြေ သည်ကျွန်းထဲတွင် ပါလီ ရှင်သန်ကြီး



ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခေတ်ပင် ကျော်လွန်လာခဲ့ပြီ မဟုတ်သလား။ အခြင်တွင်မှ သမားတော်ကြီး ဦးဗိဗ္ဗနှင့် သမီးဖြစ်သူ ပါလီတို့ကို ရွာမှ သီလ၊ သမာဓိ၊ သိက္ခာကြီးမြင့်သော စေတနာကောင်းသော ခင်းစီးခွော ဆေးဆရာသားအဖနှစ်ယောက်ဟု ကြည်ညိုလေးစားခြင်း ခံရသည်။

တကယ့်တကယ်တွင်မူ ဦးဗိဗ္ဗသည် တပည့်တပန်းများစွာဖြင့် လုပ်ငန်းကြီးများကို နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်နေသည့် ခေါင်းဆောင်ကြီးပင် ဖြစ်ပါ၏။ ဉာဏ်နီဉာဏ်နက်များသလောက် ကျစ်ရက်စက်သည်၊ စကားချိုချိုနှင့် နူးညံ့သွေးဆောင်သလောက် ကုန်အောင် လက်ရဲဇက်ရဲရှိလှသည်။

တကယ့်တကယ်တွင် ဦးဗိဗ္ဗသည် သူ ကျင်လည်ကြီးစိုးရာ အမှောင်ကမ္ဘာတွင် လက်မရွံ့ကျားကြီး ဗိဗ္ဗဟု သတင်းကြီး ကျော် သူဖြစ်ပါ၏။

သည် ... နိုင်ရာစားလောကကို ပါလီစိတ်ကုန်နေသည်မှာ ခဲ့ပါပြီ။ နဂိုကတည်းက သူ့သံသယမကင်းဖြစ်နေမိသည့် ဝှက်ချက်တစ်ခုကို သိလို၍လည်းကောင်း၊ သူ၏မိခင်ဖြစ်သူ ရှန်းဒေဝီကို ဝိညာဉ်စိတ်၊ သံယောဇဉ်ကြီးမားလွန်းလှသဖြင့် လည်း ကောင်း၊ ကြိတ်မှိတ်ပေကတ်ကာ နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဝင်စစ် ... အမှောင်လောကထဲမှ ရုန်းထွက်ရန် အချိန်တန်နေပါပြီ။

- မကောင်းသော အရပ်
- မကောင်းသော မိတ်ဆွေ
- မကောင်းသော အမျိုးအနွယ်

www.burmeseclassic.com

www.burmeseclassic.com

- မကောင်းသော အဆွေခင်ပွန်း
- မကောင်းသော မယား
- မကောင်းသော ယောကျ်ား
- မကောင်းသော ကျေးကျွန်
- ဤသူတို့ကို ဝေးရာသို့ စွန့်ပစ်ရာ၏။

(လောကနိ

လောကနီတိမှ ဆုံးမစာတစ်ပိုဒ်က ပါလီ၏ဒွိဟသံသ
အမှောင်များ ဝိတ်ဖုံးနေသည့် အမိုက်တိုက်များကို ဖယ်ရှားပေးလို
သည့်သို့။ သည်နယ်ပယ်၊ သည်ဝန်းကျင်၊ သည်အရပ်မှ သူ ကျော
စွန့်ခွာမှုဖြစ်ပေတော့မည်။ ကြာလျှင် သူမဘဝသည် ညစ်သည်ထက်
နစ်သည်ထက် ပို၍နစ်သွားပေလိမ့်မည်။ ထိုဒုစရိုက်နွံမနစ်ခင် သူ
ထွက်မှ ဖြစ်ချေတော့မည်ဟူသော ခိုင်မာရဲရင့်သော ဆုံးဖြတ်ချက
ပါလီ ချမှတ်လိုက်ပါတော့သည်။

သည်တစ်ညသည် အမှောင်ကမ္ဘာမြေအတွက် နောက်ဆုံး
သည်တစ်ညသည် ဒုစရိုက်အမှောင်နွံမှ ရုန်းထွက်သည့် ေ
ဆုံးည။

သည်တစ်ညသည် ပါလီအတွက် အဆုံးအဖြတ်ည ဟူ

❋

ရှတ်တရက် 'ဖြန်း' ခနဲ သူ ကြက်သီးမွေးညင်းတွေ ထ



ည်။ ဟုတ်သည်။ သူ လှမ်းမြင်လိုက်ရသည့်မြင်ကွင်းက လရောင်
တ်တစ်ဖျက် ဖိတ်စဉ်လွှင့်ကျနေသည့် ကျောက်သားစင်မြင့်ထက်
မှ အဖြူရောင် ထိုင်မသိမ်းအကျီလက်ရှည်တွင် အဖြူရောင် ဇာပဝါ
အရှည်က ညင်းလေတွင် တဖျပ်ဖျပ်နှင့် ဝေ့ဝဲလွင့်ပျံလျက်။

ရွှေရောင်ငွေရောင် တဖျပ်ဖျပ် လင်းလက်နေသည့် အဖြူရောင်
တွင်းကြိုးကြီးချိတ်ထဘီနှင့်အတူ မဟူရာအနက်ရောင် ဆံပင်
ည်ကြီးများက ငှက်တောင်ပံတွေကို လေတွင် ပျံဝဲလွင့်မျောနေသည့်
ဘာရီရာဇဝင်ကြီးများထဲမှ မိဖုရားတစ်ပါးသဏ္ဍာန်။

သူ၏သွင်ဟန်က ဝိညာဉ်လေလား၊ တစ္ဆေတစ်ကောင်လေ
း... ခွဲခြား၍မသိရ။

ထိုကဲ့သို့သောမြင်ကွင်းကို မြင်တွေ့လိုက်ရသည့် ပြည့်စုံအောင်
လူထဲက သာမန်လူသားတစ်ယောက်ပီပီ ကြောက်လန့်အံ့သြစိတ်
း တုန်လှုပ်ချောက်ချားမှုများ ရှိနေပါသော်လည်း စဉ်းစားဆင်ခြင်
တ်သူတစ်ယောက်ဖြစ်သည်။ အရမ်းကာရော ထိတ်လန့်ကြောက်ရွံ့
တ်သူတစ်ယောက် မဟုတ်ပေ။

ပြည့်စုံအောင်သည် စိတ္တဇမော်ဒန်ပန်းချီကားများ၊ ရှေးဟောင်း
ဝင်ပန်းချီကားများကို နှစ်သက်ခံစားတတ်သလို စုန်း၊ ဝိညာဉ်၊
း တစ္ဆေသည် မမြင်ရ မတွေ့ရသည့် ဝေမာနိက ဂန္ဓီရသုံ့သားများ၏
နိုင်စရာ စိတ္တဇဆန်ဆန် ပုံရိပ်သဏ္ဍာန်များကိုလည်း လွန်စွာ စိတ်
စားသူတစ်ယောက် ဖြစ်ပါချေ၏။

သို့သော် ယခုတွေ့မြင်နေရသည့် အဖြူရောင်ဝိညာဉ်ရိပ်
ကိုတော့ သူ ရင်ခုန်လှုပ်ရှားစွာ မှင်တက်ငေးမော ကြည့်နေမိသည်

www.burmeseclassic.com

www.burmeseclassic.com



သို့၊ တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ တစ္ဆေသရဲ အခြောက်မခံခဲ့ရ
သို့သော် . . . ဤဒဏ္ဍာရီ တစ္ဆေမိဖုရားဂူကြီးထဲမှ ဤဝတ်ရုံဖြူတစ္ဆေ
သည်။

သူ အံ့ဩမှင်တက်စွာပင် စိတ်ကိုတင်း၍ ထိုဝတ်ရုံဖြူတစ္ဆေ
အား စူးစူးစိုက်စိုက် ကြည့်လိုက်မိပါ၏။ မဟူရာရောင် နက်မှော
ရှည်လျားသော ဆံပင်ရှည်။ အဖြူရောင်နန်းတွင် ကြိုးကြီးချိတ်ထဘီ
ပဝါဖြူတစ်စက ဝှေ့ဝဲလွင့်ပျံနေသည့် ဝိညာဉ်ဖြူမိန်းမပျိုလေးတစ်ယော
သို့မဟုတ် ဝိညာဉ်ဖြူတစ္ဆေမတစ်ကောင်က တစ်ဝက်တစ်ပျက် လင
အလင်းအောက်မှ ကျောက်သားလှေကားထစ်များအတိုင်း လွင့်မျော
ဆင်းသက်လာသည်သို့။

သို့သော် . . . သူမဆင်းသက်လာဟန်က လေထဲတွင် ဝိညာ
ဖြူတစ္ဆေတစ်ကောင် လွင့်မျောဝဲပျံနေသည့်နှယ်။ သူမ၏ ခြေထော
များက ကျောက်သားလှေကားထစ်များနှင့် မထိတွေ့ဘဲ လွတ်နေ
လှေကားထစ်များတစ်လျှောက် ဝဲပျံကာ ဆင်းသက်လာခြင်းဖြစ်သ

သူမ မျှော်လျားပုံက ညင်သာသည်။ ဖြူဖွေးနူးညံ့သော ပွ
လေးတစ်စ လွင့်ပျံကျလာသည်နှင့်တူသည်။ သို့သော် ထူးဆန်းသည်
သူမ၏ခန္ဓာကိုယ်ကို ထွင်းဖောက်၍ သူမ၏နောက်မှ ကျောက်သား
ကားထစ်များကို မြင်တွေ့နေရခြင်းပင်တည်း။ ထိုစဉ် . . .

'ဟင်း . . အီး . . အင်း . . ဟီး . . အင်း . . ဟင်း'

ညည်းတွားသံလိုလို ရယ်မောသံလိုလို ထွေးထွေးညက်ည
သဲ့သဲ့လွင်လွင် ရယ်သံလွင်လွင်လေးကို ကြားလိုက်ရသည်မို့ ပြ
အောင် ထိတ်ခနဲ ရင်ခုန်သွားမိသည်။ နာမည်ကျော် 'ဒဏ္ဍာရီတ



မိဖုရားဂူကြီး' သည် သူ့အား စတင်၍ ခြောက်လှန့်လေပြီလားဟု။

ဤအရာ 'ဝိညာဉ်ဖြူ' သည် ခွေးပုပ်ချောက်ချားဖွယ် ဒဏ္ဍာရီ
တစ္ဆေမိဖုရားဂူကြီးထဲမှ မကောင်းဆိုးဝါး ဝိညာဉ်တွေလား။ တစ္ဆေမလား။
မှော်နတ်သမီးလေလား။ သို့တည်းမဟုတ် အစိမ်းသရဲမလား။ စုန်းဝိညာဉ်
တစ္ဆေတစ်ကောင်လေလားဟူသော လားပေါင်းများစွာက ရင်ထဲတွင်
မဟော်ဦးပုစ္ဆာများသဖွယ် ရှုပ်ထွေးလျက်။

အချိန်သိပ်မကြာလိုက်ပါ။ စက္ကန့်ပိုင်းမျှသာရှိမည် ထင်သည်။

ဝိုးတဝါးလရောင်အလင်းက ဝိညာဉ်ဖြူတစ္ဆေမ၏မျက်နှာထက်
ဆီသို့ လျှပ်ပြက်သကဲ့သို့ ဖွေ့ခနဲ ဖြန်းပက်လိုက်သည်။ တစ်ချိန်တည်း
မှာပင် ဝိညာဉ်ဖြူတစ္ဆေမ၏နောက်ဘက် ကျောက်သားလှေကားထစ်
များပေါ်မှ ဓားလှံလက်နက်များ ကိုင်စွဲထားသည့် အရိုးစုဖြူဖြူကြီးများ
ကိုပါ တွေ့မြင်လိုက်ရချိန်မှာတော့။

"ဟာ"

'ဟီး . . ဟီး . . ဟား . . ဟား . . ဟီး . . ဟီး . . အီး . . ဟီး'

မြည့်စုံအောင် ထိတ်ခနဲဖြစ်သွားချိန်နှင့် တစ်ဆက်တည်းမှာပင်
ထိတ်လန့်ချောက်ချားဖွယ် ရယ်မောသံသြသြကြီးက ထိုအရိုးစုတစ္ဆေ
ကောင်ကြီးများဆီမှ ထွက်ပေါ်လာခဲ့သည်။ ထိုတစ်ခဏလေးအတွင်း
မှာပင် ဓားရောင်လှံရောင် တပြောင်ပြောင် တလက်လက်နှင့် အရိုးစုတစ္ဆေ
ကောင်များက မြည့်စုံအောင်ကို ဝိုင်းရံလိုက်ကြတော့သည်။

'ဟီး ဟီး ဟား ဟား . . . ဟီး အီး ဟား ဟား'

ထိုစဉ် ဝိညာဉ်ဖြူတစ္ဆေမလေးက သူ၏အောက်ခံနေသော
လက်တံရှည်ကြီးများနှင့် မြည့်စုံအောင်အား ဆွဲယူလိုက်သဖြင့် –

www.burmeseclassic.com



"အား ဝူး ဝူး ...လွှတ် လွှတ် ငါ့ကို မ မဆွဲနဲ့ မဆွဲနဲ့"

ကြောက်လန့်တကြား ဟစ်အော်လိုက်သည့် ပြည့်စုံအောင်၏ ဝူးဝူးဝါးဝါး အော်ဟစ်သံကြီးက တိတ်ဆိတ်စွာ အိပ်မောကျနေသည့် ညဉ့်တစ္ဆာထဲတွင် ပဲ့တင်ရိုက်ခတ်သွားပါချေတော့သည်။

❄ ❄ ❄

အခန်း (၁၃)

## ပြေးသူနှစ်ယောက် လိုက်သူတစ်သိုက်

'အူး .. ဝူး .. အု'

တစ်စုံတစ်ယောက်က သူ၏ပါးစပ်အား မရဲတရဲနှင့် ပိတ်နေသည်မို့ ပြည့်စုံအောင် ဝူးဝူးအုအု အော်ဟစ်ရင်း အိပ်မောကျနေရာမှ ယောင်ယမ်းကာ နိုးလာခဲ့သည်။

"ဟိတ် ... ရှူး တိုးတိုး၊ ဘာဖြစ်လို့ အော်ဟစ်နေရတာလဲ"

ပါလီ၏ပိုးတဝါးပုံရိပ်နှင့် ဖါလီ၏ခြေရှုရှု စကားသံလေးကြောင့် ပြည့်စုံအောင် ပစ္စက္ခအခြေအနေကို ရိပ်စားမိလိုက်သည်။

"အိုး ခေါ်ရီး ... ကျွန် ... ကျွန်တော် အိပ်မက်ဆိုးတွေ မက်ပြီး ယောင်အော်နေတာနဲ့တူတယ်၊ ဘာ ... ဘာကိစ္စရှိလို့လဲ၊ ညဉ့်ကြီးသန်းခေါင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှူး . . . ရှူး . . . တိုးတိုးပြောပါဆိုနေမှ ရှင့်အသံကြီးက ကျယ်လိုက်တာ၊ မြန်မြန်လုပ် . . . ဒီကနေ ထွက်ကြမယ်"

"ဗျာ"

ပါလီကိုယ်တိုင် ခွဲခေါ်လာသဖြင့်သာ ပြည့်စုံအောင် ယောင်ထိ ယောင်ကန်းနှင့် လိုက်လာခဲ့ရသည်။ ဘာရယ်ဟု သေချာစွာမသိရသေး သူ သိနေသည်ကတော့ ပါလီသည် သူ့အား တိတ်တခိတ် တစ်နေရာ ရာသို့ ခေါ်ဆောင်နေခြင်းပင်တည်း။ ဟုတ်သည် . . . ပါလီတစ်ယောက် ထောင်နိုင်သမျှ အမှောင်ရိပ်များတွင် ခိုကာ ကပ်ကာနှင့် ခြေသံလုံလုံဖြင့် သွားနေပါ၏။

ယခုမှ . . . ပြည့်စုံအောင် ပတ်ဝန်းကျင်ကို သေချာစွာ ကြည့်မိ သည်။ မှိန်ဖျော့ဖျော့ ကြည်ငင်ဆီမီးတိုင်ငယ်လေးများကို အခန်းနံရံတွင် စိုက်ထူထားသည်ကို တွေ့မြင်နေရသည်။ စိတ်ထဲတွင် လုံခြုံသော ကျောက်ဂူသဏ္ဍာန် စင်္ကြံလမ်းအရှည်ကြီးကြောင့် ဤနေရာသည် လှိုဏ် ဂူက်မြေအောက်ခန်းတစ်ခုလေလားဟု တွေးနေမိသည်။

"နေ . . . နေပါဦး ပါလီ . . . ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့ လဲဟင်"

"အိုး . . . ရှင်တော်တော် အူကြောင်ကြောင်နိုင်တဲ့သူပဲ၊ ရှင့်ကို အဘတို့လက်ထဲကနေ ကယ်ထုတ်လာခဲ့တာရှင့်၊ မနက်ဖြန်မှာ သူတို့လိုချင်တဲ့ အဖြေမရခဲ့ရင် ရှင့်ကိုသတ်ပစ်ကြတော့မှာ"

"ဗျာ"

ပြည့်စုံအောင်မှာ ပါလီ့ထံမှ ကြားလိုက်ရသော စကားကြောင့် အံ့အားသင့်ကာ အာမေဍိတ်များပင် ထွက်ကျသွားပါ၏။ သူ့ကို သူ၏



အဘလက်ထဲမှ ကယ်ထုတ်လာခဲ့သည်တဲ့။

ဤနုနယ်သူစာလေးတစ်ပါးလို ချောမောလှပသော မိန်းမချော လေးတစ်ယောက်က ဒုစရိုက်မှုဆိုးကောင်များ၏လက်မှ စွန့်စွန့်စားစား ကယ်တင်နေသည့်အဖြစ်က မည်သို့မှ မယုံကြည်နိုင်ဖွယ်ရာပင်တည်း။

"ခင် . . . ခင်ဗျားက အဲ . . . အင်း ပါလီက ကျွန်တော့်ကို ကယ်ထုတ်လာခဲ့တာ ဟုတ်လား"

"ဟယ် . . . တော်တော်လျှာရှည်တဲ့ မိကျောင်းသားပဲ၊ တစ် ဆိတ်ကျေးဇူးပြုပြီး ဘာမှမမေးပါနဲ့၊ ကျွန်မနောက်ကသာ ပါးစပ်ပိတ်ပြီး လိုက်လာခဲ့ပါ"

ပါလီ၏တစ်ချက်လွှတ် ရာဇသံကြောင့် ပြည့်စုံအောင် သူ၏ ပါးစပ်ကို ယောင်၍ လက်ဖဝါးနှင့် ပိတ်လိုက်မိသည်။ သို့သော် ထိုအဖြစ် ကို ရှေ့မှဦးဆောင်၍သွားနေသည့် ပါလီ မမြင်လိုက်ရ။ ပါလီသာ တွေ့ မြင်သွားလျှင် သူ့အား ဘာပြောဦးမည်မသိ။ နောက်ဆုံးတော့ ဖြစ်ချင် ရာဖြစ်ဟု သဘောထားကာ ပါလီ၏နောက်မှ သတိနှင့် လိုက်ပါလာခဲ့ပါ တော့သည်။

အပေါ်ထက်သည့် လှေကားရင်းတစ်နေရာတွင် ထုံးတုံးပက် လက် အိပ်ပျော်နေကြသည့် အစောင့်နှစ်ယောက်ကို တွေ့လိုက်ရသည်။

"ပါလီ . . . ဟို အစောင့်ကင်းသမားတွေကို ဘာလုပ် ထားခဲ့တာလဲ"

"သူတို့သောက်မယ့် လက်ဖက်ရည်ထဲကို အိပ်ဆေးတွေညှိုး တိုက်ထားလိုက်တာလေ၊ ဒါပေမဲ့ . . . အစောင့်တွေက အိပ်ပေတွေ နေပေမယ့် အပြင်ကခွေးကြီးတွေကတော့ အိပ်နေကြမှာ မဟုတ်ဘူး

www.burmeseclassic.com



နော်"

"ဒီကိစ္စတွေကို စောစောကတည်းက ကျွန်တော့်ကို ပြောပြထားတာ မဟုတ်ဘူးဗျာ"

သူ အမှတ်မထင် စကားကြောရှည်လိုက်သည်ကို ပါလီက မျက်စောင်းလှလှ တစ်ချက်ပစ်ထိုးလိုက်သည်ကြောင့် ကပျာကသီ ပါးစပ်ပိတ်လိုက်မိသည်။ မကြာမီ သူထင်သည့်အတိုင်းပင် နှစ်ယောက်သား လျှို့ဝှက်မြေအောက်ခန်း အပြင်သို့ ချောချောမောမော ရောက်ရှိလာခဲ့ကြသည်။

အပြင်မှာတော့ တော[illegible]တောင်ရိပ်များကြောင့် တစ်ခြမ်းပဲ့လရောင်အလင်းကို မှုန်ဝါးဝါးသာ ရရှိပါ၏။ နေရာတော်တော်များများတွင် အမှောင်ရိပ်တို့ကသာ ကြီးစိုးမင်းမူနေပါ၏။ တစ်နေရာတွင် ပါလီက ခြေထောက်ရပ်တန့်ကာ တွေတွေငေးငေး လုပ်နေသဖြင့် ...

"ဟို ... ဟို ... ရပါပြီ၊ ကျွန်တော့်ကို ဒီနေရာအထိ လိုက်ပြီးပို့ပေးတဲ့အတွက် ပါလီ့ကို ကျေးဇူးအရမ်းတင်ပါတယ်၊ ကျွန်တော်ဒီနေရာကပဲ သွားပါတော့မယ်"

"အိုး ... ရှင် ဘာတွေ ရမ်းပြီးပြောနေတာလဲ၊ ကျွန်မပါ ရှင်နဲ့အတူလိုက်မှာ"

"ဗျာ"

"ကဲ ... တစ်ညလုံးပဲ ဗျာနေတော့မှာလား။ အချိန်ရှိတုန်း အစောင့်တွေ နိုးမလာခင် ကျွန်မတို့ ခပ်ဝေးဝေးကိုရောက်မှဖြစ်မှာ၊ လာ ... ကျွန်မနောက်က လိုက်ခဲ့" ·

ဘာတွေဖြစ်ကုန်ပြီလဲ။ ဘာတွေပြောင်းလဲကုန်ကြပြီလဲ သူ



မသိတော့။ လက်ရှိ ပစ္စုပ္ပန်မှာတော့ အဖေနှင့်သမီး အယူဝါဒတွေ ကွဲကုန်ကြပြီထင့်။ ဟုတ်သည် ... ယခုလောလောလတ်လတ် ပူပူနွေးနွေးမှာပင် ဖခင်ဦးဒိဗ္ဗကိုယ်တိုင် အကျဉ်းသားတစ်ယောက်နှယ် ဖမ်းဆီးထားသည့် ပြည့်စုံအောင်ကို သမီးဖြစ်သူ ပါလီက အစောင့်များကို အိပ်ဆေးတိုက်ကာ ကယ်ထုတ်လာခဲ့သည် မဟုတ်ပါလား။

ညသည် တစ်စတစ်စ ရင့်ရော်လာခဲ့သည်။ ထိုအခါ တိမ်မြူများကင်းစင်လွင့်ပျောက်စပြုလာသည့် တစ်ခြမ်းပဲ့လကလေးကလည်း သူ၏ရှိရမဲ့စု အလင်းရောင်များကို ကမ္ဘာမြေပြင်သို့ ဖြန့်ကြက်ပေးဝေထားပါ၏။

ပါလီက ချုံတွေ့လျှင် တိုးသည်၊ ချောင်းတိမ်တိမ်တွေ့လျှင်ဖြတ်သည်။ လက်မောင်းလုံးခန့် ဒိုးစွယ်ကြီးများ၊ နွယ်ဒါန်းကြီးများအောက်မှလည်း ငုံ့ကာကျော်ကာ ဖြတ်သန်းရပါသည်။ တတိနိုင်သမျှအသံမထွက်ဘဲ ခရီးတွင်အောင် ကြိုးစားကြသည်။ ပထမ အဆင့်မြေသလိုဖြစ်သော်လည်း လမ်းမရှိသော တောကိုတိုးရသဖြင့် ခရုတ်ဝက်ပါသမျှယ် ရှုပ်ထွေးနေသည်သို့။

'ဝုတ် ဝုတ် ဝုတ် ဝေါင်း'

"ဟော ... ခွေးဟောင်သံတွေကြားရတယ်၊ အစောင့်တွေ သိသွားကြပြီထင်တယ်"

"ဟုတ်မယ် ... ကျွန်မတို့တော့ လွတ်ဖို့မလွယ်ဘူးထင်တယ်၊ အခုမှ ... ဥယျာဉ်ဗျက်ကြီးထဲမှာ တဝဲလယ်လယ် ရှိနေတုန်း"

"ကဲ လာ ... မရပ်နေတော့ဘူး၊ တတ်နိုင်သမျှလွတ်အောင်ရုန်းကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

မြောမြောဆိုဆိုနှင့် ပြည့်စုံအောင်က ပါလီ့လက်ကိုဆွဲကာ တောနက်အတွင်းသို့ ပြန်လှည့်၍ တိုးဝင်ခဲ့ကြသည်။ နာရီဝက်ခန့် ကြာသောအခါ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးတစ်ခုက ရှေ့မှ ကာဆီးနေသည်ကို တွေ့လိုက်ကြရသည်။

"ဟား ခက်ပြီ ... ရှေ့မှာ ချောက်ကြီးခံနေပြီ ပါလီ"

"အိုး အဲဒါ ... ကျွန်မတို့အတွက် လွတ်မြောက်ဖို့လမ်းပေါ့၊ ကျွန်မ ဒီလိုချောက်ကမ်းပါးကြီးကို ရှာနေတာရှင့်၊ ကဲ ... လာ လာ ဒီအတိုင်း အရှေ့ဘက်ကို ထွက်ကြမယ်၊ ကညင်သုံးပင်ကွေ့မှာ ကြိုးတံတားအဟောင်းတစ်ခုရှိတယ်၊ အဲဒီကြိုးတံတားကနေ ဖြတ်ထွက်ကြမယ်"

ဤသို့ဖြင့် နောက်ထပ်နာရီဝက်ခန့် ခပ်သွက်သွက် လျှောက်လာခဲ့ကြသည့်တွင် ဓါးဆိုဖယောင်းတိုင်ကြီးကဲ့သို့ ဖြောင့်တန်းမြင့်မားလှသော ကညင်ပင်ကြီးသုံးပင်စုကို လရောင် ဖိုးတဝါးအောက်၌ တွေ့လိုက်ကြရပါတော့သည်။

"ဟော ဟိုမှာ ... ကညင်သုံးပင်"

ပါလီ မျက်လုံးဝိုင်းဝိုင်းလေးမှာ ကညင်သုံးပင်ကို မြင်လိုက်ရသည်နှင့် ဝမ်းသာတောက်ပြောင်သွားပါ၏။ မကြာမီ ... မှုန်ဝါးဝါး လရောင်အောက်တွင် ကြိုးတံတားမည်းမည်းကြီးကို တွေ့မြင်လိုက်ကြရသည်။ တစ်ချိန်တည်းမှာပင် ခွေးဟောင်သံသဲ့သဲ့နှင့် တောတိုးသံများကို ကြားလိုက်ရသည်။

"ဟော ... သူတို့လည်း ဒီလမ်းကြောင်းအတိုင်း လိုက်လာကြပြီ ပါလီ"



"ကိစ္စမရှိဘူး။ သူတို့ ဒီနေရာကိုရောက်လာခဲ့ရင် ကျွန်မတို့က ချောက်ကမ်းပါးကြီးရဲ့ တစ်ဖက်ကမ်းကို ရောက်သွားပြီ၊ ကဲ ... လာ တံတားကို ဖြတ်ကြမယ်"

ပါလီက ကြိုးတံတားကို စတင်၍ဖြတ်ကျော်ပါတော့သည်။ ကြိုးတံတားဆိုသော်လည်း ခိုင်ခိုင်ခန့်ခန့် မဟုတ်ပေ။ ကြိမ်နွယ်များကို ကြိုးသဖွယ် နွယ်ယှက်ချည်နှောင်ထားပြီး အခင်းကို ဝါးတစ်လုံးတည်းဖြင့် ခြလုပ်ထားသည့် တောတွင်းဖြစ် ကြိုးတံတားဟောင်းတစ်ခုသာ ဖြစ်ပါ၏။

"ရှင် ... သတိထားပြီးကူးနော်"

"ရတယ် ပါလီ ... ခင်ဗျားသာ ဂရုစိုက်ပြီးသွားပါ"

သို့သော် ခြေတစ်လှမ်းလှမ်းလျှောက်ရာလိုက်တိုင်း ဟိုသည်လှုပ်ယမ်းနေသည့် ကြိုးတံတားကို ပြည့်စုံအောင် သတိထားပြီး ဖြတ်ကူးနေရပါ၏။ ပါလီ ချောက်ကမ်းပါးတစ်ဖက်သို့ ကျွမ်းကျင်စွာ ရောက်ရှိသွားသည့်တိုင် ပြည့်စုံအောင်မှာ ကြိုးတံတား၏သုံးပုံနှစ်ပုံခန့်ကိုသာ ကူးဖြတ်နိုင်သေးသည်။ ကြိုးတံတားကို ဆုပ်ကိုင်ထားသည့် လက်ဖဝါးတစ်ခုလုံး ချွေးစီးများဖြင့် စိုရွှဲလျက်။ တစ်ကြိမ်တစ်ခါမျှ မကျွမ်းဝင် မရင်းနှီးခဲ့သော ကြိုးတံတားက ပြည့်စုံအောင်အား ဒုက္ခပေးနေပြီတကား။

ထိုအချိန်တွင် ခွေးဟောင်သံ၊ တောတိုးသံများကို နီးကပ်စွာ [illegible] ကြားနေရသည့်အပြင် ဟိုသည်ဝှေ့ယမ်း လှမ်းလာသော လက်နှိပ်ဓာတ်မီးရောင်တချို့ကိုပင် တွေ့မြင်နေရပါပြီတကား။

"ဟော ... ဘာလုပ်နေတာလဲရှင့်၊ မြန်မြန်[illegible] ဟော ... သူတို့ လိုက်လာကြပြီ"

www.burmeseclassic.com

ပြည့်စုံအောင်၏ဒုက္ခကို ပါလီမသိ။ နောက်မှလိုက်လာကြပြီဖြစ်သော အန္တရာယ်ကို မြင်တွေ့သွားပြီဖြစ်သဖြင့် ပြည့်စုံအောင်ကိုသာ တွင်တွင်ခေါ်နေပါလေ၏။ နောက်ဆုံး မျက်စိပျက် မျက်နှာပျက်နှင့် ချွေးသံတရွှဲရွှဲနှင့် ပါလီရှိရာ ကြိုးတံတားထိပ်သို့ ပြည့်စုံအောင် ရောက်ရှိလာခဲ့သည်။

ပြည့်စုံအောင် တစ်ဖက်ကမ်းသို့ ခြေချမိသည်နှင့် ပါလီက သူ၏ခါးပတ်နှင့်တွဲချည်ထားသည့် အမဲလိုက်ဓားမြှောင်ကိုထုတ်ကာ ကြိုးတံတားကို ခပ်သွက်သွက် လှီးဖြတ်ချလိုက်သည်။

'ဖေါ . . ဖျော . . ဝရော . . ဝုန်း'

နွယ်ကြိုးတံတားမှာ ပါလီ၏ခြေသွက်လက်သွက်နှင့် ဖျက်ဆီးဖြတ်ချလိုက်မှုကြောင့် တဖေါဖေါ တဖျောဖျောနှင့် ချောက်ကမ်းပါးအောက်ကြီးထဲသို့ ပြုတ်ကျသွားပါလေတော့သည်။

"ဟာ . . . ဘယ် . . . ဘယ်လိုလုပ်လိုက်တာလဲ ပါလီ"

တစ်ဖက်ကမ်းသို့ ခြေချလိုက်ပြီး အသက်ရှူပင် မဝသေးခင်မှာပင် လက်သွက်ခြေသွက်ဖြင့် ကြိုးတံတားကို ဖျက်ဆီးလိုက်သည့် ပါလီ၏လုပ်ရပ်ကြောင့် ပြည့်စုံအောင် အမောတကော မေးလိုက်ခြင်းဖြစ်သည်။

"ရှင် တော်တော်တုံးတဲ့သူပဲ၊ ဒီကြိုးတံတားကို မဖျက်ဆီးလိုက်ရင် နောက်က ရှင့်ကို အသေရရ အရှင်ရရ လိုချင်နေကြတဲ့ ရှင့်စိတ်ချွေဟောင်းကြီးတွေက ဒီကြိုးတံတားကနေ လိုက်လာကြမှာပေါ့၊ အခုဆိုရင် ဒီတစ်ညတာအတွက် ကျွန်မတို့ စိတ်အေးသွားရပြီလေ၊ ဟိုမှာတွေ့လား ရှင့်မိတ်ဆွေတွေ"



ပါလီ လက်ညှိုးညွှန်ရာသို့ လှည့်ကြည့်လိုက်တော့ ချွေးဟောင်းသုံး တောတိုးသုံး၊ အော်ဟစ်သံများနှင့်အတူ (တစ်ဖက်တမ်းမှ) စက်နိုင်ဓာတ်မီးရောင် တဝင်းဝင်းကိုပါ တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

ထိုအခါမှ ပြည့်စုံအောင် ပါလီ၏မျက်နှာချောချောလေးကို အားမနာတမ်း ကြည့်လိုက်ရင်းမှ . . .

"ဟူး . . . ကျွန်တော်တော့ ပါလီကို ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး"

"ရှင် ဘာကိုဆိုလိုတာလဲ"

ပါလီက အမဲလိုက်ဓားမြှောင်၏ ထက်မြလှသောဓားသွားကို လက်နှင့် အသာအယာပွတ်သတ်ကာ ခါးမှဓားမြှောင်အိတ်ထဲသို့ ကျွမ်းကျင်စွာ ဖျတ်ခနဲထည့်လိုက်ရင်း ပြည့်စုံအောင်ကို မေးလိုက်သည်။ ပြည့်စုံအောင်ကမူ ပါလီလုပ်ဆောင်နေသမျှကိုသာ ငေးမောကြည့်နေမိ၏။

"ခြော် . . . ဒီလောက်ချောမောလှပလွန်းတဲ့ မိန်းကလေးတစ်ယောက် ဘာကြောင့် သွေးဆာရက်စက်တဲ့ ဘီလူးလိုသတ္တဝါတွေနဲ့ ရောယှက်ပတ်သက်နေရတာလဲဆိုတာရယ်၊ ပါလီရဲ့ ရဲရင့်ဖျတ်မြက်တဲ့ ရွှေမိုးသတ္တိနဲ့ ဖြတ်ထိုးဉာဏ်ကို ဖော်ပြလေးစားမိလွန်းလို့ပါ"

"အို၊ . . . ဒါကတော့ ရှင်က အကျောင်းမြင်ဝါဒေသက်ကနေ တွေ့တာကိုး။ ဒါပေမဲ့ . . . ကျွန်မရဲ့ တကယ့်ဘဝမှာက ရှင်ထင်သလောက် ပိုပြီး ရှုပ်ထွေးတယ်နော့"

နှစ်ယောက်သား ထိုနေရာမှ ကျောခိုင်းခဲ့ ရွေ့သို့ ခရီးဆက်ခဲ့ကြသည်။ ယခုမှပင် တောကြီးက ပို၍နက်ရှိုင်းလာပြီး ပို၍တောရိုင်းဆန်လာသည်ဟုထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ကျွန်မကိုယ်တိုင်ကလည်း ရှင့်လိုပဲ အသက်ဘေးကနေ လွတ်မြောက်အောင် မပြေးရဘူးဆိုရင် ပါလီ့မှာ ဒီလိုသတ္တိမျိုးတွေ၊ ဖြတ်ထိုးဉာဏ်တွေ ရှိလာမှာ မဟုတ်ပါဘူးရှင်"

"အိုး ... ဒါ ... ဒါဆိုရင် ... ဟို ... ဟို ဦးဒီဗွကရော ပါလီ့ကို သတ်ပစ်မှာပဲလားဟင်"

သစ်ရွက်ကြို သစ်ရွက်ကြားမှ ထိုးဖောက်ကျဆင်းလာသည့် မိုးစပါးလရောင်တွင် သတ္တုတွင်း အင်ဂျင်နီယာဆိုသော မြို့ကြီးသား ပြည့်စုံအောင်၏မျက်နှာကို ပါလီ စူးဟူးစိုက်စိုက် ကြည့်လိုက်သည်။ သူ ကျင်လည်ရာဝန်းကျင်တွင် တွေ့ရသည့် ရိုးသားပွင့်လင်းသော မျက်နှာ အခင်းအကျင်းကို ရှားရှားပါးပါး တွေ့မြင်နေရပါ၏။

ဟုတ်သည်။ ဤနေရာတွင် တိုက်တိုက်ဆိုင်ဆိုင် သူမ၏မင်းပူဟိန်ရှိဒီဖာကြီး ဝယ်စဉ်က ဆုံးမခဲ့သော 'လူမိုက်သင်္ချာ ခြောက်ပါး' ကို ပြန်လည်၍ အမှတ်ရလိုက်မိသည်။ ထိုသင်္ချာခြောက်ပါးမှာ ...

- အကြောင်းမဟုတ်တဲ့ အမျက်ဒေါသထွက်ခြင်း၊
- အကျိုးမရှိသော စကားကို ပြောဆိုလေ့ရှိခြင်း၊
- တိုးတက်မှုမရှိတဲ့ ပြောင်းလဲပြုပြင်ခြင်း၊
- သူစိမ်းကို ယုံစားလွယ်ခြင်း၊
- ရန်သူကို မိတ်ဆွေထင်ခြင်း၊

စသည့် လူမိုက်သင်္ချာ ခြောက်ပါးတို့ကို ဖခင်ကြီးက ထပ်တလဲလဲ ပြောဆိုဆုံးမခဲ့သည် မဟုတ်ပါလား။ သူ ဆယ်ရှစ်နှစ်တစ်ရကျော်ခန့်ကျော် ကျင်လည်ကျက်စားခဲ့ရသည့်ဝန်းကျင်တွင် ထိုသင်္ချာခြောက်ပါးထက်မက ကျော်လွန်သူများနှင့်သာ ပေါင်းသင်းဆက်ဆံနေရသည်



သတ်ရဲ၊ ဖြတ်ရဲ၊ မိုက်ရဲသော အထွတ်ကြီးတာလွန်းသော ဓိဓိ အကျိုးကိုသာ ရှေ့ရှုလွန်းသော (တစ်တို့တည်းသမား) လူ့အထွတ်ကြီးများနှင့်သာ ဆုံစည်းကြုံကြိုက်ခဲ့ရသည့်မို့ ယခုကဲ့သို့ ရိုးသားအပြစ်ကင်းစင်သော ပြည့်စုံအောင်ကဲ့သို့ လူသားဆန်သော မျက်နှာပေးမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးပါချေ။

ပါလီမှာ ပြည့်စုံအောင်ကို စူးစူးစိုက်စိုက် ကြည့်နေရာမှ သက်ပြင်းမောတစ်ခုကို ချကာ မျက်နှာလွှဲလိုက်ပြီ။

"ရှင်ဟာ ... ပါလီ ထင်ထားတာထက်တောင် အတော်ရိုးတာပဲကိုး။ သူတို့လိုချင်တဲ့အရာ၊ လိုချင်တဲ့ပစ္စည်း၊ ရသွားတော့ ရှင့်ကိုလည်း သတ်မှာပဲ၊ ပါလီ့ကိုလည်း အရှင်မထားဘူး။ သစ္စာဖောက်မဆိုပြီး ရက်ရက်စက်စက် သတ်ခံရ"

ပါလီ၏ပြတ်သားသောစကားကြောင့် ပြည့်စုံအောင်ပင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွားသည်သို့။ ပါလီအတွက်လည်း စိတ်မကောင်းဖြစ်မိသည်။

သူနှင့်ပတ်သက်မိ၍ သူ့ကို ကယ်ထုတ်ခဲ့သဖြင့် ပါလီကိုများ အတော်တဆ ဖမ်းဆီးမိသွားခဲ့သည်ဆိုပါလျှင် ...။

ပြည့်စုံအောင် ဆက်၍မတွေးရဲတော့။ လောလောဆယ် ဤနေရာ ဤနယ်မြေနှင့် အဝေးဆုံးသောနေရာ သို့မဟုတ် လုံခြုံစိတ်ချရသော နေရာတစ်နေရာသို့ အမြန်ဆုံးရောက်ရှိရန် အရေးကြီးသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### တောအလယ် ...မောတယ် ...အမြောက်ကြွယ်

အရှေ့ဘက်ဦး နေခြည်နှင့်အတူ နံနက်ခင်းတစ်ခု၏အလင်းစက်က တောမိုင်တောင်ရိပ်များကို ထွင်းဖောက်၍ ဖြန့်ကြက် ကျဆင်းနေပါ၏။ ညဥ့်တစ်ဝက်နီးနီး တောတိုးလာခဲ့ရသဖြင့် ပါလီမှာ ပင်ပန်းနွမ်းလျလျက် ရှိသည်။

ဝတ်ဆင်လာသည့် အင်္ကျီအနက်တွင် ဆူးခြစ်ဒဏ်ရာများကြောင့် စုတ်ပြဲသည့်နေရာက စုတ်ပြဲလျက် ဖြူဝင်းသောအသားအရေတွင် မညှာမတာနှင့် ဆုတ်ဖြဲထားသည့် ဆူးခြစ်ဒဏ်ရာများက သွေးသွေးနများဖြင့် ပေကျံနေကြသည်။

သို့သော် ...ပါလီမှာ မညည်းမညူနှင့်ပင် ဇရိုးဆက်နေပါ၏။ ပြည့်စုံအောင်မှာ မကြည့်ရက် (မကြည့်ရဲ) သည်မို့ သူ၏ဂျင်းဂျာကင်



အင်္ကျီကိုချွတ်၍ ပါလီ၏ကိုယ်လေးပေါ်တွင် ခြုံ၍ပေးလိုက်သည်။

ဤသည်ကို ပါလီ၏မျက်ဝန်းညိုညိုကြီးများက ရှက်သွေးဖြာသောက်နှင့် ပြည့်စုံအောင်အား ဖျတ်ခနဲမော့ကြည့်လိုက်သည်။ ပြည့်စုံအောင်က မျက်နှာလွှဲကာ နွယ်ဒါန်းတစ်ခုအောက်မှ လျှိုး၍ ငုံ့ထွက်သွားပါ၏။ ထို့ကြောင့် ပါလီမှာ ပြည့်စုံအောင်၏ ဂျင်းပြာရောင်ဂျာကင်လေးကို သူမ၏ရင်ပတ်ပြနေသည့် အင်္ကျီပေါ်မှ ထပ်၍ ဝတ်ဆင်လိုက်သည်။

ပါလီမှာ ယခုမှပင် မိမိကိုယ်မိမိ လုံခြုံစိတ်ချသွားရသည်ဟု ခံစားကြည့်လိုက်မိသည်သို့။ ထိုစဉ် သွားနေသည့် တောင်တက်လမ်းက အနည်းငယ် မတ်စောက်သွားသည့်နှယ် အတန်ငယ် ဦးမော့သွားသည့် အတက်ခရီးဖြစ်သဖြင့် သတိထား၍ တက်နေစဉ်။

"အိုး ...အမေ့"

"ဟင် ...ပါလီ"

ပါလီ ကျောက်ခဲတစ်လုံးပေါ်မှ ခြေချော်၍အကျတွင် ရှေ့သို့ တရော် ညွတ်ခွေကာ လဲပြိုကျသွားသဖြင့် နောက်မှ ပြည့်စုံအောင်က ကပျာကယာ ဖမ်းချုပ်ထိန်းမတ်လိုက်ရသည်။ သို့သော် အရှိန်ကြောင့် နှစ်ဦးစလုံး လဲပြိုကျသွားကြသည်။ မျက်နှာလေး ရဲတောင်ဆိတ်သွားပြီး ပြည့်စုံအောင်၏ရင်ခွင်ထဲမှ ကပျာကသီ ရုန်းထလိုက်သည်။

"အား ...အင့်"

'ဝုန်း'

"အား"

သို့သော် ...ပါလီ၏ခြေထောက်က ထောက်၍မရနိုင်လောက်အောင် နာကျင်သွားသဖြင့် အောက်မှ ပြည့်စုံအောင်၏ ရင်ခွင်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဝှန်းခနဲ လဲပြိုကျသွားရပြန်ပါချေသည်။ အခြေအနေကို ရိပ်စားမိသော ပြည့်စုံအောင်က ပါလီ၏ပခုံးလေးကို ခပ်ဖွဖွ ဖိထားလိုက်ရင်းမှ–

"မရုန်းနဲ့တော့ ပါလီ ... ပါလီရဲ့ခြေထောက်က ခြေသွပ်တိုင် လည်သွားတာဖြစ်မယ်၊ နေ နေ ... ဒီအတိုင်းပဲ အသာနေ၊ ကျွန်တော် လုပ်ပေးမယ်"

ပြောပြောဆိုဆိုနှင့် ပါလီ၏အညိုအမည်းစွဲနေသည့် ဘယ်ဘက်ခြေထောက်လေးကို အသာအယာ ဖိညှစ်ကိုင်လိုက်ပြီး ဆတ်ခနဲ ခြေမျက်စိအထက်နားသို့ ဖိလှည့်လိုက်သည်။

"အ ... အား"

'ထပ်' ခနဲပင် မြည်သံကြားလိုက်ရသည်။ ပြန်၍ ခြေထောက်က တည့်မတ်သွားသည်။ သို့သော် ... အသည်းခိုက်မျှ နာကျင်သွားသည့် ပါလီ့ခမျာ မျက်ရည်များပင် ဝေ့လည်လာသည်သို့။

"ပြီးသွားပြီ ပါလီ၊ ခြေမျက်စိနည်းနည်းလေး လွဲသွားတာပါ၊ ဒါပေမဲ့ ... ပါလီ လမ်းလျှောက်လို့တော့ မရသေးဘူး"

"အင်း ... အရေးထဲမှာရှင်၊ ပါလီတော့ သေသာ သေလိုက်ချင်တော့တယ်၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုမှ လုပ်လို့မရဘူးလေ၊ ဒါပေမဲ့ ... ဒီနားတစ်ဝိုက်မှာ လုံခြုံစိတ်ချရတဲ့ တစ်နေရာရာရှာပြီး ခဏပုန်းခိုနေကြမှ ဖြစ်မယ် ပါလီ"

ပါလီမှာ ယခုမှ အခက်ကြုံနေနရသည်၊ ခြေထောက်ကို ထိသွား၍ နာကျင်ရောင်ရမ်းနေရသည်က တစ်မျိုး၊ မြို့သားအင်ဂျင်နီယာကြီးနှင့် မကြာခဏဆိုသလို ပွေ့ဖက်ထိတွေ့နေရသည်ကတစ်မျိုးနှင့်



မျက်နှာထားစရာပင် နေရာမရှိတော့။ တော်သေးသည်။

ရိုးသားသလောက် တည်ကြည်ဖြောင့်မတ်သော ပြည့်စုံအောင်က အခွင့်အရေးမယူတဲ့ ဖြူစင်သန့်ရှင်းစွာ ပြုစုစောင့်ရှောက်ပေးရသဖြင့် တော်သေးသည်ဟု မှတ်ချက်ချရမလို။

ယခုပင် ရောင်ရမ်းနေသည့် ခြေမျက်စိနေရာကို သူ၏လက်ကိုင်ပဝါကို ဆုတ်ဖြဲ၍ စည်းနှောင်ပေးနေပြန်သည် မဟုတ်ပါလော။

"နည်းနည်းတော့နာမယ် ပါလီ၊ ခဏလောက်တော့ အောင့်ခံလိုက်၊ ဒါမှ ... အမြန်ဆုံး လမ်းပြန်လျှောက်လို့ရမှာ"

ထိုအချိန်တွင် သူတို့နှင့် မနီးမဝေးရှိ သစ်ပင်အုပ်ထက်ဝယ် မျောက်ညိုတစ်အုပ် ဆူညံစွာ ခုန်လွှားပျော်မြူးနေကြသည်ကို မြင်လိုက်ရသည်။ မျောက်လွှဲကျော်ခေါ်သည့် မျောက်အုပ်ကြီး ဆော့ကစားနေကြသည်မှာ ကြည့်၍ပင် ကောင်းသေးသည်။ တစ်ချို့တစ်ချို့ သစ်ခွကြိုးများကို သစ်ပတ်ကျွမ်းလှည့်ပတ်ကာ အားယူ၍ သူတို့၏ကိုယ်ခန္ဓာကို တစ်ဖက်သစ်ပင်ရှိ သစ်ကိုင်းဆီသို့ပစ်ကာ လှည့်ကာဖြင့် တစ်ပင်မှတစ်ပင်သို့ ထွံကာ ကူးပြောင်းနေကြသည်။

ပါးစပ်မှလည်း ဆူညံစွာ အော်ဟစ်နေကြသည်မို့ မျောက်လွှဲကျော်အုပ်မှာ ဆယ်ကောင်သာသာခန့်ပင် ရှိသည်ဖြစ်သော်လည်း အကောင်လေးငါးဆယ်မျှ ထင်ရလောက်အောင် အော်သံတွေမှာ မြိုင်ဆိုင်လှပါ၏။ ဆူညံစွာအော်ဟစ်လှုပ်ရှားနေသည့်အသံများမှာ တစ်တောလုံး ညံနေပါတော့သည်။

"ကောင်းတယ် ... မျောက်တွေ အဲဒီလို ဆူညံနေကြတော့ ကျွန်တော်တို့ရဲ့ တောတိုးသံတွေ မကြားရတော့ဘူးပေါ့၊ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



အာရုံတွေပါ လွဲသွားနိုင် . . . နိုင်၊ ဟာ . . . ဟို . . . ဟိုမှာ ဘာကြီးလဲ ပါလီ”

ခပ်လှမ်းလှမ်းရှိ မျောက်လွှဲကျော်အုပ် ပြေးလွှားခုန်ပျံ ဆော့ကစားနေကြသည်ကိုကြည့်ရင်း ပြည့်စုံအောင်၏မျက်လုံးထဲတွင် မျောက်အုပ်ကြီး၏နောက်ဘက် တောင်ကုန်းပေါ်မှ ချုံနွယ်များ ပိတ်ဖုံးနေသည့် ချွန်ချွန်ထက်ထက် အရိပ်မည်းကြီးတစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်ရခြင်းဖြစ်ပါ၏။

ပြည့်စုံအောင် ညွှန်ပြရာသို့ ပါလီ လှမ်းမျှော်ကြည့်လိုက်သည်။ တောင်ကုန်းမြင့်ထိပ်တစ်နေရာတွင် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဖုံးနေသည့် အဆောက်အအုံပျက်ကြီးတစ်လုံးကို မြင်လိုက်ရသည်။

“ဟာ . . . အတော်ပဲ၊ ပါလီတို့ အဲဒီတောင်ကုန်းပေါ်က အဆောက်အအုံပျက်ကြီးပေါ်မှာ သွားပြီးပုန်းခိုကြမယ်၊ အဲ . . . အဲဒါ . . . တို . . . အင်္ဂလိပ်အစိုးရလက်ထက်က စစ်တပ်ကြီးတွေ တစ်ထောက်နားရင်းဆောက်ခဲ့ကြတဲ့ ‘ကင်းမျှော်စင်’ ကြီးဖြစ်မယ် ထင်တယ်၊ ဟိုတလောက အဘဆီက ပြောသံကြားဖူးတယ်”

“ကောင်းတယ်၊ ဒါဆိုရင် ကျွန်တော်တို့ အဲဒီမှာ အခိုက်အတန့်နားကြရအောင်၊ ဒါပေမဲ့ . . . ပါလီ လမ်းလျှောက်နိုင်ဖို့က . . . ဟို . . . ဟို ကျွန်တော် . . . တွဲ . . . တွဲခေါ်မှ ဖြစ် . . . ဖြစ်မှာနော်”

ဖြစ်ပျက်နေသည့် ပြည့်စုံအောင်ကိုကြည့်ကာ ပါလီ ခေါင်းငုံ့ကာ ပြုံးနေမိပါ၏။ ‘အိုးကမပူဘဲ စလောင်းကပူနေသည့်နှယ်’ ရှက်ရွံ့ရမည့်မိန်းကလေးက မရှက်ရဘဲ ယောကျ်ားကြီးတစ်ယောက်မဲ့ ဣန္ဒြေပျက်ယွင်းနေသည့် ပြည့်စုံအောင်ကြောင့် ပါလီမှာ ခြေထောက်နာနေသည့်ကားမှ ပြုံးချင်ချင် ဖြစ်သွားခြင်းပင်။



ထို့နောက်မှာတော့ နှစ်ယောက်သား အဆောက်အအုံပျက်ကြီးရှိရာ တောင်ကုန်းမြင့်ပေါ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့ကြသည်။ ပြည့်စုံအောင်၏ညာလက်မောင်းကို ပါလီ မိမိရရဆုပ်ကိုင်ကာ တွယ်မှီထားသလို ပါလီ၏ပခုံးလေးကိုလည်း ပြည့်စုံအောင်က မရဲတရဲကော်တွယ်ကာ ဖေးမ၍ လျှောက်လာခဲ့ကြသည်။

ခရီးကြားတွင် ခြေကျင်းဝတ်သာသာခန့်ရှိသော စမ်းချောင်းငယ်တစ်ခုကို ဖြတ်ကျော်ခဲ့ရသေးသည်။ ထိုစမ်းချောင်းရေထဲတွင် အတွန့်ငယ်ကြီးများလှသော ကျောက်ငါးကြင်းကြီးများကို ကျောက်တုံးကြီးများကြားတွင် ကူးခတ်နေကြသည်ကို မြင်တွေ့ခဲ့ရသည်။

အဆောက်အအုံပျက်ကြီးက အတော်ပင် ခွေးမြည့်ပျက်စီးနေပါချေ၏။ နှစ်ပရိစ္ဆေဒများစွာ သဘာဝဘေးဒဏ်များကြားမှ ကျော်ဖြတ်လာခဲ့ရသဖြင့် ကျွန်းတိုင်သစ်လုံးများ၊ ပျဉ်ချပ်များ၊ ပင်ပေါင်းဆိုးတွေးမြည့်လျက်ရှိပါသည်။

ကြည့်ရသည်မှာ လွန်စွာအရပ်ဆိုးအကျည်းတန်လှသည့် အဆောက်အအုံပျက်ကြီးက မမြဲသောသင်္ခါရတရားတို့ကို သတိသံဝေရရှိစေသည့်သို့။

အချို့နေရာများတွင် လုံးဝပျက်စီး ယိုယွင်းနေကြပြီ။ နေရာတချို့တွင်လည်း ပြိုသည့်နေရာက ပြို၊ ကျိုးပဲ့သည့်နေရာက ကျိုးပဲ့နေကြသည်။ ပြိုကျလုဆဲဆဲ ကျောက်ပြားချပ်ကြီးများသည်ပင် နွယ်ပင်ချုံတန်းကြီးများက ရစ်ပတ်ထားသောကြောင့် ပြိုမကျဘဲ တည်ရှိနေကြပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဤနေရာသည် သူတို့အတွက် အခိုက်တန့် အားဖြင့်တော့ လုံခြုံစိတ်ချရသော နေရာတစ်ခုဖြစ်ကြောင်းကိုမူ ယုံမှား သံသယရှိစရာပင် မလိုပေ။

"အပေါ်ထပ်အထိ တက်လို့ဖြစ်နိုင်မလား ပါလီ"

"ရတယ် ကို ... ပိုပြီးစိတ်ချရတဲ့ နေရာအထိသာ သွားပါ၊ ပါလီ့ကို ငဲ့မနေပါနဲ့"

စကားသံတိုးလျှလျှနှင့်မို့ ပါလီပင်ပန်းနေပြီဖြစ်ကြောင်း ပြည့်စုံ အောင် ရိပ်စားမိလိုက်သည်။ ဘာရယ်မသိ၊ ပါလီ့ကို တွေ့စကတည်း ကပင် ပြည့်စုံအောင်၏ရင်ထဲဝယ် တစ်ကြိမ် တစ်ခါမျှ လှုပ်ခါမှုခြင်း မရှိသောအရာတစ်ခုက သိသိသာသာပင် လှုပ်ခတ်သွားသည်ဟု ထင်မြင် နေမိသည်။

နှစ်ယောက်သား ပျက်စီးယိုယွင်းလျက်ရှိသော ကျောက်လှေ ကားအတိုင်း တက်လာခဲ့ကြသည်။ ပေသုံးဆယ်ခန့်မြင့်သောနေရာသို့ ရောက်ရှိသွားသည်တွင် မိုးလုံလေလုံနှင့် အတန်ငယ် ခိုင်ခံ့လုံခြုံသော အခန်းတစ်ခုကို တွေ့လိုက်ကြသည်။

"အင်း ... ပါလီလည်း ပင်ပန်းလှပြီ၊ ခြေထောက်တလည်း ဒီ့ထက်ပိုပြီး လျှပ်ရှားလို့ မကောင်းတော့ဘူး။ အခုတောင် အတော်လေး ရောင်ရမ်းနေသေးတယ်၊ ကဲ ... ဒီအခန်းမှာပဲ ယာယီနားခိုလိုက်ကြစို့ ပါလီ"

ပြည့်စုံအောင်က ပါလီ့အား ကျယ်ကွယ်ပျက်ကွယ်နေရာတွင် ရွေးချယ်၍ နေရာချထားလိုက်ပြီး သူပါ အခန်းထောင့် တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ပါလီမှာ ပင်ပန်းနွမ်းနယ်နေသည့်



ကြားပင် တစ်ချက်ကလေးမျှ ညည်းညူခြင်းမပြုဘဲ အုတ်နံရံကိုမှီကာ မျက်စိ မှိတ်၍ အနားယူနေပါ၏။

ဝင်စစ် ပါလီကိုယ်တိုင် ခြေထောက်ဒဏ်ရာကြောင့် မဖြစ်မနေ အနားယူနေရသော်လည်း သည်နေရာသည် လုံခြုံစိတ်ချရသော နေရာ တစ်နေရာ မဟုတ်ကြောင်း သိနေပါ၏။

ယခုပင် ခပ်ဝေးဝေးတစ်နေရာဆီမှ ခွေးဟောင်သံသဲ့သဲ့ကို ကြားနေရသည် မဟုတ်ပါလား။ ခွေးဟောင်သံကြောင့် အုတ်နံရံတွင် မှီထိုင်နေသည့် ပြည့်စုံအောင် ဆတ်ခနဲ နေရာမှထလိုက်သည်။ ပြီးလျှင် အပေါ်စီးမှ ကြည့်မြင်နိုင်သည့် နေရာမှအောက်ဘက်ရှိ တောအုပ် ထူထူထဲထဲသို့ လှမ်းမျှော်ကြည့်နေမိသည်။

"အခုလောလောဆယ်တော့ သူတို့ရောက်မလာနိုင်ကြသေး ပါဘူး အစ်ကို၊ သူတို့ ပါလီဖြတ်ချခဲ့တဲ့ ကြိုးတံတားကို ပြန်ဆောက်ဖို့ မလွယ်သေးဘူး။ တခြားဖြတ်ကူးစရာဆိုတာကလည်း ဒီဘက်က တောင်ကြောကြီးတစ်ခုလုံးကိုပတ်ပြီးမှ ဒီကို ရောက်လာနိုင်မယ်"

ပါလီက မှီလဲနေရာမှမထဘဲ ပြည့်စုံအောင်ကိုလှမ်း၍ ပြောကြား နေပါ၏။ ဟုတ်သည်။ ရန်သူသည် မတ်စောက်နက်ရှိုင်းလှသော လျှိုကြီး ကို မကျော်နိုင်သဖြင့် သည်မှာဘက်သို့ လွယ်လွယ်နှင့် မရောက်လာ နိုင်သေး။ သို့သော် ... တစ်ချိန်ချိန်တော့ ရောက်ရှိလာမည်က သေချာ သည်။

ထိုကဲ့သို့ရောက်ရှိလာခဲ့လျှင် သူတို့နှစ်ယောက် မည်ကဲ့သို့ ရုန်း ထွက်ကြမည်နည်း။ ပါလီက မိန်းမသား။ သည့်ကြားထဲ ခြေထောက် ဒဏ်ရာကတစ်ဖက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြင် လက်နက်ဆို၍ ပါလီမှုဆောင်လာသည့် အမဲလိုက် ဓားမြှောင်တစ်လက်တည်းသာ ရှိပါ၏။ သည်ကဲ့သို့သော ဓားမြှောင်တစ်လက်တည်းနှင့် ကြမ်းပေ့ ရမ်းပေ့ဆိုသည့် လူဆိုးလူမိုက် ဆယ်ယောက်ကျော်အင်အား၊ ရိုင်ဖယ်သေနတ်၊ မောင်းပြန်သေနတ် စသည့် လက်နက်အပြည့်အစုံတို့အပြင် လွန်စွာ အနံ့ခံကောင်းသလောက် ရက်[illegible]စက် ကိုက်ခဲတတ်သည့် အမဲလိုက်ခွေးကြီးငါးကောင် စသော အင်အား အပြည့်အစုံနှင့် ပိုင်းရံတိုက်ခိုက်လာကြမည့်ရန်သူများကို မည်ကဲ့သို့ ရင်ဆိုင်တိုက်ခိုက်ကြပါမည်နည်း။

တစ်နည်းဆိုရပါမူ မည်ကဲ့သို့ လွတ်မြောက်အောင် ထွက်ပြေးနိုင်ကြပါမည်နည်း။ ပြည့်စုံအောင် သက်ပြင်းမောကြီး တစ်ချက်ကို မသက်မသာဖြင့် ချလိုက်ရင်း ပါလီရှိရာသို့ လှည့်ကြည့်လိုက်တော့ မိန်းမချောလေးက တရှူးရှူးနှင့် အိပ်မောကျနေပါချေပြီကော။

■

အခန်း (၁၅)

## ချေကြီးရှူစီယာစ်ကို ဖြတ်သန်းခြင်း သို့မဟုတ်

သင်းပျံ့မွှေးကြိုင်သော ငါးကင်အနံ့က နှာခေါင်းဝမှတစ်ဆင့် ဆာလောင်မွတ်သိပ်နေသည့် အာရုံကို လာရောက်ထိခတ်သဖြင့် ပါလီ ရုတ်ခနဲ လန့်နိုးလာခဲ့သည်။

တွေ့လိုက်ရပါပြီ။ သူမအား ကျောခိုင်းကာ ထင်းမီးပုံတစ်ခုတွင် ငါးနှစ်ကောင်ကို ငါးညှပ်ဖြင့် ထိုးကင်နေသည့် ပြည့်စုံအောင်ကို တွေ့လိုက်ရသည်။

ကြည့်ရသည်မှာ သူမ အိပ်ပျော်နေစဉ်မိုက် အဆောက်အအုံ အောက်ခြေရှိ စမ်းချောင်းငယ်မှ ကျောက်ငါးကြင်းများကို သွားရောက် ဖမ်းဆီးခဲ့ခြင်းဖြစ်မည်။

ပါလီ ရုတ်ခနဲ သတိရလိုက်သဖြင့် သူမ၏ဘေးပတ်ဝန်းကျင်တွင် ရှိတ်

www.burmeseclassic.com



ထားသည့် အမ်လိုက်စားမြှောင်ကို စမ်းကြည့်လိုက်သည်။ စားမြှောင်က သူမ၏ခါးပတ်တွင် တွဲလျက်ချိတ်ထားသည့် အမဲလိုက်စားအိမ်တွင် ပုံစံမပျက် ရှိနေပါ၏။ ဤသို့ဆိုလျှင် –

"ဟုတ်တယ် ပါလီ … မင်းရဲ့စားမြှောင်ကို ခဏယူပြီး ဝါးချွန်လုပ်တယ်၊ ပြီးတော့ စမ်းချောင်းက ကျောက်ငါးကြင်းတွေကို ဝါးချွန်နဲ့ ထိုးယူမိပြီး မီးကင်နေတာ ကျက်တောင်ကျက်နေပြီ၊ ငါလည်း ဗိုက်ဆာနေပြီလေ၊ အင်း … ပါလီနိုးလာရင်လည်း ဆာနေမှာပဲဆိုပြီး ကြိုးကြိုးစား ကြိုးလိုက်မိတာပါ"

ထို့နောက် ပြည့်စုံအောင်က အဆင်သင့် ခုတ်ယူလာသည့် တောငှက်ပျောရွက်တွင် ငါးကင်ကိုထည့်ကာ ပါလီ့အနားသို့ ယူလာခဲ့သည်။ ထို့နောက် ဝါးခြမ်းချွန်လေးများနှင့် အသာထိုးဖွဲ့လိုက်သည့်အကြောင့် ငါးကင်အနံ့က ပို၍မွှေးပျံ့လာပါ၏။

"အား … မွှေးလိုက်တာ အစ်ကိုရယ်၊ အခုမှပဲ ဗိုက်ဆာတာကို သတိရတော့တယ်၊ ကြည့်စမ်း … ပါလီအိပ်ပျော်နေတာကို တစ်ယောက်တည်းထားခဲ့ပြီး ငါးသွားယမ်းတာပေါ့ … ဟုတ်လား အစ်ကို"

နှစ်ဦးသားကြားတွင် အခေါ်အပြော၊ အဆက်အဆံ၊ အထိအတွေ့တို့က ကာယကံရှင်နှစ်ယောက်သား မသိလိုက်ရဘဲနှင့် ပြောင်းလဲခဲ့ကြပါချေပြီကော။ ယခုပင် ငါးကင်နှစ်ကောင်ကို အလယ်မှာထား၍ နှစ်ယောက်သား ဗိုက်ဆာဆာနှင့် စားသောက်နေကြသည် မဟုတ်ပါလား။

ပြည့်စုံအောင်က ငါးကင်ကို အသင့်ပြုလုပ်ထားသည့် ဝါးချွန်လေးနှစ်ချောင်းဖြင့် အရိုးအသားခွဲခြမ်း၍ ပါလီ့ဘက်သို့ ပို့ပေး



သည်ကို ပါလီကလည်း သူ၏ဝါးချွန်လေးဖြင့် ထိုးကော်ကာ စားသောက်နေပါ၏။ မကြာခင် ငှက်ပျောဖက်စိမ်းစိမ်းလေးပေါ်တွင် ငါးရိုးများချည်းသာ ကျန်ရစ်ခဲ့ပါတော့သည်။

"စားလို့ကောင်းရဲ့လား ပါလီ"

"အိုး … ကောင်းမှကောင်း၊ ဗိုက်ဆာလို့လား မသိဘူး၊ တစ်ခါမှ ဒီလိုမျိုး မစားဖူးဘူး။ ဟင်း ဟင်း … အစ်ကိုနဲ့တွေ့မှပဲ သည့်လိုငါးကင်မျိုး စားရတာ … ကျေးဇူးပဲအစ်ကို"

ပါလီက အိပ်ရေးဝသွား၍လားမသိ။ ပေါ့ပါးလန်းဆန်းနေသယောင်၊ မျက်နှာနုနုလေးက ကြည်ရွှင်နေသဖြင့် အရှုရာယ်ရှိလှသော ကိုပင် ပြည့်စုံအောင် အခိုက်တန့်မျှ မေ့လျော့နေမိသည်။

နှစ်ယောက်သား ပျော်ပွဲစားထွက်လာကြသည့်အလား။ ပြည့်စုံအောင် ကမ်းပေးလိုက်သည့် စမ်းချောင်းရေအေးအေးပါသည့် ဝါးကျည်တောက်ကို ပါလီ မော့သောက်လိုက်သည်။

"အား … ရင်ထဲကို အေးသွားပြီ၊ တစ်ကိုယ်လုံး လန်းဆန်းသွားတာပဲ အစ်ကိုရေ"

စားသောက်ပြီးစီးသွားပြီနှင့် ပြည့်စုံအောင်က ဝါးကျည်တောက်တို့ အခန်းထောင့်တွင် ထောင်၍ ထားလိုက်သည်။ ပြီးမှ … ပါလီနှင့် မျက်နှာချင်းဆိုင်နေရာတွင် ထိုင်လိုက်ပြီး …

"ခြေထောက်က ဒဏ်ရာရော ဘယ်လိုနေသေးလဲ ပါလီ၊ အခုလိုမြန်မြန် ပါလီ့ခြေထောက်ဒဏ်ရာ သက်သာပျောက်ကင်းဖို့ဆိုရင် ဒီမှာ ဆေးရှိရင် သိပ်ကောင်းမယ်"

"နည်းနည်းတော့ သက်သာလာသလိုပဲ၊ ဟင်း … သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးတံတားကနေ ပြုတ်လာဖို့ကတော့ မဖြစ်နိုင်ဘူး အစ်ကို၊ ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်၊ ဒီကိစ္စကို အဘသိသွားခဲ့ရင်တော့ မိုးမီးလောင်မှာ သေချာတယ်၊ ပါလီတို့ကိုလည်း မတွေ့တွေ့အောင် ရှာကြလိမ့်မယ်၊ ဒါဆိုရင် သူတို့ဟာ တောင်ခြေချောက်ခြမ်းကနေ မြင်းတွေ့, ခွေးတွေနဲ့ ပတ်ပြီး လိုက်ဖမ်းကြလိမ့်မယ် အစ်ကို"

ပါလီ၏စကားက ဖြစ်နိုင်ခြေရှိသည်။ ပါးစပ်ထဲသို့ရောက်ခါနီး ထမင်းလုတ်ကို မည်သူက ပုတ်ချခ်နိုင်ပါမည်နည်း။ ပြည့်စုံအောင်ကို မြင်လည်း၍ ဖမ်းဆီးမိခဲ့လျှင် ဦးဒိဗ္ဗ အနှစ်နှစ်အလလ ရှာဖွေနေသည့် 'အရွှေမိုးရားဂူ' မှ ရွှေဒင်္ဂါးများစွာကို ပိုင်ဆိုင်ခွင့်ရရှိမည် မဟုတ်ပါလား။

ဦးဒိဗ္ဗကဲ့သို့ ဒုစရိုက်တုရင်တစ်ပါးက သူ၏နယ်ပယ်တွင် လက်ညှိုးညွှန်ရာ ရေဖြစ်စေခဲ့သူတစ်ယောက်။ သူသာ အလိုရှိမည်ဆိုလျှင် ပြည့်စုံအောင်နှင့် ပါလီတို့ကို အလွယ်တကူ ဖမ်းယူရရှိနိုင်မည် ဖြစ်ပါ၏။

ယခုအတိုင်းသာ ပါလီတစ်ယောက် သူ့ကို သစ္စာဖောက်သွားခဲ့သည်ကိုသာ သိရှိသွားခဲ့မည်ဆိုပါလျှင် နတ်သူငယ်တောင်နှင့် မိုးရားဂူ တောင်ကြီးများ မှုန်မှုန်ညက်ညက်ကြေသည်အထိ တောနင်း၍ ရှာဖွေမည်မှာ မလွဲပါတည်း။ ပြည့်စုံအောင်မှာ တွေ့စကတည်းက 'ပယောဂိုးဖွာများနှင့် ရှုပ်ထွေးနေသည့် ပါလီဆိုသော မိန်းမချောလေးကိုကြည့်ကာ သက်ပြင်းတစ်ချက်ကို လူမသိသူမသိ ချလိုက်ပါတော့သည်။

"တစ်ခုလောက်တော့ ပါလီကို မေးကြည့်ချင်တယ်၊ ဒီလောက်ရှုပ်ထွေးမှုလိုနေတဲ့ ဝက်ပါသပွတ်ရှုကြီးထဲမှာ ပါလီက ဘယ်လိုပတ်သက်နေရတာလဲဟင်"

သည်တစ်ကြိမ်တော့ ပါလီက ချက်ချင်းမဖြေ။ မျက်ဝန်းညိုညို ကြီးများနှင့် ပြည့်စုံအောင်အား အတန်ကြာမျှ စိုက်ကြည့်နေပါ၏။ ထို့နောက် ပြည့်စုံအောင်ထံမှ အကြည့်ကို လွှဲဖယ်ကာ ကျိုးမဲပျက်စီးနေသည့် ပြတင်းတံခါးကြားမှ မြင်တွေ့နေရသည့် တောင်တန်းညိုညိုကြီးများဆီသို့ အဓိပ္ပာယ်မဲ့ ငေးမျှော်ကြည့်နေပြန်သည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ သက်ပြင်းတစ်ချက်ချကာ . . .

"အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ဒီလိုဖြစ်ရပ်တွေ ဖြစ်ခဲ့ရတာဟာ ပါလီရဲ့မေမေ နန်းဒေဝီက စခဲ့တာပါ၊ ကိုယ့်အမေရဲ့ မကောင်းတဲ့သတင်းတွေကို ဖွင့်ပြောပြရတာလောက် စိတ်ပင်ပန်းဆင်းရဲရတာ ဘယ်မှာရှိနိုင်တော့မှာလဲ အစ်ကိုရယ်၊ ဒါပေမဲ့လည်း ပါလီ့ဘဝရဲ့ ရှုပ်ထွေးနေတဲ့ ချည်ခင်ထွေးအရှုပ်ကြီးကို ဒီလိုမှ ရှင်းမပြဖြစ်ခဲ့ရင် ဒီတစ်သက် ဘယ်သူ့ကိုမှ ရှင်းပြခွင့်ရတော့မှာမဟုတ်လို့ အစ်ကို့ကို ဖွင့်ပြောပြရတာပါ"

ခွေးခွေးမြည့်မြည့်နှင့်ထွက်ပေါ်လာသည့် ပါလီ၏စကားသံလေးက နေ့လယ်ခင်း လေရှူးတွင် စီးမျောဝေ့ဝဲလွင့်ပါလျှစ် . . .။

"ပြဿနာမီးပွားရဲ့အစက ပါလီရဲ့ဖေဖေ မြို့စားကြီး 'ခမ်းဆေးဟန်'ဆီမှာ 'ဒဏ္ဍာရီတာရွှေ မိုးရားဂူကြီး' ရဲ့ သိုက်ညွှန်းတွေနဲ့ ပေပုရိုက်တွေ ရှိနေတယ်ဆိုတာ မေမေသိသွားခဲ့ရာကနေ ပြဿနာတွေ ရှုပ်ထွေးကုန်ခဲ့ရတာပါပဲ အစ်ကိုရယ်"

"ဟင် . . . ဒါ . . . ဒါဆိုရင် ဟို . . . ဦးဒိဗ္ဗဆိုတဲ့ သမားတော်ကြီးက ပါလီရဲ့အဖေ မဟုတ်ဘူးလား"

"ဟင်၊ ဟင်း . . . အဲဒီဦးဒိဗ္ဗဆိုတဲ့သူက ပါလီ့ရဲ့ပထွေးတစ်ယောက်ပါ အစ်ကို၊ ပါလီရဲ့အဖေအရင်းက ဟော်နန်းကျွန်း စော်ဘွား

www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ အရှင်သခင်ဖြစ်တဲ့ ပုပ္ပါးနိုးမြို့စားကြီးဦးခမ်းဆေးဟုန်ပါရှင်

မမျှော်လင့်ဘဲ ပါဠိကျမ်းစာများမှ ထွက်ကျလာခဲ့သော စကား များကြောင့် ပြည့်စုံအောင်တစ်ယောက် ပါးစပ်အဟောင်းသား ဖြစ် သွားခဲ့ပါချေပြီကော။

❀

ပုပ္ပါးနိုးမြို့စားကြီး ဦးခမ်းဆေးဟုန်။ ဦးခန်းဆေးဟုန် မြို့စားကြီး အရိုက်အရာခံယူခဲ့သည့်နောက်ပိုင်းတွင် နမ့်ခမ်းမြို့ကြီးသည် များစွာ တိုးတက်ပြောင်းလဲလာခဲ့သည်။

အထူးသဖြင့် သီလ၊ သမာဓိ ရှိသလောက် ပြောင့်မတ်မှန်ကန် သည့် ဦးခမ်းဆေးဟုန်မှာ နမ့်ခမ်းတစ်မြို့လုံးသာမက မြို့နီးဝန်းကျင် လက်လှမ်းမီသမျှ ရွာကြီးရွာငယ်များမှ ရွာသူရွာသားများပင်မကျန် ကြည် ညိုလေးစားခြင်းခံရသည့် မြို့စားကြီးတစ်ဦးဖြစ်သည်။

ထိုခေတ် ထိုအခါက ပုပ္ပါးနိုးမြို့စားသည် သူအုပ်ချုပ်ရာ နယ်မြေ ဒေသတွင် ဘုရင်တစ်ပါးကဲ့သို့ အာဏာသက်ရောက်ပြီး အစဉ်အဆက် ချမ်းသာကြွယ်ဝသူများဖြစ်ရာ ဦးခမ်းဆေးဟုန်၏အာဏာစက်ဝါသည် နမ့်ခမ်း မြို့ပေါ်တွင်သာမက မိုင်းမောဒေသတစ်လျှောက် မြို့ကြီး၊ မြို့ငယ်၊ ရွာကြီး ရွာငယ်များထိတိုင် သက်ရောက်မှု ရှိခဲ့ပါ၏။

အထူးသဖြင့် ဦးခမ်းဆေးဟုန်တို့၏ မျိုးရိုးစဉ်ဆက်တစ်လျှောက် မြန်မာဘုရင်များထံတွင် လက်ရုံးရည်၊ နှလုံးရည်အပြည့်ဖြင့် အမှုတော် ထမ်းခဲ့သော သူရဲကောင်း ရွှေတိုက်စာရင်းဝင်များဖြစ်ကြသည်။ ဦးခမ်း ဆေးဟုန်ကိုယ်တိုင်လည်း သူတို့၏မြင့်မြတ်သောမျိုးရိုးနှင့် အစဉ်အလာ ကို လေးစားထိန်းသိမ်းမယ့်သူတစ်ဦးဖြစ်သည်။

ထို့ကြောင့် အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်အုပ်ချုပ်ခဲ့စဉ် ကလည်း မျိုးရိုးစဉ်ဆက် အရိုက်အရာကို ဟန်မပျက်ပင် ဆက်ခံခဲ့သည်။ သူတစ်ပါးနယ်မြေတွင် ကျူးကျော်နယ်ချဲ့ခဲ့ရုံမျှမက အဓမ္မသိမ်းပိုက် အုပ်ချုပ်ခဲ့သည့် အင်္ဂလိပ်တို့ကို မကျေမနပ်မှုကြောင့် နယ်ချဲ့တော်လှန်ရေး တိုင်းများကို နောက်ကွယ်မှ သိုသိုသိပ်သိပ်နှင့် လျှို့ဝှက်၍ ဆောင်ရွက်ခဲ့ သည်။

ဤသို့ဖြင့် မြို့စားကြီးခမ်းဆေးဟုန်၏ ဟော်နန်းစံအိမ်တော် ကြီးသည် အင်္ဂလိပ်အစိုးရလက်ထက်တွင် လျှို့ဝှက်နယ်ချဲ့ တော်လှန်ရေး ဌာနချုပ်ကြီးတစ်ခု ဖြစ်ခဲ့ပါ၏။ သူ၏လျှို့ဝှက်မြေအောက်ခန်းတွင် လက်နက်ခဲယမ်းမီးကျောက်များကို သိုသိပ်စွာ စုဆောင်းထားရှိခဲ့သည်။

ဦးခမ်းဆေးဟုန်တွင် ယုံကြည်အားထားရသည့် လူယုံတော် ခွန်မိုင်းဆိုသည့် သွေးသောက်တစ်ယောက်လည်း ရှိပါ၏။ ခွန်မိုင်းနှင့် အတူ သူ၏သေဆိုသေ၊ ရှင်ဆိုရှင် အားကိုးရသည့် သွေးသောက်တပည့် လက်သားများစွာ ရှိခဲ့သည်။

တစ်နေ့တွင် ဂျပန်တို့ဘက်မှ တိတ်တဆိတ် လက်နက်ခဲယမ်း ကျောက်များ ပို့ဆောင်မည်ဖြစ်၍ ထိုလက်နက်များကို ဦးခမ်းဆေးဟုန် ဦးစီး၍ သူ၏ဟော်နန်းဆောင် လျှို့ဝှက်မြေ အောက်ခန်းထဲသို့ တိတ် တဆိတ် သယ်ယူရမည် ဖြစ်ပါ၏။

ထိုကိစ္စအတွက် ဦးခမ်းဆေးဟုန် ကိုယ်တိုင်လက်ခံယူဆောင်ရ

www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သဖြင့် သူ၏လက်ရွေးစင် သွေးသောက်နှစ်ဆယ်နှင့်အတူ လျှို့ဝှက်စွာ ခရီးထွက်ခဲ့ကြပါ၏။ ထိုခရီးစဉ်တွင် ဦးခမ်းဆေးဟုန် လိုက်ပါခဲ့သော်လည်း တကယ်တမ်း ဦးစီးရသည့် သူမှာ ဦးခမ်းဆေးဟုန်၏ လူယုံတော် ခွန်မှိုင်းပင် ဖြစ်ပါသည်။

စင်စစ် . . . ဂျပန်တို့သည် လျှို့ဝှက်တောင်ကြောများထက်တွင် လေယာဉ်ဖြင့် လက်နက်ခဲယမ်းမီးကျောက်များကို သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နာရီများတွင် လေထီးများဖြင့် ချပေးခဲ့ကြသည်။

ပြီးမှ တစ်ဖက်မှ မြန်မာ့တော်လှန်ရေးသမားများနှင့် လျှို့ဝှက်ဆက်သွယ်ကာ လက်နက်များကို တစ်နေရာရာတွင် လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ကြခြင်း ဖြစ်သည်။

ထိုနေ့က နတ်သူငယ်တော်ဘက်သို့ အမဲပစ်တောလည်ကြမည်ဟု အကြောင်းပြကာ မြို့စားကြီး ခမ်းဆေးဟုန်တို့အဖွဲ့ မြင်းကိုယ်စီနှင့် ခရီးထွက်ခဲ့ကြသည်။ လျှို့ဝှက်သတ်မှတ်ထားသည့် တောင်ကြောထက်မှ လက်နက်ခဲယမ်းမီးကျောက်များကို ခွန်မှိုင်းဦးစီး၍ မြင်းပေါ်သို့ ပုံဖျက်၍ ခွဲဝေကာ သယ်ဆောင်ခဲ့ကြသည်။

သို့သော် ကသိုလ်ကံဆိုးချင်တော့ နယ်မြေကင်းလှည့်သည့် ဂျပန်စစ်သားများနှင့် ထိပ်တိုက်တွေ့ဆုံကာ နစ်ဖက်တိုက်ပွဲဖြစ်ကြသည်။ တိုက်ပွဲဖြစ်သည့်နေရာမှာ မတ်စောက်သော တောင်ကြောတစ်ခု၏ တန်းကုန်းပေါ်တွင် ဖြစ်သည်။

'ဒိုင်း . . ဒိုင်း . . ဒက် . . ဒက် . . ဒက် . . ဝုန်း'

'အ . . အင်း . . ဒိုင်း . . ဒက် . . ဒက် . . ဒိန်း'

ကံကောင်းချင်တော့ ခမ်းဆေးဟုန်တို့ တော်လှန်ရေးတပ်သားများက တောင်ကြောအထက်မှ နေရာယူထားကြသည်မို့ တိုက်ပွဲတွင် အပေါ်စီးမှ စိတ်ကြိုက်ပစ်ခွင့်ရခဲ့သည်။ သို့သော် ထိုတိုက်ပွဲတွင် မြို့စားကြီးခမ်းဆေးဟုန်မှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပါ၏။



သူ၏ညာလက်ရုံး ခွန်မှိုင်းတစ်ယောက် မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်ကာ တိုက်ပွဲပြီးဆုံးသွားသည့်နှယ် သူ၏တော်လှန်ရေး ရဲဘော်များနှင့် တောနင်း၍ ရှာဖွေခဲ့သည်။ မိုးသာ စုန်းစုန်းချုပ်သွားခဲ့သည်။ မြို့စားကြီးခမ်းဆေးဟုန်တစ်ယောက် ခြေရာလည်းပျောက် ရေလည်းနောက် ဖြစ်ခဲ့ရပါလေ၏။

"တောက် . . . အဲဒါမှ အကြီးအကျယ် ဒုက္ခရောက်တော့တာပဲ၊ တိုက်ပွဲဖြစ်နေတုန်းဆိုတော့လည်း မြို့စားကြီးကို ဘယ်သူမှ သတိမထားမိလိုက်ကြဘူး။ မဖြစ်ဘူး ငါကတော့ ငါ့အရှင်ကို မတွေ့တွေ့အောင် ရှာမှဖြစ်မယ်၊ အဲဒီတော့ မင်းတို့က ဒီလက်နက်တွေကို ထုံးစံအတိုင်း လျှို့ဝှက်သယ်ဆောင်သွားကြပြီး စံအိမ်တော်ကြီးရဲ့ မြေအောက်ခန်းထဲမှာ ထည့်ထားလိုက်ကြ။ ငါနဲ့ခွန်ယော်နဲ့ မြို့စားကြီးကို မတွေ့တွေ့အောင် ရှာနေရစ်ခဲ့မယ်၊ ဒါပေမဲ့ . . . ဒီကိစ္စကို ဘယ်သူမှ မသိစေနဲ့ မြို့စားကြီးကို မေးရင် မိုင်းမောဘက်ကို အလုပ်ကိစ္စနဲ့ ဆင်းသွားတယ်လို့ ပြောရစ်ကြ၊ ကိုင်း . . . မင်းတို့ သွားကြတော့"

ဤသို့ဖြင့် ခွန်မှိုင်း၏စနစ်တကျ စီစဉ်ခဲ့မှုကြောင့် မြို့စားကြီးခမ်းဆေးဟုန် ပျောက်ဆုံးမှုကြီးကို ပါးစပ်ပိတ် နှုတ်ဆိတ်စေခဲ့ပါ၏။ သို့သော် . . . စွန်မှိုင်းတို့မှာမူ ထိုနေ့အမှီ မိုးချုပ်သွားခဲ့ပြီမို့ သင့်တော်ရာ သစ်ပင်မြင့်ထက်တွင်တက်၍ အိပ်စက်နားနေကြရင်း တစ်ညတာ ခိုးစေခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### ခမ်းဆေးဟုန်တွေ့ရှိခဲ့သော ဒဏ္ဍာရီတစ္ဆေမိဖုရားဂူ

စင်စစ် . . . မြို့စားကြီး ခမ်းဆေးဟုန်မှာ ပျောက်ဆုံးသွားခဲ့ခြင်း မဟုတ်ပါ။ နှစ်ဖက်တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားနေချိန်တွင် သေနတ်ကျည်ဆန်များကြားမှ ရှောင်တိမ်းရင်း ခြေချော်ကျကာ တစ်ဖက်လှိုဏ်ထဲသို့ လိမ့်ဆင်းကျသွားခြင်းသာဖြစ်ပါ၏။ သို့သော် အကျမတော်ခဲ့သဖြင့် ဦးခေါင်းနှင့် ကျောက်တုံးတိုက်မိကာ သတိလစ်မေ့မြောသွားခဲ့ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် သူ၏တပည့်တပန်းများ သဲသဲမဲမဲရှာဖွေနေကြချိန်တွင် မြို့စားကြီး ခမ်းဆေးဟုန်တစ်ယောက် သတိလစ်မေ့မြောနေသဖြင့် အော်ဟစ်ခေါ်ငေါ်ခြင်း၊ ပြန်လည်၍ ထူးနိုင်ခြင်းတို့ မရှိခဲ့ခြင်းဖြစ်သည်။ ဦးခမ်းဆေးဟုန် ပြန်လည်သတိရလာတော့ မှောင်ရီပျိုးစအချိန်ဖြစ်နေခဲ့



ချို။

ငါ . . . ငါ တောင်ကြောပေါ်က ခြေချော်ပြီး လိမ့်ကျလာခဲ့တာ ပဲ။ ဒါတောင် ငါ့ရဲ့လူယုံတော်တပည့်တပန်းတွေက လိုက်ပြီး မရှာဖွေ ကြဘူးထင်တယ်။ ဒါမှမဟုတ် ငါ ခေါင်းနဲ့ကျောက်တုံး ထိမိပြီး သတိလစ်နေလို့များ ရှာလို့မတွေ့သွားကြတာလား။

ဦးခမ်းဆေးဟုန်မှာ လှိုဏ်ကြီးထဲမှ လမ်းစရှာ၍ထွက်ရန် ကြိုးစား ရပေတော့သည်။ မိုးချုပ်၍ သည်ထက်မှောင်သွားခဲ့လျှင် တောကောင် ကြီးများ၏အန္တရာယ်ကလည်း စိုးရိမ်ရသည်မဟုတ်ပါလား။ ထို့ကြောင့် မှုန်ပြုံအလင်းရောင် ပိုးတဝါးတွင် ထွက်ပေါက်လမ်းစကို စမ်းတဝါးဝါးဖြင့် ရှာဖွေရင်း လှိုဏ်ကြီးထဲမှ ထွက်လာခဲ့သည်။

ထိုအချိန်တွင် ဦးခမ်းဆေးဟုန်၏လူများမှာ လက်နက်ခဲယမ်း များကလည်း တစ်ဖက်နှင့်မို့ ခွန်မိုင်း၏စကားအတိုင်း ဟော်နန်းဆောင် ရှိရာသို့ ထွက်သွားကြခြင်းကြောင့် အသံဗလံများ တိတ်ဆိတ်သွားခဲ့ကြ ခြင်းဖြစ်သည်။ ဦးခမ်းဆေးဟုန်မှာ လက်နက်ဟူ၍လည်း အစ်တိုတစ် ချောင်းမျှပင် မပါရှိခဲ့သဖြင့် တောတိုးကာသာ ထွက်လမ်းကို လျှင်မြန်စွာ ရှာဖွေလျက်ရှိသည်။

ထိုအခိုက် သူ၏ရှေ့ ပေတစ်ရာခန့်ဆီမှ အလင်းရောင်ပျပျကို တွေ့မြင်လိုက်ရသဖြင့် ဦးခမ်းဆေးဟုန် ထိတ်ခနဲဖြစ်သွားခဲ့သည်။

"ဧော် . . . ဒီလောက်နက်ခေါင်တဲ့ တောထဲမှာ ဘယ်က မီး ရောင်က ရှိနေရတာလဲ၊ ထူးထူးဆန်းဆန်း အဲဒီနေရာမှာ ဘာများဖြစ်လို့ လဲ မသိဘူး"

ဦးခမ်းဆေးဟုန်မှာ ထိုမီးရောင်ပျပျမြင်တွေ့ရာသို့ ခပ်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်နှင့် တိုးဝင်လာခဲ့ရာမှ လွန်စွာအရုပ်ဆိုးလှသော ကျောက်လှိုင်ဂူတစ်ခုကို အံ့သြစွာ မြင်တွေ့လိုက်ရသည်။ သို့သော် ... အဝင်ဝတွင် ချုံနွယ်များ ပိတ်ဖုံးနေသည့်မို့ ကျောက်ဂူကို သဲသဲကွဲကွဲမမြင်ခဲ့ရပါချေ။

ဦးခမ်းဆေးဟုန်တွေ့မြင်နေရသည့် အလင်းရောင်မှုမှုသည် ချုံနွယ်များ ပိတ်ဖုံးနေသည့် အရုပ်ဆိုးဆိုးကျောက်ဂူကြီးထဲမှ လျှံထွက်နေသည့် အလင်းရောင်ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့မြင်နေရပါ၏။

"ဟာ ... ထူးဆန်းလှချည်လား။ ကျောက်ဂူကြီးထဲမှာဆိုရင် မှောင်မည်းနေရမယ့်ဟာ ဘာကြောင့် လင်းနေရတာပါလိမ့်"

ထူးဆန်းသောဖြစ်ရပ်ကြောင့် ဦးခမ်းဆေးဟုန်မှာ ချုံနွယ်များကို ဖယ်ရှားခွဲ၍ယကာ ကျောက်ဂူကြီးထဲသို့ စူးစမ်းလိုစိတ်ဖြင့် ချောင်းကြည့်လိုက်သည်။

"ဘုရား ဘုရား ... ငါ့တစ်သက်မှာ ဒီလောက်အရုပ်ဆိုး အကျည်းတန်ပြီး တစ္ဆေတစ်ကောင်ရဲ့မျက်နှာလို ကြောက်စရာကောင်းတဲ့ ကျောက်ဂူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဦးခမ်းဆေးဟုန်မှာ မယုံနိုင်ဖွယ်မြင်ကွင်းကြောင့် သူ၏လက်ရှိ အကွက်ကိုပင် မေ့လျော့သွားကာ ကျောက်ဂူကြီးထဲသို့ ချုံနွယ်များကို တိုးဖွေ ဖယ်ရှားရင်း ဝင်လာခဲ့သည်။ ကျောက်ဂူကြီး၊ ကျောက်စွယ်၊ ကျောက်ငုတ်များက ဟိုမှသည်မှ ထိုးထိုးထောင်ထောင်နှင့် ဂူမျက်နှာကြက်တွင် ကျောက်ပန်းဆွဲကြီးများက ရူရူငေါ်ငေါ်နှင့် တွဲလွဲကျနေသည်ကိုတွေ့မြင်နေရသည်။ ဂူနံရံအတွင်းဘက်တွင် အပြာရောင်မီးစုန်းလေးများက ဂူနံရံ တစ်လျှောက်တွင် တလက်လက်နှင့် တောက်ပနေကြသည်။

သြော် ... အလင်းရောင်တွေက ဒီဂူနံရံတွေမှာ မီးစုန်းကြူလို့



လင်းလက်နေတဲ့ မီးစုန်းလေးတွေက ထွက်နေတာကိုး။ ဒါကြောင့် ကျောက်ဂူကြီးထဲမှာ မှောင်မနေတော့ဘဲ မီးထွန်းထားသလို မှိန်ဖျော့ဖျော့ အလင်းရောင်တွေ လင်းဖြာနေကြတာပဲ။

ဦးခမ်းဆေးဟုန်မှာ ကျောက်ဂူကြီးထဲမှ အလင်းရောင်ဖျော့ဖျော့ကြောင့် ကြောက်ရွံ့စိတ်မရှိတော့ဘဲ ခပ်ရဲရဲပင် ဝင်လာခဲ့သည်။ ကျောက်ဂူကြီးမှာ အဝင်ဝတွင် ကျဉ်းမြောင်းသည်ဟု ထင်ရသော်လည်း အတွင်းသို့ ဝင်လာခဲ့သည်နှင့် ပေသုံးလေးဆယ်ခန့် ကျယ်ဝန်းကြောင်း သိရသည်။ ထိုစဉ် ...

'အင်း .. ဟီး ဟီး ဟီး ... အင်း .. ဟင်း .. အီး'

ကျောက်ဂူကြီး၏အတွင်းပိုင်းဆီမှ ညည်းတွားသံကြီးတစ်ခုကို ရုတ်တရက်ကြားလိုက်ရသဖြင့် ဦးခမ်းဆေးဟုန်မှာ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားမိသည်။

ဟော ... ဘာသံကြီးလဲ။ ဒါ တစ်ယောက်ယောက် ညည်းသံကြီးပဲ။ အထဲမှာ လူများရှိသလား မသိဘူး။

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် ဦးခမ်းဆေးဟုန် ခြေလှမ်းများပင် တန့်သွားပါ၏။ နောက်မှ သိချင်စိတ်ပြင်းပြလာကာ ကျောက်ဂူကြီးထဲသို့ သတိနှင့်တိုးဝင်လာခဲ့သည်။ စောစောက ညည်းညူသံကြီးက ခဏမျှ ငြိမ်သက်သွားခဲ့သော်လည်း ကျောက်ဂူကြီးအတွင်းပိုင်းသို့ ရောက်လာသည်နှင့် ထပ်မံ၍ကြားလိုက်ရပြန်သည်။

'အင်း .. ဟီး .. အင်း .. ဟား .. ဟား .. ဟီး .. ဟီး'

"ဟော ... ကြားရပြန်ပြီ ... ဟော ... ဟော"

သည်တစ်ကြိမ် ညည်းတွားသံလိုလို ခပ်အစ်အစ်ရယ်မောသံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလိုလို နီးစပ်စွာ ကြားလိုက်ရသဖြင့် ဂူနံရံကြီးတစ်ဖက်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ကျောက်စွယ်၊ ကျောက်ငုတ်၊ ကျောက်ဖုများနှင့် ဖုထစ်ရှုပ်တွနေသည့် ဂူနံရံတွင် ထူးခြားမှုဟူ၍ မတွေ့ရပါချေ။

သို့သော် ဤနေရာတစ်ဝိုက်မှ ညည်းတွားသံကြီးများကို ကြားလိုက်ရသဖြင့် အနားသို့ တိုးကပ်ကာ ဂူနံရံတစ်လျှောက် သေချာစွာ စစ်ဆေးကြည့်ရှုလိုက်ရာ လက်တစ်ဖောင်ခန့်နေရာတချို့တွင် မညီညာသော အပေါက်တချို့ကို ဦးခမ်းဆေးဟုန် ရှာဖွေတွေ့ရှိလိုက်သည်။

"ဟော . . . ဂူပေါက်သေးသေးလေးတွေပါလား၊ ဒါဆိုရင် လေဝင်ပေါက်များ ဖောက်ထားသလားမသိဘူး၊ အပေါက်လေးတွေက ကွမ်းသီးလုံးလောက် ရှိတယ်၊ ဒါပေမဲ့ တချို့အပေါက်တွေက တကယ့်ကို သံချွန်တွေနဲ့ ဖောက်ထားသလိုပဲ"

ဦးခမ်းဆေးဟုန်စိတ်ထဲတွင် သင်္ကာမကင်းရှိလာသည်မို့ ကျောက်ငုတ်များပေါ်မှ တစ်ဆင့်တက်ကာ အပေါက်လေးများကို သေချာစွာ ကြည့်လိုက်သည်တွင် ထိုအပေါက်ကလေးများမှ လေတိုးသံ တရှဲရှဲကို စတင် ကြားလိုက်ရသည်။

'ရှဲ . . ဟီး . . ဟီး . . အင်း . . ဟင်း . . ဟင်း . . ဟီး . . ဟီး"

ဂူပေါက်လေးများ၏အပေါက်အကျဉ်းအကျယ်ကို လိုက်၍ လေတိုးသံများက သံစဉ်တစ်ခုအဖြစ် ပြောင်းလဲသွားကြသည်။ ထို့နောက်မှာတော့ စောစောက သူကြားလိုက်ရသည့် ညည်းတွားသံလိုလို၊ ရယ်မောသံလိုလို သံစဉ်အတက်အကျက လေတိုက်တိုင်း မညီမညာနှင့် ထွက်ပေါ်လာခဲ့သည်။

"ဩော် . . . ဒါဟာ မတော်တဆ တိုက်ဆိုင်မှုလား၊ ဒါမှမဟုတ်



. . . လူသားတွေ တမင်ဖန်တီးထားတဲ့ အပေါက်ကလေးတွေလား။ သေချာတာကတော့ ချောက်ချားဖွယ်ရာကောင်းတဲ့ ညည်းညူသံကြီးတွေဟာ ဒီဂူပေါက်လေးတွေကို လေတိုးရာက ထွက်ပေါ်လာတယ်ဆိုတာပဲ"

လျှို့ဝှက်ချက်အဖြေကို တွေ့ရှိသွားရပြီမို့ ဦးခမ်းဆေးဟုန် ကျောက်ငုတ်ကြီးပေါ်မှာ ပြန်၍ဆင်းလာခဲ့သည်။ သူ၏စိတ်ထဲတွင်လည်း ဤထူးဆန်းသော ကျောက်ဂူကြီးနှင့်ပတ်သက်၍ သံသယစိတ်များ ကြီးထွားလာခဲ့ပါတော့သည်။ ဤအရုပ်ဆိုးဆိုး ကျောက်လှိုဏ်ဂူကြီးကို လူသားတို့ တမင်ဖန်တီးခဲ့ကြလေသည်မလား . . . ဟု။

"အင်း . . . ဒီကျောက်ဂူကြီးဟာ လူတွေ တမင်ဖန်တီးပြီး မြုပ်ထားကြတာများလား၊ လူသားတွေ ဖန်တီးထားတယ်ဆိုရင်တော့ အင်မတန်ထူးဆန်းတဲ့ ပဋ္ဌလက်ပညာရပ်တွေနဲ့ ချောက်လှန့်ဖန်တီးထားတာပဲ၊ ဒီလိုဆိုရင် ဒီကျောက်ဂူကြီးထဲမှာ လူတွေမတွေ့လို့ မသိလိုက်တဲ့ လျှို့ဝှက်တဲ့အရာတွေ ရှိရမယ်"

ဦးခမ်းဆေးဟုန်မှာ ကျောက်ဂူကြီး၏လျှို့ဝှက်ချက်ကို သိလိုစိတ်ပြင်းပြလာသည်မို့ မဆုံးနိုင်သေးသော ဂူအတွင်းပိုင်းထိတိုင်း တိုးဝင်လာခဲ့သည်။ ဂူအတွင်းပိုင်းမှာတော့ စိုစိုထိုင်းထိုင်းနှင့်ဆိုးဝါးသော အနံ့အသက်များကို ရမ်းရံခါရှူရှိုက်မိသည်။ ထူးခြားသည်မှာ ကျောက်ဂူကြီးထဲတွင် မည်သည့်သတ္တဝါမှ နီအောင်းမနေကြခြင်းပင်။

ထိုစဉ်မှာပင် စိမ်းဖြာလင်းလက်နေသည့် ဂူအတွင်းပိုင်းဘက်မှ တစ်စုံတစ်ရာကို ကျောက်ပန်းစွယ်များကြားမှ တွေ့မြင်လိုက်ရသည်မို့ ပါးစပ်အဟောင်းသား ဖြစ်သွားပါ၏။

"ဟာ"

www.burmeseclassic.com



ကျောက်ပန်းခွဲကြီးများ ကျောက်စက်မိုးမျှော်များကြားမှ အစိမ်းရောင်အလင်းများ ဖြာထွက်နေသည်။ ခေါင်းတလားကြီးတစ်ခုနှင့် သူ့အနီးမှ ကျောက်ဂူအမိုးနှင့် ထိလုနီးပါးရှိသည့် ရုပ်တုကြီးတစ်ခုကို တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

"အိုး ... ဘယ်လိုလဲဗျာ၊ ခေါင်းတလားကြီးတစ်ခုနဲ့ ဟိုကုန်းကုန်းကွကွနဲ့ ဘာရုပ်တုကြီးလဲမသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဒါပေမဲ့ ... ငါ အနားထိတိုးသွားရင် အန္တရာယ်တစ်ခုခုများ ဖြစ်မလား"

စောစောက ဂူပေါက်လေးများဖြင့် ညည်းညူသံထွက်ပေါ်စေသည့် ပစ္စလက်ပညာကြောင့် ဦးခမ်းဆေးဟုန် ခြေလှမ်းများက တန့်ခနဲဖြစ်သွားပါ၏။ ထို့ကြောင့် အနီးရှိ ကျောက်တုံးကြီးကြီးတစ်ခုကို ခေါင်းတလားကြီးအနီးရှိ ကြမ်းပြင်ထက်သို့ လှမ်းပစ်လိုက်သည်။

'ဒိုး ... ဖိုး ... ဝရော ... ဝရော'

ကျောက်တုံးကျသံ တဒုန်းဒုန်းနှင့်အတူ တဝှစ်ဝှစ်နှင့် ပြေးထွက်လာကြသည့် မြွေးတံများက ကျောက်ဂူနံရံများဆီမှ ပြေးထွက်လာကြသည်။

'ဝှစ် .. ဝှစ် .. ရှုတ် .. ရှုတ် .. ဝှစ် .. ဗိုး'

တစ်ဆက်တည်းမှာပင် အဖြူရောင်မီးခိုးငွေ့များက ဂူကြမ်းပြင်ဆီမှ လှိုင့်ပျံ့စီးမျောထွက်လာကြသည်။ ဦးခမ်းဆေးဟုန်မှာ မလိုလည်းလိုလည်း အနီးရှိ ကျောက်ရေအိုင်လေးထဲမှ ရေတွင် ခေါင်းပေါင်းထားသည့် တဘက်ကို နှစ်လိုက်ပြီး ရေညှစ်လိုက်သည်။ ပြီးမှ နှာခေါင်းနှင့် ပါးစပ်တို့ကိုဖုံး၍ စည်းနှောင်ထားလိုက်ပါ၏။

အန္တရာယ်ပေးနိုင်သည့် မီးခိုးငွေ့များဆိုလျှင် ဦးခမ်းဆေးဟုန်



ကြီးတင်၍ ကာကွယ်ပြီးဖြစ်သွားသည် မဟုတ်ပါလား။ အခန်ကြာလျှင် မီးခိုးငွေ့ဖြူဖြူများမှာ ပါးလျားသွားကြပြီးနောက် နှစ်မိနစ် သုံးမိနစ်ခန့်အကြာမှာတော့ လုံးဝပျောက်ကွယ်သွားကြပါတော့သည်။ ယခုတော့ ကျောက်ဂူကြီးထဲတွင် ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားပြန်ပါ၏။

ထိုအခါမှ ရေစိုတဘက်ကို မျက်နှာမှ ဖြုတ်လိုက်ပြီး ခေါင်းတလားကြီးရှိရာသို့ ဦးခမ်းဆေးဟုန် တစ်လှမ်းချင်း လှမ်းရင် သတိနှင့်တိုးဝင်လာခဲ့သည်။ ကျောက်ပန်းကျောက်စွယ်ကြီးများကြားမှ ရေညှိများ တက်နေသည့် ခေါင်းတလားကြီးနှင့် ထိုင်နေဟန်တူသည့် မိန်းမရုပ်တုကြီးတစ်ခုကို ဦးခမ်းဆေးဟုန် အနီးကပ်တွေ့မြင်နေရပါချေပြီရော။

"ဟာ ... ဒါ ... ဒါ ရေညှိတွေတက်နေတဲ့ ခေါင်းတလားကြီးတစ်ခုပဲ၊ ဒီ ... ဒီ ရုပ်တုကြီးကလည်း နေပါဦး ... မင်းနေပြည်တော်က မင်းမိဖုရားတွေ ဝတ်လေ့ရှိတဲ့ နန်းတွင်းအဝတ်အစားတွေနဲ့ သေသေချာချာတွင်ထုထားတာပါလား"

တကယ်ပင် လက်ရာမြောက်စွာ ထုဆစ်ထားသည့် ကျောက်သား မိဖုရားရုပ်တုကြီးတစ်ခု ဖြစ်နေသည်ကို ဦးခမ်းဆေးဟုန် တအံ့တဩမြင်တွေ့လိုက်ရပါလေ၏။

"ဟော ... ရုပ်တုကြီးအောက်ခြေမှာလည်း ဘာတွေရေးထားတာလည်း မသိဘူး။ ကြည့်ရတာ ... ကျောက်စာလိုလို ဘာလိုလိုရေးထားတာပဲ ... မှန်း"

ဦးခမ်းဆေးဟုန်က မိဖုရားကျောက်ရုပ်တုကြီး၏အောက်ခြေရှိ ကျောက်ပြားတွင် ရေးခြစ်ထားသည့်စာများကို ကျောက်ဂူနံတစ်ခုနှင့် ဖြစ်ကာ အနီးကပ်၍ သေချာဖတ်ကြည့်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"နမောဗုဒ္ဓာယညှာသိဒ္ဓံ"

"လောကသစ္စာတရားလက်ကိုင်ထားကြပါစေသတည်း"

သိသူဖော်စား။ မသိသူကျော်သွား။ ဉာဏ်ရှိသူ သက်ဆောင်ဖွား။ ဤ ... တောင်ကြာတောင်မြတ်၌ သူတော်ကောင်းအင်္ဂါရပ်နှင့် ပြီးပြည့်စုံစွာ ကျင့်ဆောင်နိုင်သူများအဖို့ မယ်တော်မိဖုရားကြီးဒေဝီဇွာစရ ဂန္ဓာရပညာရပ်များနှင့် ရေးညွှန်ခဲ့သည့် 'ပုရပိုက်အနက်' ကို ဖော်ညွှန်း ထုတ်ကာ မိမိ၏သီလ၊ သမာဓိ၊ ပညာကို အခြေပြု၍ အာသယ၊ နေတက် သမ်းကို ရှာဖွေရရှိနိုင်ပါစေသတည်း ...။

"ဥစ္စာရင် ဥစ္စရင်ခဲ၊ လေ့မျော လေ့နှင့်လိုက်၊ ပညာကိုလျှင် ပညာနှင့်ရင်း၍ ရွှေဒင်္ဂါးများကို ထွေခင်းကစားနိုင်ပါစေသတည်း။

သို့တပြီကား ...

သီလ၊ သမာဓိ၊ ပညာ ... မရှိကြားအံ့၊ လောကသစ္စာတရား တို့ ဖျက်ပြားအံ့၊ ထိုသူတို့အတွက် သွားရာလမ်းကား ယောရှာရခဲတည်။ လောဘအတ္တတရားနှင့်ယှဉ်သူများ၊ အန္တရာယ်ရန်ပြုစစ်ခင်း၊ မရထာဝ် တွင်းသို့ သက်ဆင်းရပါစေသား။

ဤကား ဂန္ဓာရီမယ်တော်မိဖုရား၏သားတော်နှစ်ပါးဖြစ်ကြ သည့် 'ဘုရင်ညီနောင်' ၏သစ္စာကျိန်စာပင်တည်း။

လောကကို စောင့်ရှောက်သော လောကပါလနတ်မင်းကြီးများ သစ္စာတရားကို အသက်ထက်တန်ဖိုးထားသော သစ္စာဘက်တော်သား နတ်မင်းကြီးများနှင့် ဤတော၊ ဤတောင်၊ ဤဂန္ဓာရီမယ်တော်မိဖုရား ဂူကြီးကို စောင့်ရှောက်ကြကုန်သော အစောင့်အရှောက်များအား တိုင် တည်၍ ဤကျိန်စာကို ရေးထိုးအပ်ပါသတည်း။



လွန်စွာရှေးကျလှသော ကျောက်စာလက်ရေးမျိုးအား မှေးမှိန် စွာဖြင့် ဦးခမ်းဆေးဟုန် ဖတ်လိုက်ရသည်။ တစ်ဆက်တည်းမှာပင် မိဖုရား ရုပ်တုအောက်ခြေရှိ ကျောက်သားအကိုင်အပေါက်ကလေးထဲမှ ရှည်မျော မျောသံသေတ္တာရှည်လေးကို တွေ့လိုက်ရသည်။ အရှည်မှာ တစ်ပေခန့် ရှိပြီး ထုထက်မှာ သုံးလက်မခန့်ရှိပါ၏။ သို့သော် သံချေးများ ကိုက်ခဲနေ သဖြင့် မည်သို့မျှ ဖွင့်၍မရပေ။

"အင်း ... ယူသွားပြီး ပေါ်နန်းကိုရောက်မှ ဖွင့်ကြည့်ရတော့ မယ်၊ ကျောက်စာထဲကအတိုင်းဆိုရင်တော့ ဂန္ဓာရီမယ်တော်မိဖုရားကြီး ရဲ့ 'ပုရပိုက်နက်' တွေပဲ ဖြစ်ဖို့များတယ်"

ထို့နောက် ဦးခမ်းဆေးဟုန်မှာ သံသေတ္တာရှည်လေးကို ယူ လိုက်သည်။ အံ့သြဖွယ်ရာပင် သံသေတ္တာရှည်လေးကို ကျောက်လှိုဏ် ခေါင်းလေးထဲမှာ ထုတ်ယူလိုက်သည်နှင့် ...

'ထဝ်'

'ချင်း .. ထန် .. ချမ် .. ချွင် .. ချွင် ... တောက် .. တောက် .. ချွင်'

ဝင်းခနဲလက်ခနဲ ရွှေဒင်္ဂါးပြားလေးများက တချွင်ချွင်နှင့် လှိုဏ် ခေါင်းပေါက်လေးထဲမှ စုန်ထွက်လာကြပြီး ဂူကြမ်းပြင်တွင် တဖေါက် ဖေါက်နှင့် လွင့်စဉ်ကျလာခဲ့ကြသည်ရော။

"ဟာ ... ရွှေ ... ရွှေ ... ရွှေဒင်္ဂါးပြားတွေ ... ထွက် ... ထွက်ကျလာပါလား"

ဦးခမ်းဆေးဟုန်မှာ ပါးစပ်အဟောင်းသားဖြင့် ဂူကြမ်းပြင်တွင် ပြန့်ကြဲနေသည့် ရွှေဒင်္ဂါးပြားများကို မှင်တက်အံ့သြစွာ ငေးမောကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



မိပါ၏။ အတန်ကြာမှ သူ၏ခြေထောက်အနီးမှ ရွှေဒင်္ဂါးပြားတစ်ပြားကို ကောက်ယူ၍ ကြည့်လိုက်သည်။

ရွှေဒင်္ဂါးပြားတွင် တစ်ဖက်က မြန်မာ့ 'ကဒေါင်းရုပ်' နှင့် ကျန်တစ်ဖက်တွင် ထိုင်နေသည့် မိဖုရားရုပ်ပုံတစ်ခု ပါရှိသည်ကို တွေ့မြင်လိုက်ရသည်။ မည်သည့်ဘုရင်၏ မည်သည့်မိဖုရားလက်ထက်ကဟူ၍မသိပေ။ ဦးခမ်းဆေးဟုန်မှာ ပြန့်ကျဲနေသည့် ရွှေဒင်္ဂါးပြားများကို ကောက်ယူကြည့်ရာ ရွှေဒင်္ဂါးပြား အပြားနှစ်ဆယ်တိတိရှိပါချေ၏။

"ရော် ... တယ်ပြီးထူးဆန်းလှချည်လား။ ကျေနူ ... မိဖုရားရုပ်တုကြီးအောက်မှာ ရွှေဒင်္ဂါးပြားတွေ အများကြီးရှိမယ်၊ ဟို ... ကျောက်စာထဲမှာပါတဲ့အတိုင်းသာဆိုရင် 'ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ လှေမျောရင် လှေနဲ့ပလိုက်၊ ပညာလိုရင် ပညာနဲ့ရင်း၍ ရွှေဒင်္ဂါးပြားများကို ထွေခင်းကစားနိုင်ပါစေသတည်း ... ဆိုတဲ့အတိုင်း ပုရပိုက်နက်ညွှန်းထဲက ဂန္ဓာရီမယ်တော်မိဖုရားရဲ့ ပညာရပ်တွေကို ပညာနဲ့ရင်းပြီး ရှာဖွေနိုင်ခဲ့မယ်ဆိုရင် ..."

ဦးခမ်းဆေးဟုန်မှာ လောဘကို အသိနှင့်ယှဉ်၍ ထုတ်သည်။ သူ၏စိတ်ထဲတွင် သံသေတ္တာလေးထဲမှ ဂန္ဓာရီမယ်တော်၏ ပုရပိုက်နက်တို့ကို ဖတ်ရှုလေ့လာလိုစိတ်များ တဖွားဖွားပေါ်ပေါက်လျက်ရှိပါချေတော့သည်တကား။

❋ ❋ ❋

## အခန်း (၁၅)

## ခမ်းဆေးဟုန်နှင့်သူ၏အနာဂတ်ခရီး

လေရူးတစ်ချက်အဝှေ့တွင် ဝါးရုံပင်တချို့တို့သည် ဝှေ့ယမ်းနေကာသည်မှာ မြစိမ်းရောင်မင်းသမီးလေးများ ယိမ်းကနေကြသည်သို့။

ငှက်ခါးတစ်ကောင်သည် တောင်ပိန္နဲပင်ရိပ်၌ခိုကာ တကီးကီးနှင့် အော်မြည်နေပါ၏။ တောင်ကုန်းအောက်ခြေတွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော စမ်းချောင်းငယ်လေး၏စီးသံက သဘာဝဆန်လှသည့် ဂီတသံစဉ်တစ်ခုနှယ် သဲ့သဲ့ညင်ညင် ထွက်ပေါ်လျက်ရှိသည်။

ပြည့်စုံအောင်တစ်ယောက် ပါလီပြောပြနေသည့် သူ့ဖခင်မြို့စားကြီး ဦးခမ်းဆေးဟုန်၏ဘဝတစ်စိတ်တစ်ပိုင်းတွင် နစ်မျောစီးဆင်းလျက်။

"ဒီလိုဆိုရင် ဖေ ... ဖေဒီကျောက်ဂူကြီးထဲက ပါလို့ပေဖေ

www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်လာနိုင်ခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ... အစ်ကို၊ ဖေဖေဟာ သူ မဖျောက်လင့်ဘဲ တွေ့ခဲ့ရတဲ့ အရုပ်ဆိုးဆိုးကျောက်ဂူဝကို ချုံနွယ်သစ်ပင်တွေနဲ့ ပြန်ပြီး ဖုံးကွယ်ခဲ့တယ်၊ သူရရှိခဲ့တဲ့ ပုရပိုက်သေတ္တာနဲ့ ရွှေဒင်္ဂါးပြားတွေကို လုံခြုံစိတ်ချရတဲ့နေရာမှာ ဝှက်ထားခဲ့ပြီး လှိုဏ်ကြီးထဲက ထွက်လာခဲ့တယ်၊ နောက်တော့ ဖေဖေ့ကို ရှာဖွေနေကြတဲ့ ညာလက်ရုံး ခွန်မိုင်းတို့နဲ့တွေ့ပြီး ဟောနန်းကို ပြန်ရောက်ခဲ့တော့တာပေါ့၊ ဒါပေမဲ့ ... ဖေဖေဟာ အဲဒီကိစ္စတွေကို ဘယ်သူ့မှ ဖွင့်မပြောခဲ့ဘူး ...၊

အဲဒီအချိန်မှာ မြန်မာတစ်မျိုးသားလုံး အင်္ဂလိပ်နယ်ချဲ့ကို ဂျပန်တွေနဲ့ ပူးပေါင်းပြီး တော်လှန်တိုက်ခိုက်နေကြပြီလေ၊ ဖေဖေလည်း တော်လှန်ရေးကိစ္စတွေနဲ့ နပန်းလုံးနေရတာနဲ့ မိဖုရားဂူဘက်ကို ခြေဦး မလှည့်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ပုရပိုက်သေတ္တာနဲ့ ရွှေဒင်္ဂါးပြားတွေကိုတော့ တိတ်တဆိတ်သွားယူပြီးခဲ့ပြီပေါ့၊ နောက် ... ဂျပန်တွေရဲ့လက်ထဲကို မြန်မာပြည် ပြန်ရောက်သွားခဲ့ပြန်တယ်၊ လွတ်လပ်ရေးပေးမယ်ဆိုပြီး ရွှေရည်စိမ်လွတ်လပ်ရေးကြီးပဲ ဖြစ်နေလို့ ဖက်ဆစ်ဂျပန်တွေကို ပြန်ပြီး တိုက်ထုတ်ဖို့ ကြိုးစားရပြန်တယ်လေ"

ပါလီတာ မြန်မာပြည်ဖက်ဆစ်ရေးအခြေအနေများကို သူ နားလည်သလို ပြောပြနေခြင်းဖြစ်သည်။ ပြည့်စုံအောင်ကလည်း ရုပ်ရှင်လေး ရှောမောလှပသလောက် ဖြတ်သန်းခဲ့ရသော 'သူမ'၏ဘဝက ခက်ခဲ ကြမ်းတမ်းလွန်းလှသည် ... ဟု တွေးနေမိသည်။

"ဖေဖေ့မှာ အားနည်းချက်ရှိတာက မေမေ့ကို သိပ်ပြီး အလို လိုက်လွန်းတဲ့ကိစ္စပဲ၊ ဖေဖေဟာ သူ့ထက် အသက်ငယ်ပြီး ချောမောလှပ



တဲ့ မေမေ့ကို ငုံထားမတတ်ချစ်တယ်။ အဲဒီကြောင့် တချို့လျှို့ဝှက်ရမယ့် ကိစ္စတွေကို မေမေ့ကို ဖွင့်ဟပြောတတ်လေ့ရှိတယ် ... ဟင်း ဟင်း နောက်ဆုံး ဖေဖေဟာ သူ့ဆီမှာရှိတဲ့ ရွှေဒင်္ဂါးပြားတွေနဲ့ မိဖုရားဂူရဲ့ လျှို့ဝှက်ချက်ကိစ္စတွေကိုပါ မေမေ့ကို ဖွင့်ပြောခဲ့တယ် ...၊

အဲဒီလိုအချိန်မှာ မြန်မာတွေဟာ အင်္ဂလိပ်မဟာမိတ်တွေရဲ့အကူ အညီနဲ့ ဂျပန်တွေကို ပျောက်ကျားစနစ်နဲ့ တိုက်ထုတ်နေကြပြီ၊ ဒီလိုနဲ့ တစ်နေ့မှာ မဟာမိတ်တွေက လေကြောင်းကနေ နမ့်ခမ်းမြို့ကို ဗုံးကြဲ တိုက်ခိုက်တယ်၊ အင်း ... မှတ်မှတ်ရရ ပြောရရင် သက္ကရာဇ် (၁၃၀၅) နှစ်လောက်ကပေါ့ မဟာမိတ်တွေဟာ မြို့လယ်က မဟာမုနိဘုရားကြီး ကျောင်းမှာ ဂျပန်စစ်သားတွေ ခိုအောင်းနေတယ်ထင်ပြီး တောင်းကောင် ကနေ လေယာဉ်ပျံနဲ့ ဗုံးတစ်လုံး ကြဲချခဲ့တယ်လေ ...၊

အဲဒီဗုံးဒဏ်ကြောင့် ဘုံပြာသာဒ်တွေ၊ ကျောင်းဆောင်တွေနဲ့ အဓိကကျောင်းတော်ကြီးပါ ပျက်စီးသွားခဲ့ရတယ်၊ အဲဒီမှာ ထူးခြားတာ တစ်ခုက ကျောင်းဆောင်ငယ်တွေ၊ ဘုံပြာသာဒ်တွေနဲ့ ကျောင်းတော်ကြီး တစ်ခုလုံး မြေကျပျက်စီးသွားတာတောင် တန်ခိုးတော်အာနုဘော်နဲ့ ပြည့်စုံတဲ့ 'မဟာမုနိဘုရားကြီး'ဟာ လုံးဝအထိအခိုက်၊ အပွန်းအရှဒဏ်ရာလေး တောင် မရှိဘဲ အပြိုအပျက်တွေကြားမှာ ထည်ထည်ကြီးကျန်နေရစ်ခဲ့ တယ် အစ်ကို"

မှတ်ချက်။ ။ ကောဇာသက္ကရာဇ် (၁၃၀၄-၁၃၀၅) ခုနှစ် ဒုတိယ ကမ္ဘာစစ်အတွင်း (၅-၆-၁၉၄၄) ရက်နေ့က မဟာမိတ်လေကြောင်းတပ်သည် နမ့်ခမ်းမြို့ လယ်ခေါင်ရှိ 'မဟာမုနိဘုရားကြီး' ကျောင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဂျပန်စစ်သားများ ခိုအောင်းနေသည်ဟု ယူဆကာ ဝေဟင်မှနေ၍ ဗုံးကြီးတစ်လုံး ကြဲချခဲ့သည်။

ထိုဗုံးဒဏ်ကြောင့် ကျောင်းဆောင်ပြာသာဒ်များနှင့်ကျောင်းတော်ကြီးတစ်ခုလုံး မြေသို့ ဗုန်းဗုန်းလဲ ပြိုကျပျက်စီးခဲ့သည့်တိုင် 'မဟာမုနိဘုရားကြီး' သည် ထူးထူးခြားခြား ထိုအပြိုအပျက်များအလယ်တွင် သပ္ပာယ်စွာဖြင့် သီတင်းသုံး စံမြန်းနေလျက်ရှိသည်ကို အံ့ဩဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

စကားပြောင်း။ ။ ဤဝတ္ထုမှာတစ်နေရာတွင် ခေတ်ပုံနှင့်တကွ ဖော်ပြထားရှိသည်။

(စာရေးသူ)

"အဲဒီလိုအချိန်မှာ မေမေတာ ဦးဒိဗ္ဗဆိုတဲ့ သိုက်သမားတစ်ယောက်ရဲ့ ညွှတ်ကွင်းထောင်ချောက်ထဲမှာ မရှန်းသာမဖယ်သာနဲ့ မိနေခဲ့ပြီလေ၊ တစ်ချိန်တည်းမှာပဲ ဖေဖေ့အတွက် အကုသိုလ်တွေက တစ်ခုပြီးတစ်ခု ဝင်လာခဲ့တယ်၊ နှိုးခံမြို့လယ်က မဟာမုနိဘုရား ဗုံးကြဲချတဲ့ ကိစ္စအတွက် ဖေဖေနဲ့ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင်ငါးဦး ဂျပန်ကင်ပေတိုင်ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ကြရတယ် . . .၊

ဟို တော်လှန်ရေးခေါင်းဆောင်ငါးဦးကတော့ ဖက်ဆစ်တွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို ခံရပြီး သေဆုံးသွားခဲ့ကြတယ်၊ ဖေဖေကတော့



ဟော်နန်းကြီးထဲမှာပဲ ဖမ်းဆီးအကျဉ်းချထားပြီး နေ့စဉ်နဲ့အမျှ စစ်ဆေးသာတွေကို ခံခဲ့ရတယ်၊ ဖေဖေဟာ သူ့ရဲ့တော်လှန်ရေးတပ်သားတွေ သေဆုံးရတာနဲ့ ပတ်သက်ပြီး မေမေ အပါအဝင် ဘယ်သူ့ကိုမှ အယုံအကြည် မရှိတော့ဘူး၊ ဒါကြောင့် သူ့ရဲ့ဟော်နန်းဆောင်ကြီးထဲကနေ အားလုံးကို မောင်းထုတ်ပစ်လိုက်တယ် အစ်ကို"

ပါလီမှာ သူတို့မိသားစုရဲ့ဘဝတစ်စိတ်တစ်ပိုင်းကို ဖွင့်လှစ်ပြနေစဉ် သူမ၏မျက်ဝန်းညိုညိုတွင် မျက်ရည်စတို့က ဝေ့သီလျက် . . .

ပြည့်စုံအောင်မှာမူ ပါလီ၏အတိတ်ဇာတ်ကြောင်းကို မေမိသည် မှာပင် မှားသွားလေပြီလားဟု . . .၊ ဖြစ်နိုင်လျှင် သူချစ်သော ပါလီ့ကို သူ၏ရင်ခွင်ထဲတွင် ဆွဲယူပွေ့ဖက်၍ အားပေးနှစ်သိမ့်ချင်သည်။ သို့သော်

"အခု . . . အစ်ကို့ကို ဖမ်းချုပ်ထားခဲ့တဲ့ ဟောနန်းဆောင်မြေအောက်ခန်းကြီးထဲမှာ ဆယ်နှစ်ကျော်ကျော် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ နေခဲ့ရတဲ့ အကျဉ်းဆောင်ကြီးပေါ့၊ နောက်တော့ ဖက်ဆစ်ဂျပန်တွေဟာ ဟောနန်းဆောင်ကြီးကို သိမ်းယူလိုက်ပြီး သူတို့ရဲ့ကင်ပေတိုင်ဌာနချုပ် လုပ်လိုက်တယ်လေ၊ ဖေဖေ့ကို အကျဉ်းသားအဖြစ် ထားရှိခဲ့ပေမယ့် ကောင်းကောင်းမွန်မွန်ကျွေးမွေးထားတယ်လို့ သိရတယ်၊ အဲဒီမှာ . . . ဖေဖေ့အတွက် အဖော်ဆိုလို့ မိုးမှောင်ကြီးတစ်ကောင်ပဲ ကျန်ခဲ့တယ်"

"မိုးမှောင်ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ . . . ပါလီ"

ပါလီပြောပြခဲ့သော ဇာတ်လမ်းထဲတွင် 'မိုးမှောင်' ဆိုသော နာမည်က ယခုမှပါလာသည်မို့ ပြည့်စုံအောင် မျက်စိလည်သွား[illegible] မေးလိုက်ခြင်းဖြစ်သည်။

"အင်း . . . ဒါကလည်း ဖေဖေ့ရဲ့လျှို့ဝှက်[illegible]

www.burmeseclassic.com



ဝှက်ချစ်တစ်ခုပဲ အစ်ကို၊ မိုးမှောင်ဆိုတာ ငယ်ငယ်လေးကတည်းက ဖေဖေ မွေးထားခဲ့တဲ့ လူဝံကြီးတစ်ကောင်ပါ၊ ပါလီနဲ့လည်း ကစားဖော် ကစားဖက်ပေါ့''

''ဘာရယ် . . . မိုးမှောင်ဆိုတာ လူဝံကြီး ဟုတ်လား။ ဒါ . . . ဒါဆိုရင်''

လူဝံကြီးဟူသောစကားကြောင့် ပြည့်စုံအောင် မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လှုပ်လှုပ်ရှားရှားဖြစ်သွားပါ၏။

''ဘာဖြစ်လို့လဲ အစ်ကို၊ လူဝံကြီးမိုးမှောင်နဲ့ပတ်သက်ပြီး အစ်ကို သိထားတာတွေများ ရှိလို့လား . . . ဟင်''

''အင်း . . . ဟို . . . ပါလီ ဆက်ပြောပါလေ၊ နောက်တော့မှ အစ်ကိုပြောပြမယ်''

ပြည့်စုံအောင်မှာ မိဖုရားဂူတောင်တွင် တွေ့ကြုံခဲ့ရသည့် လူဝံကြီးတစ်ကောင်ကို အမှတ်ရလိုက်မိသဖြင့် ပါလီ့အား ဆက်၍ပြောစေခဲ့သည်။

''အင်း . . . သိပ်ပြီး ပြောစရာမကျန်တော့ပါဘူး။ နောက်ဆုံး ဖေဖေ့ရဲ့သတင်းကို ပါလီတို့ ကြားရတာကတော့ မိုးတွေမှောင်နေတဲ့ တစ်ညမှာ လူဝံကြီးမိုးမှောင်ဟာ မြေအောက်လှိုဏ်ခန်းက အချုပ်ခန်း တံခါးကိုဖွင့်ပြီး သူ့ရဲ့သခင် ဖေဖေ့ကို ခေါ်ထုတ်သွားခဲ့တယ်လို့ပဲ သိရ တော့တယ် . . . ၊

ဒါပေမဲ့ . . . တချို့က ပြောကြတာကတော့ ဖေဖေဟာ လွတ် ပြေးခဲ့ရာမှာ ဂျပန်တွေက ပစ်လိုက်လို့ လမ်းမှာပဲ သေသွားတာတယ်လို့ ပြောကြတယ်၊ ပါလီရဲ့စိတ်ထဲမှာတော့ ဖေဖေဟာ မသေသေးဘူးလို့ပဲ



ထင်တယ်၊ တစ်နေရာရာမှာ ဇာတ်မြုပ်ပုန်းခိုနေပြီး တစ်နေ့နေ့ တစ်ချိန် ချိန်မှာ ပြန်ပြီးတွေ့ရလိမ့်မယ်လို့ပဲ ထင်နေမိတယ်၊ ဒါ့ထက် ခုနက အစ်ကိုသိထားတဲ့ တစ်ခုခုဆိုတာ ပြောပြပါဦး''

ပါလီက စောစော တစ်ခုခုကြောင့် တအံ့တသြဖြစ်သွားသည့် ပြည့်စုံအောင်အား မေးလိုက်ခြင်းဖြစ်သည်။ ပြည့်စုံအောင်ကလည်း မှဆိုး ကြီးဦးဖိုးထိ၏နောက်ဆုံးခရီးကို ပြန်လည်မြင်ယောင်မိရင်း စကားကို သတိထား၍ ပြောလိုက်သည်။

''ကြည့်ရတာ . . . အစ်ကို့စိတ်ထဲ ပါလီ့ဖေဖေ ရောက်ခဲ့တဲ့ ဂူကြီးထဲကို အစ်ကိုများ ရောက်ခဲ့ဖူးသလားလို့''

''ရှင်''

ပြည့်စုံအောင်၏စကားကြောင့် ပါလီ၏လှပသော နှုတ်ခမ်းလေး က ဝလုံးသဏ္ဍာန် ဝိုင်းသွားပြီး မျက်လုံးအစုံက ပြူးကျယ်သွားသည်သို့။

''ဟုတ်တယ် . . . ပါလီ၊ ဒါပေမဲ့ ဂူအတွင်းအထိတော့ အစ်ကို တို့ မရောက်ခဲ့ဘူး၊ အင်မတန်ကြောက်စရာကောင်းပြီး လှိုဏ်ဆန်း ကြယ်မှုတွေ ပြည့်နှက်နေတဲ့ အန္တရာယ်မကင်းတဲ့ အရုပ်ဆိုးဆိုးဂူကြီးထဲ ကို အစ်ကိုတို့ရောက်ခဲ့တယ်၊ အဲဒါဟာ သူ့အလိုလိုရောက်သွားခဲ့ရတာ မဟုတ်ဘူး ပါလီ၊ ဦးဖိုးထိနဲ့ အစ်ကိုတို့ကို လူဝံကြီးတစ်ကောင်က ထမ်းပြေးခေါ်သွားခဲ့လို့ပဲ''

''ရှင် . . . လူဝံကြီးတစ်ကောင်က ဟုတ်လား၊ ဘုရား . . . ဘုရား . . . ဒါ . . . ဒါဆိုရင် အဲ . . . အဲဒီ လူ . . . လူဝံကြီးဟာ မိုးမှောင်ပဲ ဖြစ်ရမယ်၊ ဆက် . . . ဆက်ပြီး ပြောပါဦး အစ်ကို''

ထိုနောက်မှာတော့ တစ္ဆေမိဖုရားဂူ၏ အရုပ်ဆိုးဆိုးမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးဂူကြီးထဲတွင် သူတွေ့မြင်ကြုံတွေ့ခံစားခဲ့ရသည့် ဒွေးမျက်ချော် ချားဖွယ်ရာ အနိဋ္ဌာရုံအဖြစ်အပျက်များကို ပါလီ့အား ခရေစေ့တွင်းကျ ပြောပြလိုက်ပါတော့သည်။

"တကယ်ပါ ... ပါလီ၊ အစ်ကိုတစ်သက်မှာ ဒီလောက်ထူး ဆန်းပြီး အန္တရာယ်တွေနဲ့ ရောပြွမ်းနေတဲ့ ဂူကြီးမျိုး တစ်ခါဖူးမှ မတွေ့ ဖူးခဲ့တာ အမှန်ပဲ၊ အချိန်နဲ့အမျှ အန္တရာယ်တွေ့နိုင်တယ် ... ပါလီ"

"ဒီလိုဆိုရင် ... အဲဒီဂူကြီးထဲမှာ လူသူအရိုးအယောင် မတွေ့ ခဲ့ရဘူးလား၊ အစ်ကို ဘာပြုလို့လဲဆိုတော့ မိုးမောင်ကြီးရှိတဲ့နေရာမှာ ပါလီရဲ့ဖေဖေပါ ရှိနိုင်လို့ပါ"

"လူလား၊ သရဲလား၊ မကောင်းဆိုးဝါးတွေလားလို့တော့ မပြော တတ်ဘူး ပါလီ၊ အရိုးအယောင်တွေကတော့ အများကြီးပဲ၊ စုန်းတွေ လား၊ တစ္ဆေတွေလား၊ ဝိညာဉ်တွေလား၊ ဘာတွေမှန်းကို မသိတော့ ဘူး၊ အင်း ... တကယ်တမ်းပြောရရင် ဂူကြီးထဲမှာ မြေပြိုတာ ဝိုး ဝေသေဆုံးသွားကြတဲ့သူတွေနဲ့ ဦးဖိုးထီ ကျောက်တုံးထိ နိခံရပြီး သေဆုံး သွားကတည်းက နောက်ထပ် ဒီဂူကြီးထဲကို ဘယ်လိုနည်းနဲ့မှ ပြန်မသွား တော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ"

"အို ... မဟုတ်သေးဘူးလေ အစ်ကို၊ ပါလီကတော့ ဖေဖေ ရဲ့သဲလွန်စကို သိရလို့ အဲဒီကျောက်ဂူကြီးရှိရာကို သွားချင်နေတာ၊ ဖေ ကြာ အဲဘီဒီဗွတို့က လက်ဦးသွားခဲ့ရင် ပါလီ့ဖေဖေ ဒုက္ခရောက်သွား တယ်နော၊ နောက်ပြီး ... အဲဒီ 'တစ္ဆေမိဖုရားဂူကြီး' ကို ပါလီစိတ်ဝင် စားသွားပြီ၊ အဲဒီဂူကြီးဆီကို ပါလီ့ကို လိုက်ပို့ပေးပါလား အစ်ကိုရယ်"

"ဗုဒ္ဓေါ ... အဲဒီမကောင်းဆိုးဝါးဂူကြီးဆီကို ပါလီ့ကို လိုက်



ပေးရမယ် ... ဟုတ်လား ... ဘုရား ... ဘုရား"

ပြည့်စုံအောင်မှာ အလှနတ်ဖုရားမလေး ပါလီ၏နှုတ်ထွက် စကားကြောင့် မျက်လုံးများပင် ပြူးကျယ်သွားရုံမက ဘုရားပင် တလိုက် မိပါသေးသည်။

"ဘာလဲ ... အစ်ကို ကြောက်နေတာလား၊ အဲဒီတစ္ဆေမိဖုရား ဂူကြီးကို ထိတ်လန့်နေတာ မဟုတ်လား"

"အင်း ... မလိမ်မညာစတမ်းပြောရမယ်ဆိုတော့ အဲဒီလို ဂူမျိုး ဟာ သာမန်လူတွေမရောက်သင့်၊ မသွားသင့်တဲ့ နေရာတစ်ခုပဲ ပါလီ၊ အန္တရာယ်တွေဟာ စက္ကန့်တိုင်း၊ မိနစ်တိုင်း ကြုံတွေ့နိုင်တယ်၊ ဘာတွေ ဖြစ်နေတယ်ဆိုတာ အစ်ကို ကိုယ်တိုင်ကို နားလည်နိုင်ဖို့ ခက်နေတယ် ပါလီ"

သည်တစ်ကြိမ်တော့ ပြည့်စုံအောင်က မျက်စိမျက်နှာပျက်နေရှာ သည့် ပါလီကို စူးစူးနစ်နစ်ကြည့်ရင်း နှစ်ယောက်သားအကြားတွင် အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပါ၏။ ပါလီကလည်း သူ၏မျက်ဝန်းညိုညိုကြီးများဖြင့် ပြည့်စုံအောင်ကို အားကိုးတကြီးဖြင့် ကြည့်နေသည်သို့။

အတန်ကြာမျှ ပြည့်စုံအောင်အား စူးစူးနစ်နစ်ကြည့်နေရင်းမှ ပါလီ ခေါင်းငုံ့ကာသွားသည်။ မို့ယောင်ယောင် ရွှေရင်အုံကလေးမှာ အင်္ကျီအောက်မှ ကြွချည်ဖောင်ချည်နှင့်။

"ပါလီ"

ပြည့်စုံအောင်၏အသံက သွေးခုန်နှုန်းမြန်နေသဖြင့် အတ်တက် တက်၊ အုံတုံတုံ။

www.burmeseclassic.com

www.burmeseclassic.com



ပါလီက မထူးတဲ့ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။ သို့သော် ပြည့်စုံအောင် သူ့ကိုကြည့်နေမှန်းသိသည့်အတွက် တစ်ကိုယ်လုံး ပူရှိန်းရှိန်းကြီးဖြစ်နေသည်သို့။

"ပါလီ"

ပြည့်စုံအောင်က နောက်တစ်ကြိမ်ထပ်၍ ခေါ်လိုက်ရင်း ပါလီ၏ လက်မောင်းအိုးလုံးလုံးလေးကို သူ၏လက်နှစ်ဖက်ဖြင့် ဖွဖွညင်ညင် ဆုပ်ကိုင်လိုက်သည်။ ထိုအချိန်တွင် နှစ်ဦးစလုံး၏အသားများမှာ တဆတ်ဆတ်တုန်နေကြသည်ကို သတိပြုလိုက်မိကြသည်။

တစ်ဆက်တည်းမှာပင် ပြည့်စုံအောင်က ပါလီ၏ပခုံးသားလေးကို အသာအယာဆွဲယူသိမ်းလိုက်သည်နှင့် ပါလီမှာ ပြည့်စုံအောင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ ဇွေ့ခနဲမှီလှဲကျသွားပါတော့သည်။ မကြာမီ ... ခပ်စောစောက တဒိတ်ဒိတ်နှင့် တုန်ယင်လှုပ်ခတ်နေသော အကြောက်တရားတို့သည် အချစ်၏ခွန်အားတစ်ရပ်အဖြစ်သို့ ပြောင်းလဲသွားပါလေတော့သည်။

အပြင်တွင်မူ အုပ်ဆိုင်းညို့မှိုင်းနေသည့် ဝါးရုံပင်ထူထူကြီးများက လေရူးတိုက်ခိုက်မှုကြောင့် တရှဲရှဲ၊ တဟဲဟဲနှင့် တစ္ဆေတစ်ကောင် ညည်းညူနေသည့်နှယ်။

❄ ❄ ❄

## အခန်း (၁၈)

## ငရဲလမ်းကြောင်းမှ ရုန်းထွက်ကြခြင်း

အချိန်တို့သည် ထရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။

သူတို့ရောက်ရှိခိုအောင်းနေကြသည့် ကင်းမျှော်စင်ကြီးနှင့် အတော်လှမ်းလှမ်းနေရာမှ ဆတ်တစ်သံ၊ မျောက်အော်သံကြီးတချို့နှင့် တောကောင်များဖြတ်သွားသဖြင့် ကြက်ငှက်များ လန့်ဖျပ်ပျံပြေးသံတို့ကို ကြားနေရသည်။

ထိုအခိုက် နားထဲတွင် ထိုအသံများကြားမှ မြင်းခွာသံတချို့နှင့် ခွေးဟောင်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား မှီလှဲနေရာမှ ထူးလဲ၍ထလိုက်ကြသည်။ ကင်းမျှော်စင်ထက်မှ လှမ်း၍ကြည့်လိုက်တော့ မြင်းစီးလက်နက်ကိုင်ရန်သူများနှင့် အမဲလိုက်ခွေးကြီးများကို သစ်ပင်အုပ်များကြားမှ မသဲမကွဲမြင်လိုက်ကြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ဒီကောင်တွေ လိုက်လာကြပြီ ပါလီ၊ ခွေးကြီးတွေ ရော ပါတယ်"

ချက်ချင်းပင် ပြည့်စုံအောင်နှင့်ပါလီတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ မကြာမီ လက်နက်ကိုင်ရန်သူများမှာ ကင်းမျှော်စင်ရှိရာ တောင်ကုန်းအောက်သို့ ရောက်ရှိလာကြသည်။ ရန်သူတချို့မှာ မြင်းများပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ကင်းမျှော်စင်ရှိရာ တောင်ကုန်းထက်သို့ တက်လာကြသည်။

"သူ . . . သူတို့ မြောက်ဘက်တောင်ကုန်းလမ်းကနေ မြင်းတွေနဲ့ ပတ်ပြီးလိုက်လာကြတာဖြစ်မယ်၊ အခုအချိန်ကျမှ ထွက်ပြေးဖို့လည်း မလွယ်တော့ဘူး၊ ဟို . . . ဟို . . . သူတို့ခွေးကြီးတွေက သိပ်ပြီး အနံ့ခံ ကောင်းတယ် အစ်ကို"

"ရတယ် . . . ဒီကောင်တွေကို ခံချကြရုံပေါ့၊ ပါလီ့မှာ ဓား မြှောင်ရှိတယ် မဟုတ်လား၊ အစ်ကို့မှာ ငါးထိုးတဲ့ ဝါးချွန်နှစ်ချောင်း ရှိသေးတယ်၊ လောလောဆယ် ပါလီ အပေါ်ထပ်လှေကားအကွယ်က စောင့်နေ"

"အစ်ကိုက ဘယ်သွားပြီး ဘာလုပ်မလို့လဲ"

"ဒီပေါ်ကိုတက်လာမယ့် ရန်သူ့ဆီက လက်နက်တစ်ခုခု အမြန် ဆုံးရမှ ဖြစ်မယ် ပါလီ၊ ဒီတော့ အစ်ကို ဟောဒီလှေကားထိပ်က စောင့် မယ်၊ ပါလီသာ အပေါ်ထပ်ကို မြန်မြန်တက်တော့"

ထိုအချိန်တွင် ကင်းမျှော်စင်အောက်ခြေမှ ခွေးဟောင်သံများ ကို ဆက်တိုက်ကြားလိုက်ရပြီး သေနတ်သမားနှစ်ယောက် ပြေးတက် လာကြသည်။ ထို့ကြောင့် ပါလီ ချုံနွယ်များဖြင့် ဖိတ်ဖုံးနေသည့် အပေါ်



ထပ်သို့ သွက်လက်စွာ တက်သွားပါလေတော့။

'ဒိန်း . . . ဒိုင်း . . . ချွမ် . . . ချွင်'

ရန်သူများက ပါလီ့ကို တွေ့မြင်သွားကြသည်ထင့်၊ ပါလီ့၏ အနီးမှ အင်္ဂတေအုတ်များနှင့် ချုံနွယ်အချို့ လွင့်စဉ်ပြတ်သတ်သွားကြသည်။ ရွှန်စားရာတော့ကျသည်။ သို့သော် . . . သည့်လိုမှမရပ်လျှင် သူလို့ချင် သည့် အကွက်ထဲသို့ ရန်သူများသည် အလွယ်တကူ ဝင်ရောက်လာလိမ့် မည်မဟုတ်။

ထိုစဉ် ပါလီမှာ မြင်ကွင်းမှ ဖျတ်ခနဲပျောက်သွားသည်။ လုံခြုံ ရာ ကျည်ကွယ်မျက်ကွယ်နေရာသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ သို့ တိုင်အောင် ရန်သူများကတော့ ပါလီရှိမည်ထင်သည့်အပေါ်ထပ်သို့ ဒိုင်းဒိုင်းနှင့် ပစ်ခတ်ကာ ပြေးတက်လာခဲ့ကြသည်။

'ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း'

'ချွမ် . . ဖျော . . ဝရော . . ဖျော'

ကျည်ထိမှန်သည့်နေရာများမှ အပျက်အစီးများက ဝေါခနဲ ပြို ဆင်းကျလာကြသည်။ ပြည့်စုံအောင် ရရှိလာသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ လှေကားမှ ပြေးတက်လာသည့် ရန်သူနှစ်ယောက် အပေါ်သို့ လွှားခနဲခုန်ဆင်းလိုက်သည်။

"ဟေ၊ . . . ဟိုင်း"

ရုတ်တရက်မို့ ရန်သူနှစ်ယောက်စလုံး အငိုက်မိသွားကြသည်။ ပြည့်စုံအောင်၏ဝါးချွန်က ရန်သူတစ်ယောက်၏ပေါင်လယ်သို့ ထိုးစိုက်မိ သွားသည်။

'ဟေး . . ဒုပ် . . ဒွပ်'

www.burmeseclassic.com

www.burmeseclassic.com



"အား . . . အူး"

ကျန်တစ်ယောက်မှာမူ ပြည့်စုံအောင်၏ခြေကန်ချက်ထိကာ လှေကားအတိုင်း တလိမ့်ခေါက်ကွေးနှင့် ပြုတ်ကျသွားပါချေတော့သည်။ ပြည့်စုံအောင်အချိန်ဆွဲမနေပါ။ ရန်သူ လွင့်စဉ်ကျသွားသည့် သေနတ်ကို လျင်မြန်စွာ ကောက်ယူလိုက်သည်။

ပြည့်စုံအောင်၏လက်ထဲသို့ သေနတ်ရောက်သွားသည်နှင့် တိုက်ပွဲက အမြင့်ဆုံးအဆင့်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲရောက်ရှိသွားပေတော့သည်။

'ဒိန်း . . ဒိန်း'

လှေကားမှ ပြေးတက်လာသော နောက်ထပ်ရန်သူတစ်ယောက် ထမ်းခုလတ်မှာပင် ကျည်သင့်ကာ လွင့်စဉ်ပြုတ်ကျသွားသည်။ ပြည့်စုံအောင် နောက်ထပ်သေနတ်တစ်လက်ကို ကောက်ယူလိုက်ပြီး ပါလီရှိရာ လှေကားရင်းသို့ ပြန်၍ဆုတ်သည်။

"ပါလီ . . . ပါလီ . . . မြန်မြန်ဆင်းခဲ့တော့"

ပြည့်စုံအောင်၏အသံကြောင့် အပေါ်ထပ်လှေကားမှ ပါလီ ထိတ်ထိတ်ပျာပျာနှင့် ဆင်းလာခဲ့သည်။

"ရော့ . . . သေနတ်ယူထား။ ငါတို့ နေရာပြောင်းကြမယ်"

"ဒါဆိုရင် လာ လာ . . . ဟိုတက်အခန်းက ပိုပြီး နေရာကောင်းတယ်၊ အောက်ကိုဆင်းတဲ့လှေကားလည်း ရှိတယ်အစ်ကို"

ထိုနောက် နှစ်ယောက်သား နံရံကို ကျောကပ်ကာ တစ်လှမ်းချင်း ရွေ့လျားလာကြ၏။ အမိုက်အမှောင်ပင် မြင်ရမရ၊ တစ်စုံတစ်ရာ လှုပ်ရှားမှုတွေ့ရသည်နှင့် ရန်သူ့ကျည်ဆန်က ဒိုင်းခနဲ ပြေးဝင်လာသည်။



'ဒိုင်း . . ဒိုင်း . . ဒိန်း . . ချွမ်'

ရန်သူများက ပါးနပ်သွားကြသည်။ ရမ်းသမ်း၍ မပစ်ကြတော့။ ပြည့်စုံအောင်တို့ထံတွင် သေနတ်ရှိသွားကြောင်း သိရှိထားကြသည်နှင့် လူအင်အား၊ ခွေးအင်အားဖြင့် အမိအရဖမ်းရန် ကင်းမျှော်စင်ကြီးအား ဝိုင်းရံလိုက်ကြပါတော့သည်။

ထိုအချိန်တွင် ပြည့်စုံအောင်တို့ ချိုးကွေ့ဝင်လိုက်သည့်အခန်းထဲမှ ခွေးကြီးနှစ်ကောင် ဝုန်းခနဲ ပြေးထွက်လာကြသည်။

'ဝေါင်း . . . ဝေါင်း'

ရုတ်တရက်မို့ ချိန်ရွယ်ချိန်မရလိုက်။ ပြည့်စုံအောင်မှာ ပြေးဝင်လာသည့် ဆိန်းဆုံးခွေးကြီးတစ်ကောင်အား လက်တန်းထိုးပစ်ချလိုက်သည်။

'ဒိန်း'

'ဝေါင်း . . ဂါး'

အနီးကပ်ပစ်ချက်ကြောင့် ခွေးကြီးမှာ လွင့်စဉ်မြောက်တက်သွားသည်။ ထိုစဉ် နောက်တစ်ကောင်က ပြည့်စုံအောင်၏မျက်နှာဆီသို့ ထွားခနဲ ခုန်ဝင်လာ၏။ ပြည့်စုံအောင် ပစ်ချိန်မရတော့သဖြင့် သေနတ်ခင်ဖြင့် ခွေးကြီးကို ရိုက်ချလိုက်သည်။

"ကိုင်းဟာ"

'ဟောင်း . . ဂါး . . ဝုန်း'

'ဒိန်း . . ဒိန်း . . ဒိန်း . . ဒိန်း . . ဒိုင်း . . ဒိုင်း"

တစ်ဆက်တည်းမှာပင် ရန်သူများက ပြည့်စုံအောင်တို့ရှိရာသို့ တရစပ်ပစ်ခတ်၍ တက်လာကြသည်။ ထိုကြောင့် ပါလီက အမျှော်ဆင်း

www.burmeseclassic.com

www.burmeseclassic.com

များကြားမှ ပြန်လည်၍ ခုန်ပစ်ခတ်လျက် ရှိပါ၏။

'ဒိန်း . . ဒိုင်း . . ဒိုင်း . . ချောက်'

"ဟာ . . . ကျည်ကုန်သွားပြီ . . . အစ်ကို"

မကြာမီ သူတို့အခြေအနေက အကျဉ်းအကျပ်ထဲသို့ ပြန်လည်၍ ရောက်ရှိသွားပြန်သည်။ ပြည့်စုံအောင်၏သေနတ်ထဲမှာလည်း ကျည်တစ်တောင့်သာ ကျန်တော့သည်။

အခြေအနေကို ရန်သူများက ရိပ်စားမိသွားသည်ထင့်။ ရန်သူများက ကင်းမျှော်စင်ထက်သို့ လျင်မြန်စွာ ပြေးတက်လာခဲ့ကြသည်။ ထို့နောက် ပြည့်စုံအောင်တို့ ပုန်းခိုနေသည့်အခန်းအား သုံးယောက်စီခွဲ၍ နှစ်ဖက်ညှပ်ပိတ်ထားလိုက်ကြသည်။ ကင်းမျှော်စင်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီမို့ လှုပ်ရှားလိုက်တိုင်း အပျက်အစီးများက တဖျောဖျောနှင့် ပြုတ်ကျလျက် ရှိနေပါ၏။

ထို့ကြောင့် ပြည့်စုံအောင်တို့နှစ်ယောက်သား သတိဖြင့် ရွေ့လျားနေကြသည်။ သူတို့၏ရည်ရွယ်ချက်မှာ လက်ဦးမှုရယူရန်နှင့် တစ်ဦးချင်းစီ အမှည့်ခြွေတိုက်ခိုက်ရန်သာ ဖြစ်ပါ၏။ တစ်နေရာသို့အရောက်တွင် ပြည့်စုံအောင်၏ပါးလှပ်သော နားက တဖြည်းဖြည်းတိုးဝင်လာသည့် ခြေသံအချို့ကို ကြားလိုက်ရသည်။

ပြည့်စုံအောင် ပါလီကို ငြိမ်ငြိမ်နေရန် အချက်ပြလိုက်ပြီး ကျောက်ခဲတစ်လုံးကို ကောက်ယူကာ တစ်ဖက်နံရံဆီသို့ ပစ်ပေါက်လိုက်သည်။

'ဖေါက် . . ဖျော . . ဖရော . . ဖေါက်'

တစ်ဖက်နံရံအကွယ်မှ ရန်သူတစ်ယောက် ဘွားခနဲထွက်လာပြီး



အသံကြားရာဆီသို့ သေနတ်ဖြင့် ဆက်တိုက်ပစ်ချလိုက်သည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

ထိုအခွင့်အရေးကို ပြည့်စုံအောင် အမိအရယူကာ တစ်ဖက်ရန်သူအား ပစ်ချလိုက်သည်။

'ဒိုင်း'

"အား"

ရုတ်တရက် သေနတ်ထိမှန်ကာ လဲကျသွားသော သူ၏အဖော်တို့ကြည့်ကာ နောက် ရန်သူနှစ်ယောက်မှာ အံ့သြတွေဝေကြောင်မှာပင် သူရှိရာသို့ လိမ့်ဝင်းကျရှာသည့် ရန်သူ့ထံမှ သေနတ်ကို ဖျတ်ခနဲ ကောက်ယူလိုက်ပြီး မှင်တက်မိန်းမူးနေသော ရန်သူနှစ်ယောက်အား ဆက်တိုက်ပစ်ချလိုက်ပါတော့သည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း'

"အ . . . အင့်"

လက်ထဲတွင် ကျည်အပြည့်နှင့် သေနတ်တစ်လက်ကို ရရှိလိုက်ပြီဖြစ်၍ ပြည့်စုံအောင် ကျန်သည့်တစ်ဖက်ခန်းအတွင်းသို့ တရစပ် ပစ်ခတ်ပြီး လိမ့်ဝင်သွားသည်။

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

ထင်သည့်အတိုင်းပင် သူတို့အား အလစ်အငိုက်ပစ်ခတ်ရန်မီးချောင်းမြောင်းနေကြသည့် ရန်သူများကို ခိုးခနဲ မြင်လိုက်ရသည်နှင့် ပြည့်စုံအောင် မရပ်မနား လိမ့်ဝင်ပစ်ခတ်လိုက်ပါ၏။

'ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း'

ရန်သူနှစ်ယောက်ထိမှန်လဲကျသွားပြီး ကျန်တစ်ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လှစ်ခနဲပျောက်ကွယ်သွားသည်။ ချက်ချင်းပင် သူရှိရာအခန်းထဲသို့ ပါလီ ပါ ပြေးဝင်လာ၏။

“အစ်ကို … အစ်ကို ဘာ … ဘာဖြစ်သွားလဲဟင်”

“ရတယ် … ပါလီ၊ အစ်ကို ဘာမှမဖြစ်ဘူး။ ဒီလိုမှ မလုပ်ရင် သူတို့က အစ်ကိုတို့ကို ညှပ်မှုညှပ်ပိတ် တိုက်ခိုက်ကြတော့မှာလေ … ဟူး”

အခန်းထဲမှာတော့ ရန်သူနှစ်ယောက်က တုံးလုံးပက်လက်နှင့် အသက်ပျောက်နေကြပါချေပြီရော။ ယခုတော့ ကင်းမျှော်စင်ကြီးတစ်ခုလုံး ပကတိတိတ်ဆိတ်ငြိမ်သက်လျက် ရှိပါချေ၏။

ပြည့်စုံအောင်တစ်ယောက် စိတ်ကိုလျှော့ချလိုက်မိ၍လားမသိ။ တစ်ကိုယ်လုံး နွမ်းနယ်သွားသလို ခံစားလိုက်ရသည်မို့ နံရံတွင် မှီ၍ ထိုင်ချလိုက်သည်။ ပါလီက ပျက်စီးနေသော ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ အရိပ်အခြေလှမ်းကြည့်နေပါ၏။

ကင်းမျှော်စင်နှင့် တောင် ကုန်းတောတန်းခန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာပင် ရှိနေကြပေသည်။ စောစောပိုင်းက ငရဲပွက် သလို ဆူညံကာ ပွက်လောရိုက်ခဲ့သော အဖြစ်အပျက်များသည် သူနှင့် မသက်ဆိုင်တော့သကဲ့သို့ အရာအားလုံးသည် ပကတိအလှတရား။ ဓ တိုင်းပင် တိတ်ဆိတ်ငြိမ်သက်လျက်။ ထိုစဉ် …

'ဝေါဝ်၊ … ဂရာ၊'

'ဝုန်း … ဖျောင်း'

ဘယ်အချိန်ကပင်ရောက်ရှိလာသည်မသိသော ခွေးကြီးနှစ် ကောင်က တစ်ဖက်ခန်း၊ ပြတင်းပေါက်ခြမ်းမှ ဝုန်းခနဲ တွန်းတိုက်ဖျက်



ဆီးကာ ခုန်လွှားဝင်ရောက်လာကြသည်။

'ဝေါင်း … ဝေါင်း'

“ဟာ”

“အစ်ကို”

ရုတ်တရက် လွှားခနဲ ခုန်ဝင်လာသည့် ခွေးကြီးတစ်ကောင်ကို ပါလီ ကြောက်အားလန့်အား သေနတ်ဖြင့် လက်တန်းထိုးပစ်ချလိုက်သည်။

'ဒိုန်း'

'ဂါး … ဝူး'

ကျယ်လောင်စွာ ပေါက်ကွဲထွက်ပေါ်လာသည့် သေနတ်သံ တစ်ချက်နှင့်အတူ ခွေးကြီးတစ်ကောင် လွင့်၍မြောက်တက်သွားသည်။ သို့သော် ပြည့်စုံအောင်မှာ နံရံတွင် မှီလျက်နေသဖြင့် ဘာမှ အဆင်သင့် မဖြစ်သေး။ သို့တိုင်အောင် သူ့ထံခုန်လွှားဝင်ရောက်လာသည့် ခွေးကြီး အား အနီးရှိ သစ်သားချောင်းတစ်ချောင်းကို လျင်မြန်စွာ ဆွဲဖြုတ်၍ ရွယ်ချိန် ကြိုးစားလိုက်သည်။

“ဟာ … ဟေး”

သို့သော် အရှိန်ပြင်းသော မြားတစ်စင်းကို လျင်မြန်လှသော အဟုန်ဖြင့် ခုန်လွှားဝင်ရောက်လာသည့် ခွေးကြီး၏ချွန်ထက်သော သွား စွယ်ကြီးများက ပြည့်စုံအောင်၏လက်ကို အမိအရ ကိုက်မိမိလျက်သား ဖြစ်သွားသည်။

'ဝေါဝ် … ရှူ … ဂရူး'

'အ … အီး'

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံအောင် သတိရှိရှိနှင့် ခန္ဓာကိုယ်ကို လှိမ့်ချကာ ခွေးကြီး၏ ပါးစပ်မှ ရုန်းခါထွက်ရန် ကြိုးစားလိုက်သော်လည်း မိမိရရ စွဲစွဲမြဲမြဲကိုက် ခဲထားသည့် ခွေးကြီးမှာ ပြည့်စုံအောင် လှိမ့်ထွက်ရာသို့ လုံးထွေး၍ ပါလာခဲ့သည်။

'ဂါး . . . ဂရား . . . ဘူး'

'အင်း . . . အား'

ပါလီခမျာ ကြောက်ကြောက်လန့်လန့်နှင့် တုန်တုန်ယင်ယင် ဖြစ်နေပါပြီ။ လက်ထဲမှ သေနတ်ကြီးတေန်းလန်းနှင့် သူတစ်ပြန်ကိုယ်တစ် ပြန်လုံးထွေးနေကြသည့် ပြည့်စုံအောင်နှင့် ခွေးကြီးတို့ကို မပစ်ခတ်ရဲ မတော်တဆ သူပစ်လိုက်သော ကျည်ဆန်က ခွေးကြီးကိုမထိဘဲ ပြည့်စုံ အောင်ကိုသာ ထိမှန်သွားခဲ့လျှင် . . .

အသည်းစိုက်မျှ နာကျင်နေသည့်ကြားမှ ပြည့်စုံအောင် သတိ အာရုံကို မလွှတ်တမ်း စုစည်းလိုက်သည်။ ပြီးလျှင် မှုန်ကုပ်ပြာဝေနေသော မျက်လုံးများဖြင့် ခွေးကြီး၏အားနည်းချက်ကို လျှင်လျှင်မြန်မြန် ရှာဖွေ နေမိသည်။

တွေ့ပါပြီ။ သူ၏လွတ်နေသော လက်တစ်ဖက်ဖြင့် အားကုန် ကိုက်ခဲထားသည့် ခွေးကြီး၏နှာခေါင်းများကို မိမိရရဆုပ်ကိုင်ဖျစ်ညှစ် လိုက်သည်။ တစ်ချိန်တည်းမှာပင် မီးစနှင့်ထိုးလိုက်သည့်အလား အော် ဆိုကြီးကို ကျိတ်မှိတ်ခံစားရင်း ဆွဲခါယမ်းလိုက်သည့် ခွေးကြီးနှင့်အတူ ခန္ဓာကိုယ်ကို ကြိုးရုန်း၍ ထလိုက်သည်။

'ဂါး . . . ဂီး . . . ဂရူး'

'အီး . . . အင်း'



ထိုနောက် ကျန်ရှိသမျှ ခွန်အားတို့ကို စုစည်းကာ ခွေးကြီး၏ နှာခေါင်း ဖျစ်ညှစ်လိုက်ကာ ပါးစပ်ကြီးကို အားကုန်ခွဲဖြဲ၍ ပစ်လိုက်တော့ သည်။

'ဟေး . . . ဟိုင်း'

'ဂါး . . . ဂရား'

ရုတ်တရက် အငိုက်မိကာ ဟပြဲသွားသော ခွေးကြီး၏ပါးစပ် အတွင်းမှ သူ၏လက်ကို ဆတ်ခနဲ ရုန်းနှုတ်လိုက်သည်။ တစ်ဆက်တည်း မှာပင် ပြည့်စုံအောင် သူ၏ခန္ဓာကိုယ်ကို လှည့်ထွက်လိုက်ပြီး ခွေးကြီး အား ယမ်းခါထုတ်ပစ်လိုက်သည်။

"ဟေး . . . သွားစမ်းကွာ"

'ဂါး . . . ဂရား'

ပြည့်စုံအောင်တစ်ယောက် သွေးအလိမ်းလိမ်းနှင့် အသည်းနိုက် မျှ နာကျင်နေသည့်ကြားမှ မနားတမ်းဆက်တိုက်လှုပ်ရှားလိုက်သည်။ ခန္ဓာကိုယ်ကို သုံးလေးပတ်ခန့် လှိမ့်ချလိုက်ပြီး စောစောက လွတ်ကျ သွားသော တစ်ဖက်ချွန် သစ်သားချောင်းကို လျင်မြန်စွာ ကောက်ယူ လိုက်သည်။

ပြီးလျှင် ကိုယ်ကို တစ်ပတ်လှည့်လိုက်ပြီး သူ၏လက်ထဲမှ သစ်သားချောင်းအချွန်ကြီးကို သူ့ထံသို့ ပါးစပ်ကြီးဖြဲကာ အစွယ်တဖွေး ဖွေး သွားရည်တမြားမြားကျလျက် . . .

'ဂါး . . . ဝေါင်း'

ခေါသတကြီး ပြေးဝင်လာသည့် ခွေးကြီးထံသို့ အားကုန်လွှဲ၍ ထိုးလိုက်သည်။"

www.burmeseclassic.com

www.burmeseclassic.com



'ဗိုး . . . ဒုတ်'

'ဂါး . . . ဂီး . . . ဂရား'

အရှိန်မြင့်စွာ ပြေးထွက်လာသည့် သစ်သားချွန်ကြီးက ခွေးကြီး၏ရင်ညွှန့်ကိုဖောက်၍ ရှုးနစ်ဝင်သွားသည်ကြောင့် နာကျင်စွာ ဟစ်အော်သံကြီးနှင့်အတူ လေထဲသို့ လွင့်စဉ်မြောက်တက်သွားပါတော့သည်။

'ဝီး . . . ဂါး . . . ဘုန်း'

"အစ်ကို"

ပါလီတစ်ယောက် သွေးပျက်ချောက်ချားမှုယ် အနီရဲရဲမြင်ကွင်းကိုကြည့်ကာ အထိတ်တိတ် အလန့်လန့်ဖြင့် ပြည့်စုံအောင်၏ရင်ခွင်ကြားသို့ အတင်းတိုးဝင်လိုက်ပြီး မျက်စိစုံမှိတ်လျက် တင်းကျပ်တုန်ယင်စွာ ဖက်တွယ်ထားလိုက်ပါတော့သည်။

❋ ❋ ❋

အခန်း (၁၉)

## လက်ဦးမှုရယူသွားသော လျှို့ဝှက်ချက်များ

ညဉ့်သည် တိတ်ဆိတ်သလောက် ငြိမ်သက်နေပါ၏။ ညဉ့်လေကလေးက ပိုမှုသည်မှ နှောကဲ့ မြူးကာဖြင့် တဟူးဟူးတိုက်ခတ်လျက်ရှိသည်။ လူသွားလူလာများကိုရှောင်ကာ တိမ်းကာနှင့် ပြည့်စုံအောင်တို့မှာ မြင်းကိုယ်စီနှင့် အုံမောင်၏နေအိမ်သို့ တိတ်တဆိတ် ဝင်ရောက်လာခဲ့ကြသည်။

"အစ်ကိုက . . . စခန်းမှာ နေနေရတာမို့ မိဖုရားရှုမြေပုံညွှန်းကို အစ်ကို့သူငယ်ချင်း အုံမောင်ဆီမှာ အပ်ထားခဲ့တာလေ၊ အခု သူ့ဆီက မြေပုံညွှန်းကိုယူပြီး ပါလီ သွားချင်တဲ့ တစ္ဆေမိဖုရားရှုကို သွားကြမယ်"

"ဘာရယ် . . . ကိုအုံမောင်ဆီမှာ မြေပုံညွှန်းအပ်ထားခဲ့တာ . . . ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် တအံ့တသြမေးလိုက်သည့် ပါလီ၏စကားသံကြောင့် ပြည့်စုံအောင် မြင်းချင်းယှဉ်သည့်အထိစောင့်ကာ ပြန်၍မေးခွန်းထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ ပါလီ"

"ဟို . . . ဟို ဘာမှမဟုတ်ပါဘူး၊ ဒါပေမဲ့ အဘကလည်း အဲဒီကိုများ ရွေးမိသွားမလားလို့ စိတ်ပူသွားလို့ပါ၊ ဟုတ်တယ်လေ . . . မြေပုံညွှန်းကိစ္စကို အစ်ကို့ဆီမှာ မေးလို့မရရင် ဒါမှမဟုတ် ရှာလို့တွေ့လို့ မရခဲ့ဘူးဆိုရင် ဖြစ်နိုင်ခြေရှိတာက ဒီမြို့မှာ အစ်ကို့ရဲ့တစ်ဦးတည်းသော ကျောင်းနေဖက်သူငယ်ချင်းဟာ ကိုအံ့မောင်ဆိုတာ အဘများ တွေးခဲ့မိရင်"

ပါလီ၏စကားကြောင့် ပြည့်စုံအောင် ဒိတ်ခနဲရင်ခုန်သွားသည်။ ပါလီ တွေးထင်ထားခဲ့သည့်အတိုင်းသာ ဖြစ်လာခဲ့မည်ဆိုလျှင် . . .

"ဟင် . . . ဒါ . . . ဒါဆိုရင် အံ့မောင် . . . အံ့မောင်"

ပြောပြောဆိုဆိုနှင့် အံ့မောင်ကို စိတ်မချဖြစ်ကာ ပြည့်စုံအောင် မြင်းကြိုးကို အပြင်းဆိုင်းနှင်လိုက်ပါ၏။ သူ့နည်းတူပင် ပါလီကလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။ မကြာမီ အံ့မောင်၏နေအိမ်ခြံဝင်းရှေ့သို့ ရောက်ရှိလာကြသည်။

"ဟင် . . . ခြံဝင်းတံခါးကြီးကလည်း ပွင့်လို့ပါလား . . . ပါလီ"

ညဉ့်အချိန်မတော် ခြံဝင်းတံခါးကြီး ပွင့်နေသဖြင့် ပြည့်စုံအောင် စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ထို့ကြောင့် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ တိုက်တံခါးအနီးသို့ တိုးကပ်သွားသည်။ သံဘာဂျာတံခါးက သော့ခတ်မထား၊ စေ့ရုံသာစေ့ထားသဖြင့် ပြည့်စုံအောင် တံခါးကို ဆွဲဖွင့်လိုက်သည်။



'ဂျီး . . . ရှောင်း'

တိတ်ဆိတ်ငြိမ်သက်နေသည့် ညဉ့်နက်နက်တွင် သံဘာဂျာတံခါးဖွင့်သံကြီးက ဂျီးခနဲ၊ ဂျိုင်းခနဲ ဆူညံသွားပါ၏။ ခြံဝင်းတံခါးရော သံဘာဂျာတံခါးပါ ပွင့်ဟနေသည့်အတွက် ပြည့်စုံအောင်၏စိုးရိမ်ပူပန်မှုက အထွတ်အထိပ်သို့တိုင် ရောက်ရှိသွားခဲ့ပါပြီ။

"အံ့မောင် . . . အံ့မောင်"

အံ့မောင်ကို အသံပေးကာ အော်ခေါ်လိုက်ရင်း ပြည့်စုံအောင် ဧည့်ခန်းအတွင်းသို့ ဝင်လိုက်သည်။ မြင်ကွင်းက တကယ့်ကို စိတ်မသက်သာစရာပင်။ ဧည့်ခန်းတစ်ခုလုံး ပရိဘောဂများကအစ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေကြသည်ကို အံ့သြစွာ မြင်တွေ့လိုက်ကြရသည်။

"ဟာ . . . ဘယ်လိုဖြစ်တာလဲ ပါလီ၊ ဧည့်ခန်းတစ်ခုလုံး ရှုပ်ပွနေတာပဲ"

"ပါလီ . . . တို့ နောက်ကျသွားကြပြီ အစ်ကို၊ အဘတို့လူစုဒီကိုလည်း ရောက်လာကြပုံရတယ်၊ ကဲ . . . ကိုအံ့မောင်ကိုသာ မြန်မြန်ရှာပေတော့ အစ်ကို"

ပါလီ၏စကားကြောင့် ပြည့်စုံအောင် ဒေါသထွက်သွားသည်။ သူနှင့်ရှင်းရမည့်ကိစ္စကို သူ၏သူငယ်ချင်း အံ့မောင်ထံသို့ လာရောက်၍ မသိမသိုင် အနိုင်ကျင့်သွားခြင်းဖြစ်သည်။ အံ့မောင်ကလည်း သူပေးထားသည့် 'တခွေမီဖုရားရှ' မြေပုံကို အလွယ်တကူပေးလိမ့်မည်မဟုတ်။ ဤသို့ဆိုလျှင် . . .

"အံ့မောင် . . . သူငယ်ချင်း . . . အံ့မောင်ရေ"

ပြည့်စုံအောင်မှာ တစ်ခန်းဝင် တစ်ခန်းထွက်နှင့် အံ့မောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဟာစ်ခေါင်ငင်ပါသော်လည်း အုံမောင်မှာ ခြေရာလည်ပျောက်၊ ရေလည်း နောက်ခဲ့ရရှာပြီထင့်။

"ဘုရားရေ့ သူတို့တစ်တွေ အုံမောင်ကိုပါ ခေါ်သွားကြပြီလား"

"ဖြစ်နိုင်တယ် အစ်ကို၊ အဘက သူလုပ်ချင်တဲ့ဆေးနွတစ်ခုဆိုရင် ဘယ်လိုအတားအတီးတွေနဲ့ပဲ ကြုံရကြုံရ မဖြစ်ဖြစ်အောင် လုပ်လေ့ရှိ တယ်၊ အခုကိစ္စကို ကြည့်ရင်လည်း အစ်ကို့ကိုမှ စစ်မေးလို့မရရင် ဒုတိယ ဘယ်သူ့ကိုမှ မေးမြန်းရမလဲဆိုတာ အဘက ကြိုတွက်ပြီးသား ဖြစ်မယ် အစ်ကို"

ထိုစဉ် ... သူတို့ရောက်ရှိနေသည့် အခန်းထဲရှိ ဗီရိုကြီးအတွင်း မှ ဖအီအီအသံနှင့်အတူ တဒုန်းဒုန်းမြည်သံကြောင့် ပြည့်စုံအောင် ကျော်ကာသီ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်ကြသည်။

'အီ ... အု ... အု ... အီ'

'ဒုန်း .. ဒုန်း'

"ဟာ ... ကုလားလေးပါလား"

ဗီရိုကြီးထဲတွင် ပါးစပ်ကို အဝတ်နှင့်ပတ်ဆို့ကာ ခြေရောလက် ပါ ကြိုးတုတ်ခံထားရသည့် ခြံစောင့်ကုလားလေးဆာမီအား ပြည့်စုံအောင် တွေ့လိုက်ရပါတော့သည်။ ထို့ကြောင့် ဗီရိုထဲမှထုတ်ကာ ကြိုးများကို ဖြည်ပေးလိုက်ပြီး ပါးစပ်ထဲမှ အဝတ်စကိုပါ ဖယ်ရှားပေးလိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲကုလားလေး။ မင်းရဲ့ဆရာရော ဘယ်မှာလဲ"

"ဟို ဟို ... ရေ ... ရေငတ်လွန်းလို့ အမြန်တိုက်စမ်းပါ ဆရာ၊ ကျွန်တော် ပြောပြပါ့မယ်"

အရေးထဲ ကုလားလေးက ရေဆာသည်ဆိုသဖြင့် ပြည့်စုံအောင်



မှာ ရေတစ်ခွက်ခပ်၍ တိုက်နေရသေးသည်။ အတော်ရာတစ်ခုမှ မတွေ့ရ သဖြင့် ရိုက်နှက်ခြင်းမပြုဟု ထင်ရသည်။

"ကဲ ... မြန်မြန်သောက်ပြီး မြန်မြန်ပြောစမ်း ကုလားလေးရေ"

"ဒီ ... ဒီလိုပါ ဆရာ၊ ဟို ... ညရှစ်နာရီလောက်က ဟို ... ဟို မျက်နှာကို အဝတ်နက်တွေ စည်းထားတဲ့ လက်နက်ကိုင် လူဆိုး တွေ ခြံထဲကတစ်ဆင့် အိမ်ထဲကို ဖွတ်အဝမ္မဝင်လာကြတယ် ဆရာ၊

ပြီးတော့ ... ဆရာ့ကို ဖမ်းချုပ်ပြီး မြေပုံဆိုလား၊ ရွှေဒင်္ဂါးပြား တွေဆိုလား၊ အဲဒီကိစ္စကို ထိုးကြိတ်မေးမြန်းကြတယ်၊ နောက်ပြီး တစ် အိမ်လုံးလည်း ပြောင်းဆန်အောင် မွှေနှောက်ရှာဖွေကြပြီး ဆရာ့ကိုပါ ဖမ်းချုပ်ခေါ်သွားကြတယ်၊ နောက် ... ကျွန်တော့်ကိုလည်း ပါးစပ်ပိတ်၊ ကြိုးတုတ်ပြီး ဗီရိုကြီးထဲကို ထည့်သွားကြတော့တာပါပဲ ဆရာရယ်"

သေချာပြီ။ အုံမောင်ထံမှ မြေပုံညွှန်းကိုယူ၍ အုံမောင်ကိုပါ အားစာခံသဖွယ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းပင် ဖြစ်ပါ၏။ ငစ်စစ်ဦးဒိဗ္ဗ သည် အကွက်စေ့စေ့စီမံသွားခဲ့ခြင်းပင် ဖြစ်သည်။ ပါလီကို လက်လွှတ် လိုက်ရသဖြင့်လည်း လုပ်စရာရှိသည်များကို လျင်လျင်မြန်မြန်လုပ်ဆောင် သွားခြင်းပင် ဖြစ်ပါလေ၏။

"တောက် ... တွေ့ကြသေးတာပေါ့ ဦးဒိဗ္ဗရယ်၊ ခင်ဗျားကြီး ဟာ ရွှေဒင်္ဂါးပြားတွေကိုသာ ရမယ်ဆိုရင် ကိုယ့်သွေးသားရင်းကိုတောင် သတ်ပြီး ဘ,နဖူးတောင် သိုက်တူးမယ့် အတ္တကောင်ကြီးပဲ"

"အဲဒီနေရာကို လိုးဝမမှတ်မိဘူးလား အစ်ကို၊ ပါလီလည်း မိုပုရားဂူတောင်ကို မကြာခဏ ရောက်ဖူးပါတယ်၊ နေရောင်မှန်ပြီး ရှာ သွားရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ရလောက်မယ်ထင်တာပဲ၊ အဲဒီတစ္ဆေမိဖုရားဂူကြီးနားတစ်ဝိုက်မှာ အစ်ကို အမှတ်အသားတွေလည်း လုပ်ထားခဲ့တယ် ပါလီ၊ သေသေချာချာ မသိတာပဲရှိမယ်၊ ရှာရင်တော့ တွေ့မယ်ထင်တာပဲ"

ပြည့်စုံအောင်မှာ တစ်ခေါက်မျှသာ ရောက်ခဲ့ဖူးသော 'တစ္ဆေမိဖုရား' ဂူကြီးအား ပြန်လည်၍ မြင်ယောင်ကြည့်နေမိသည်၊ တစ်ဖန် သစ်ပင်ကြီးများတွင် သူကိုယ်တိုင် ဓားနှင့်ထစ်ကာ အမှတ်အသား ပြုခဲ့သည်များကိုပါ ပြန်လည်အမှတ်ရလိုက်မိ၏။

"အဲဒါဆိုရင် ... ချက်ချင်းလိုက်ကြမှဖြစ်မယ် အစ်ကို"

ပါလီက တိုက်တိုက်တွန်းတွန်း လောဆော်နေသည့်တိုင်း သည်ညတစ်ညကို ဖြတ်ကျော်ရပေဦးမည် မဟုတ်ပါလား။ ပြည့်စုံအောင် ရသမျှအချိန်လေးကို အကျိုးရှိရှိ အသုံးချရပေမည်။ သူတို့ထံတွင် ရန်သူများထံမှ ယူဆောင်လာခဲ့ကြသည့် သေနတ်နှစ်လက်နှင့် ကျည်ဆန်များ လုံလောက်အောင် ရှိနေခဲ့သည်။

ပါလီကိုလည်း အကျီ၊ ဘောင်းဘီများကို လဲလှယ်၍ ဝတ်ဆင်စေပြီး လက်နက်ငယ်တချို့ပါ ယူစေခဲ့သည်။ ထိုနောက်မှာတော့ ကုလားလေးဆာမီကို မှာစရာရှိသည်များကို မှာကြားခဲ့ပြီး နံနက်မိုးသောက်အရုဏ်ဦးခန့်တွင် လက်နက်ကိုယ်စီ၊ မြင်းကိုယ်စီနှင့် 'မိဖုရားဂူတောင်' ခရီးသို့ ထွက်လာခဲ့ကြပါတော့သည်။

❋ ❋ ❋

အခန်း (၂၀)

ဒဏ္ဍာရီထဲက ဒဏ္ဍာရီတစ္ဆေမိဖုရားဂူသို့

နံနက်အရုဏ်မကျင်းခင်ကပင် ခရီးထွက်လာခဲ့ကြသော ပြည့်စုံအောင်တို့မှာ ဝေဝေဝါးဝါးအမှောင်ထုအောက်မှာပင် မြင်းကိုယ်စီနှင့် ခရီးနှင်နေကြသေး၏။

မိဖုရားဂူတောင်၏တောင်တက်လမ်းမှာ တဖြည်းဖြည်း မသိသာမြင်၍ မတ်စောက်၍လာပါတော့၏။ နာရီဝက်သာသာခန့်ကြာသောအခါ လမ်းဟူ၍ ခေါ်ဆို၍ရနိုင်သည့် တောင်ပတ်လမ်း မြေနီလမ်းကြောအတိုင်း၊ နှစ်ယောက်သား ဝင်ရောက်လာကြသည်။

သစ်ရိပ်ဝါးရိပ်များ ထူထပ်သော်လည်း လမ်းကြောပေါ်မှာမူ ကျောက်သားဆန်လာခဲ့သည်။ သည်နေရာကို ပြည့်စုံအောင် ပိုင်ရေရေ သတိရနေသည်။ ဦးမိုးသိန်းနှင့်အတူ ချောင်းရိုးတစ်ခု၌ ဆင်းတက်သော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပုံများနှင့် ဂျိုပေါက်ကြီးတစ်ကောင်၏သေကွင်းသေကွက်ကို မိမိ ဖမ်းခတ်နိုင်ခဲ့သည့်တိုင် မည်သို့မျှ ရှာဖွေမရတော့ဘဲ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ရသည်။ 'မော' နယ်မြေ . . . စသည့်နေရာအချို့ကို မျက်စိထဲတွင် မြင်အောင်ကြည့်နေမိပါ၏။

သူတို့ထက်နေကြသည့် လမ်းကြောင်းမှာ တစ်ချိုတစ်ချို ဖြောင့်တန်းသော်လည်း အများအားဖြင့် ကွေ့ကာ ပတ်ကာနှင့်သာ သွားနေရသည်။ တောကြက်ဖတို့ တစ်တော တစ်ကြက်ဖတွန်သံများကို အရပ်ရှစ်မျက်နှာမှ ကြားနေရသည့်တိုင် တောနက်၍ မှိုင်ကောင်းသောနေရာဖြစ်သဖြင့် နေရောင်ကို လုံးဝမမြင်ရသေးပေ။

တစ်ဖက်လျှိုကြီးထဲမှ ဂျိုဟောက်သံ၊ မျောက်အော်သံများနှင့် တောကောင်တချို့ ဖြတ်သွားသဖြင့် ကြက်ငှက်များ လန့်ဖျပ်ပျံပြေးသံတို့ကိုလည်း ကြားနေရပါ၏။ နံနက် ဆယ်နာရီခန့်အရောက်တွင် အရိပ်အာဝါသကောင်းရာ စမ်းချောင်းတစ်ခုအနီးတွင် ခေတ္တနားလိုက်ကြသည်။

"အစ်ကို ရော . . . ဗိုက်ဆာရင် ဒါလေးတွေ စားထားပါလား။ အစ်ကိုသူငယ်ချင်း၊ ကိုအုံမောင်ရဲ့မီးဖိုချောင်ထဲက ဆွဲလာခဲ့တာလေ"

ပါလီက ဝက်အူချောင်းတချို့နှင့် ဘီစကစ်ထုပ်တို့ကိုပြည့်ကာ ပြည့်စုံအောင်အား လှမ်း၍ပေးလိုက်သည်။ ပြည့်စုံအောင် အရသာမခံတော့ဘဲ စားသောက်လိုက်ပြီး 'ရေဘူး'မှရေကို မော့သောက်နေပါ၏။ ပါလီမှာ စိတ်ဆေးစောကာ မောနေသည့် ပြည့်စုံအောင်ကိုကြည့်ကာ သက်ပြင်းမောတစ်ခုကို ချလိုက်သည်။

"သိဝ်လည်း စိတ်မပူပါနဲ့ အစ်ကို၊ ကိုအုံမောင်ကို သူတို့ တော တခဲ ခေါ်သွားတာဟာ အစ်ကို စိတ်အဝင်တိုင်း လုပ်လို့မရအောင် ခေါ်



ထိန်းသွားတာပါ၊ သတ်ပစ်ဖို့လောက်ထိတော့ ရည်ရွယ်တာမှာ မဟုတ်ပါဘူး"

"ဒါက ပါလီအထင်ကိုး ဟိုကောင် အုံမောင်ကလည်း သိပ်ပြီး အကြောက်အကန်ရှိတာ မဟုတ်ဘူး။ စိတ်မထင်ရင် မထင်သလို တအောက်ကန်း လုပ်တတ်တာမို့ သူ့အတွက်ပဲ စိတ်ပူနေမိတာပါ၊ ဒီကြားထဲ မိုးရားဂူကြီးရှိတဲ့နေရာကိုလည်း ကောင်းကောင်းမှတ်မိတာ မဟုတ်တော့ စိတ်ထဲမှာ ထင့်နေမိတယ် ပါလီ"

ပြည့်စုံအောင်က မြင်းနှစ်ကောင်ကို စမ်းချောင်းရေတွင် ရေတိုက်ရင်း ပါလီအား ပြောပြနေခြင်းဖြစ်သည်။

"ရတယ်လေ . . . နောက်ထပ်သုံးနာရီလောက်ဆိုရင် အစ်ကို ခန့်မှန်းပြောတဲ့နေရာကို ရောက်မယ်လေ၊ အဲဒီအခါကျမှ စိစဉ်ရှာဖွေကြတာပေါ့၊ သွားရင်း လာရင်းနဲ့ အစ်ကို တစ်ခုခုမှတ်သားမိခဲ့တဲ့နေရာကို တွေ့ရမှာပါ"

"အစ်ကိုလည်း၊ အမြန်ဆုံး ရှာဖွေတွေ့နိုင်ပါစေလို့ ဆုတောင်းနေပါတယ် ပါလီ"

ပါလီ၏ သံယောဇဉ် ညို့မျက်ဝန်းတစ်စုံကို မသိသယောင် ဆောင်လိုက်ပြီ၊ သူ၏မြင်းညိုကြီးထက်သို့ ပြည့်စုံအောင် ရှားခနဲ ခုန်တက်လိုက်သည်။ ပြည့်စုံအောင်၏နောက်ဘက်မှ ပါလီက ကဗ္ဗိ၍ မြင်းထိန်းနှင့် လိုက်လာခဲ့သည်။ ရွှေပြည်တော် မျှော်တိုင်းဝေး . . . ဆိုသကဲ့သို့ သူတို့ရှာဖွေနေကြသည့် 'ဒဏ္ဍာရီတစ္ဆေမိဂုရာဇ' သည်လည်း ကြာသော မတွေ့လေ ဖြစ်နေလေပြီလားဟု။

နောက်ထပ် သုံးနာရီကျော်မျှ ထုထပ်သော တောအုပ်ထောင်ထက်

www.burmeseclassic.com



ဝယ် ခရီးနှင်ကြသည်။ ထိုကဲ့သို့ ခရီးနှင်ကြရင်းမှ မျက်စိရှင်ရှင်နှင့် သစ်ပင်ကြီးများမှ အမှတ်အသားများကို ရှာဖွေကြည့်ရှုသွားကြသည်။ ထူးခြားမှုဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရသေးပါ။

သို့သော် . . . တောကမူ သိသိသာသာကြီးပင် နက်ရှိုင်းလာခဲ့သည်။ အပင်ကြီးများ ကိုင်းချင်းယှက်၍ ပေါက်နေကြသဖြင့် နေ့ခင်း (၂) နာရီနေဖြစ်သည့်တိုင် နေလုံးကို လုံးဝမမြင်မတွေ့ရပေ။

တရှဲရှဲ . . . တဖျန်းဖျန်း . . . နှင့် သူတို့အပေါ်မှ တောင်ပံသံကြီးများပေး၍ အုပ်လိုက်သင်းလိုက် ပျံသန်းသွားကြသော အောင်လောင်ငှက်ကြီးများကြောင့် ဝေါခနဲ . . . ဝေါခနဲ . . . တစ်တောလုံး တစ်တောင်လုံး သိမ့်သိမ့်တုန်သွားသည်သို့ . . .။

တောစပ်တစ်ခုမှအထွက်တွင် သူတို့နှင့်ပက်ပင်းတိုးမိ၍ ကြောက်လန့်တကြား ပြေးလွှားခုန်ပေါက်ရင်း တောနက်ရာသို့ ပြေးဝင်ရှောင်ရှားသွားကြသည့် ဆတ်ညိုကြီးများ၊ ဒေါင်းအုပ်ကြီးများကလည်း အုပ်လိုက်သင်းလိုက်နှင့် တောထူနက်ရှိုင်းကြောင်း ညွှန်းဆိုပြနေသည်သို့ . . .။

ဤသို့ဖြင့် . . . တောနက်မြိုင်ကြီးထဲဝယ် မြင်းနှစ်စီး၊ လူနှစ်ယောက်တို့ တဝဲလယ်လယ်နှင့် ရှာဖွေနေကြစဉ် စူးရှသော ပါလီ၏မျက်လုံးများက ကညင်ပင်ကြီးတစ်ပင်၏ပင်စည်မှ ဓားထစ်ရာတစ်ခုကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် . . .

"ဟော ဟော . . . ဟို . . . ဟိုမှာ . . . အစ်ကို"

စိတ်အတွေးနှင့်ဝေနေသည့် ပြည့်စုံအောင်မှာ ပါလီ၏အော်သံနှင့် လက်ညှိုးညွှန်ရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

သူ၏ဝဲဘက်ရှိ ကြီးမားလှသော ကညင်ပင်ကြီးတစ်ပင်တွင် ဓားထစ်ရာတစ်ခုကို တွေ့လိုက်ရသဖြင့် သူမျက်စိကိုပင် သူ မယုံနိုင်အောင် ဖြစ်သွားခဲ့သည်။

"ဟာ . . . ဓား . . . ဓား . . . ဓားထစ်ရာကြီးတစ်ခုပါလား။ ဟုတ် . . . ဟုတ်ပြီ"

ထိတ်ခနဲ ပြည့်စုံအောင် ရင်ခုန်လှုပ်ရှားသွားပါ၏။ ချက်ချင်းပင် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး ကညင်ပင်ကြီးရှိရာသို့ ပြေးသွားကာ အသေအချာကြည့်သည်။

"ဟေး . . . ဟုတ်တယ် ပါလီရေ ဒါ . . . ဒါ အစ်ကိုကိုယ်တိုင် ဓားနဲ့ထစ်ခဲ့တဲ့ ဓားထစ်ရာပဲ၊ ဒါဆိုရင် . . . ဒီအနီးအနားတစ်ဝိုက်က သစ်ပင်ကြီးတွေမှာ ရှာကြည့်ရမယ် ပါလီ၊ နောက်ထပ်တွေ့ရလိမ့်ဦးမယ်"

ဟုတ်သည်၊ နှစ်ယောက်သား လူချင်းခွဲ၍ ရှာဖွေကြည့်ကြရာ နောက်ထပ်လေးငါးဆယ်ပင်အကျော်ခန့်တွင် ဓားထစ်ရာသစ်ပင်ကြီး အစ်ပင်ကို ပါလီ တွေ့လိုက်ရသဖြင့် . . .

"ဟေး . . . အစ်ကိုရေ . . . ဒီ . . . ဒီမှာ . . . ဒီမှာ တွေ့ပြီ"

ပါလီ့အသံကြားရာသို့ ပြည့်စုံအောင် လျင်မြန်စွာ ရောက်ရှိသွားခဲ့သည်။ တောင်ဝိန္နဲပင်ကြီးတစ်ပင်မှ နောက်ထပ် ဓားထစ်ရာတစ်ခု။

"သေချာပြီ . . . ပါလီ၊ ဒီတောင်ဝိန္နဲပင်ကြီးရဲ့တောင်ဘက်ရှုရှုကို သွားရင် တောင်သရက်ပင်ကြီးတစ်ပင်ကို ထပ်ပြီး တွေ့ရလိမ့်မယ်၊ အဲဒီကနေ ဝါးနှစ်ရိုက်လောက်အကွာမှာ စမ်းချောင်းလေးတစ်ခု ရှိမယ်၊ အစ်ကို၊ မှတ်မိပြီ . . . ကဲ . . . လာ သွားကြမယ်"

"ခဏနေဦး၊ အစ်ကို၊ ထမွှေမီးပုရားရှုကြီးနဲ့ ပိုင်သောလျှို့ဝှက်ချက် အသဲအိမ်မှတ်ကို သတိတရ ပြောမလို့ပါ၊ သူတို့က ဥစ္စာစောင့်များထင်

www.burmeseclassic.com



နော်''

''ကျေးဇူးပဲ ပါလီ၊ ဒီကနေ တော်တော်လေး သွားရဦးမယ် လှိုဏ်ကြီးထဲကိုဆင်းမှ၊ အဲဒီတစ္ဆေမိဖုရားဂူကြီးကို တွေ့ရမှာ''

တောအုပ်ကြီး၏အတွင်းပိုင်းမှီ သစ်ရိပ်ဝါးရိပ်များက အပင်ချင်း နွယ်အခက်ချင်း ယှက်နေကြသည်။ ထို့ကြောင့် နေပြောက်ထိုးရန် ဆို ထားနှင့် နေအလင်းရောင်ပင် မှုန်ဝါးဝါးမျှသာ အလင်းရှိပါ၏။ မြင်းကြီး နှစ်ကောင်ကို ချုံတစ္ဆူထူနောက်တွင် သိုဝှက်၍ထားခဲ့ကြပြီး မှတ်သားထား သော လမ်းညွှန်သစ်ပင်များကိုကြည့်ကာ နှစ်ယောက်သား တိုးဝင်လာခဲ့ ကြသည်။

လက်နက်ကိုယ်စီကိုင်တွယ်ထားကြသဖြင့် နှစ်ဦးသား စိတ် တက်တက်ကြွနေကြသဖြင့် ခြေလှမ်းများက သွက်နေကြသည်။ မကြာမီ နောက်ဆုံး အမှတ်အသားဖြစ်သည့် လှိုဏ်ထိပ်ဝမှ ညောင်မှတ်ဆိတ်ပင် ကြီးရှိရာသို့ ရောက်ရှိလာကြသည်။

ထိုညောင်မှတ်ဆိတ်ပင်ကြီးက တစ္ဆေမိဖုရားဂူကြီးရှိတဲ့ လှိုဏ် ထိပ်ဝရဲ့အမှတ်အသားတစ်ခုပဲ ပါလီ။ သတိထား လှိုဏ်ကြီးထဲကို ဆင်း တော့မယ်။ လှိုဏ်ကြီးထဲမှာ နည်းနည်းတော့ မှောင်တယ်နော်။

ပါလီက ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ကြီးမားလှသော ညောင်မှတ်ဆိတ်ပင်ကြီး၏ ပါးပျဉ်းထနေသည့် ညောင်မြစ်များကို အထူး အဆန်းသဖွယ် ကြည့်နေပါ၏။ ထိုနောက် ပြည့်စုံအောင်၏နောက်မှ လိုက်၍ လှိုဏ်ကြီးထဲသို့ တဖြည်းဖြည်း ဆင်းလာခဲ့သည်။ လှိုဏ်ကြီးထဲတွင် လေက တဟူးဟူးတိုက်ခတ်နေပါ၏။ ထူထပ်သော တောရိပ်တောင်ရိပ် များကြောင့် လှိုဏ်ကြီးထဲတွင်ထင်ထားသည်ထက်ပို၍ မှိုင်းမှောင်နေပြီး



ရာသီဥတုကလည်း စိမ်းနေအောင် အေးလှသည်။ တဟူးဟူးတိုက်ခတ် နေသည့် လေပြင်းကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့၏အကိုင်းချင်း၊ အပင်ချင်း ကြိတ်သံ၊ ရိုက်ခတ်သံများမှလွဲ၍ ကြီးမားလှသော လှိုဏ်ကြီး ထဲဝယ် အခြားအသံဟူ၍ လုံးဝမရှိပါချေ။

ထူထပ်သော သစ်ရိပ်, ဝါးရိပ်, ချုံနွယ်ရိပ်များကြောင့်လည်း လှိုဏ်ကြီးထဲတွင် အလင်းရောင်လုံလောက်စွာ မရရှိ။ နေဝင်ဆည်းဆာ အချိန်ကဲ့သို့ ခပ်မှောင်မှောင်အလင်းပျပျသာ ရှိပါချေ၏။ မကြာမီ မြူနှိုး ငွေ့များ ယှက်သန်းနေသည့် လွန်စွာအရုပ်ဆိုးအကျည်းတန်လှသော တစ္ဆေမိဖုရားဂူကြီးကို မြင်တွေ့လိုက်ကြရသည်။

''အိုး . . . ဘုရား . . . ဘုရား ကျောက်ဂူကြီးကိုမြင်ရတာကိုက အော်ဂလီဆန်ချင်စရာကောင်းလောက်အောင် ဖြစ်နေပြီ၊ ပါလီ့အစ်သက် မှာ တစ်ခါမှ ဒီလောက်အရုပ်ဆိုးလှတဲ့ မကောင်းဆိုးဝါးမျက်နှာဂူမျိုးကြီး မတွေ့ဖူးသေးဘူး အစ်ကို''

''အဲဒါက အရေးမကြီးဘူး ပါလီ၊ ကြည့်ရတာ အံ့မောင်ဆီက ရတဲ့ မြေပုံညွှန်းနဲ့ ဦးဒိဗ္ဗတို့လူစု ဂူကြီးထဲမှာ ရောက်နေကြပြီ၊ ကျောက် ဂူကို ပုံဖျက်ထားတဲ့ နွယ်ပင်ချုံပင်တွေ အနေအထားပျက်နေကြတယ်၊ သတိထား . . . ပါလီ၊ တစ်ခုခုဖြစ်ရင် လက်မနှေးစေနဲ့''

ပြည့်စုံအောင်ပြောရင်းဆိုရင်း ဂူပေါက်ဝမှ အခြေအနေတချို့ တို့ သေချာစွာ စစ်ဆေးကြည့်ရှုနေပါ၏။ ထိုစဉ် ပြည့်စုံအောင်၏ရှေ့ရှေ့ သော မျက်လုံးအစုံက တခုတ်ရာများနှင့် ပြတ်ကျန်ရစ်ခဲ့သည့် နွယ်ပင် များကို တွေ့လိုက်ရချိန်မှာတော့ . . .

''သေချာပြီ ပါလီရေ . . . ဟောဒီမှာ ဂူပေါက်ဝကို ပိတ်ဆို့နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ နွယ်ပင်ချုံပင်တွေကို ဓားနဲ့ခုတ်ဖြတ်ပြီး ဖယ်ရှင်းသွားကြတာလေ။ ဖြတ်ထားတာမှ လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးတယ်၊ ဒီမှာကြည့်"

ပြည့်စုံအောင်က နွယ်ပင်အပြတ်တစ်ခုကိုယူ၍ ပါလီအား ပြလိုက်သည်။ ဓားခုတ်ရာများနှင့် နွယ်ပင်ချုံပင်များက ဂူပေါက်ဝတွင် ပြန့်ကျဲလျက် ရှိပါချေ၏။

"ဒါဆိုရင် ... ဘယ်လိုလုပ်ကြမလဲ အစ်ကို"

"ဒီအခြေအနေအထိရောက်လာမှတော့ ရှောင်လွှဲလို့မရတော့ဘူးလေ၊ နောက်ပြီး ... သူတို့လက်ထဲက အံ့မောင်ကိုလည်း ကယ်ထုတ်ရဦးမယ်၊ ဒါပေမဲ့ ... ဂူထဲမှာ ရှိနိုင်တယ်ဆိုတဲ့ ရွှေဒင်္ဂါးသိုက်လို့ပဲခေါ်ခေါ်၊ တစ္ဆေမိဖုရားသိုက်လို့ပဲ ခေါ်ခေါ်၊ အဲဒီ ရွှေငွေရတနာတွေကိုတော့ အစ်ကို စိတ်မဝင်စားဘူး"

"အစ်ကိုရဲ့သဘောအတိုင်းလုပ်ပါ၊ ပါလီကတော့ စိတ်ထဲမှာ ဒွိဟဖြစ်နေတဲ့ သံသယတစ်ခု ရှင်းရှင်းလင်းလင်းဖြစ်သွားရင် ပြီးတာပါပဲ၊ ဒါပေမဲ့ ... အစ်ကိုပြောခဲ့တဲ့ လူဝံကြီးတစ်ကောင် တစ္ဆေမိဖုရားဂူကြီး ထဲမှာ ရှိနေတယ်ဆိုတာ သိလိုက်ရတော့ ဖေဖေဟာ သက်ရှိထင်ရှား နေနိုင်သေးတယ်လို့တွေးမိပြီး အစ်ကိုနဲ့ လိုက်လာခဲ့တာပါ"

နှစ်ယောက်သား သဘောထားအမြင်ချင်း ရှင်းလင်းသွားကြပြီ ဖြစ်သဖြင့် ကျောက်ဂူကြီးအနီးသို့ ခြေသံလုံလုံဖြင့် တိုးဝင်ချဉ်းကပ်လာခဲ့ ကြသည်။

"တစ်ခုတော့ သတိထားရလိမ့်မယ် ပါလီ၊ သေနတ်သံတွေကြားခဲ့ရရင် ခိုင်ခံ့လုံခြုံစိတ်ချရလောက်တဲ့ ဂူနံရံတစ်ခုခုဆီကို အမြန်ပြေး ရောက်နေပါစေ၊ ဒီ တစ္ဆေမိဖုရားဂူကြီးရဲ့တချို့အစိတ်အပိုင်းတွေဟာ



ဒေါက်ကွဲမှုတွေရဲ့ အသံလှိုင်းရိုက်ခတ်မှုဒဏ်ကို မခံနိုင်ကြတော့ဘူးလေ၊ ပြောရရင် ဟို ချင်းပြည်နယ်မှာ တောင်တွေ မကြာခဏပြိုကျတာမျိုး တွေပေါ့၊ တချို့က မိုးရေတိုက်စားမှုကြောင့် ပြိုတယ်၊ တချို့ကျတော့ သည်း တစ်စုံတစ်ခု ပေါက်ကွဲပေါ်ထွက်လာတဲ့ အသံလှိုင်းတွေ တုန်ခါ ရိုက်ခတ်မှုကြောင့် ပြိုကျကြသလိုမျိုးပေါ့၊ အဲဒါကြောင့် ပါလီကိုယ်တိုင် သည်း သေနတ်ကို မလွှဲမရှောင်သာမှ သုံးပါ"

မကြာမီ တစ္ဆေမိဖုရားဂူပေါက်ဝသို့ ရောက်ရှိလာခဲ့ကြသည်။ ဂူသို့ရောက်သည်နှင့် လေထုထဲတွင် အနံ့မပြယ်သေးသည့် ကော်ဒိုက် သမ်းနံ့များကို ပထမဆုံး စတင်၍ ခံစားလိုက်ရသည်။

"အင်း ... ဂူထဲမှာ မကြာသေးခင်ကမှ တိုက်ပွဲတစ်ခုဖြစ်သွား ခဲ့ရတယ်၊ ယမ်းနံ့တွေက မွှန်နေတုန်းပဲ ရှိသေးတယ် ပါလီ၊ ကောင်တော့ ဦးဒိဗ္ဗတို့လူစု ... ဟို ... တစ္ဆေအော်သံတွေနဲ့ ဝိညာဉ်ဖြူရဲ့မျက်တွေ ကြောင့် ကြောက်လန့်ပြီး ပစ်ခတ်ကုန်ကြတယ်ထင်တယ်"

ပြည့်စုံအောင်နှင့်ပါလီတို့နှစ်ယောက်သား သေနတ်များကို အသင့်ချိန်ရွယ်လျက် ဂူအတွင်းပိုင်းဆီသို့ တရွေ့ရွေ့ဝင်လာခဲ့ကြသည်။ ကျောက်ဒုတ်၊ ကျောက်စွယ်များနှင့် လှပသော ကျောက်ပန်းဆွဲများဖြင့် ချယ်လှယ်လှပနေသည့် ကျောက်ဂူဝကို ကျော်လွန်လာသည်နှင့် ...

ဂူအတွင်းပိုင်းတစ်နေရာတွင် ကျောက်တုံး၊ ကျောက်ခဲများနှင့် မြေသားများ ပြိုကျသည့်အောက်တွင် မရှုမလှနှင့် သေပွဲဝင်နေကြရသည့် ဦးဒိဗ္ဗ၏လူတချို့ကို တွေ့မြင်လိုက်ရသည်။

"ဟယ် ... ဟို ... ဟိုမှာ ကျောက်တုံးကျောက်ခဲတွေနဲ့ မြေ သားတွေပိပြီး သေ ... သေဆုံးနေကြပါလား၊ ဒါ ... ဒါ ... ဝလကြီး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နောက်လိုက်တပည့်တွေပဲ အစ်ကို"

"တောက် … တော်တော်ကြီးကို လူမဆန်တဲ့ လူကြီးပဲ၊ သူ့ရဲ့ လူတွေ မြေအောက်မှာ ပိနေကြတာတောင် ဒီအတိုင်းကြီးထားပြီး ရှောင် ပစ်ခဲ့တယ်လို့ကွာ"

ပြည့်စုံအောင်မှာ လူ့စိတ်မရှိသည့် ဦးဒိဗ္ဗအား မြည်တွန်တောက်တီးရင်း ရှေ့ဆက်ရန် လမ်းစကို ရှာကြည့်လိုက်သည်။ သိပ်တော့မလွယ်။ ကျောက်စွယ်၊ ကျောက်ငုတ်များနှင့် ပြိုကျပျက်စီးနေသည့် အပျက်အစီးများကို ကျော်ဖြတ်ဝင်ရောက်ဖို့ဆိုသည်မှာ လွန်စွာအန္တရာယ်များလှပါချေ၏။

သည်အတိုင်းသာဆိုလျှင် ကျောက်ဂူကြီးထဲသို့ ဆက်၍ဝင်ရောက်ရန် မဖြစ်နိုင်ချေ။ ထို့အတူပင် ကျောက်ဂူထဲတွင် ပိတ်မိနေနိုင်သည့် ဦးဒိဗ္ဗတို့လူစုသည်လည်း ကျောက်ဂူအပြင်ဘက်သို့ မည်ကဲ့သို့ပြန်လည်၍ ထွက်ကြမည်နည်း။ ဖခင်ပျောက်ကို ရှာဖွေရန် လိုက်ပါလာသည့် ပါလီကိုယ်တိုင်ပင် မျက်စိရှေ့တွင် မြင်တွေ့မှုရသည့် သွေးမရှင်ဖွယ် အနိဋ္ဌာရုံအဖြစ်ဆိုးကြီးကြောင့် ကြောက်စိတ်များပင် တစ်စတစ်စ စိုးမိုးဝင်ရောက်လာကြသည်ထင့်။

ထိုစဉ် …

သူတို့၏လက်ယာဘက်ရှိ ကျောက်ဂူနံရံကြီးဘက်မှ ကျိမ်းခနဲမြည်ဟီးသံကြီးနှင့်အတူ ဂူကြမ်းပြင်မှာ သိမ့်ခနဲလှုပ်ခါသွားပြီး ဂူနံရံ၌ တံခါးပေါက်တစ်ခုသဖွယ် တကျိုကျိုနှင့် ပွင့်ဟလာပါ၏။

"ဟာ"

"အိုး … ဘယ်လိုဖြစ်တာလဲဟ"



ပြည့်စုံအောင်တို့နှစ်ယောက်သား အံ့သြတကြီးရှိနေကြစဉ် လျှို့ဝှက်ဂူပေါက်ဝအတွင်းမှ ကြီးမားလှသော လူဝံကြီးတစ်ကောင်တခေါင်းကြီးငုံ့၍ထွက်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

"ဟာ … လူ … လူဝံကြီး"

"ဟင် … မိုး … မိုး … မိုးမှောင်"

နက်ပြောင်သော အမွေးများနှင့် လူဝံကြီးကို တွေ့လိုက်ရသည်နှင့် ပါလီမှာ ကလေးငယ်တစ်ယောက်လို အော်ဟစ်ခေါ်ငင်ရင်း လူဝံကြီးထံသို့ ပြေးဝင်သွားသည်။

"ဟာ … ပါလီ … သတိထား … ဘာလုပ်တာလဲ"

"မိုး … မိုးမှောင် … ဝမ်း … ဝမ်းသာလိုက်တာဟယ်၊ ဒို့ဖေဖေရော … ဟင်း … ဖေဖေရော ရှိသေးလား။ ဘယ် … ဘယ်မှာလဲဟင်"

'ဂါး … ဂရား … ဝူး'

'ဘုန်း … ဘုန်း … ဘုန်း'

လူဝံကြီးကလည်း ပါလီကိုတွေ့မြင်လိုက်ရသဖြင့် သူ၏ရင်ဘတ်ကြီးကို တဘုန်းဘုန်းနှင့် ထုရိုက်ကာ ပါလီ့ကို ကြိုဆိုနှုတ်ဆက်နေပါ၏။ ထို့နောက် ပါလီ၏လက်ကိုဆွဲကာ လျှို့ဝှက်ဂူပေါက်ဝထဲသို့ လက်ညှိုးကြီး တထိုးထိုးနှင့် ခေါ်ငင်နေသည်သို့။

'ဂါး … ဂရား'

ပြည့်စုံအောင်ကလည်း ယခင်တစ်ခါကတည်းက လူဝံကြီးကို ကြုံတွေ့ခဲ့ရပြီးပြီမို့ ကြောက်ရွံ့တုန်လှုပ်ခြင်းတော့ မရှိပါ။ လိုရမယ်ရ သေနတ်ကြီးကိုသာ အဆင်သင့်ကိုင်စွဲလျက် အခြေအနေကို အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com

နေပါ၏။ ဦးဒိဗ္ဗတို့လူစု ထူးဆန်းစွာ ငုပ်ကွယ်ပျောက်ဆုံးနေကြပြီး ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည့် တစ္ဆေမိုးရေးဂူကြီးကိုလည်း မနှစ်မြို့ဖွယ် ကြည့်နေမိသည်။

"အင်း ... ဒီလောက်တိတ်ဆိတ်ငြိမ်သက်နေတာဟာ ကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ပြည့်စုံအောင်မှာ အံ့သြဖွယ်ရာ ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည့် တစ္ဆေမိုးရေးဂူကြီးကြောင့် သံသယစိတ်များ တဖွားဖွားဝင်နေမိပါ၏။ ထိုအချိန်တွင် ပါလီနှင့်လူဝံကြီး မိုးမှောင်တို့မှာ ငယ်သူငယ်ချင်း ငယ်ပေါင်းများ ပြန်လည်ရှာခဲ့တွေ့ကြရသည့်နှယ် ပျော်မြူးနေကြပါ၏။ လက်ရှိပစ္စုပ္ပန်ကြုံတွေ့နေရသည့် အန္တရာယ်ကိုပင် မေ့လျော့နေကြလေသည်ထင့်။

မကြာမီ လူဝံကြီးမိုးမှောင်က ဂူနံရံမှ လျှို့ဝှက်ဂူပေါက်ကြီးအတွင်းသို့ သူ၏ကြီးမားလှသော ခန္ဓာကိုယ်ကြီးကို ငုံ့ကိုင်းကာ ဝင်ရောက်ပျောက်ကွယ်သွားပါချေ၏။

"ဘယ်လိုလဲ အစ်ကို ... ပါလီကတော့ မိုးမှောင်ကြီးခေါ်ရာနောက်ကို လိုက်ကြည့်ချင်တယ်၊ ကြည့်ရတာ ... ဖေဖေ မသေသေးဘူးနဲ့တူတယ်၊ အခု မိုးမှောင်ကြီး လှုပ်ရှားနေတာဟာ ပါလီ့ဖေဖေ နောက်ကွယ်ကနေ ခိုင်းနေတာပဲ ဖြစ်မယ်"

"အင်း ... အဲဒီလူဝံကြီးကတော့ ထူးဆန်းနေတာအမှန်ပဲ၊ ဟိုတစ်ခေါက် အစ်ကိုတို့ကို ဒီဂူကြီးဆီ ခေါ်လာခဲ့ဟန်ကလည်း အခုလိုပဲလေ၊ စောစော ... ဒီကောင်ကြီးက တစ်ခုခုပြောပြချင်ပုံရတယ်"

"ဟုတ်တယ် ... ကောင်လေး၊ မင်း သိပ်တော်တယ်၊ အခုဆိုရင် ငါ ... မင်းတို့ကို စိတ်ရှည်ရှည်နဲ့ စောင့်နေတာ မှန်သွားပြီပေါ့ ... ဟင်း ဟင်း ဟင်း"



ပြည့်စုံအောင်တို့နှစ်ဦး ဝင်ရောက်လာခဲ့သည့် ဂူဝင်ပေါက်ဆီမှ ဦးဒိဗ္ဗ၏စကားသံကြီး ထွက်လာပြီး တစ်ဆက်တည်းမှာပင် လက်နက်ကိုယ်စီနှင့် ဗလကြီးအိုက်ခမ်း၏လူများပါ ဂူကြီးထဲသို့ ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ကြရပါတော့သတည်း။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

### အနှစ်နှစ်ဆယ် ကြိုလင့်နေသော မရဏထောင်ချောက်

ရုတ်တရက် ဂူထဲသို့ ဝင်ရောက်လာကြသည့် ဦးဒီဗွတို့လူစုကို ပြည့်စုံအောင်လှမ်းတွေ့လိုက်ရသည်နှင့် လှုပ်ရှားရန်ကြိုးစားလိုက်သည်တွင် . . .

"ဟိုး . . . ဟိုး . . . ဟိုး . . . မလှုပ်နဲ့နော် ကောင်လေး၊ ဒီတစ်ခါတော့ ငါ မညှာတော့ဘူးနော်၊ လက်ထဲက သေနတ်တွေကိုချလိုက်၊ ဘာတစ်ခုမှ ငါ မျက်စိနောက်အောင် လှုပ်လှုပ်ရှားရှားမလုပ်ပါနဲ့"

ဦးဒီဗွ၏သတိပေးသံနှင့်အတူ ဗလကြီးအိုက်ခန်း၏ထွန်းညှိလိုက်သော ကညင်ဆီမီးတိုင်းအလင်းကြောင့် မှိန်ဖျော့ဖျော့ဂူကြီးအတွင်း ဝယ် လင်းထိန်သွားပါလေ၏။

ဟုတ်သည်။ မဆိုစလောက်ကလေး နောက်ကျသွားခဲ့ရသည်နှင့်



ပြည့်စုံအောင်မှာ လျှော့လိုက်ရပါလေ၏။ ပါလီရော၊ ပြည့်စုံအောင်ပါ သူ၏သေနတ်များကို မလှမ်းမကမ်းတွင် အသာချလိုက်ကြသည်။ ဦးဒီဗွတို့လူစုမှာ အဖမ်းခံထားရသည့် အုံမောင်အပါအဝင် ကိုးယောက်တိတိ ရှိကြသည်။

"ဟင်း ဟင်း ဟင်း . . . အဲဒီလို လိမ္မာကြမှပေါ့ကွာ . . . ဟင်း ဟင်း၊ ကဲ ခမ်းခေးဟုန် . . . ဒီမှာ မင်းသိပ်ပြီးတွေ့ချင်နေတဲ့ သမီးချော လေး ပါလီတို့ ရောက်လာကြပြီ၊ အဲဒီတော့ မင်းကိုယ်တိုင်ထွက်လာပြီး ညှိခံမလား၊ ဒါမှမဟုတ်ရင် ပါလီဆိုတဲ့ သမီးလေးကိုပဲ . . ဟင်း ဟင်း"

ဦးဒီဗွ၏ခြိမ်းခြောက်စကားသံကြောင့် အခြေအနေတို့ ပါလီ ရိပ်စားမိလိုက်ပါ၏။ ထို့ကြောင့် သူမအား ဖမ်းဆီးချုပ်နှောင်ထားသည့် ကြားမှ ရုန်းထွက်လိုက်ပြီး . . .

"ထွက်မလာခဲ့နဲ့ ဖေဖေ၊ သမီး သေချင်သေသွားပါစေ ဒီလူ ယုတ်မာကြီးကို ဘာအခွင့်အရေးမှ မပေးပါနဲ့"

ရုတ်တရက်ထွက်ပေါ်လာသော ပါလီ၏အသံစူးစူးလေးက လှိုဏ်ဂူပေါက်မှတစ်ဆင့် ပဲ့တင်ရိုက်ခတ်သွားပါ၏။ ထင်မှတ်မထား သော ပါလီ၏လုပ်ရပ်ကြောင့် ဦးဒီဗွဒေါသထွက်ကာ မျက်နှာအား ဖျန်းခနဲ ရိုက်ချလိုက်သည်။

"တယ် . . . ဒီခွေးမ . . . ငါပြုစုကျွေးမွေးခဲ့တဲ့ ကျေးဇူးတရား လေးတောင်မထောက် . . . ကိုင်းဟာ"

"ဖျန်း"

"အား . . . အ"

ပါလီ့အား ရိုက်ချလိုက်သဖြင့် ပြည့်စုံအောင် ဒေါသပေါက်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



ကာ ကုန်း၍ထလိုက်သည်။ သို့သော် . . . ဗလကြီးအိုက်ခန်း သေနတ်ပြောင်းဖြင့် ထိုးကာ ဖိကပ်ထားလိုက်ပြီး . . .

"ငြိမ်ငြိမ်နေစမ်း . . . ကောင်လေး။ မင်းဇာတ်လမ်းပြီးသွားပြီဆိုတာ နားမလည်ဘူးလား"

ထိုစဉ် လျှို့ဝှက်လှိုဏ်ခေါင်းပေါက်ထဲမှ အသံကြီးတစ်ခုက ဟိန်း၍ထွက်လာပြီး ပွဲတင်သံများနှင့်အတူ ရိုက်ခတ်ကာ ကြားလိုက်ရသည်။

"မင်းတို့အားလုံး အဲဒီလိုဏ်ဂူပေါက်က ကျောက်လှေကားအတိုင်း အောက်ကိုဆင်းလာခဲ့ကြပါ"

ပွဲတင်သံများအဆုံးတွင် ဦးဒိဗ္ဗနှင့်ဗလကြီးအိုက်ခန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားကြပါ၏။ အတန်ကြာမှ . . .

"ကဲ . . . ပါလီနဲ့ ဟိုအင်ဂျင်နီယာကောင်ကို ရှေ့က ဆင်းခိုင်းလိုက်၊ အေး . . . တစ်ခုခုများယွင်းလွဲချော်သွားခဲ့ရင် တစ်ခါတည်း သတ်ပစ်လိုက်"

ပြတ်သားသော ဒိဗ္ဗ၏စကားကြောင့် ဗလကြီးအိုက်ခန်းက တစ်ဖန်ပြန်၍မေးခွန်းထုတ်လိုက်သည်။

"ဒါဆိုရင် . . . ခင်ဗျားကြီးကရော ဘယ်ကိုလဲ"

"ငါ . . . နောက်က လိုက်ခဲ့မယ်လေကွာ ဗလကြီးရဲ့၊ မင်းက ဘယ်လိုဖြစ်နေတာလဲ"

အရာအားလုံးကို အကွက်ကျကျကာစီစဉ်ထားပြီး တစ်စုံတစ်ရာ အန္တရာယ်တွေ့ခဲ့လျှင် အမြဲတမ်း သူ့အတွက် ဖာစ်ကွက်ချန်ထားလေ့ရှိ



သည့် ဦးဒိဗ္ဗကို မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး . . .

"ခင်ဗျားရဲ့အတ္တဆန်တဲ့ မိုက်မဲမှုကြီးကြောင့် ကျုပ်လူတွေ ဝူကြီးထဲမှာ ဘယ်လောက်ဆုံးရှုံးပြီး ကျန်ရစ်ခဲ့သလဲဆိုတာ ခင်ဗျားကြီး နားလည်တယ်နော် . . . ဦးဒိဗ္ဗ"

"ငါ . . . သိတယ် ဗလကြီး၊ အဲဒီအတွက် ထိုက်တန်တဲ့ ငွေကြေးရရင် မင်း ကျေနပ်တယ် မဟုတ်လား"

"ကောင်းပြီလေ . . . ခင်ဗျားရဲ့စကားအတိုင်း တည်ပါစေ"

သေချာပြီ။ ကျောက်ဂူကြီးထဲတွင် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ကြသူများအတွက် ဦးဒိဗ္ဗနှင့် ဗလကြီးတို့ နားလည်မှုလွဲကာ ပဋိပက္ခဖြစ်နေကြပုံရသည်။ တစ်စုံတစ်ရာ အခွင့်အရေးရသည်နှင့် ပြန်လှန်တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်သည်။ သို့သော် လက်ရှိအခြေအနေအထားမှာမူ ကျဉ်းထဲကျပ်ထဲတွင် မလှုပ်သာ မလှုပ်သာနှင့်။

ဦးဒိဗ္ဗတို့လူစု၏လက်ထဲတွင် မောင်းပြန်သေနတ်များ၊ ရိုင်ဖယ်သေနတ်များကိုယ်စီနှင့်။ သူငယ်ချင်း အံ့မောင်က ပြည့်စုံအောင်၏အကြံအစည်ကို ရိပ်စားမိသည်ထင့်၊ မသိမသာ ခေါင်းကိုခါယမ်းပြလိုက်သည်။ စင်စစ် တစ်ဖွတ်ထိုးလုပ်တတ်လေ့ရှိသည့် ပြည့်စုံအောင်၏အစဉ်ကို သိသဖြင့် အံ့မောင်က ဟန့်တားလိုက်ခြင်းဖြစ်သည်။

နောက်ဆုံးတော့ ပြည့်စုံအောင်နှင့် ပါလီတို့မှာ လျှို့ဝှက်လိုဏ်ဝမှတစ်ဆင့် ကျောက်သားလှေကားထစ်များအတိုင်း သတိနှင့်ဆင်း၍ လာခဲ့ကြသည်။

"သတိထားနော် . . . ပါလီ"

ကျောက်ဂူကြီးထဲတွင် မိဘိ တိတ်ဆိတ်ငြိမ်သက်လျက် ထေ

www.burmeseclassic.com

www.burmeseclassic.com

ကြီးတို့၏ခဲမီးတိုင်များ အလင်းရောင်ကြောင့် ကျောက်ဂူနံရံအမှောင်တွင် တွယ်ကပ်နေကြသည့် လင်းနို့ကြီးများက တဖျန်းဖျန်းနှင့် ပြေးထွက်ပျံဝဲနေကြသည်။

ကျောက်သားလှေကားထစ်များအဆုံးမှာတော့ အဆန်းတကျယ် သွယ်တန်းကျနေသော ကျောက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များနှင့်အတူ နံရံလေးဘက်စလုံးတွင် ဥမင်ဂူပေါက်များနှင့် ပြည့်နှက်နေသည့် ကျောက်ဂူကြီးထဲသို့ ရောက်ရှိလာခဲ့သည်။

သဘာဝအတိုင်း ဖြစ်တည်နေသည့် ဥမင်လိုဏ်များတော့ ဟုတ်ဟန်မတူ။ လူသားတို့ တမင်ဖန်တီး၍ ပြုပြင်ဆောက်လုပ်ထားသည့် 'ဒဏ္ဍာရီတစ္ဆေမိဖုရားဂူကြီး' ကမှ စုန်းတစ္ဆေဒဏ္ဍာရီပုံပြင်ထဲမှ ကျောက်ဂူကြီးတစ်ခုနှယ် ချောက်ချားစွာ တွေ့မြင်နေရပါချေပြီတည်း။

ထို့ထက်ပို၍ ထူးဆန်းသောမြင်ကွင်းမှာ ကျောက်ဂူခန်းမအလယ်တွင် ရွှေရောင်လက်လက်ထ,နေသည့် ခေါင်းတလားကြီးနှင့် ကျောက်ဂူမျက်နှာကြက်နှင့် ထိလုခမန်းကြီးမားလှသည့် မိဖုရားရုပ်တုကြီးပင် ဖြစ်ပါ၏။

"ဟာ ... ခေါင်း ... ခေါင်းတလားကြီး"

"ဟင် ... ဟိုမှာလည်း မိဖုရားရုပ်တုကြီးပါလား၊"

ဦးဒိမ္ဗတို့လူစု ရွှေခေါင်းတလားကြီးနှင့် ကျောက်သားမိဖုရားရုပ်တုကြီးကို တအံ့တသြနှင့် ငေးမောကြည့်နေကြစဉ် ကျောက်ဂူနံရံရှိ ကျောက်သားစင်မြင့်ပေါ်တွင် တည်ငြိမ်စွာ ထိုင်နေသည့် ပင်နီအညိုရောင်ဝတ်စုံဝတ် အသက်ခုနစ်ဆယ်ခန့် ပုဂ္ဂိုလ်ကြီးထံမှ အသံပြဲကြီးထွက်လာပါ၏။



"ဘယ်လိုလဲ ဒိမ္ဗ ... နှစ်တွေ ဘယ်လောက်ပဲကြာကြာ မင်းရဲ့ အဓိဋ္ဌာန်မသတ်နိုင်တဲ့ လောဘတရားကတော့ မပြေနိုင်သေးပါလား"

စကားသံကြီးက ဘာကြောင့်ရယ်မသိ ပဲ့တင်ရိုက်ခတ်သံကြီးများဖြင့် လှိုက်ဖိုသံပေါက်နေပါ၏။ ပါလီမှာ ထိုပုဂ္ဂိုလ်ကြီးအား မီးရောင်တွင် သေသေချာချာကြည့်လိုက်ရာ ...

"ဟင် ... ဖေဖေ ... ဖေဖေ မသေဘူးနော်"

ရုတ်တရက် ပါလီမှာ ဖခင်ကြီးအား တွေ့လိုက်ရသဖြင့် တအံ့တသြဖြစ်ကာ ဝမ်းသာအားရနှင့် ပြေးထွက်ရန် ပြင်လိုက်သည်တွင် ...

"ဟာ ... ဟော့ ဟော့ ... ပါလီ မသွားနဲ့ ... မသွားနဲ့ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

ပြည့်စုံအောင်က ရုတ်တရက် ပါလီကို လှမ်း၍ဆွဲထားလိုက်သည်။ သို့သော် သည်တစ်ခါတော့ ဖခင်ဟူသော ဇောကြောင့် ပါလီမှာ ရှုတ်အမှုပင် ရုန်းထွက်နေသည်မို့ ပြည့်စုံအောင် အတင်းဆွဲဖက်ထား—

"သတိထားစမ်းပါ ပါလီ၊ ဟောဒီ ကျောက်ဂူကြီးထဲမှာ ခြေလှမ်းတစ်ချက် မှားတာနဲ့ ငြိကျပေါက်ကွဲသွားနိုင်တယ်ဆိုတာ မေ့နေပြီလား"

"မသိဘူး ... မသိဘူး၊ ပါလီ့ကို လွှတ် ... လွှတ်ပါ၊ ရှင်တို့ အားလုံး အတူတူပဲ၊ အသည်းနှလုံးမရှိကြတဲ့ လူယုတ်မာတွေ"

ပြည့်စုံအောင် ဆွဲဖက်ထားသည့်ကြားမှ ပါလီ မျက်ရည်များကျကာ အော်ဟစ်ရုန်းကန်လျက်ပင် ရှိနေပါ၏။ ထိုစဉ် ဦးဒိမ္ဗက ဆောင်းမြန်သေနတ်တစ်လက်ကိုဝိုက်လျက် ပြည့်စုံအောင်တို့ရှေ့သို့ လျှောက်တက်လာပြီး စင်မြင့်ပေါ်တွင် ထိုင်နေသည့် မြို့စားကြီးဦးမင်း

www.burmeseclassic.com

www.burmeseclassic.com



ဆေးဟုန်အား ချိန်ရွယ်ထားလိုက်သည်။

"ကိုင်း ... ခင်ဗျား ပြောချင်တာ ပြောပြီးရင် ကျုပ်တို့ကို ရွှေဒင်္ဂါးသိုက် ဖွင့်ပေးပါ ခမ်းဆေးဟုန်"

သို့သော် စင်မြင့်ပေါ်တွင် ယခုအချိန်ထိ ကျောက်ရုပ်တစ်ခုလို ထိုင်နေသည့် မြို့စားကြီးခမ်းဆေးဟုန်ကမူ မတုန်မလှုပ်ကျောက်ရုပ်တု နှယ်သာသာတည်။

"ကဲ ... ငါမှာ အချိန်မရှိဘူး ဆေးဟုန်၊ ငါကိုယ်တိုင် ကြမ်းပြင်မှ မင်းပါးစပ်က ဖွင့်ပြောမှာလား"

"ဘယ်လိုလဲ ဒီဗွရဲ့ ... မင်းဆီမှာ မင်းဆီမှာ 'ဒဏ္ဍာရီတစ္ဆေမိဖုရားရှု'ရဲ့ ပုရပိုက်နက်သိုက်ညွှန်တွေ ရှိတယ်မဟုတ်လား"

ထုံးစံအတိုင်းပင် ဦးခမ်းဆေးဟုန်၏စကားသံများက ဂူနံရံဆီ အက်ရေလုံးမှ ပဲ့တင်သံများနှင့် ထွက်လာပါ၏။

"ဟင်း ဟင်း ... အဲဒီပုရပိုက်အနက်ထဲက သိုက်ညွှန်းတချို့ကို မင်း ဖျက်ဆီးထားခဲ့တယ် မဟုတ်လား။ ကဲ ... ကြာတယ်ကွာ၊ ဖွင့်မလား မဖွင့်ဘူးလား၊ အေး ... မဖွင့်ဘူးဆိုရင် ..."

ဦးဒီဗွက ပြည့်စုံအောင် ချုပ်ကိုင်ထားသည့် ပါလို့အား ကြမ်းတစ်ဖွာ ဆွဲယူလိုက်ပြီး သူ၏လက်ထဲမှ မောင်းပြန်သေနတ်နှင့် နောက်ကျောအား ဖိကာဝ်ထောက်ထားလိုက်သည်။

"ကောင်းပြီလေ ... မင်းလိုချင်တဲ့ ရွှေဒင်္ဂါးသိုက်ကို ငါဖွင့်ပေးမယ် ... ကြည့်"

ဦးခမ်းဆေးဟုန်၏စကားဆုံးသည်နှင့် ကျောက်ဂူကြီးထဲတွင် တဒီဒီနှင့် အော်မြည်လာပြီး ရွှေသားခေါင်းတလားကြီးအနီးမှ ရုပ်တုကြီး



သည် အနည်းငယ်အပေါ်သို့ ဦးမော့သွားပြီး ရုပ်တုအောက်ရှိ အပေါက်ငယ်တစ်ခုမှ ရွှေဒင်္ဂါးများက တချွင်ချွင်နှင့် ထွက်ကျလာခဲ့ပါတော့သည်။

"ဟာ ... အိုး ... ရွှေ ... ရွှေ ... ဒင်္ဂါးပြားတွေ ... ရွှေဒင်္ဂါးပြားတွေ ထွက်ကျလာပြီ၊ အိုး ... အများကြီး ထွက်ကျလာကြပြီ ... ဟေး ဟေး၊ ဒီဗွတို့ ရွှေသူဌေးကြီးဖြစ်ပြီဟေ့ ... ဟား ဟား ဟား"

"ဟိုး ... ဟိုး ... ဟိုးထားစမ်း ဦးဒီဗွ၊ ဒါကတော့ ဘယ်တာရှာမလဲဗျာ၊ တကယ်တမ်း အန္တရာယ်တွေကြားမှာ အသေခံပြီး တိုက်ပွဲဝင်ခဲ့ကြတာက ကျုပ်နဲ့ ကျုပ်ရဲ့လူတွေပါဗျား ခင်ဗျားကြီးက တကယ့်ကို အတ္တကြီးတဲ့ အချောင်သမားလူလည်ကြီးပဲ ဦးဒီဗွ"

အသံကြားရာသို့ ဦးဒီဗွ လှည့်ကြည့်လိုက်တော့ မောင်းပြန်သေနတ်ကြီးနှင့် သူ့အား တည့်မတ်စွာ ချိန်ရွယ်ထားသည့် ဗလကြီး အိုက်ခန်းက သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာသည်ကို တွေ့မြင်လိုက်ရသည်။

တစ်ချိန်တည်းမှာပင် ဦးဒီဗွ သူ၏သေနတ်ကို မြှောက်လိုက်ရသည်နှင့် လျှပ်တစ်ပြက်လှုပ်ရှားလိုက်စဉ် ...

'ဒက် .. ဒက် .. ဒက် .. ဒက်'

'အင်း ... ဂုန်း'

ဦးဒီဗွ နောက်ကျသွားခဲ့ပါပြီ၊ ဗလကြီး၏မောင်းပြန်သေနတ်က အဆက်မပြတ်မီးပွင့်ထွက်လာပြီး ဦးဒီဗွ မြင်းအကန်ခံလိုက်ရသလို လွင့်စဉ်လဲကျသွားပါတော့သည်။ အဖြစ်အပျက်က မှက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှပင်။

ဦးဒီဗွ လဲကျသေဆုံးသွားသည်နှင့် ဗလကြီးအိုက်ခန်း ဝမ်းသာအား

www.burmeseclassic.com



ရှနှင့် ဧရွဲဒါးပြားများ စုပြုံကျနေသည့် မိဖုရားရုပ်တုကြီးရှေ့သို့ ပြေးဝင်သွားသည်နှင့် . . .

'ဝုတ် . . ရွှတ် . . ဝုတ် . . ရွှတ် . . ဝိုး . . ဝိုး'

'အင့် . . အား . . အိုး . . အီး'

နံရံလေးဘက်ဆီမှ တရွှစ်ရွှစ်နှင့် ပြေးဝင်လာသည့် အဆိပ်လူမြွေပြားငယ်လေးများက ဖလကြီးအိုက်ခန်းနှင့် ရန်သူတချို့အား ထိမှန်လဲပြိုစေပါ၏။

'အ . . . အိ . . . ခွေး . . . ခွေးကြီး . . . ကျုပ်တို့ကို . . . လှည့် . . . လှည့်စား . . . အား''

''ဒိန်း . . ဒိုင်း . . ဒက် . . ဒက် . . ဒက် . . ဒက်''

''ဝုန်း . . အုန်း''

''ဟာ . . . ပါလီ . . . မြန်မြန် . . . မြန်မြန်ထွက် . . . ထွက် . . . အုံ့မောင် . . . အုံ့မောင်ရေ . . . လှေကားပေါ် . . . ပြေး . . . ပြေးတက်ကြတော့''

''နေ . . . ရှဦး . . . ဟို . . . ဟိုမှာ . . . မေမေ . . . မေမေ''

''အဲဒါ မရဏာထောင်ချောက်တစ်ခုပဲ ပါလီ . . . လာ လာ . . . မြန်မြန်လာ''

ပါလီကို ဆွဲခေါ်နေစဉ် အုံ့မောင်က ကျောက်လှေကားအတိုင်း ရှိ်ခနဲပြေးတက်သွားသည်။ ပြည့်စုံအောင်နှင့် ပါလီတို့မှာလည်း ကျောက်လှေကားပေါ်သို့ အသည်းအသန် ပြေး၍တက်ခဲ့ကြသည်။

''ပြေး . . . ပြေး . . . ပါလီ . . . မြန်မြန်ပြေး''

'ကျွီ . . ကျွီ . . ကျွီ . . ကျွီ . . ကျိန်း'



ပြည့်စုံအောင်တို့ လက်မတံခါးလေးပင် ကံကောင်းသွားကြသည်။ သူတို့နှစ်ယောက်စလုံး ကျောက်လှေကားမှတစ်ဆင့် လှိုဏ်ဂူပေါက်အပြင်သို့ရောက်သည်နှင့် ကျောက်တံခါးချပ်ကြီးကလည်း ဂျိမ်းခနဲပိတ်သွားပါတော့သည်။

'ဝုန်း . . ဖျော . . ဖရော . . ဖရော . . ဝုန်း'

ထိုအချိန်တွင် ပေါက်ကွဲသံကြီးများကြောင့် တုန်ခါလှုပ်ယမ်းနေသည့် ဒဏ္ဍာရီတစ္ဆေမိဖုရားဂူကြီးမှာ တဝုန်းဝုန်းနှင့် သွက်သွက်ခါမျှ ယိမ်းထိုးကာ ကျောက်ထပ်၊ ကျောက်ချပ်၊ ကျောက်လွှာများက တဝုန်းဝုန်းနှင့် ပြိုကျလျက် ရှိပါချေပြီရော။

'ဝေါ . . ဝုန်း ဝုန်း . . ဖရော . . ဖျော . . ဝုန်း'

''ဟာ . . . အစ်ကို . . . အစ်ကို . . . မေမေနဲ့ မိုး . . . မိုးမှောင်တို့ ကျန် . . . ကျန်ရစ်ခဲ့ပြီ . . . မေမေ . . . မေမေ . . . မေမေရေ''

ပါလီမှာ တဝေါဝေါနှင့် ကျောက်ဂူပြိုကျနေရာဆီသို့ သူ့ရူးတစ်ယောက်နှယ် ပြေးဝင်သွားသဖြင့် ပြည့်စုံအောင်နှင့်အုံ့မောင်တို့က လျှင်မြန်စွာ ဆွဲယူပွေ့ဖက်ထားလိုက်ရသည်။

''ထွက် . . . ထွက်တော့ . . . အုံ့မောင် ကြာရင် အားလုံးသေကုန်လိမ့်မယ်''

ထိုနောက်မှာတော့ တဖေါဖေါ . . . တဝုန်းဝုန်းနှင့် သိမ့်သိမ့်ခါတုန်ယင်လျက် ပြိုကျနေပြီဖြစ်သော 'ဒဏ္ဍာရီတစ္ဆေမိဖုရား' ဂူကြီးထဲမှ သုံးယောက်သား ပြေးထွက်လာခဲ့ကြသည်။

'ဝေါ . . ဖျော . . ဝရော . . ဝုန်း'

'ဟီး ဟီး . . ဟား ဟား ဟား . . ဟီး ဟီး'

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြေးထွက်လာသည့် တစ္ဆေမိဖုရားဂူကြီးထဲမှာတော့ တဝုန်းဝုန်းနှင့် ပြိုကျပျက်စီးသံကြီးများ၊ မကောင်းဆိုးဝါးကောင်ကြီးများ၏ ကြောက်မက်ဖွယ်ရာ ရယ်မောညည်းတွားသံကြီးများက တော်လည်းသံကြီးများနှင့်အတူ ကမ္ဘာပျက်သည့်နှယ် ဆူညံပွက်လျက် ကျန်ရစ်ခဲ့ပါချေတော့သည်။

❁ ❁ ❁

# အခန်း (၂၂)

## ရာဇဝင်ထဲက ဒဏ္ဍာရီတစ္ဆေမိဖုရားဂူနိဂုံး

ယခုတော့ အရာအားလုံးပြီးဆုံးသွားခဲ့ပါချေပြီ။

ညနေခင်းလေရူးတစ်ချက်က မြေပေါ်တွင် ရှပ်ကာ ရော်ရွက်ဝါတချို့ကို ဝှေ့ယမ်းကိုစယ်သွားကြသည်။ စောစောက တဝုန်းဝုန်း တဒေါ်ဒေါ်နှင့် ဒေါသတကြီးအော်ဟစ်ပြိုဆင်းကျနေသည့် ဒဏ္ဍာရီတစ္ဆေမိဖုရားဂူကြီးမှာ ကျောက်ချပ်၊ ကျောက်လွှာ၊ ကျောက်တုံးများနှင့် မြေသားထုကြီးအောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပါချေပြီတည်း။

စုတ်ပြဲအဏ်ရာအချို့နှင့် အံ့မောင်က ညောင်မုတ်ဆိတ်ပင်ကြီးမှ သစ်မြစ်ဆုံကြီးကိုမှီကာ ဖုန်မှုန့်၊ မြေမှုန့်၊ ကျောက်စများ လွှင့်ပျံဝေဲနေသည့် ပတ်ဝန်းကျင်ကို ငေးမောကြည့်နေပါ၏။

ချစ်သောပါလီကမူ ပြည့်စုံအောင်၏ရင်ခွင်ကျယ်ကြီးထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



နီရှိရင်း တသိမ့်သိမ့်နှင့် ငိုရှိုက်လျက် . . .။

"ဖြစ်မှဖြစ်ရလေ ဖေဖေရယ်၊ အမြိုးကြီးတဲ့ လက်စားချေလိုတဲ့ စိတ်တစ်ခုတည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ဖာတ်မြုပ်ပြီးနေရတယ်လို့ . . . အဟင့် ဟင့် . . . ဖေဖေရယ် အခုတော့ ဖေ ဖေရော . . . မိုး . . . မိုးမှောင်ကြီးရော . . . အဟင့် အဟင့်"

"ပါလီရယ် . . . ပါလီ့ဖေဖေနဲ့ မိုးမှောင်ကြီးတို့ဟာ သူတို့ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ဦးဒိဗ္ဗတို့ လူယုတ်မာတစ်သိုက်ကို ကောင်းကောင်းကြီး လက်စားချေပြီးသွားကြပြီလေ၊ လူယုတ်မာတွေနဲ့ ဒဏ္ဍာရီတစ္ဆေမိုးရာဂူကြီးထဲမှာ အတူတူသေဆုံးခဲ့ကြတာ မှန်ပေမယ့် သစ္စာမရှိ ကတိမတည်ကြတဲ့ လူ့အန္တကောင်ကြီးတွေကို ဟောဒီ လူ့လောကကြီးထဲကနေ ဖယ်ရှားပေးခဲ့တယ် မဟုတ်လား၊ ဒါကြောင့် . . . ရဲရင့်မြင့်မြတ်တဲ့ သေခြင်းဖြစ်တာမို့ ဂုဏ်ယူပြီး ဖြေသိမ့်လိုက်ပါတော့ ပါလီရယ်"

ပြည့်စုံအောင်မှာ မြတ်နိုးစွာချစ်ခဲ့ရပါသော ပါလီ့ကို ခင်တင်းတင်းပွေ့ဖက်နှစ်သိမ့်ရင်း မြေမှုန့်၊ သဲမှုန့်၊ မြူမှုန့်များဖြင့် ယခုတိုင် ဖုံလွှမ်းဆိုင်းနေသည့် 'ဒဏ္ဍာရီတစ္ဆေမိုးရာဂူကြီး' ဖြစ်တည်ခဲ့ရာ နေရာဟောင်းဆီသို့ မျှော်ငေး၍ ကြည့်နေမိသည်။

သည်းအောနေဝင်ချိန်အောက်တွင် မိုးရာဂူတောင်ကြီးက မီးငွေ့ မြူမှုန်များဖြင့် ရီဝေအုံ့ဆိုင်း မှုန်မှိုင်းလျက်။ နေတစ်နေ့၏နေဝင်ချိန် ပြီးဆုံးသွားသည်နှင့် နောက်တစ်နေ့ နေ့သစ်တစ်ခု၏အရုဏ်ဦးသည် သန့်စင်သော အလင်းတာင်များနှင့်အတူ ကမ္ဘာမြေကို ဖြန့်ကြက်ထွန်းလင်းပေးပါလိမ့်မည်။

ထို့အတူ သူ၏ရင်ခွင်ထဲမှ ချစ်သော ပါလီအတွက် သန့်စင်



သော အချစ်၏အလင်းရောင်များနှင့် လှပနွေးထွေးသော အနာဂတ် အချစ်ကမ္ဘာလေးကို ငြိမ်ချမ်းစွာ ဖန်တီးတည်ဆောက်ပေးမည် . . . ဟု ပြည့်စုံအောင် ရည်ရွယ်ရည်မှန်းလျက် ပါလီ၏ချွေးစကလေးများနှင့် မြူဝင်းနုသက်နေသည့် နဖူးပြင်ဝင်းဝင်းလေးအား တိတ်တခိုးလေး နမ်းရှိုက်လိုက်ပါတော့သတည်း။ ။

စာပေအကြံပြုသံများနှင့် စာပေအကြံပေးစာများကို မျှော်လင့်လျက်။

'ယောနီသော မနသိကာရ'

**သက်မင်းရှုလိုင်**

၅-၄-၂၀၀၁ (အင်္ဂါနေ့ ည ၁၂ နာရီထိုးထိ)

Ph ၀၉ ၅၁၀၀၀၅၁

စာပေအကြံပေးစာများကို မျှော်လင့်လျက် . . .

သက်မင်းရှုလိုင်

PH. C/O. 563271, 570316

အမှတ် ၁၇၀–ရွှေယင်းဂိုလ်လမ်း၊ မြင်သား

၁၄/၁–တ/ ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ရည်ညွှန်းမှီငြမ်း။

(၁)နမ့်ခမ်းမြို့ မြို့လယ်မဟာမုနိဘုရားသမိုင်း။

(၂)၂၀၀၉ အောက်တိုဘာလထုတ် ဂန္ထဝင်မဂ္ဂဇင်းမှ ဆောင်းပါးရှင် ဆရာ (မင်းသုဓ) ရေးသားသော ထူးခြားဆန်းပြယ် တန်ခိုးကြွယ်သည့် နမ့်ခမ်းမြို့လယ်က မဟာမုနိဘုရားကြီးဆောင်းပါးမှတ်တမ်း။

(၃)ကိုယ်တွေ့လေ့လာတွေ့ရှိချက်များ။

www.burmeseclassic.com